# မဝင်းမြင့်

## ဘယ်ဝင်ရှနောင်ဖန်လာမှန်း

ဝတ္ထုတိုများ



မိုးစင်း စာပေ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၆၇၃၀၅၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၆၀၀၆၁၀

ပထမအကြိမ် - ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၅၀၀

ထုတ်ဝေသူ - ဦးကျော်ဟင်း (မြ-၁၉၁၀)
ယုံကြည်ချက်စာပေ၊ အမှတ်-၁၁၁၊
၃၃ လမ်း၊ ကျောက်တံတား၊

ပုံနှိပ်သူ - စိန်ကြယ် ပုံနှိပ်တိုက် (မြ-၀၃၈၈၅)
အမှတ်(၇၂)၊ လမ်း ၃၀၊ ပန်းဘဲတန်း၊

မျက်နှာဖုံးဒီဇိုင်း - ထူးမြတ်အောင်(KINTER) ၃၈၇၆၈၀
အမှတ်-၁၈၈၊ ၄လမ်း ၄၀၊ ကျောက်တံတား

ကွန်ပျူတာစာစီ - THIRI

ဖြန့်ချိရေး - စစည်သူ + နှင်းအဥ္ဇလီ
စာပေထုတ်ဝေရေးနှင့် စာပေဖြန့်ချိရေး
ခင်စိုးဝင်းစာပေ

ဖုန်း - ၅၇၃၅၈၅ လိုင်းခွဲ - ၃၁၃


# ခင်စိုးဝင်း
# ၂
# စာပေ

ဖုန်း - ၅၇၃၅၈၅ လိုင်းခွဲ-၃၁၃

ထုတ်ဝေပြီးသောစာအုပ်များ

၁။ ကိုယ်စားရုပ်သွင်
၂။ ခေမာသောင်တမ်း
၃။ ငယ်ယုံမှုဘော်

ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၁။ သီရိစန္ဒာဒေဝီ
၂။ အိမ်သူသက်ထားနှင့် အခြားဝတ္ထုတိုများ
၃။ စောမြတ်မွန်
၄။ ဘယ်ရပ်ရွာနေစံလေသည့်မှန်း
၅။ နတ်ပန်းဆို
၆။ မြင့်သူနှင့် မြတ်သူ
၇။ ဆုန်းမောင်ရွှေကိုယ်
၈။ ဝမ္မန်းတင်
၉။ ကြုံဘူးလေ့မြစ်ဟန်
၁၀။ မြန်လည်တင်ပြသည် ၁+၂
၁၁။ မြစ်ရွှေကုန်စင်
၁၂။ တန္တာခုံမြေလှမ်း
၁၃။ မော်ရုံမြေ
၁၄။ မှတ်ရစ်ပါစေ
၁၅။ လွမ်းပို့တောင်
၁၆။ နတ်ပန်းချိုနှင့် ရွှေဘုံနန်းသို့
၁၇။ နတ်ကာယ်စံအိမ်
၁၈။ ရွှေကိန္နရီ
၁၉။ အတိတ်ပုံမြင်
၂၀။ လွမ်းယင်စေရ
၂၁။ ဘဝတင်လှိုင်း
၂၂။ ဟန်ညီကျော့မူ
၂၃။ ရွှေသမင်မလေး
၂၄။ မေတ္တာနှိမ်မြဲစေ
၂၅။ မှာဘူးသည့်နတ်ရည်
၂၆။ ဖို့ဇာတ်နွယ်
၂၇။ နှောင်ခဲ့တဲ့သစ္စာ
၂၈။ ဝေးသွားရပ်နယ်မြေ
၂၉။ ဘယ်ရွှေကံငယ်
၃၀။ မုဆိုးသေလာ
၃၁။ သည်းချာလော့ရွှေဒွေး
၃၂။ မြေသလာတောင် ဆွေးအွယ်နှောင်သည်
၃၃။ ဘယ်ရွှေကံဖန်လာညွှန်း
၃၄။ မုန်းသူကြွမွှာ
၃၅။ ထိပ်တန်းစာရေးဆရာ ထိပ်တန်းဝတ္ထုတိုများ ၃၃
၃၆။ ကန်တော့မှီ မြန်လိုက်စမ်းချင်ပ
၃၇။ တောတောင်ရေမြေ
၃၈။ ဗုဒ္ဓတရားတော်နှင့် လူ့ကျင့်ဝတ်
၃၉။ သစ္စာကိုမှင်မယ့်ထိပ်တင်နဲ့
၄၀။ မောင်ရွှေပယ်စွာ
၄၁။ ပန်းမင်းလွှတ်စံ
၄၂။ လွမ်းနှောင်ရွှေအဏ္ဏဝါ
၄၃။ ပန်းမြတ်မွန်
၄၄။ ဝတ္ထုတိုပေါင်းချုပ်
၄၅။ ရွှတ်ပေဟာင်းကိုလေနှင်လို့
၄၆။ ဇိတတ်ကြမ္မာထင်ရဲ့
၄၇။ နတ်ကယ်ဖန်လာရေး
၄၈။ မျက်ရွှင်ရတနာ
၄၉။ သစ္စာရန့်လွမ်းပါစေ
၅၀။ ချော်ဆိုင်မှ ဇာတ်လမ်းများ
၅၁။ ငြိုးမာန်လျှော့မြေ
၅၂။ မီးလျှံနဲ့ရေစင်
၅၃။ ကျော့ဆုံးမေ့စံရာ
၅၄။ ကူမှန်တောင်တန်းလွမ်းစေဘို့ဖန်
၅၅။ ရည်ရော်မှန်း တိုင်စမ်းရေပြာ

## စိစဉ်သူ၏ အမှာစာ

ကျွန်မငယ်စဉ်တောင်ကျေး မသိနားမလည်သော အချိန်ကတည်း ...င် ဖွားဖွားသည် ကွယ်လွန်ခဲ့၏။ ကျွန်မအရွယ်ရောက်၍ အတန်း ...များ လေ့လာသင်ကြားနေတုန်းအချိန်ဝယ် ကျွန်မ၏ဖေကြီးနှင့် ...ကြီး ဆွေမျိုးတသိုက်တို့က ဖွားဖွားရှိနေစဉ်အချိန်တွင် ဖွားဖွားသည် ...နေခြင်းအလုပ်၊ တရားဘာဝနာပွားများခြင်း၊ ပဌာန်းစီးဖြန်းခြင်း၊ ...ပူဇော်ခြင်းတို့ကိုလုပ်ကိုင်ပြီး မိသားစုအား ချစ်ခင်ကြင်နာခြင်း၊ ...မျိုးညာတကာတို့အား စောင့်ရှောက်တတ်ခြင်း၊ လူငယ်များ ...သိပညာတိုးစေရန် ပညာပေးခြင်း၊ စာပေဟောပြောပွဲများတွင် ...တွေ့အကြုံ ဗဟုသုတများထည့်သွင်း၍ စကားပြောခြင်းများကို ...ဥမပြတ် ဆောင်ရွက်ခဲ့ကြောင်း နားလျှံအောင် ကြားခဲ့ရ၏။

ထိုသို့ကြားရသောအခါ ကျွန်မသည် အတန်းပညာလိုက်စားရင်း ...ွား၏စာအုပ်များကို တအုပ်မကျန် ဖတ်ရှုလေ့လာခဲ့၏။ ဖွားဖွား၏ ...ရေးအသားပိုင်နိုင်ခြင်း၊ ဇာတ်ကောင်များကို သူ့နေရာနှင့်သူ ...င်အောင်ရေးဖွဲ့တတ်ခြင်း၊ ဇာတ်လမ်း၊ ဇာတ်ကွက်တို့သည် မှန်ကန် ...ကျခြင်း၊ တချို့သောအရေးအသားများသည် တကယ့်ဖြစ်ရပ်မှန်များ ...ခြင်း၊ ဂုဏ်ရှိသည်းဖိုဇာတ်လမ်းများသည် လက်မှမချနိုင်အောင် ...ရှု၍ ကောင်းခြင်းတို့ကို တွေ့ရသဖြင့် ဖွားဖွားကွယ်လွန်သည့်ကိုပင် ...နှမြောတသ ဖြစ်မိ၏။

ကျွန်မအဖွား၏ စာပေများကိုဖတ်လိုက် ကြိုက်နှစ်သက်သော ...အုပ်များကို သူငယ်ချင်းများအားပေးဖတ်လိုက်၊ ကျောင်းစာများကို ...က်မှတ်လိုက်နှင့်ပင် အချိန်ကုန်ကာဘွဲ့ရခဲ့၏။ ၁၉၉၅ ခုနှစ်တွင် ...ယ်ရပ်ရွာနေ စံလေသည့်မှန်း' ဝတ္ထုကို မာလာမြင့် ရုပ်ရှင် ...တ်လုပ်ရေးမှဝယ်ယူပြီး ရိုက်ကူးဖြန့်ချိခဲ့ပါသည်။ ၂၀၀၀ ခုနှစ်တွင် ...ပြာဆိုင်မှဇာတ်လမ်းများ' နှင့် 'ရည်ရော်မှန်း အိုင်စမ်းရေပြာ' ဝတ္ထုကို ...ာရွှေတောင် စာအုပ်တိုက်မှ ထုတ်ဝေခဲ့၏။ ၂၀၀၃ ခုနှစ်တွင် ...ံအိမ်ဝယ်' ဇာတ်လမ်းကို (ပြည့်ပန်းတစ်ရာ)စာပေတိုက်မှ ရုပ်ပြထုတ်ဝေ

ထိုသို့အသီးသီး ထုတ်ဝေလာကြသောအခါ ကျွန်မလည်း 'အဖွား စာအုပ်တွေကို တစ်အုပ်ပြီး တစ်အုပ် ပုံနှိပ်ထုတ်ဝေရင်ကောင်းမှာဘဲ' ဟုစဉ်းစားမိ၏။ ထိုအခါ ကျွန်မ၏သူငယ်ချင်းများကလည်း 'နှင့်အဖွားရဲ့ စာအုပ်တွေက နှင်မထုတ်လို့ စာဖတ်ပရိတ်သတ်တွေက မသိတော့ရင် 'မဝင်းမြင့်' ဆိုတဲ့ နာမည်ကြီး တိမ်ကောပျောက်ကွယ်သွားလိမ့်မယ်၊ နှင့်အဖွားက ကြိုးစားပမ်းစားရှာဖွေရေးခဲ့တဲ့ ဇာတ်လမ်းကောင်းတွေ လူတွေမသိဘဲဖြစ်တော့မယ် နှင်ထုတ်ဝေလို့ရတဲ့ငွေတွေနဲ့ နှင့်အဖွား အတွက် ကောင်းရာကောင်းမှုတွေ လုပ်ပေးပေါ့' ဟု တစ်ယောက် တစ်ခွန်းပြောဆိုကြ၏။

ထိုအခါ ကျွန်မလည်း အင်း ... သူတို့ပြောတာလည်း ဟုတ်သားဘဲ အဖွားရဲ့စာအုပ်တွေပြန်လည်ထုတ်ဝေရရင် ကောင်းမှာဘဲလို့ စဉ်းစားမိသဖြင့်ထုတ်ဝေခဲ့ရာ ယခု 'ဘယ်ဝင့်နှောင်ဖန်လာမှန်းနှင့် ဝတ္ထုတိုများ' စာအုပ်နှင့်ဆိုလျှင် ကိုယ်တိုင်ထုတ်ဝေခဲ့တာ လေးအုပ် မြောက်ခဲ့ပြီဖြစ်၏။

(၁၄-၁၂-၂၀၀၅)ခုနှစ်တွင် ဖြိုးနှင့်မင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ပထမဆုံး ပြန်လည်ထုတ်ဝေသော 'ကိုယ်စားရုပ်သွင်' ဝတ္ထုကို ရုပ်ရှင် ဇာတ်ကားကြီး ရိုက်ကူးရန် ဝယ်ယူပြီးဖြစ်ပါသည်။

ဤကဲ့သို့ စာပေလောကထဲသို့ ထုတ်ဝေသူတစ်ဦးအနေဖြင့် ဝင်ရောက်လာသောအခါ စာပေလောကသားတို့၏ လုပ်ပုံကိုင်ပုံများကို တစတစနားလည်လာပြီဖြစ်၏။ အဖွား၏ ဝတ္ထုများကို ဖတ်ရှုသူများအား လည်းကောင်း၊ ထုတ်ဝေပေးခဲ့သူများအားလည်းကောင်း၊ ဝယ်ယူ သိမ်းဆည်းခဲ့သူများအားလည်းကောင်း၊ ကွန်ပျူတာ၊ ပုံနှိပ်၊ ဖလင်ခွဲ၊ စာအုပ်ချုပ်၊ မျက်နှာဖုံးပြုလုပ်ပေးခဲ့သူများအားလည်းကောင်း၊ ငွေကြေးထုတ်ပေးခဲ့သူ ဖေကြီးနှင့် မေကြီးအားလည်းကောင်း၊ ကျေးဇူးရှိခဲ့သူများအားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိလျက် ...

မြေး
(နှင်းအခွေသီ)

## မာတိကာ




ကြိုင်ရှုံ ၁


ဘယ်ဝင့်နှောင်ဖန်လာမှန်း ၅၆


ကြွေလွှင့်ရွက်ဝါ ၁၁၈


ကိုယ်တည်းသာလျှင် ၁၄၅


မျက်ရည်နှင့်မြစ်ရေ ၁၆၃


မဆုံးသံသရာ ၁၈၉


စုလုံးကန်းသူ ၂၀၆


ဖြစ်စေချင်သည် ၂၂၅


ဟော ခုပါဦး ၂၄၀

အရေးအသား၊ စာဖွဲ့ရာတွင်၊
သူမတူအောင်၊ ထူးချွန်ထက်မြက်
စာရှုသူအား၊ သုတရရန်၊
ကြိုးပမ်းအားထုတ်၊ ရေးဖွဲ့ခဲ့သော၊
ဝတ္ထုများမှာ၊ လှို့ဝှက်ဆန်းကြယ်၊
ဇာတ်လမ်းဇာတ်အိမ်၊ ခိုင်မာပြတ်သား၊
ဇာတ်ကောင်များကို၊ စရိုက် စုံစုံ၊
နေရာကျကျ၊ ထည့်သွင်းတတ်သော၊
ပင်ကိုယ်ဉာဏ်ဖြင့် လူသားအကျိုး၊
ရှေ့တန်းတင်ကာ၊ စာများရေးပြီး၊
သယ်ပိုးခဲ့သော၊ မေမေ့ရင်မှာ
ဘာများရှိမည်၊ သမီးမသိ၊
သို့သော်လည်းပဲ၊ မေမေ့စာပေ၊
သမိုင်းကျန်အောင်၊ သမီးကတော့
ကြိုးစားမြဲပင်၊ ဖြစ်ပေသတည်း . . .

သမီး
ခင်စိုးဝင်း

# ကြိုင်ရနံ့

ယယ်ပေါင်းဇနီးသည်ကြီး သေဆုံးသွားခဲ့သည့် အချိန်ကဆိုလျှင် ဦးကျော်ရှိန်၏ အသက်သည် ခြောက်ဆယ်ပြည့်ပြီး၍ လေးနှစ်ပင်စွန်းခဲ့ပြီ ဖြစ်သည်။ ဦးကျော်ရှိန်သည် ပြောလောက်အောင် ချမ်းသာသူမဟုတ်သော် လည်း ကြွေးကင်းမြီကင်းဖြင့် ထမင်းတစ်ဝမ်းကို အေးအေးလူလူ စားနိုင် သော အခြေအနေမှာ ရှိနေသည်။ ယယ်ပေါင်းဇနီးကြီးနှင့်အတူ ကောင်းတူ ဆိုးဘက်၊ မောင်တစ်ထမ်း, မယ်တစ်ရွက် လက်ရေတပြင်စီးလုပ်ကိုင်ရှာ ဖွေလာခဲ့သည့် ပစ္စည်းကို စည်းစနစ်ကျစွာ စုဆောင်းထိန်းသိမ်းလာခဲ့သည် ကြောင့် ယခုလိုအသက်အရွယ် ရောက်လာသည့် အချိန်မှာ သားထောက် သမီးထောက် အားကိုးလောက်စရာ တစ်ယောက်မှ မရှိသော်လည်း မည်သူ့မျက်နှာကိုမှ ကြည့်နေရန်မလိုသည့် အခြေအနေမှာ ရှိနေသည်။

သွပ်မိုး, ပျဉ်ထောင် ပျဉ်ခင်းဖြင့် လုံခြုံခိုင်ခံ့သော တစ်ထပ်အိမ်၊ သူတန်းစေ့ သင့်တင့်သောအိမ်ထောင်ပရိဘောဂ အသုံးအဆောင်၊ အဝတ်အစား ပြည့်ပြည့်စုံစုံ၊ ငွေကြေးလေးအထုပ်အထည်ဖြင့် အေးဆေး စွာ နေကာ ပုတီးစိပ်ရတော့မည့်အချိန် ရောက်သောအခါမှ ဦးကျော်ရှိန်၏ ယယ်ပေါင်း ဇနီးကြီးက ဆုံးပါးသွားရှာသည်။

"အဘွားကြီးသနားပါတယ်၊ မယ်တစ်ထမ်း, မောင်တစ်ရွက် င်းပွားရှာလာခဲ့ရပေမဲ့ အဘိုးကြီးကို သိပ်ကြောက်ရတာ၊ သူ့ခမျာ ငွေကိုင် ရတာမှာမဟုတ်ဘဲ၊ အဘိုးကြီးပေးသရွေ့ ကျွေးသရွေ့ ကိုသာစားနေရ ရှာတာ၊ မမာတာတောင်ကြည့်ပါလား၊ တုတုတန်တန် ဆေးဆရာ ခေါ်ဘူး။ ငွေကုန်နည်းအောင် တော်စွလျော်စွ တတ်ယောင်ကား ဗိန္ဓော ဆရာခေါ်ကုတာနဲ့ အဘွားကြီးသေရတာ"

ဟူသော စကားတင်းတွေကို အိမ်နားနီးချင်းဓါတ်သိတွေက ပြောင်ပြောင်ပင် ပြောကြသည်။ မည်သူက မည်သို့ ပြောစေကာမူ ငွေကြေးကိုနမြောတွန့်တိုသော ဦးကျော်ရှိန် ကိုယ်ဝန်းကလွဲပြီး မယား

ကိုယ်ပင် စေတနာမရှိသော ဦးကျော်ရှံသည် ကောင်းတူ ဆိုးဘက်ငယ်ပေါ်
မယားကြီး သေဆုံးသွားသည်ကို စိတ်မကောင်း ဖြစ်ရုံသာဖြစ်သည်
သူ့ချို့ယွင်းချက်ကိုမူ သူမမြင်၊ နောင်တမရ။

"အမယ်ကြီးကိစ္စကြောင့် ငွေတောင်တော်တော်လေး အထုပ်
ထဲက လျော့သွားပါလား၊ အေးလေ ဒိုစာ နာစာ စုဆောင်း ထားခဲ့တ
ရွှေလေးတော့ တော်တော်လေးကျန်သေးသားပဲ"

သေတ္တာကိုဖွင့်ကြည့်ပြီး ဦးကျော်ရှံ ညည်းညည်းညူညူ ပြေ
မိသည်။ အမယ်ကြီးမရှိတော့ သောအခါ ဦးကျော်ရှံအဘို့ စားရေ
သောက်ရေး အိမ်ထောင်ထိန်းသိမ်းရေးသည် အဆင်မပြေတော့ဘဲ ကသ
လင်တနိုင်လာ၏။ ငယ်စဉ်ကမူ အိမ်သန့်ရှင်းခြင်း၊ ချက်ပြုတ် ဖွပ်လျှေ
ခြင်း၊ လိုအပ်သောပစ္စည်းများကို ပေါ့ပေါ့ပါးပါး ဈေးသို့ပြေးပြီး ဝယ်ခြမ်
သယ်ဆောင်လာခဲ့နိုင်ခြင်း၊ ထင်းခွဲ၊ ရေခပ်စသည့် အလုပ်တွေကို ခြေမြ
လက်မြန် သွက်သွက်လက်လက် လုပ်ကိုင်နိုင်ခဲ့သည်။ မောသည်
ပန်းသည် မရှိခဲ့။ အကယ်၍ ပင်ပန်းလွန်းသည့်အခါမှာလည်း ထမင်း
စား၍ ပိုပြီးဝင်ခဲ့သည်။ အိပ်လို့ ပိုပြီးပျော်ခဲ့သည်။

အသက်အရွယ်ကြီးလာသောအခါမှာ ငယ်စဉ်ကလို မဟုတ်
တော့သည့်တိုင်အောင် ဇနီးမောင်နှံ နှစ်ယောက်စာကို အမယ်ကြီးနှင့်
ကိုယ်နိုင်သလောက် ကိုယ်တာဝန်ယူကာ ခွဲဝေလုပ်ခဲ့သည်။ အမယ်ကြီး၏
မယားတာဝန်ကျေပွန်မှုကြောင့် ထမင်းဟင်း ဖွယ်ဖွယ်ရာရာ စားခဲ့ရသည်၊
ပုဆိုး၊ အင်္ကျီ ဖွပ်လျှော်ပြီး အဆင်သင့်ဝတ်ခဲ့ရသည်။

ယခုအမယ်ကြီး မရှိတော့သော အခါမှာ သူတစ်ယောက်တည်း
ချက်ပြုတ် စားသောက်သည်တွင် အပေါက်အလမ်းတည့်အောင်
မချက်တတ်သောကြောင့် အိုးနင်းခွက်နင်းဖြင့် စားသောက်၍ အရသာ
မတွေ့ဖြစ်လာသည်။ အဝတ်ကို ဖွပ်လျှော်သည့်နေရာမှာလည်း စိတ်သာ
ရှိပြီး လုပ်ကိုင်ရာမှာ အချိုးကျအောင် မလုပ်တတ်၊ အိမ်သန့်ရှင်းရေးက



...စ်ဖက်နှင့် မောပန်းလာသောအခါ ငယ်စဉ်ကလို ထမင်းမမြိန်တော့
ချေ။ ထမင်းဟင်းကလည်း မြိန်ချင်စရာ လုံးဝမကောင်းသည်ကိုလည်း
...သည်။

စားသောက် မကောင်းသောကြောင့် မစားနိုင်၊ မစားနိုင်
သည့်အတွက် အိပ်လို့ မပျော်ဘဲ ဖြစ်လာသည်။ အိပ်ပျက်စားပျက်
...င်လာသောအခါ လူကအားကုန်သလိုဖြစ်ပြီး မောသောကြောင့် ငယ်စဉ်
...ကလို ဈေးကို ပေါ့ပေါ့ပါးပါး မသွားနိုင်တော့ချေ။

"ကြာကြာနေရင် ကျုပ်တော့ မောတာ ပန်းတာနဲ့ သေရတော့
...ယ်၊ ထမင်းဟင်းလည်း မချက်ချင်တော့ပါဘူး။ အဝတ်လည်း မလျှော်
...်တော့ပါဘူး၊ ကျုပ်ကို ထမင်းကျွေးရုံ၊ အဝတ်လျှော်ပေးရုံ လူတစ်
...ယောက်လောက် ငှားပေးကြစမ်းပါ၊ လခကိုသင့်လျော်သလောက် ပေးပါ
...ယ်"

ဟူသောစကားကို အိမ်နီးချင်းတွေအား ဦးကျော်ရှံဖွင့်ဟ
ပြောကြားကာ အကူအညီတောင်းရတော့သည်။

"အင်း . . . ကပ်စေးနှဲကြီးတော့ အမယ်ကြီး မရှိမှ နှာခေါင်း
...ည်မွေ့တွေ့နေပြီ၊ ချက်ပြုတ်သန့်ရှင်းရေးအတွက် လူတစ်ယောက်ငှား
...ဲ့ဆိုတော့မမယ်စုကြီးပြောကြည့်ရမှာဘဲ၊ ဒီမိန်းမကြီးက ဒီအလုပ်မျိုး
လုပ်နေတာ"

ဟူသောစကားတွေဖြင့် အိမ်နားနီးချင်းများသည် အသက်လေး
ဆယ်ကျော်အရွယ်မုဆိုးမ မမယ်စုကြီးကို ဦးကျော်ရှံအတွက် ဈေးဝယ်၊
...က်ပြုတ်၊ ဖွပ်လျှော်၊ အိမ်သန့်ရှင်းရေးများ လုပ်ပေးရန်တစ်လလျှင်
...သေးဆယ်ဖြင့် ငှားပေးလိုက်ကြသည်။ မမယ်စုကြီးအတွက် တစ်နေကုန်
နေရန်မလို၊ လုပ်ကိုင်စရာရှိသည်များကို လျင်လျင်မြန်မြန် လုပ်ကိုင်
ဆောင်ရွက်ရန်သာဖြစ်ပြီး၊ နိုင်းစေ လုပ်ကိုင်စရာပြီးလျှင် ပြန်ရမည်
ဖြစ်သည်။

ထမင်းဟင်းကို မနက်စာနှင့် ညစာ တစ်ခါတည်းပေါင်းပြီး

ချက်ပြုတ်ပေးခဲ့ရမည်ဖြစ်သည်။ မမယ်စုကြီးအတွက် ထမင်းမကျွေးနိုင် ကြောင်း ပြောထားပြီး ဖြစ်သည်။

မမယ်စုကြီးကား အားကိုးအားထား မရှိသော မုဆိုးမကြီး ဖြစ်သည်။ လင်ယောကျ်ားသေဆုံးသွားပြီးနောက် ကျန်ရစ်သည့် သမီးလေး တစ်ယောက်နှင့် နောက်အိမ်ထောင်မထူဘဲ တစ်ဝမ်းတစ်ခါ ကို ဖြစ်သလိုရှာဖွေ စားသောက်နေသူဖြစ်သည်။ ယခုဆိုလျှင် မမယ်စုကြီး သမီးလေးသည် မြန်မာစာကို ရေးတတ်ဖတ်တတ်ရုံသာရှိပြီး အသက်မှ ဆယ့်ကိုးနှစ်ရှိပေပြီ။ သူ ဤအသက်အရွယ် ထိအောင် ပင်ပန်းကြီးစွာ လုပ်ကိုင် ကျွေးမွေးလာသော မိခင်ကို ငဲ့ညှာသောအားဖြင့် သူကိုယ်တိုင် ပင်မိခင်နည်းတူ အခကြေးငွေဖြင့် သူတစ်ပါးအိမ်များမှာ အဝတ်လျှော် ကြမ်းတိုက်အလုပ်ကို လုပ်ကိုင်နေသည်။

မမယ်စုကြီး သမီးလေးကို အလုပ်ရှင်များက နာမည်အပြည့် အစုံ မခင်ကြိုင်ဟူ၍ မခေါ်ကြချေ။ အကြိုင်ဟူ၍သာခေါ်ကြသည်။ အကြိုင်ရုပ်ရည်က ဖြူဖြူသန့်သန့်လေးဖြစ်သည်။

သားအမိနှစ်ယောက် ထိုအလုပ်ဖြင့် အသက်မွေးလာခဲ့ ကြသည်။ တစ်ခါတစ်ရံ မမယ်စုကြီးနေထိုင်မကောင်းသည့်အခါ ဖြစ်စေ ပြည်သူ့ဆိုင်က ထုတ်လာရသည့်ပစ္စည်းလေးများကို ရောင်းဝယ်နေမ ခြင်းဖြင့် မအားလပ်သည့်အခါဖြစ်စေ မိခင်ဖြစ်သူ မမယ်စုကြီးအလုပ်လုပ် ရသည့်အိမ်တွေကို သမီးဖြစ်သူအကြိုင်က ကိုယ်စားဝင်ကာ လုပ်ကိုင် ပေးရသည်။

ဦးကျော်ရှိအိမ်သို့ မမယ်စုကြီး အလုပ်ဝင်ပြီး ဆယ်ရက်ကျော် ကြာသည့်အခါ မမယ်စုကြီးသည် သမီးဖြစ်သူနှင့် ထမင်းစားရင်း ညည်း သည်။

"သမီးရယ် . . . ဒီ ဦးကျော်ရှိဆိုတဲ့ လူကြီးဟာ တော်တော် မုန်းစရာ ကောင်းတယ်ကွဲ့၊ ဟိုတုန်းက အရပ်ထဲမှာ သူ့အတင်းကို ပြောသံ ဆိုသံကြားဘူးခဲ့ပေမဲ့ လက်တွေ့မဟုတ်တော့ စိတ်မဝင်စားခဲ့ဘူး။ အခု



တော့ တကယ်စိတ်တိုစရာကောင်းတဲ့ အဘိုးကြီးဘဲ"

"ဘယ်လိုကြောင့်လဲ အမေ"

အကြိုင်က မေးသည်။

"ဒီ-ဈေးဝယ်ခိုင်းတဲ့အခါလဲ ပိုက်ဆံကို စစ်ဆေး တွက်ချက် ကိုက်တာ၊ ဝယ်လာတဲ့ပစ္စည်းကိုလည်း သား၊ ငါး၊ ပုဇွန်ဆိုရင် သူ့ချိန်ခွင် လေးနဲ့ ပြန်ချိန်ကြည့်တယ်၊ ဈေးသည် အလေးခိုးလိုက်လို့ လျော့နေပြီလား မဖြင့် ငါကဘဲ အလေးချိန် လျှော့ဝယ်ပြီး ပိုက်ဆံခိုးထားသလိုလို၊ ဟင်းရွက်ဟင်းသီးလည်း ဟင်းရွက်ဟင်းသီးမို့ ဒါလေး ဒီလောက်ပိုက်ဆံ ပေးခဲ့ရသလား၊ ဒီလောက် ဟင်းသီးဟင်းရွက်ကို ဈေးမဆစ်ဘူးလား ကျုပ်ကဈေးဝယ်နေကျဆိုတော့ ကျုပ်ကို ကလိန်မကျနဲ့နော်-ဆိုတဲ့စကား ဈေးဝယ်တိုင်းအပြောခံရတယ်၊ ဒီနေ့ ကုန်ဈေးနှုန်းကို ဒီအဘိုးကြီး သိဘဲ နေမှာမဟုတ်ပါဘူး၊ သက်သက် ငါ့ကို မယုံမကြည်အထင်သေး တာသမီးရဲ့၊ မရှိလို့ လုပ်ကိုင်စားနေရပေမဲ့ အပြောအဆို ခံရတဲ့ ခါများ ဝမ်းနည်းမိတယ်ကွယ်"

မမယ်စုကြီးက လေရှည်ကြီး ပြောလိုက်သည်။ မျက်နှာရော သံရော တကယ်ပင် ဝမ်းနည်းသည့် အရိပ်က ထင်ထင်ရှားရှား ပေါ်နေသည်။ အကြိုင်သည် မိခင်ကို ကြင်နာစွာကြည့်ကာ စိတ်မကောင်း ဖြစ်နေသည်။

"အဘိုးကြီး ကြည့်လိုက်တော့ ဘုရား ယောင်ယောင် တရား ယောင်ယောင်နဲ့၊ ဒါလောက် ပိုက်ဆံပစ္စည်းမက်နေတာ ဟိုတုန်းက သူ့မယားအမယ်ကြီးကိုတောင် ပိုက်ဆံကုန်မှာစိုးလို့ ဆရာဝန်ကောင်း ကောင်းနဲ့မကုလို့ သေသွားတယ်ဆိုတာ ဟုတ်မယ်အမေ၊ သူ့မယား တောင် သူ့စေတနာမရှိတဲ့အဘိုးကြီး အမေ့လို ခိုင်းစေတဲ့လူဆိုတော့ ပြောကောင်းမလဲ၊ ဒါလောက် စစ်ဆေးမေးမြန်းတာတောင် သူ့စိတ်ထဲ နဲ့သေးတယ် ထင်ချင်ထင်နေမှာ"

အကြိုင်က မိခင်အတွက် အဘိုးကြီးကို အမြင်ကပ်ကပ်နှင့်

ပြောလိုက်သည်။

သို့ဖြင့်ပင် မရှိဆင်းရဲသော သားအမိနှစ်ယောက်သည် အိမ်ရှင်ကောင်းနှင့်လည်း တွေ့ရ၊ အိမ်ရှင်ဆိုးနှင့်လည်းတွေ့ရ၊ တစ်ဝမ်း တစ်ခါးအတွက် လုပ်ကိုင်စားသောက်နေရာမှ မမယ်စုကြီးသည် ပင်ပန်း လွန်းသည့် ဒဏ်ကြောင့် နေထိုင်၍ အနည်းငယ် မကောင်းချင် ဖြစ်လာသည်။

ထိုနေ့မှာ မမယ်စုကြီးသည် ဦးကျော်ရဲက ဈေးဝယ်နိုင်းသည်ကို သွားတော့မည်ဆဲဆဲမှာ အုံ့နေသော မိုးက မဲလာပြီး သဲသဲမဲမဲရွာ လိုက်သည်။ ထို့ကြောင့် မိုးစဲအောင် မမယ်စုကြီးက ဆိုင်းနေစဉ်မှာပင် ဦးကျော်ရဲအသံက ပေါ်လာသည်။

"ဟဲ့ မယ်စု၊ အခုထိမသွားသေးဘူးလား၊ နေမြင့်မှ သွားတော့ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ် ရပါတော့မလား၊ နင်တို့ဟာလေ လုံ့လလည်းမရှိဘူး၊ ဝီရိယလည်းမရှိဘူး၊ ဖျတ်ဖျတ်လတ်လတ်လဲ မရှိဘူး၊ ပျင်းရိပျင်းတွဲနဲ့၊ ဒါကြောင့် ဒီလိုဘဝမျိုးရောက်ပြီး ဒီလိုဖြစ်နေကြတာ"

ဦးကျော်ရဲက အားမနာတမ်း ပြောလိုက်သည်။

"သွားမှာပါဦးလေးရယ်၊ ခါတိုင်း ဒီလိုမဆိုင်းခဲ့ပါဘူး၊ ဒီနေ့ ကျမ နေလို့နည်းနည်းမကောင်းချင်သလိုလိုလဲဖြစ်၊ မိုးကလည်းရွာနေတော့ မိုးလေးနည်းနည်းအလျော့ကို စောင့်နေမိတာပါ၊ ဆောင်းစရာလည်းမရှိ လို့"

မမယ်စုကြီးက လျှောက်လဲချက် တင်လိုက်သည်။

"အောင်မာ၊ ခါတိုင်း မိုးရွာတော့နင်ဘာဆောင်းသွားလဲ၊ နင့် ပလပ်စတစ်အစကြီး ရှိနေတယ် ဟုတ်လား၊ အခုမှ အဲဆန်းလုပ်ပြောနေ လိုက်တာ"

"ပလပ်စတစ်စကြီးက စုတ်နေလိုက်တာ ရစရာမရှိတော့ဘူး ဦးလေး၊ ခါတိုင်းတော့ နေကောင်းနေတာကိုး၊ မိုးမိမှာ ကျမ မကြောက်ပါ



ဘူး ဒီနေ့တော့နေလို့ နည်းနည်းမကောင်းချင်တာနဲ့ မိုးမိမှာကို ကြောက်နေတာ၊ ဦးလေးထီး ခဏလောက်ငှားပါလား ဦးလေးရယ်"

"ဟာ ဟာ၊ ငါ့ထီးငှားရမယ်ဟုတ်လား မယ်စုရယ်၊ နင့်ပါးစပ် ... ထွက်ရက်တယ်၊ ရာရာသသ နင်ကများ ငါ့ဆီက ထီးကိုငှားလို့၊ မိုးစိုမှာ ... လို့ ဈေးမသွားချင်ရင် ငါ့အိမ်မှာအလုပ်မလုပ်နဲ့တော့၊ ငါတခြားလူကို ... ငှားမယ်"

ဦးကျော်ရဲက ပြောလိုက်သည်။ ဤမျှလောက်ကပ်စေးနဲပြီး ... ည်းကိုမက်မောလွန်း မြော်မြင်လွန်းသော ဦးကျော်ရဲက သူ့ ထီးကို ... ဘယ်ကြောင့် မိုးရေအစိုခံနိုင်မည်နည်း။

မသောက်မညာပြောလိုက်သော ဦးကျော်ရဲစကားကို မမယ်စု ...ကြီးသည် တော်တော်ပင်စိတ်မကောင်းဖြစ်လိုက်သည်။ သူတို့သားအမိ ... လုပ်လုပ်နေကြသည်မှာ တချို့အိမ်တွေက အဝတ်လျှော် သက်သက် ...ခိုင်းသောကြောင့် တစ်လမှဆယ့်ငါးကျပ်၊ အဝတ်များသည့်အိမ်ဆိုလျှင် ...င်ဆယ်ရကြသည်။ တံမြက်လှဲကြမ်းတိုက်သည့်အိမ်ဆိုလျှင် ဆယ့်ငါး ...ပ်သာ ရကြသည်။ ဦးကျော်ရဲတစ်အိမ်သာလျှင် အောက်ခြေသိမ်းအား ...း လုပ်ပေးရသောကြောင့် လေးဆယ်ရနေခြင်းဖြစ်သည်။ လခလေးဆယ် ...နေသောအိမ်ကို မမယ်စု လက်လွှတ်မှာကိုးရိမ်သည်။ နောက်တစ်ချက် ...လည်း သမီးလေးသည် လာမည့် လွတ်လပ်ရေးပွဲတော် အမှီ လှိုင်းကြီး ...ကျိုတထည်နှင့် ပါတိတ်ထမီ တစ်ထည်လောက် ဝတ်ချင်သည်ဟု ...ပြောဘူးသည်။

ထို့ကြောင့် မြိုးခြိုးစားသောက်ပြီး စုဆောင်းထားသော ငွေလေး ...နှင့် ဦးကျော်ရဲထံမှရမည့် ငွေလေးဆယ်ကိုဖြည့်ကာ သမီးကို ဝယ်ပေးမည် ... မမယ်စုကြီး ရည်ရွယ်ထားသည်။ အပျိုအရွယ်ဖြစ်သော သမီးသည် ...စ်ကြိမ်မှမပူဆာဘူးဘဲ ယခုတစ်ကြိမ်သာ ချူပ်တည်း မရနိုင်သည့် ...အတွက် ပွင့်ထွက်လာသည်ကို သိရသော မမယ်စုကြီးက သမီးကို ...နားလှသည်။ ဦးကျော်ရဲထံမှ ရမည့်လခငွေလေးဆယ်ကို မမယ်စုကြီး

လက်မလွှတ် နိုင်ရှာချေ။

"သွားပါမယ်ဦးလေး"

ထိုမျှသာပြောပြီး မမယ်စုကြီးသည် ပလပ်စတစ်အစုတ်ကြီးကို မလုံမခြုံဦးခေါင်းပေါ်တင်ကာ သဲသဲမဲမဲရွာနေသော မိုးရေထဲမှ အားတင်းပြီး ဈေးဝယ်ထွက်လာခဲ့သည်။

ဦးကျော်ရှံ၏ ဝေယျာဝစ္စတွေကို အားလုံးလုပ်ကိုင်နေစဉ် မမယ်စုကြီး အဖျားသွေးသီသီလာသာ ဝင်နေလေပြီ။ စိုနေသော အင်္ကျီ ထမီကြောင့် လူမှာပိုပြီး ဝေဒနာခံနေရသည်။ လုပ်ကိုင်ဆောင်ရွက်မှု ပြီးစီးသောအခါတွင်ကား မမယ်စုကြီးသည် အိမ်ရောက်အောင်ပင် အနိုင်နိုင်အားခဲ ပြန်လာခဲ့ရသည်။ အိမ်ရောက်သည်နှင့်တပြိုင်နက် အင်္ကျီ ထမီအခြောက်လေးကို လဲကာအိပ်ရာပေါ်တွင် ပစ်လဲ လေတော့သည်။

အကြိုင်က ပြန်မရောက်လာသေးချေ။

အကြိုင်ပြန်ရောက်လာသည့် အချိန်တွင်ကား . . . မမယ်စုကြီးသည် ခြစ်ခြစ်တောက်ပူနေသော ကိုယ်ဖြင့်အဖျားတက် နေလေပြီ။

မိခင်ဖြစ်ပုံကို သိရသောအကြိုင်သည် မျက်ရည်တောက် တောက်ကျမိသည်။ မျက်ရည်ကျရုံက လွဲပြီး အကြိုင်ဘာတတ်နိုင်မည်လဲ။

"မနက်ဖန် အမေအိမ်မှာအနားယူ၊ နေကောင်းအောင်နေ၊ အမေ့အိမ်တွေကို အားလုံးကျမသွားပါမယ်"

မိခင်ကို ပြုစုယုယပေးရင်း အကြိုင်က ပြောလိုက်သည်။

✣ ✣ ✣

"ဟဲ့ . . . ခရေလား၊ ဘာကိစ္စလဲ"

မမယ်စုကြီး ရောက်ချိန်တန်၍ မရောက်လာသောအခါ ရေနွေးတခံအိုးကို ကိုယ်တိုင်တည်ပြီး နှုတ်မှတဖြစ်တောက်တောက် ပြောဆို ရေရွတ်နေသော ဦးကျော်ရှံသည် ဖြူစင်သန့်ပြန့်သော ရုပ်ရည်ဖြင့် ချစ်စဖွယ် မိန်းမပျိုလေးတစ်ယောက် သူ့အိမ်သို့ရောက်လာသည်ကို



မေးလိုက်ခြင်းဖြစ်သည်။

"ဒီအိမ်မှာအလုပ်လုပ်နေတဲ့ ဒေါ်စုကြီးသမီးပါ-ဘဘ၊ အမေ နေကောင်းဖြစ်နေလို့ အမေ့ကိုယ်စားအကြိုင်လာခဲ့တာပါ"

အကြိုင်က ပြောပြောဆိုဆိုဖြင့် အိမ်ထဲ ဝင်လာပြီး သွက်လက် ဖျက်လတ်စွာ လုပ်စရာ ရှိသည်များကို ထုပ်နေသည်။ ဦးကျော်ရှံအိမ်မှာ ဘာအလုပ်တစပြီး ဘာအလုပ်တွေကို လုပ်နေရကြောင်း မိခင်က ပြော ထားပြီးဖြစ်၍ အစီအစဉ်ကိုသိပြီးဖြစ်သော အကြိုင်က ဘာလုပ်ရမလဲဟု မမေးတော့ဘဲ လူငယ်ပီပီ သွက်လက်ဖျတ်လတ်စွာ လုပ်လိုက်သည်။

"ဟော. . . မိန်းကလေးက မယ်စုသမီးလား"

မီးဖိုထဲဝင်ကာ ထမင်းအိုးကိုပြင်ဆင်ပြီး မီးဖိုပေါ်တင်နေသော အကြိုင်ကို ဦးကျော်ရှံက စေ့စေ့ကြည့်ပြီးမေးသည်။

"ဟုတ်တယ်ဘဘ၊ အမေမနေ့က မိုးမိလိုက်တော့ တော်တော် နေမကောင်းဖြစ်သွားတယ်၊ ဘဘအတွက် မေမေမလာနိုင်တော့ အကြိုင်က ကိုယ်စားလာရတာ၊ ဘဘစိတ်ချမ်းသာမှု ဖြစ်ပါစေမယ်၊ သဘောကျသလိုသာ ပြောပါဘဘ"

အကြိုင်က ချစ်စရာကောင်းသော အသံလေးဖြင့် ပြောသည်။ ထမင်းအိုးကို မီးဖိုပေါ် တင်ထားလိုက်ပြီး မနေ့က ဦးကျော်ရှံ စားသောက် ထားသည့် ပန်းကန်တွေကို ဆေးနေသည်။

"ဈေးသွားရအုံးမှာလား ဘဘ၊ စားချင်တာကိုပြောပါ။ ဘဘ ကြိုက်သလို အကြိုင်ချက်ကျွေးပါ့မယ်၊ အမေက လူကြီးဆိုတော့ ဟင်း ချက်ရာမှာ အကြိုင်တို့ လူငယ်တွေလို ဖွယ်ဖွယ်ရာရာ စိတ်ကူးချင်မှ ကူးမှာ၊ နောက်ပြီး ဘဘကလည်း ဟင်းကျွေးဟင်းရံကို ဖြစ်သလို စားတတ်တယ်ထင်ပါရဲ့၊ အခု အကြိုင်ကိုယ်တိုင် ချက်ကျွေးတဲ့ဟင်းကို စားကြည့်ရင် ဘဘလျှာရင်း မျက်သွားမှာ"

ပြောပြောဆိုဆိုဖြင့် ပန်းကန်တွေကို ဆေးပြီးသွားသော အကြိုင်က ဆူနေပြီ ဖြစ်သော ထမင်းအိုးကို ယောက်မနှင့် မွှေလိုက်

သည်။

"ထမင်းဖိုးကျရင် ဈေးသွားပေးမယ်၊ ဘဘစားချင်တာတွေကို အခုထဲက စိတ်ကူးထား၊ ဘဘစိတ် မကူးတတ်ရင် အကြိုင်စိတ်ကူးပြီး ချက်ကျွေးမယ်နော်"

လက်ကလည်း အလုပ်ကို သွက်သွက်လက်လက်လုပ်၊ နှုတ်ကလည်း သာလိကာမလေးလို တွတ်တီး တွတ်တာ ချစ်စရာကောင်းအောင် ပြောနေသော အကြိုင်ကို ဦးကျော်ရှိန်သည် တအံ့တဩကြည့်နေသည်။

ပစ္စည်းလောက်သာ အာရုံထားပြီး အထီးကျန်နေခဲ့သော ဦးကျော်ရှိန်သည် ယခုအကြိုင်လို ငယ်ရွယ်ဖျံ့ဖြိုးမှုစ် ချစ်စရာကောင်းသော မိန်းမပျိုလေး၏ တီတီတာတာချစ်စရာစကားသံမျိုးကို မည်သည့်အခါမှ မကြားခဲ့ရဘူးချေ။ သွားလေသူ အမယ်ကြီး ရှိစဉ်ကလည်း အသက်အရွယ် ငယ်စဉ်က စီးပွားရေးကို ကုန်းရုန်းရှာဖွေနေရသောကြောင့် တီတီတာတာ ပြောဘို့အချိန်မရခဲ့။

စီးပွားရေးပြည့်စုံပြီး အေးအေးလူလူနေထိုင်ရမည့် အချိန်ရောက်လာသောအခါမှာ ဦးကျော်ရှိန်၏ မေတ္တာတုံးစရာကောင်းသော အပြုအမူ စိတ်သဘောထားတွေကြောင့် သွားလေသူ အမယ်ကြီးသည် ဦးကျော်ရှိန်ကို ဝတ္တရားကျေအောင်သာ လုပ်ကိုင်ပြုစုပေးသည်။ အမယ်ကြီးသည် နှုတ်မှ ဝီယဝါစာ တီတီတာတာ ချစ်စရာစကားတွေကို ပြောလိုသော ဆန္ဒမရှိသောကြောင့် ဦးကျော်ရှိန်သည် မလွှဲမကင်းသည့်အခါမှာသာ အမယ်ကြီးအသံကို ကြားလာခဲ့ရသည်။

မမယ်စုကြီးဆို ငှားထားခဲ့သည့်အချိန်တွေမှာလည်း မထောက်မညှာ နိုင်ထက်စီးနင်း ပြောဆိုခိုင်းစေလွန်းသော ဦးကျော်ရှိန်ကို မရှိ၍ လုပ်စားနေရသော မမယ်စုကြီးက တာဝန်ရှိသည့် မပြောမဖြစ်သည့် စကားကလွဲပြီး စကားပြောချင်စိတ်မရှိခဲ့သောကြောင့် အပိုစကား မေးမြန်းပြောဆိုခြင်းမပြုဘဲ သူ့အလုပ်တာဝန်ပြီးလျှင် လှည့်မကြည့်



ဘူဘဲ တစ်မျိုးတည်း သုတ်ခြေတင်တော့သည်။

ထို့ကြောင့် ခြောက်သွေ့သော သဲကန္တာရထဲမှာ နေရသလို ဖြစ်နေသော ဦးကျော်ရှိန်သည် စမ်းရေစီးသံလေးကြားရသလို အကြိုင်၏ အသံ ကြားရသောအခါ တအံ့တဩဖြစ်နေသည်။ အကြိုင့်အသံကို ကြား၍ မဝနိုင်သလိုလို၊ စိတ်ထဲမှာ ကြည်နူးသာယာသလိုလို၊ ပျော်သလို ခံစားလိုက်မိသည်။

ဦးကျော်ရှိန်နှုတ်မှ ဘာမှ ပြန်မပြောတော့သော်လည်း အိပ်ခန်းသို့ကို အဆောတလျှင်ဝင်သွားသည်။ ထို့နောက်ပြန်ထွက်လာသော အခါ သူ့လက်ထဲတွင် ဈေးဘိုးပိုက်ဆံပါလာသည်။

"ကဲ . . . နာမည်ဘယ်သူ . . ."

ဦးကျော်ရှိန်က မေးသောအခါ . . .

"အကြိုင်ပါ ဘဘ"

ဟုအကြိုင်ကဖြေလိုက်သည်။

"အေးအေး၊ အကြိုင်ရော့ ဈေးဘိုး၊ ငါဘာစားချင်တယ် ဆိုတာ မပြောတတ်တော့ဘူး၊ အကြိုင်သွားပြီး သဘောကျဝယ်ခဲ့၊ အကြိုင် ကြိုက်သလို ချက်ကျွေးစမ်း"

ပြောရင်း ဦးကျော်ရှိန်က အကြိုင်ကို ပိုက်ဆံပေးသည်။

ထမင်းအိုးငှဲ့နေသော အကြိုင်က ဦးကျော်ရှိန်ကိုပြုံးပြုံးလေး လှည့်ကြည့်လိုက်သည်။

"ဟုတ်ကဲ့ဘဘ၊ အကြိုက်လက်မအားသေးလို့ ထမင်းစားခုံပေါ်မှာပဲ တင်ထားပါအုံးနော်။ ဘဘပေးတဲ့ပိုက်ဆံက ဘယ်လောက်လဲ"

"နှစ်ဆယ်ကွာ၊ လောက်ပါ့မလား"

အကြိုင်ကပြုံးလိုက်သည်။

"ပေးတဲ့ပိုက်ဆံက အများဆုံးမှ ခုနစ်ကျပ်ရယ်။ မှာလိုက်တာတွေစုံနေတာပဲ။ ဒီခေတ် ဈေးနှုန်းနဲ့ သူမှာတဲ့ဟင်းချက်စရာနဲ့ ဒီဈေးဘိုးနဲ့ ဘာသွားလုပ်ရမှာလဲ။ ဝယ်လာတာနည်းရင်လည်း စိတ်ဆိုးသေးတယ်။

စစ်ဆေးမေးမြန်းမှု ထူလိုက်တာကလည်း ငိုချင်စိတ်ကို ပေါက်ရော။ ငါများ ဇောတိကလောက် ချမ်းသာလာရင်လေ ဒီအဘိုးကြီးကို ဟင်းချက်စရာတွေနဲ့ရော၊ ပိုက်ဆံနဲ့ရော ဖို့သတ်ပြစ်မယ်"

မမယ်စုကြီးက ဒေါသဖြစ်ဖြစ်ဖြင့် ပြောဘူးသည်။ ထို့ကြောင့် အကြိုင်က မိခင်စကားကို သတိရသောကြောင့် ပြုံးလိုက်ခြင်း ဖြစ်သည်။ ပြုံးလိုက်သော အကြိုင်၏ ပါးကလေးက ပါးချိုင့်လေးပေါ်သွားသည်။ ဦးကျော်ရှံသည် အကြိုင်၏ပါးချိုင့်လေးကို အငေးသား ကြည့်နေမိသည်။

အကြိုင်သည် ဈေးသွားသည်။ သူ့စိတ်ကူးရသည်များကို ဝယ်ခြမ်းပြန်လာသည်။ ဈေးဘိုးကို သေချာစွာ စာရင်းချပြတွက်ပြသည်။

"ဘဘလဲ ပြန်တွက်ကြည့်ပါအုံးနော်"

ဟူသောအကြိုင့်စကားကို . . .

"ကပ်သီးကပ်သပ်အကြိုက်ရယ် မတွက်ပါဘူး၊ ကဲချက်စမ်း၊ ဒီနေ့တော့ ထမင်းမြိန်မယ်ဟေ့"

ဦးကျော်ရှံက အားရဝမ်းသာပြောကာ အကြိုင်ပြန်ပေးသော ဈေးဘိုးပိုငွေလေးကိုယူကာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်သွားသည်။ လူငယ်ပီပီဖျက်လတ်သွက်လက်စွာဖြင့် အကြိုင်က မီးဖိုချောင်အလုပ်ရော၊ အိမ်သန့်ရှင်းရေးရော လျှင်မြန်စွာ ဆောင်ရွက်ပြီးသောအခါ . . .

"ဘဘ . . . ထမင်းဆာပြီလား၊ မဆာသေးရင် အဝတ်တွေ လျှော်လိုက်အုံးမယ်နော်"

ဟုပြောသောအခါ ဦးကျော်ရှံက စိပ်ပုတီးကြီးလက်က ကိုင်ထားလျက်နှင့် . . .

"အကြိုင်လုပ်စရာရှိတာကိုသာ လုပ်ပါအုံး၊ အားလပ်လို့ ထည့်ကျွေးမှစားပါမယ်၊ ငါလဲပုတီးစိပ်လိုက်အုံးမယ်"

ဟူသောစကားဖြင့် တုံ့ပြန်လိုက်သည်။

သို့သော် ဦးကျော်ရှံသည် ပုတီးကိုဖြောင့်အောင် မစိပ်နိုင်ချေ။ ဦးကျော်ရှံစိတ်ထဲမှာ အတွေးတွေ ချာချာလည်နေသည်။



"ဘဘ-ဟောဒါ မုန်လာရွက်နဲ့ မြင်းသားချဉ်ရေ၊ ဒါက ငဖယ်ဆုပ်ကို ခရမ်းချဉ်သီးအနှစ်လေးနဲ့ ဆီပြန်ချက်ထားတာ၊ ဟောဒီမှာ သညာငြုတ်သီးထောင်းစပ်စပ်လေး။ ချဉ်ရေဟင်းနဲ့တော့ လိုက်ဖက်ပါတယ်။ ဘဘအားရှိအောင် ကြက်ဥမကျက်တကျက်ကြော်၊ ငါးပိရည်ကို ဘဘ စားတယ် မစားတယ် မသိလို့ မဝယ်ခဲ့ဘူး၊ ဘဘငပိရည်စားရင် နောက်တစ်ခါ ငပိရည်ကျိုမွှေးမွှေးလေးနဲ့ တို့စရာလေးနဲ့ စီစဉ်ပေးမယ်၊ မြိန်ရဲ့လား ဘဘ၊ အော် - ဘဘ နေ့ခင်းဆာရင်စားဖို့ အကြိုင်ကစွန်းဥ လဲပြုတ်ထားတယ်၊ နောက်ပြီးအခွံပါခွာပေးထားခဲ့မယ်၊ ရေနွေးကြမ်းအိုးကိုလည်း လက်ဖက်ခြောက်ကိုလှော်ပြီး ကျကျလေး နှပ်ထားပေးခဲ့မယ်နော်"

ဦးကျော်ရှံ ထမင်းစားနေစဉ်မှာ အနားကထိုင်ပြီး ထမင်းဟင်း ခူးပေးခြင်း၊ ဟင်းဖတ်ကို အရိုးထွင်ပေးခြင်း၊ တွတ်တီးတွတ်တာ ပြောစရာ စကားလေးတွေကို ထမင်းမြိန်အောင်ပြောဆိုခြင်း၊ နေ့လယ်နေ့ခင်းမှာဆာလောင်မည်ကို နိုးနိမ်သောစေတနာဖြင့် စားသောက်ဖွယ်ရာကို လုပ်ကိုင်ပေးခြင်း စသည်တို့ကြောင့် ဦးကျော်ရှံသည် ထမင်းလည်း မြိန်သည်။ စိတ်လည်း ချမ်းသာသွားသည်။ အကြိုင်ကို ကျေးဇူးတင်လိုက်သည်မှာ ပြောစရာမရှိတော့။ အမယ်ကြီး သေဆုံးသွားပြီးသည့် နောက်မှ ဤလိုထမင်းမျိုး ဟင်းမျိုးကို တစ်ခါမှ မစားခဲ့ရသေးချေ။

မိစုကြီး ချက်ကျွေးတဲ့ထမင်းဟင်းနဲ့တော့ ကွာပါပေရဲ့။ အလကား ဂန်းတာမကြီး၊ အာမှ မစိမ်တတ်ဘူးဟု မမယ်စုကြီးကို စိတ်ထဲမှ မျက်လိုက်သည်။ မမယ်စုကြီးကို ပေးသော ဈေးဘိုးနှင့် အကြိုင်ကို ပေးသော ဈေးဘိုးကွာသည်ကိုမူ မစဉ်းစား။ ချက်ပြုတ်ကျွေးမွေးပုံချင်း စားသောက်ရကွာခြားခြင်းကိုသာ တွေးလိုက်သည်။

❖ ❖ ❖

"ဟဲ့ အကြိုက်ရဲ့၊ တခြားအိမ်တွေမှာ မလုပ်တော့နဲ့၊ ငါ့အိမ် တစ်အိမ်ထဲမှာသာ တစ်နေကုန်အလုပ်လုပ်ပါတော့လား"

မမယ်စုကြီးဖျားနေသည့် လေးငါးရက် အတွင်းမှာ အကြိုင်၏

ဆောင်ရွက်လုပ်ကိုင်ပုံတွေ၊ ကျွေးမွေးပြုစုပုံတွေ၊ တွတ်တီးတွတ်တာ ချစ်စရာ စကားလေးတွင် အဆက်မပြတ်ပြောပုံတွေကို စိတ်ထဲမှာ များစွာ နှစ်ခြိုက်နေပြီဖြစ်သော ဦးကျော်ရဲက ပြောသောအခါ အကြိုင်က ပြုံးပြုံး ရယ်ရယ်ဖြင့် ပြန်ပြောသည်။

"အမေ နေလို့ ကောင်းနေပြီ ဘဘ၊ နှစ်ရက်လောက်နေရင် အမေလာပါလိမ့်မယ်။ အကြိုင်တို့ သားအမိက တစ်အိမ်ထဲမှာ တစ်ယောက်ထဲ လုပ်ကိုင်ရှာဖွေလို့ မစားလောက်ဘူးဘဘ၊ ဒါကြောင့် သားအမိနှစ်ယောက် ရသမျှ အိမ်တွေကို လက်ခံပြီး အလုပ်လုပ်ရတယ်၊ အခု အမေဖျားနေတော့ ဘဘကိုသနားလို့သာ အမေ့ကိုယ်စား ဝင်နေရတာ၊ ဘဘအိမ်က အလုပ်ပြီးရင် အကြိုင်တခြားအိမ်တွေကို သွားပြီး လုပ်စရာရှိတာတွေကို ကျွပ္ပနှ်အောင် လုပ်ပေးရအုံးမယ်၊ ဘဘပြောသလို ဘဘအိမ်မှာသာ တစ်နေကုန်လေးဆယ်ထဲနဲ့ လုပ်နေရင် အကြိုင်တို့ ဘာသွားစားမလဲ"

အကြိုင့်စကားကြောင့် ဦးကျော်ရဲကပြောလိုက်သည်။

"ဟေ၊ ဘာသွားစားမလဲဟုတ်လား၊ ငါ့အိမ်ကထမင်းကို စားပေါ့ဟဲ့။ အခု ငါးစားသလိုပဲ စားရမှာကို"

"အကြိုင်က ဘဘအိမ်က ထမင်းကိုစားပြီး တစ်လလေး ဆယ်ယူတာတော့ဟုတ်ပါပြီ၊ အမေက သူတစ်ယောက်ထဲ လုပ်စာနဲ့ မဝနိုင်ဘူးဘဘ၊ အမေ့ကို ဘယ်လိုထားရမှာလဲ"

အကြိုင့်စကားကြောင့် ဦးကျော်ရဲ တွန့်သွားသည်။

သူစေတနာရှိသည်က အကြိုင်တစ်ယောက်ထဲကို သာဖြစ် သည်။ သူစေတနာမရှိသော မမယ်စုကြီးကို မေ့ချင်ပေ။

"အင်း… နှစ်ယောက်အတွက်ကြီးဆိုတော့ စဉ်းစားရာပဲ၊ ဒီလိုလုပ်လေ အကြိုင်၊ ငါပြော ာကို နင်လည်းသဘောတူမှာပါ"

"ပြောလေ ဘဘ"

"ငါ့အိမ်အတွက် အလုပ်လုပ်ဖို့ကို နင့်အမေကို မလွှတ်နဲ့တော့၊



…ပဲဆက်လုပ်၊ ငါနဲ့အတူတူထမင်းစား၊ လုပ်စရာရှိတာ လုပ်ကိုင်ပေးပြီး …န်တာပေါ့၊ ဒါပေမဲ့ ငါကထမင်းပါကျွေးရတယ်ဆိုတော့ အခုလို …က်ခြင်းပြန်တာမျိုးတော့ မဟုတ်ရဘူးနော်၊ ခါတိုင်းထက် ကြာကြာ …နေရမယ်"

အကြိုင်က ဦးကျော်ရဲကို စေ့စေ့ကြည့်ပြီး ပြုံးနေသည်။

"ဘာလဲကောင်းမလေး၊ ငါပြောတာ သဘောမတူဘူးလား"

"အကြိုင့်သဘောနဲ့ဘယ်ဖြစ်မလဲ၊ အမေ့ကိုပြောကြည့်ရ …းမယ်"

"ဟေး၊ ပြောချင်ပြော၊ နင်မလာတော့ဘဲ နင့်အမေသာ …က်လုပ်မယ်ဆိုရင် နင့်အမေကို မလာစေနဲ့တော့၊ ငါမျက်နှာကြော …ည့်ဘူး၊ တခြားလူကိုရှာမယ်"

ဦးကျော်ရဲက ပြတ်ပြတ်သားသားပြောသောအခါ အကြိုင်သည် …အမေ မမယ်စုကြီးကို တစ်လုံးမကျန် ပြန်ပြောပြသည်။

"တော်တော် ရှူစရာကောင်းတဲ့အဘိုးကြီး သမီးရဲ့၊ ခက်တာ …လည်း သူ့အိမ်ကို လက်လွှတ်လိုက်ရရင် တို့သားအမိမှာ ငွေလေးဆယ် …က်လွှတ်လိုက်ရပြီ၊ အဲဒီတော့ သူပြောသလို အမေ့ကိုယ်စား သမီးဘဲ …ားလုပ်ပေတော့၊ သမီးလုပ်နေတဲ့ အိမ်ထဲက အမေ့ကို တစ်အိမ်ခွဲပေး၊ … သမီးက သူ့ဆီမှာကြာကြာနေပေမဲ့ ဟိုတစ်အိမ်အတွက် မလစ်ဟင်း … အကွက်စေ့မယ်ဟုတ်လား"

မမယ်စုကြီးကစီစဉ်သည်။

"အင်း၊ အဲဒီလိုဘဲ ကောင်းပါတယ်အမေ"

သားအမိနှစ်ယောက်အပြေအလည် တိုင်ပင်စီစဉ်ပြီး အကြိုင် …ည်ဦးကျော်ရဲအိမ်မှာ မနက်စာထမင်းကို ဦးကျော်ရဲ စားသည့်နည်းတူ …င်းကောင်း ကျွေးကောင်းဖြင့် စားနေရသည်။ တစ်ခါတစ်ရံ သူ့အမေကို …နားသောအားဖြင့် ဟင်းတစ်ခွက်လောက် တောင်းသောအခါ …းကျော်ရဲသည် အကြိုင့်နဖူးကို လက်ညှိုးဖြင့် ထောက်ကာ ထောက်ကာ

"ကောင်မလေးနော်၊ သိပ်သိပါလား၊ ဟင်း . . ."

. . . ဟူသောစကားဖြင့် ဟင်းတစ်ခွက်လောက်ကို ယူခွင့်ပြုသည်။ တစ်ခါတစ်ရံတွင်မူ အကြိုင်နောက်ကျမှ ရောက်လာသော အခါမျိုးတွင် ဦးကျော်ရံသည် -

"နင် ဘာကြောင့် နောက်ကျရသလဲဟင်၊ ကလေးလို မေးမြန်းဆုံးမရိုက်လေးတော့ ရိုက်မှဖြစ်မယ်"

. . . ဟူသော စကားမျိုးပြောတာ အကြိုင့်ကျောကို သာယာယာယာပုတ်တတ်သည်။

အကြိုင်သည် ဦးကျော်ရံလို အဖိုးကြီးတစ်ယောက်၏ သဘောကို ရိပ်မိတန်သမျှတော့ ရိပ်မိပါသည်။ သို့သော် သူတို့ သားအမိ ဆင်းရဲချို့တဲ့သောအခြေအနေကြောင့် "ဒီအဘိုးကြီး ဒီလောက်လေး ပြောဆိုရုံ ထိနိုက်ရုံလေးက ငါ့ကိုဘာမှ မနစ်နာစေပါဘူး" ဟူသော ပေါ့ပေါ့ ဆဆ သဘောမျိုးထားခဲ့သည်။

အကြိုင်က ပေါ့ပေါ့ဆဆသဘောမျိုး ထားသော်လည်း အကြိုင်မရောက်မီအချိန်မှာ ဦးကျော်ရံ ဣန္ဒြေမဲ့အောင်ပင် အိမ်ပြင်ထွက်ပြီး မျှော်ခဲ့ပုံတွေ၊ အကြိုင်ပြန်သည့်အခါမှာ အကြိုင့်ကို မျက်စိအောက်က ပျောက်သွားသည့်တိုင်အောင် အိမ်ပြင်ထွက်ပြီး မျက်စိတစ်ဆုံး ကြည့်နေခဲ့ပုံတွေ၊ အိမ်နီးနားချင်းတွေနှင့် စကားပြောသည့်အခါ အကြိုင်အကြောင်းကို မြိန်ရှည်ယှက်ရှည်ပြောပုံတွေ၊ ရိပ်မိသူအချို့က မထိတထိ ကျီစားကြသည်ကို ဦးကျော်ရံများစွာ နှစ်ခြိုက်ကာ ပီတိဖြစ်နေပုံတွေကို ပတ်ဝန်းကျင်က တော်တော်များများ သိနေကြသည်။ ဦးကျော်ရံက အကြိုင့်ကို နဖူးကိုလိုက်၊ ကျောပုတ်လိုက်သည်များကို မြင်သူတွေက မြင်တွေ့ကြသည်။

ထိုသတင်းသည် မောင်အုန်းခိုင်နားသို့ ရောက်သွားလေသည်။ မောင်အုန်းခိုင်ဆိုသူကား အကြိုင်တို့လိုပင် အားကိုးရာမဲ့ ဆွေမျိုးမဲ့ တစ်ကောင်ကြွက်ဖြစ်သည်။ အသက်အရွယ်က နှစ်ဆယ့်သုံးလေးနှစ်



ာက်ဖြစ်သည်။ ထောင်ထောင်မောင်းမောင်း ဇာလကောင်းကောင်း ဖြင့် ကြမ်းကိုယ်ကြမ်းဖြစ်သည်။ အလုပ်အကိုင်ကလည်း ဆိပ်ကမ်း ခတွင် ပန်းထမ်းကာယ အလုပ်သမား တစ်ယောက်ဖြစ်သည်။ င်အုန်းခိုင်နှင့် အကြိုင်တို့ တစ်ယောက်နှင့် တစ်ယောက်မေတ္တာ ကြသည်မှာ နှစ်နှစ်နီးပါး ကြာခဲ့လေပြီ။

မောင်အုန်းခိုင်က အကြိုင်ကို ချက်ခြင်းပင်လက်ထပ် ယူလို ည်း သို့သော် မမယ်စုကြီးက -

"သမီးရယ်၊ မပူလိုလို ယောက်မရှာတာဘဲ၊ ပူချင်မှတော့ က်မှာပေါ့၊ ငြိမ်းငြိမ်းလေးနေ၊ အေးအေးလေးစားနေနိုင်တဲ့ အခြေ နေမှာ ထားနိုင်တဲ့ ယောကျ်ားမဟုတ်ဘဲ နှုတ်ခမ်းပုံချင်း မီးမှုတ်နေရင် ာက်မီးလျှံတော့ ဖြစ်လာမှာမဟုတ်ဘူး၊ ဆင်းရဲတဲ့အထဲ ကလေးတွေ တိုးပွားလာပြီး ဒုက္ခပိုဖြစ်လာမှာကို စဉ်စားပါ။ မောင်အုန်းခိုင်ကိုပြော ပါလို့၊ လက်ထဲမှာ သုံး-လေးရာ မျိုးလောက်ရှိနေမှ လက်ထပ်ကြ ပြားမှုမရှိဘဲ လက်ထပ်ရင် ကြွေးတင်လိမ့်မယ်၊ ကြွေးဆိုတာ က်မိရင် ဘယ်တော့မှ ပြန်မဆင်းတော့ဘူး။ သိပ်ကြောက်စရာ ာင်းတယ်"

မမယ်စုကြီးက လူကြီးပီပီ အရှည်ကို မျှော်တွေး၍ အကျိုးသင့် ကြောင်းသင့် ဖျောင်းဖျ ပြောသည်။ မိခင်ပြောစကားတွေကလည်း ယုထိုက်သည်ကြောင့် အကြိုက်က ချစ်သူမောင်အုန်းခိုင်ကို မိခင် ာသည့်အတိုင်း သာယာညှင်းပျောင်းပြောသည်။ ထို့ကြောင့် င်အုန်းခိုင်သည် အကြိုင့်ကို ချစ်လွန်းသည့် စိတ်ကြောင့် အလုပ်ကို းစားလုပ်ကာ ငွေကိုတတ်နိုင်သမျှ စုရန်ရည်ရွယ်သည်။ ထိုသို့ သည့်အတွင်းက အကြိုင်နှင့် ဦးကျော်ရံတို့ သတင်းတွေက နားထဲကို ရည်ပူလောင်းသလို မသက်မသာ ကြားလာသည်။ ထို့ကြောင့် နေ့တွင် အလုပ်မသွားဘဲ ဦးကျော်ရံအိမ်က အကြိုင်ပြန်လာ မည်ကို ်းခရီးက စောင့်နေသည်။

"ဟော့ အကြိုင်၊ လက်ထဲကဘာလဲကွ"

အကြိုင် ကိုင်လာသော ဟင်းပန်းကန်ကို မြင်သော အုန်းခိုင်က မေးသောအခါမှ အကြိုင်သည် လမ်းဘေး သစ်ပင်ရိပ်အောက်မှာ သူ့ကို စောင့်ကြည့်နေသော မောင်အုန်းခိုင်ကို မြင်လိုက်သည်။

"ဟောကိုအုန်းခိုင်၊ ရှင်အလုပ်မသွားဘူးလား"

သွားနေဆဲခြေလှမ်းကိုတုံ့ပြီး အကြိုင်ကမေးသောအခါ

"လာစမ်းပါအုံး၊ ဒီသစ်ပင်ရိပ်ကို၊ နင့်ကိုငါမေးစရာတွေ ရှိနေတယ်"

မောင်အုန်းခိုင်က ပြောသဖြင့် အကြိုင်ကဟင်းပန်းကန်ကို ကိုင်လျက်က မောင်အုန်းခိုင် ရပ်စောင့်နေသော သစ်ပင်ရိပ်အောက်သို့ ဝင်ခဲ့သည်။

"ဘာတွေများ မေးစရာရှိနေလို့လဲ ကိုအုန်းခိုင်"

"နင့်လက်ထဲက ပန်းကန်ကဘာလဲ"

အကြိုင့်အမေးကို မဖြေဘဲ မောင်အုန်းခိုင်က မေးသည်။

"အော် ဒါလား၊ အမေစားဘို့ ဟင်းတစ်ခွက် ဘဘ ဦးကျော်က ကပေးလိုက်တာ"

အကြိုင့်အဖြေကြောင့် မောင်အုန်းခိုင်မျက်နှာ တင်မာသွားသည်။

"ဒီဟင်းတစ်ခွက်ရပါမဲ့အရေးနင့် ကျော့ကိုဘယ်လောက် ကြာကြာ သေခါနီးကြီးက လက်နဲ့ ပုတ်လိုက်သလဲ"

မောင်အုန်းခိုင်၏ စကားကြောင့် အကြိုင်သည် မျက်နှာပျက် သလိုဖြစ်သွား၏။

"ကိုအုန်းခိုင်ကလဲ ဘာတွေပြောနေမှန်းလဲ မသိဘူး"

"အဘိုးကြီးက နင့်ကို ဟိုတို့လိုက်၊ ဒီကိုင်လိုက်လုပ် နေတယ်ဆို နင်ကလဲ တပြုံးပြုံးနဲ့ မရှန်းမဖယ်သာယာနေတယ်ဆို"

မောင်အုန်းခိုင်က ခံပြင်းသောလေသံနှင့်မေးသည်။



"ပြောလောက်အောင်မဟုတ်ပါဘူး ကိုအုန်းခိုင်ရယ်၊ အဘိုးကြီး က တစ်ခါတစ်ရံကျမ အလုပ်လုပ်တာ လွဲချော်သွား၊ မှားသွားတဲ့အခါ ...လေးတွေကို ခေါင်းပုတ်၊ ကျောပုတ်လုပ်တာမျိုးပါ။ ဒီအသက် အရွယ် ...ဘိုးအိုကြီးကို ကျမက သာယာနေတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား၊ ...ဉ်းစားလည်းယုံပေါ့"

"အောင်မာ စဉ်းစားယုံတဲ့၊ ငါကိုယ်တိုင် မျက်စေ့နဲ့မြင်ခဲ့ပြီးပြီ၊ ...ဘိုးအို သေခါနီးကြီးနဲ့ နင်နဲ့ ထမင်းလက်ဆုံစားနေကြတာလေ၊ ...ဘိုးကြီးက နင့်ပန်းကန်ထဲကို ဟင်းခပ်ထည့်ပေးလိုက်၊ နင်ကအနိုး ...ရင်းထွင်ပြီး သေခါနီးကြီးစားဘို့ ပြန်ယုယလိုက်နဲ့ မဟုတ်ဘူးလား၊ ...က သူ့ပြော ငါပြောမယုံချင်လို့ သေသေချာချာ ချောင်းကြည့်ခဲ့တာ"

မောင်အုန်းခိုင်က ခိုင်လုံစွာပြောလိုက်သည်။ အမှန်က ...မောင်အုန်းခိုင် ချောင်းမကြည့်ဘူးခဲ့ချေ။ တစ်ကြိမ်မှလည်း မျက်မြင် ...ဟုတ်ခဲ့ချေ။ အိမ်နီးနားချင်း မြင်ကြတွေ့ကြသူတွေက ပြောသည်ကို ...ကြားခဲ့သောကြောင့် ကိုယ်တိုင် မြင်တွေ့ခဲ့လေဟန် ပြောလိုက်ခြင်း ...ဖြစ်သည်။

"ကို . . . ဒါက ထမင်းတစ်နပ်နိုမိ နဲ့လား၊ သူ့ထမင်းစားနေမှ ...ကျေနပ်အောင် လုပ်ပေးရမှာပေါ့၊ ကျမစိတ်ထဲက ဘယ်လိုမှ မဖြစ်ရင် ...တမ်းဘဲ ကိုအုန်းခိုင်ရယ်၊ ဘိုးအေအရွယ်၊အဖေအရွယ်ကြီးနဲ့တော့ ...သင်မမှားစမ်းပါနဲ့ရှင်"

မြန်လည် ငြင်းဆိုခြင်းမပြုဘဲ ဝန်ခံသောစကားကိုဆိုသော ...ကြိုင့်အဖြေကြောင့် မောင်အုန်းခိုင် ပိုပြီးစိတ်တိုသွားသည်။

"ဘာဘဲဖြစ်ဖြစ် ငါချစ်တဲ့မိန်းမဆိုတာ ငါကလွဲပြီး ဘယ် ...ယောက်ျားကိုမှ လင်လိုမပြုစုရဘူး၊ ထမင်းတစ်နပ် ဟင်းတစ်ခွက်ကို ...သိပ်မက်မောနေလား၊ အဘိုးကြီးက နင့်ကို ထမင်းကလေးကျွေးပြီး ...ုံးသွင်းနေတာကို နင်ကလဲအသွင်းခံတယ်၊ နင်နဲ့အဘိုးကြီး အကြောင်း ... ပတ်ဝန်းကျင်က ဘယ်လောက် ပြောနေကြပြီလဲ၊ နက်ဖန်ကစပြီး

ဒီအဘိုးကြီးအိမ်မှာ နင် အလုပ်မလုပ်နဲ့တော့၊ ထွက်"

မောင်အုန်းခိုင်က ပိုင်စိုးပိုင်နင်း အမိန့်ပေးသောအခါ အကြိုင်သည် သူ့ညာဉ်အတိုင်း စိတ်ဆိုးဟန်မပြဘဲ ပြုံးပြုံးလေးပင်ပြန်ပြော သည်။

"ကျွန်မပြောပါရစေအုံး၊ ဒီအဘိုးကြီးအိမ်မှာ ကျမ အလုပ်လုပ်နေတာ မနက်စာထမင်းတစ်ထပ် သူကျွေးတယ်၊ လခက တစ်လကို လေးဆယ်ပေးတယ်၊ ကျမတို့ သားအမိ ဘဝအခြေအနေကိုလည်း ရှင်အသိသားပဲ၊ ကျမတို့ လူသိရှင်ကြား ယူကြမယ်ဆိုရင် အိမ်ထောင်တစ်ခုတည် ထောင်ဖို့ ငွေလိုမယ်ဟုတ်လား၊ ကျမလည်းဖြစ်တဲ့နည်းနဲ့ အဝတ်အထည် အိုးခွက်လေး ပြည့်စုံအောင် ကြိုးစားမယ်၊ ရှင်လည်းရင်းနှီးစားလောက်အောင် ငွေလေးစုလို့ ပြောခဲ့တယ်နော်၊ ကျမတို့ လက်ထပ်ပြီးကြရင်ဒီလို အလုပ်မျိုးကို မလုပ်တော့ဘူး၊ အရောင်းအဝယ် အလုပ်လေးတစ်ခုခုလုပ်ကြရမှာ၊ ဒါကြောင့် လက်ထဲမှာ အတော်အသင့်လေး ဆုပ်မိပါစေတော့လို့ ထမင်းဘိုး ဟင်းဘိုးလေး ခိုမိအောင် အလိုက်အထိုက်နေတာပါ ကိုအုန်းခိုင်၊ ဒီအဘိုးကြီး သက်ကြားအိုကြီးကို ကြည်ဖြူဘို့ဆိုတာ ကျမအိပ်မက်တောင်မမက်ပါဘူး၊ ဘေးလူတွေက သက်သက်မဟာမနာ ပြောကြတာပါ၊ မယုံပါနဲ့ ကိုအုန်းခိုင်"

အကြိုင်က သာယာညှင်းပျောင်းဖြင့် နားဝင်အောင် ရှင်းလင်းပြောပြသည်။ သို့သော် မောင်အုန်းခိုင်သည် အကြိုင်ပြောပြသည်များကို သဘောပေါက်ရန် မကြိုးစားဘဲ . . .

"နင်ရှာမရှည်နဲ့အကြိုင်၊ နင့်ကို လက်ဖျားနဲ့မှ ငါမတို့ခဲ့ဘဲနဲ့ သေခါနီးကြီးက တို့လိုက်ကိုင်လိုက်လုပ်နေတာကို ငါလုံးဝမကြည်ဖြူဘူး၊ မနက်ဖန်ထွက်၊ ဒါဘဲ"

ဟူ၍သာစကားကိုသာပြောသည်။

"ဒါဖြင့် ကျမတို့သားအမိစားလောက် ဝတ်လောက်အောင် ကိုအုန်းခိုင်က တစ်လလေးဆယ် ပေးမလား၊ အဘိုးကြီးအိမ်မှာ အလုပ်မလုပ်တော့ဘူးလေ"



အကြိုင်က အနည်းငယ် စိတ်တိုလာသဖြင့် ပြောလိုက်သည်။

"အကြိုင် . . . နင့်စကားကဘာလဲ၊ ပိုက်ဆံပေးနိုင်တဲ့လူကိုသာ နင်မျက်နှာသာ ပေးတော့မယ် ဆိုတဲ့သဘောလား"

"ဒီသဘောမျိုးတော့မဟုတ်ပါဘူး၊ ကျမအကျိုးသင့် အကြောင်းသင့်ရှင်းပြနေတယ်၊ ဒီအဘိုးကြီးနဲ့ ကျမ ဘယ်လိုမှ မဖြစ်ပါဘူးဆိုတာကို ပြောပြနေတယ်၊ ဒီအထဲက အလုပ်မလုပ်နဲ့ဆိုတော့ ကျမတို့ သားအမိအခြေအနေကိုလည်း ရှင်သိရက်သားနဲ့ တစ်ဖက်သတ်ဖွတ်ပြောနေတာကို။ ဒါကြောင့် ဝင်ငွေပိတ်အောင် ရှင်လုပ်ရင် အဲဒီငွေအစားရှင်ပေးဆိုတဲ့ သဘောပါ။"

အကြိုင့်စကားကြောင့် မောင်အုန်းခိုင်အလွန်အမင်း ဒေါသဖြစ်သွားတော့သည်။

"ငါမပေးဘူးဆိုတော့ နင်ကဘယ်လို လုပ်ချင်သလဲ"

"ဘယ်လိုမှတော့ မလုပ်ချင်ပါဘူး။ ကျမတို့သားအမိနှစ်ယောက် ဝမ်းစာကို အလျှင်မှီအောင် အလုပ်လုပ်မြဲတိုင်း လုပ်ရမယ်ပေါ့"

"ငါ့စကားကို နားမထောင်ရင် နင့်သဘောအတိုင်းဘဲ အကြိုင်၊ ငါချစ်သလို နင်မချစ်လို့ ကန့်လန့်တိုက်တဲ့စကားကို ပြောနေတာ"

မောင်အုန်းခိုင်သည် အကြိုင်ကို လှိုက်လှိုက်လှဲလှဲချစ်လွန်းသည်။ သို့သော်အကြိုင်က သူတို့သားအမိအခြေအနေကို ပြောပြသောအခါ ဦးကျော်ရုံထံမှာ အလုပ်လုပ်နေသော လခငွေလေးဆယ်ကို ဖြတ်နိုင်းလိုက်လျှင် သူမပေးနိုင်ကြောင်းကို သိသည်။ သူ့အနေဖြင့် အကြိုင်ကလက်ထပ်ပြီးလျှင် ကြွေးကင်းမြီကင်းအဖြစ် နေနိုင်အောင် ငွေစုခိုင်းခဲ့သည်။ သို့သော် မောင်အုန်းခိုင်သည် တစ်ကိုယ်ရေ တစ်ကာယ သမားပီပီ ရရစားစား ဝါးဝါးမျိုမျို နေခဲ့သည်။ သူငယ်ချင်း အပေါင်းအသင်းများက သူ့ထံမှ ချေးစား၊ မြှောက်စားနေခဲ့သည်ကို သူက ရက်ရက်ရောရော ကျွေးခဲ့ပေးခဲ့သည်။ ထို့ကြောင့် အကြိုင်မပြောမီကလည်း တစ်ပြားမှ မစုမိ၊ ပြောပြီးသည့်နောက်ပိုင်းမှာလည်း တစ်ပြားမှ မစုမိ၊

သို့ပါလျက်နှင့် အကြိုင်၏ ဝင့်ဝွေကို အတင်းအကျပ် ပိတ်နေသည်။

အကြိုင်က ချက်ကျကျပြောသောအခါ နာလိုခံခက်ဖြစ်သွား
သည်။

"ကျမ ကန့်လန့်တိုက်တာမဟုတ်ဘူး ကိုအုန်းခိုင်၊ ဖြစ်နေတဲ့ အခြေအနေကို လက်ငင်းပြောပြနေတာ၊ ကိုအုန်းခိုင် မပေးနိုင် မကျွေးနိုင်မီမှာ ကျမတို့သားအမိ အလျှင်မို စားဝတ်နေရေးအတွက် အလုပ်လုပ်ရမှာပဲ၊ ဘယ်သူဘာပြောပြော ကိုယ်ကောင်းရင် ခေါင်းဘယ် မရှေ့ပါဘူး၊ ဒီအဖိုးကြီးနဲ့ တောင်ပြောမြောက်ပြော ဝိုင်းပြောကြတာ ဆင်ခြင်ပါမယ်လို့ အလုပ်မလုပ်ဘဲနေတော့ ဝိုင်းပြောကြဆိုကြတဲ့ လူတွေက တစ်ပြားပေးသလား၊ ဆန်တစ်စေ့ပေးသလား၊ ကျမကို အင်မတန် ချစ်ပါတယ်ဆိုတဲ့ ကိုအုန်းခိုင် ကိုယ်တိုင်ကရော မိုက်ဆံ ဘယ်နှစ်ပြားထုတ်ပေးနိုင်သလဲ"

အကြိုင်ချက်ကျကျ ပြောလိုက်သည့် စကားကြောင့် မောင်အုန်း နိုင်သည် ယိမ်းမရအောင် ဒေါသဖြစ်သွားကာ အကြိုင်ကို ဦးကျော်ရဲနှင့် ယှတ်ပတ်ပေးစားသည့် စကားတွေဖြင့် ယုတ်မာမိုက်ရိုင်းစွာ ပက်ပက် စက်စက်ပြောဆိုပြီး . . .

"နင့်မျက်နှာကို ငါကြည့်ချင်တဲ့ စိတ်တောင်မရှိတော့ဘူး"

ဟုပြောပြောဆိုဆို အကြိုင့်နားမှ ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားသည်။

မောင်အုန်းခိုင်သည် စိတ်ဆိုးပြေလျှင် သူ့ထံကို လာတွေ့လိမ့် ဦးမည်ဟု အကြိုင်က မျှော်လင့်ခဲ့သည်။ သို့သော် မောင်အုန်းခိုင်ကား စုပ်စ မြုပ်စ ပျောက်နေတော့သည်။

ဤအတွင်းမှာပင် ဦးကျော်ရဲသည် အကြိုင်ကို သူ့သဘောထား ဖွင့်ဟလေတော့သည်။

"အကြိုင် . . . နင့်ကို ဒီအိမ်ပေါ်မှာ တစ်သက်လုံး အိမ်ရှင် မအဖြစ်ထားဘို့ ငါရည်ရွယ်တယ်၊ နင်နဲ့ငါသားအဖအရွယ်ဖြစ်နေပေမဲ့



ဘာတရားဆိုတာ အသက်အရွယ်ကို ကန့်သတ်ထားတာ မဟုတ်ဘူး၊ အဖို့လည်း ဆေးပေးမီးယူ ပြုဖော်စုဖော်ရ၊ နင့်အဖို့လည်း လှလှဝတ် စားရမယ်၊ အဲဒါနင်စဉ်းစား"

သွယ်ဝိုက်လှည့်ပတ်နေခြင်းမပြုဘဲ လိုရင်းကို တိုက်ရိုက်ပြော က်သောစကားကို အကြိုင်ကြားရသော အခါ မအံ့ဩတော့ချေ၊ ကျော်ရဲ၏ မူမမှန်ခဲ့ပုံကို အကြိုင်သိနေခဲ့သည်မှာကြာပေပြီ။

"ဖြေးဖြေးပေါ့ဘဘ၊ အမေ့ကို တိုင်ပင်ပါအုံးမယ်၊ ဘဘအနေနဲ့ စဉ်းစဉ်းစားအုံး၊ တော်တော်ကြာ အကြိုင်ကို လူသိသူသိယူပြီးမှ ကြောင့်မပေါင်းချင်ဘူး၊ ဘယ်လိုအဆင်မပြေမှုတွေ ဖြစ်လာတယ် ဘာ တွေပြောတော့မကောင်းဘူး၊ နောက်ပြီး အကြိုင့်ကို ဘဘယူမယ် ရင် အမေ့ကိုဒီအိမ်ပေါ်ခေါ်တင်ရမယ်၊ မိဘပီပီထားရမယ်နော်၊ ဘစဉ်းစား"

အကြိုင်က ပြောသင့်သည့်စကားကို ပြောသောအခါ ဦးကျော်ရဲ ည် မမယ်စုကြီးကိုမေ့နေရာမှ ဖျက်ခနဲသတိရလိုက်သည်။

"ဟုတ်သားဘဲ၊ မိစုကြီး တစ်ယောက်လုံး မသေသေးဘဲရှိနေတာ မေ့နေတယ်၊ အကြိုင် ချစ်စရာကောင်းသလောက် မိစုကြီးက ပြင်ကပ်စရာ သိပ်ကောင်းတာ၊ ငါက အကြိုင်တစ်ယောက်ကိုသာ တနာရှိတာ၊ မိစုကြီးကို စေတနာရှိတာမဟုတ်ဘူး၊ နောက်ပြီး ငါက ကြိုင်တစ်ယောက်ကို မယားတစ်ယောက်အနေနဲ့ယူရာမှာ မိစုကြီးက န့်လန့်ကန့်လန့် လိုက်ပါလာပြီး ငါ့ထမင်းကို အချောင်သက်သက် တော့မှာပါလား၊ နှစ်ယောက်တောင်ကျွေးရမယ်ဆိုတော့ မဟန်သေး ထင်တယ်" ဟူသော အတွေးကို တွေးမိလာသော ဦးကျော်ရဲက ဘာမှ က်မပြောတော့ဘဲ အသာလေးတိတ်နေလိုက်သည်။

အကြိုင့်အနေဖြင့်လည်း သူချစ်သော မောင်အုန်းခိုင် တစ် ယောက်က မယုံနိုင်စရာအဆက်ဖြတ်သွားသောကြောင့် ဆင်းရဲခြင်းမှ က်ရပ်လမ်းဖြစ်သော ဦးကျော်ရဲ ဇနီးအဖြစ်လက်ခံလိုသည်။ သို့သော်

ဦးကျော်ရဲ၏ ရွှံစရာကောင်းသော သဘောထားကြောင့် ကြိုတင်ရ
ကြားခြင်းဖြစ်သည်။

ထိုအကြောင်းကို အကြိုင်က မိခင်မမယ်စုကြီးကို ပြောပြသည်
မိခင်က မောင်အုန်းခိုင်က စွန့်ပစ်သွားသည်မှန်လျှင် ဦးကျော်ရဲ
လက်ခံရန် တိုက်တွန်းသည်။ ယောက်ခမဖြစ်သော မမယ်စုကြီး
အိမ်ပေါ် မလာရဆိုလျှင် သူနေမြဲအတိုင်းနေခဲ့မည်။ အကြိုင်၏ ရှေ့
တင့်တင့်တယ်တယ်ဖြစ်အောင်သာ ဦးကျော်ရဲကို လက်ခံရန် မမယ်စု
က ဝမ်းသာအားရပြောသည်။

မမယ်စုကြီးသဘောထားမှာ ဦးကျော်ရဲကို အကြိုင်ယူလို
လျှင် အိုးပိုင်အိမ်ပိုင်လေးနှင့် လူရှိသေလေးစားသည့် အခြေအ
ရောက်မည်ကိုတွေးကာ သမီးအတွက် သူသေသည့်တိုင်အောင် စိတ်
ရမည်ကို တွေးမိသည်။

ဦးကျော်ရဲကို လက်ခံလိုက်ရန် တိုက်တွန်းပြီးမမယ်စုကြီး
သမီးကို ဆက်ပြောလိုက်သည်။

"ဟိုအကောင်အုန်းခိုင်က အဆက်ဖြတ်ရင် ဒီအဘိုးကြီး
ယူလို့ အမေပြောတာကလဲ ပြောသင့်လို့ပြောတာဘဲသမီး၊ တကယ်
အုန်းခိုင်ကမပြတ်ဘူးဆိုရင်တောင် သမီးအနေနဲ့ ပြန်လက်ခံဘို့ မကော
တော့ဘူး၊ အို-ဘယ်လိုမှ ပြန်မဆက်ပါနဲ့သမီးရယ်"

"ဘာကြောင့်လဲအမေ"

"ဒီအကောင် သိပ်ပျက်စီးနေတယ်လို့ကြားတယ်၊ သောက်လို
တဲ့ အရက်ကလည်း တရားလွန်ဘဲတဲ့၊ အလုပ်လုပ်လို့ ရသမျှလည်
တစ်ပြားမှ မစုမိဘူးတဲ့၊ သူနဲ့မကင်းရာ မကင်းကြောင်းဖြစ်လို
လက်ခံထားတဲ့ အိမ်ရှင်ကတောင် သူ့အိမ် လက်မခံတော့ဘူးလို့ပြော
တယ်"

"အမေဘယ်ကကြားလဲ"

အကြိုင်ကပြန်မေးသည်။



"ညည်းနဲ့ဒီအကောင်နဲ့ ကြိုက်နေကြတာ ငါ့အလုပ်လုပ်တဲ့
အိမ်ရှင်တွေက သိကြတယ်လေ၊ သူတို့က ပြောကြတာပေါ့"

အကြိုင်ငေးနေ တွေးနေသည်။

မောင်အုန်းခိုင်အရက်သောက်တတ်ခဲ့သည်ကိုရင်း၊ လုပ်ကိုင်
ရှာဖွေရသမျှကို စုဆောင်းသိမ်းဆည်းခြင်းမရှိဘဲ အပေါင်းအဖော် များနှင့်
စားစားသောက်သောက်နေခဲ့သည်များကိုရင်း သိခဲ့သည်။ သို့သော်
သူနှင့်ချစ်ကြိုက်ခဲ့ပြီးနောက် သူ့ကိုချစ်လျှင် သူပြောသည့်စကားကို
နားထောင်ကာ စိတ်ချမ်းသာမှုဖြစ်မည့်အလုပ်မျိုးကိုသာ လုပ်လိမ့်မည်ဟု
အကြိုင်ထင်ထားခဲ့သည်။

သို့သော် အကြိုင်ထင်သလိုမဖြစ်လာဘဲ ဦးကျော်ရဲနှင့်
တစ်ဖက်သတ်စွပ်စွဲကာ ပက်ပက်စက်စက် ယုတ်မာစွာပြောပြီး မာရေ
ကျောရေ အဆက်ဖြတ်သလို လုပ်သွားသည်။ ယခု သတင်းကြားသည့်
အတိုင်းဆိုလျှင် မောင်အုန်းခိုင်ကို လင်အဖြစ်ယူရန်မှာ ကြောက်စရာပင်
ကောင်းနေသေးတော့သည်။ မည်သို့ဆိုစေ အကြိုင့်အနေဖြင့် ဆင်းရဲ
တော်ပြတ်သည့် အဖြစ်မျိုးကို မလိုလားနိုင်သည်ကတော့ အမှန် ဖြစ်သည်။

"ဒီအဖိုးကြီး သဘောထားက ရွံစရာကောင်းအောင် ကပ်စေးနဲ
ကတ်, တွန့်တိုကတ်တာတွေကို သိနေပြီးပြီပဲ၊ တစ်ဖြည်းဖြည်း ဖျောင်းဖျ
ပြီး အမေ့ကို အိမ်ပေါ် ခေါ်တင်နိုင်အောင် ကြိုးစားယူရင် ရနိုင်ကောင်း
ပါတယ်၊ ငါလို ငယ်ရွယ်နုနယ်တဲ့ ဇနီးကို သူဘယ်နည်းနဲ့မှ စွန့်ပစ်နိုင်မှာ
မဟုတ်ဘူး၊ သူ့ကိုပိုင်နိုင်ပြီးတဲ့နောက်မှာတော့ အမေအိမ်ပေါ် ရောက်ဖို့
မခဲယဉ်းပါဘူး" ဟူသောအတွေးကို အကြိုင်တွေးလိုက်သည်။
ထို့ကြောင့် -

"အမေ့သဘောပါပဲလေ၊ ကျမကတော့ အမေ့ကို ဘယ်တော့မှ
မပစ်ထားဘူး"

. . . ဟူသောအဖြေကို ပေးလိုက်သည်။

❖ ❖ ❖

"ဘာဘာသဘောအတိုင်း စီစဉ်နိုင်ပါတယ်"

. . . ဟူသောစကားကို အကြိုင်က ပြောသောအခါ ဦးကျော်ရှိန်သည် ကြီးစွာသော ဝမ်းမြောက်မှုကြီးဖြင့် အကြိုင့်ကို ဖန်းမယားအဖြစ် သိမ်းပိုက်သည့် အခမ်းအနားကို လုပ်လိုက်သည်မှာ အကြိုင်သည် စိတ်ကို မနည်းချုပ်ထားလိုက်ရသည်။

"သည်းခံသမီး၊ သည်းခံ၊ ဒီအဘိုးကြီးမှာ ရှိသမျှ သမီးကလွဲပြီး ပိုင်မဲ့လူမရှိဘူး၊ တစ်ဖြည်းဖြည်းတော့ သိမ်းသွင်းယူပေါ့ကွယ်၊ ဘာပဲ ဖြစ်ဖြစ် အမေတို့သားသမီးသူများ အိမ်နောက်ဖေးအဖီလေးမှာ မလုံမခြုံ နေခဲ့ရတာနဲ့စာရင် အခုသမီး နိုင်နှံလုံခြုံတဲ့အိမ်ပေါ်မှာ ကိုယ့်အိုး ကိုယ့်အိမ်အဖြစ် ခန့်ခန့်ညားညား နေနိုင်နေပြီလေ၊ အမေဝမ်းသာတယ်၊ အမေကျေနပ်တယ်"

လင်ယူ့မယားယူသည့် ကိစ္စကြောင့် ငွေကုန်မခံလိုဟူသော စကားကိုပြောကာ မင်္ဂလာဆွမ်းအဖြစ် လမ်းမှာ ဆွမ်းခံကြွသွားသော ဘုန်းကြီးတစ်ပါးကို လမ်းကြိုပင့်တင်ပြီး အိမ်မှာရှိသည့် ထမင်းဟင်း ကို ဆွမ်းအဖြစ် ကပ်လှူလိုက်သည်။ အိမ်နားနီးချင်း သုံးယောက်ကို အိမ်ခေါ်ပြီး လက်ဖက်ရည်လေး မုန့်လေးတိုက်ကာ ဦးကျော်ရှိန်နှင့် အကြိုင်တို့မင်္ဂလာဆောင်ဖြစ်ကြောင်း အသိအမှတ်ပြုကြေငြာသည်။ မမယ်စုကြီးကိုအိမ်မှာ လာရောက် နေထိုင်စားသောက်ခြင်းမပြုရ ဟူသော စကားကို အတိအလင်းပြောကြားသည်။ ထို့ကြောင့် အကြိုင် နှုတ်ခမ်း တင်းတင်းစေ့ကာ မျက်နှာညိုနေသည်ကိုသိသော မမယ်စုကြီးက သမီးဖြစ်သူကို တိုးတိုး တိတ်တိတ် နှစ်သိမ့်နေခြင်းဖြစ်သည်။

သို့နှင့်ပင် အသက်ခြောက်ဆယ့် ငါးနှစ်ရှိနေပြီဖြစ်သော "ဦးကျော်ရှိန်နှင့် အသက်ဆယ့်ကိုးနှစ်သာရှိသေးသော အကြိုင်တို့ ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် ရပ်သိရွာသိ ဖြစ်သွားကြသည်။ သားအဖအရွယ်ပင်မဟုတ်၊ မြေးအဖိုးအရွယ်ဖြစ်သော ဦးကျော်ရှိန်နှင့် အကြိုင်တို့ကို မြင်သူတို့က တပြုံးပြုံးဖြစ်နေသည်။



ပတ်ဝန်းကျင်၏ သရော်လှောင်ပြောင်ခြင်းကို မျက်နှာပြောင် ပြောင်နှင့် ခံယူထားသော ဦးကျော်ရှိန်နှင့်အကြိုင်တို့ကား ချိကတည်းက ညှိသကို ဆိုသောစကားအတိုင်း အကြင်လင်မယားဖြစ်ကြရသည့် နောက်ပြီး အစေးမကိုက်ကြချေ။ ဦးကျော်ရှိန် အဖို့ကား နွားအို မြက်နု ကြိုက်သည့်အတိုင်း တကယ့်နုနုဖတ်ဖတ်အကြိုင့်ကိုရထားသဖြင့် သူ့စိတ်မှာ နှစ်သိမ့်ကြည်နူးမှုဖြစ်နေသော်လည်း အကြိုင်ကား အထင်နှင့် အမြင်ကွာခြားနေသည်ကြောင့် စိတ်ချမ်းသာမှု လုံးဝမရှိခဲ့ချေ။

မိခင်မမယ်စုကြီးကို အိမ်ပေါ် ခေါ် တင်ဘို့ စကားကို ဦးကျော်ရှိန် သည် နားမှလေသံပင် မကြားနိုင်အောင် ဖြစ်နေသည်။

"အမေ့ကို အိမ်ပေါ်မခေါ်ရင်လည်း နေပါအစ်ကိုကြီးရယ်၊ အမေ ပင်ပန်းလွန်းလို့ တစ်နေ့ ဟင်းကလေးတစ်ခွက်လောက်တော့ ပို့ရစေ" ဆိုသောအကြိုင့် စကားကို ဦးကျော်ရှိန်သည် လုံးဝလက်မခံပေ။ အကြိုင်ကအိမ်မှာ အိမ်ရှင်မပီပီ အိမ်ထောင်ထိန်း အလုပ်ကို အချိန်ပြည့် လုပ်နေသောအခါ ဦးကျော်ရှိန်သည် ဟင်းချက်စရာဝယ်သည့်အလုပ်ကို အကြိုင်အားမလွှဲတော့ဘဲ သူကိုယ်တိုင် တာဝန်ယူနေသည်။ နံနက်တိုင်း ဈေးကို တဖြည်းဖြည်းလျှောက်သွားသည်။ စားချင်သည့်အရာကို သူတစ်ယောက်စာအတွက်သာ ကိုင်းဝယ်သည်။ အကြိုင့်အတွက်ကိုမူ သူ့အဝအပြစားသောက်ပြီး ပိုလျှံမှစားရသည်။ အကြိုင့်ကို မရမီက ဝလဟောသွန်းချခဲ့သည့် စေတနာတွေသည် ဦးကျော်ရှိန်ထံမှ ထွက်ပြေး ခဲ့ကြလေပြီ။ ထို့ကြောင့် အကြိုင်သည် မိခင်ကြီးထံ ဟင်းတစ်ခွက် ပို့ရန်ဝေးစွ၊ သူတစ်ဝမ်းပင်ဟင်းကို ဝလင်အောင်မစားရတော့ချေ။

ကြာလေ အဖိုးကြီးကို အကြိုင်က ရွံလေဖြစ်လာသည်။

"သည်းခံပါသမီးရယ်၊ အသက်အရွယ်ကို တွက်ရင်ဒီအဖိုးကြီး သိပ်မကြာတော့ပါဘူး၊ သူ့ဘယ်လောက် စေတနာ ယုတ်ပေမဲ့ ကိုယ့်ဘက် က တာဝန်ဝတ္တရားမပျက်နဲ့ကွဲ့၊ ကိုယ့်လင်ကို ကိုယ်ရိုရိုသေသေ ပြုစုရင် စေတနာအကျိုး ပြန်ပေးပါလိမ့်မယ်၊ အမေ့အတွက် ဘာမှ စိတ်မကောင်း

မဖြစ်နဲ့၊ သမီးအခုလို အိုးပိုင်အိမ်ပိုင်နဲ့ လုံခြုံတင့်တယ်တဲ့ အခြေအနေ ရောက်သွားတာ ကိုက အင်မတန်ကောင်းနေပြီ"

အကြိုင်က မိခင်ထံရောက်လာပြီး အဘိုးကြီး စိတ်သဘောထား ယုတ်ပုံတွေကိုပြောပြီး ညည်းညူတိုင်း မမယ်စုကြီးသည် သူ့စော ကောင်းစိတ်ထားကာ သမီးကို အမြဲဆုံးမရှာသည်။

ဦးကျော်ရှိကား သွားလေသူငယ်ပေါင်းမယားကြီး မယ်တ ထမ်းမောင်တစ်ရှက် စီးပွားရှာခဲ့သော စီးပွားဖက်၊ ဆင်းရဲခံမ မယားကြီးကိုပင် ကြင်နာမှုမထားခဲ့သော လူတစ်ယောက်ဖြစ်သည် အလျောက် အကြိုင့်ကို သူ့အမြင်တွင် တစ်ပြားမှလုပ်ကိုင်ရှာဖွေခြင်း မပြုဘဲ သူရှာထားပြီးသားပစ္စည်းကို အဆင်သင့် ထိုင်စားနေသူဟုသော အမြင်မျိုးမြင်နေသည်။ ထို့ကြောင့် အကြိုင့်ကို မရမက ဆောင် ထားခဲ့သော မင်းသားခေါင်းသည် အကြိုင့်ကို ပိုင်ပြီးသောအခါ ကျွတ် သွားကာ နန်းဇာတိရုပ် ထင်ထင်ရှားရှား ပြန်ပေါ်လာသည်။

ဦးကျော်ရှိကို တဖြည်းဖြည်း မေတ္တာခန်းလာသော အကြိုင်သည် မိခင်မမယ်စုကြီး ပန်းဖျားဖျားနေသောအခါ မိခင်ကျန် မာရေးကို အကြောင်းပြကာ မိခင်ကို ပြုစုရင်း မိခင်နှင့်အတူ ဆင်းရဲ ပင်ပန်းစွာ နေထိုင်လာခဲ့သော တဲစုတ်ကလေးမှာ ပြန်နေခဲ့သည်မှာ ရက်သတ္တ တစ်ပတ်လောက်ပင်ကြာခဲ့လေပြီ။

အမေမမာတာကို ပြုစုပါရစေဟူသော ခွင့်တောင်းချက်ဖြင့် အကြိုင် ပြန်သွားခါစကမူ ဦးကျော်ရှိသည် လွမ်းဆွတ်တသခြင်း သတိရခြင်း မရှိခဲ့။ ကုန်းကောက်စရာပင်မရှိသော သူဆင်းရဲသမီးသည် အမွေဆက်ခံရမည့် အိုးအိမ်ပစ္စည်းကို မည်သည့်နည်းနှင့်မျှ လက်လွှတ် ဆုံးရှုံးခံနိုင်မည်မဟုတ်၊ ထို့ကြောင့် သူမခေါ်ရဘဲနှင့် မြန်မြန်ပြန်လာ လိမ့်မည်ဟူသော အတောမျိုးပိုက်ထားခဲ့သည်။ သို့သော် အကြိုင်သည် မိခင်ဝေဒနာက မသက်သာသည်တစ်ကြောင်း၊ ဦးကျော်ရှိကို စက်ဆုပ် သည် တစ်ကြောင်းကြောင့် ဘာအကြောင်းမှ ပြန်လည်ပြောခြင်း



တော့ဘဲ မိခင်ကိုသာ ပြုစုနေလိုက်သည်။

ရက်သတ္တပတ်ကျော်လာသောအခါ ဦးကျော်ရှိ စိတ်မတင်း ဘာ့ချေ။

"သူ့အမေ မမာဘူးဆိုတာဟုတ်မှ ဟုတ်ရဲ့လား၊ ငါ့ကို ပေါင်းချင်တော့လို့ ပြန်ပြေးတာများလား" ဟူသောအတွေးမျိုး လာသည်။ ထိုအခါ အကြိုင့်ကို လက်လွှတ်ခံရမည်ကို သူကြောက် သည်။ အရွယ်ရော၊ ရုပ်ရည်ရော၊ သူ့ကိုပြုစုလုပ်ကိုင်ပေးပုံတွေရော၊ ဘာနာယုတ်သမျှ သည်းခံပုံတွေရော ပြန်လည် သတိရလာသည်။

ထိုအချိန်မှာပင် -

"အဖိုးကြီးအပြုအမူတွေက မဟန်ပါဘူး။ မြေးအရွယ်လောက် ကို ရထားပါရဲ့နဲ့ ထမင်းဟင်းတောင် ဂလင်အောင် ကျွေးချင်တဲ့ ဘာခမရှိတော့ ကောင်မလေးကပြေးတာပေါ့၊ ကြည့်နေ၊ သူ့အရင် ဟောနဲ့ ပြန်ဆက်ပြီး အဘိုးကြီးကို ပစ်လိမ့်မယ်" ဟူသော ကိုယ့်ထမင်း ယ်စားပြီး ပါးစပ်အားတိုင်း ပြောနေသူတွေ၏ တီးတိုးအသံကို ကြီး အမှတ်မထင် ကြားလာသည်၊ ထိုအခါ မျောက်မီးခဲ ကိုင်မိ သို့ ထိပ်မြွေခဲသလို နေမထိ, ထိုင်မသာ ဖြစ်လာသည်။ ဟုတ်သည်, ဘ်သည်ကို သိရအောင် သည်နေ့ညပဲ သွားချောင်း မည်ဟူသော ပြတ်ချက်ကို ချလိုက်သည်။

ဦးကျော်ရှိသည် ဒိန်းဒလိန်းနတ် ဖမ်းသည်ကြောင့် ည-ကိုး လောက်မှာ အိမ်ကထွက်လာသည်။ လက်ထဲမှာ ဒင်းတို့နှစ်ယောက် ဘပ်အပ်တွေလျှင် အသေသတ်မည် ဟူသောစိတ်ဖြင့် အဖျားမှာ ဘပ်ထားသော သံတုတ်တစ်ချောင်းကို တင်းတင်းကိုင်လာသည်မှ ပြီး တစ်ခြားဘာပစ္စည်းမှမပါချေ။

အကြိုင်တို့သားအမိ နေထိုင်သည့် တဲစုတ်လေးနားရောက်သည့် ချိန်မှာ လဆုတ်ရက်ဖြစ်သည့်အတွက်မှောင်နေသော မိုးကောင်း င်သည် မိုးသားတွေတက်လာသောကြောင့် မဲမှောင်လာသည်။

နှောင်းမိုးသည် ခပ်ဖြင်းဖြင်းတိုက်သော မိုးသက်လေနှင့်အတူ ဖြင်းထန်စွာ ရွာသွန်းချလိုက်သည်။ အကြိုင်တို့ သားအမိနေထိုင်သည့် တဲစုတ်လေးနှင့် သူ့အိမ်သည် တော်တော်ပင်ဝေးကွာလှမ်းသည်။ ထို့ကြောင့် ဦးကျော်ရဲ သည်ချက်ခြင်းပြန်သွား၍ မဖြစ်တော့ချေ။ အကြိုင်တို့ သားအမိ နေထိုင်သည် ဆိုသော တဲငယ်လေးကား လူရိပ်လူယောင် ဝေး၍ မီးရောင်ပင် မတွေ့ရချေ။

ဖြင်းထန်စွာ ရွာသွန်းတိုက်ခတ်နေသော မိုးထဲလေထဲမှာ ဦးကျော်ရဲသည် အကြိုင်ကို အသံကုန်အော်ခေါ်ပြီး တဲစုတ်လေးထဲကို စမ်းတဝါးဝါးဖြင့် ဝင်သွားသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ကြွက်စုတ် ရေနစ်ထားသလိုဖြစ်ကာ ခိုက်ခိုက်တုန်အောင်ချမ်းနေသည်။ တဲအိမ်ငယ် လေးထဲတွင်ကား မှောင်မဲနေသည်။ လူတစ်ယောက်မှ မရှိသည့်အပြင် မလုံခြုံသော အမိုးအကာတွေက ဖြင်းထန်စွာ တိုက်ခတ်နေသည့် လေမိုးကြောင့် လွင့်လန်ပျက်စီးကာ ဦးကျော်ရဲအဘို့ ခိုလှုံစရာမဖြစ်နိုင် တော့ပေ။

မည်းမည်းမှောင်နေသော မိုးရေထဲက ပျက်စီးနေသော တဲစုတ် ကလေးထဲမှာ တစ်ယောက်တည်း ရောက်နေသော ဦးကျော်ရဲသည် အလိုလို လိပ်ပြာငယ်ကာ စိတ်ထဲက တစ္ဆေကြောက်သလိုလို၊ သရဲ ကြောက်သလိုလို ဖြစ်လာသည်။ ထို့ကြောင့် တဲစုတ်လေးထဲက ချက်ခြင်း ပြန်ထွက်ကာ သူ့အိမ်ရှိရာသို့ တက်နိုင်သမျှ လျင်မြန်စွာ ပြန်လာခဲ့သည်။

အသက်အရွယ်ကလည်း ကြီးပြန်၊ လေမိုး၏ အအေးဒဏ်ကို လည်း မခံမဆန့်ခံရပြန်၊ စိတ်ကလည်း ချောက်ချားလာပြန်သောအခါ ဦးကျော်ရဲသည် မောပန်းနွမ်းနယ်စွာဖြင့် အိမ်သို့ပြန်ရောက်လာသည့် အခါတွင်မူ အဝတ်လဲသည်ကိုပင် အနိုင်နိုင် အားတင်းလဲလှယ်ရပြီး နောက် အိပ်ရာပေါ်မှာ လဲလေတော့သည်။

ထိုညမှာပင် ဦးကျော်ရဲ အအေးမိကာ အပြင်းဖျားလေတော့ သည်။

❖ ❖ ❖



မိခင်မမယ်စုကြီးအခြေအနေသည် မကောင်းတော့သောအခါ ားကိုးရာမဲ့ဖြစ်နေသော အကြိုင်အဖို့ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သော င်အုန်းခိုင်သည် မိုးပေါ်ကကျလာသလို ဘွားခနဲ ပေါ်လာသည်။

မောင်အုန်းခိုင်သည် အကြိုင်ကို ဦးကျော်ရဲနှင့် အထင်မှားကာ ်လာခဲ့ပြီး နဂိုက အရက်သောက်တတ်ရာမှ ပိုပြီးလေလွင့်ပျက်စီးကာ ရက်သမားကြီးလုံးလုံး ဖြစ်လာခဲ့သည်။ အရက်သာမဟုတ်တော့ဘဲ ားခြောက်ရော၊ ဘိန်းရော၊ အကုန်စုံနေသည်။ ထိုသို့စုံလာသောအခါ င်အုန်းခိုင်အဖို့ ငွေလိုလာသည်။ ငွေလိုလာသောအခါ အဖြစ်ကင်း ည့် သန့်ရှင်းသောနည်းဖြင့် ငွေရှာရန် မလွယ်သောအခါဝယ် င်အုန်းခိုင်အဖို့ မကောင်းမှုသော၊ ဒုစရိုက်သော၊ ရာဇဝတ်ဘေးသော၊ ရှာတရားသော၊ သနားကြင်နာမှုရော နားမလည်တော့ချေ။ ရမည်ဆိုလျှင် အာမဆို လုပ်ဝံ့သည့်၊ လုပ်ရဲသည့်၊ လုပ်ရက်သည့် ်မျိုး စွဲမြဲနိုင်မှာ လာခဲ့သည်။

သို့သော် မည်းမှောင်သော မုန်တိုင်းထဲက ဝင်းလက်သော ်ရောင်လို ဆိုးမိုက်တေပေနေသည့် စိတ်ထဲမှာ အကြိုင်ကို ချစ်သည့် ားသည့် ချစ်မေတ္တာစိတ်ကား ကွယ်ပျောက်မသွားခဲ့ချေ။ ာအကွယ်မဲ့ဆင်းရဲသည့်ဘဝမှ လွတ်ကင်းအောင် ဦးကျော်ရဲကို ှလိုက်ရသော အကြိုင်၏မုန်းချေမကိုက်သောဘဝကို မောင်အုန်းခိုင် ်စမ်း၍ သိလာရသည်။ ထိုအခါ အကြိုင်ကို သူစွပ်စွဲပြောခဲ့သည့် ားတွေအတွက် နောင်တ ရလိုက်မိသည်။ သူစွန့်ပစ်လိုက်သည့် ွက် အကြိုင်က ဦးကျော်ရဲကို ယူလိုက်သည့် အဖြစ်ကို မောင်အုန်းခိုင် ည် ယခုမှ နားလည်စွာဖြင့်ခွင့်လွှတ်ခဲ့သည်။ မတော်လိုက်ရသည့် ာက်ခမ မမယ်စုကြီးထံ မျက်စိလည် လမ်းမှား ရောက်လာသည့် ခိုက်မှာ မမယ်စုကြီး ကျန်းမာရေးအခြေအနေ ဆိုးဝါးနေခြင်း၊ ကြိုင်လာရောက်ပြုစုနေခြင်းတို့ကို ကြုံကြိုက်တွေ့မြင်လိုက်ရသည်။ ့ကြောင့် အကြိုင်ကို မိခင်အား ဆေးရုံတင်ရန်ပြောပြီး သူကိုယ်တိုင်

ဂရုတစိုက် ဆေးရုံပို့ပေးရေးမှာ ကူညီခဲ့သည်။

ထိုအဖြစ်ကို မြင်သူတွေက ပြောကြဆိုကြသဖြင့် ဦးကျော်ရဲက ချစ်သောမယားကို အထင်မှားကာ လိုက်ချောင်းခြင်း ဖြစ်သည်။ သို့သော် ဦးကျော်ရဲချောင်းသောနေ့ မနက်ခင်းအချိန်ကပင် မမယ်စုကြီး ကွယ်လွန်သွားခဲ့ပြီးဖြစ်သည်။ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှမရှိသော အကြိုင်သည် စေတနာယုတ်လှသော လင်အဘိုးကြီးထံမှ တောင်းလိုသော စိတ်လည်း မရှိ၊ ပြောကြားအသိပေးလိုသော စိတ်လည်းမရှိ။ ထို့ကြောင့် အလိုက်သိစွာကူညီသည့် သဘောမျိုးဖြင့် မောင်အုန်းခိုင်ထုတ်ပေးသော ငွေကို လက်ခံကာ မိခင်ကြီး ရုပ်အလောင်းကို ဆေးရုံမှ သုသာန်သို့ ဖြစ်သလို ပင် ချက်ခြင်း ပို့ပေးလိုက်ရတော့သည်။ ထိုညမှာ တဲစုတ်လေးကို ပြန်အိပ်ရန် မသင့်တော်တော့သဖြင့် သူ့အမျိုးဘဝက အလုပ်လုပ်ခဲ့သော အိမ်မှာ မိန်းမပျိုလေးတွေ အဖော်ရှိသည်ကို သတိရသောကြောင့် ထိုအိမ်ကိုသွားကာ သနားအောင် အကျိုးအကြောင်းပြောပြပြီး ခိုလှုံခွင့် တောင်းကာ ညအိပ်နေလိုက်သည်။ အကြိုင့်စိတ်မှာ မိခင်ကြီး သေဆုံးရသည်ကို တွေးမိလေ၊ လင်အဘိုးကြီးကို စိတ်နာလေဖြစ်သောကြောင့် ပြန်ပေါင်းလိုစိတ် မရှိတော့ဘဲ သူခိုလှုံနေသည့်အိမ်မှာပင် ညအိပ်ညနေ အလုပ်လုပ်ကိုင်ခွင့် ပေးပါရန်ပြောပြီးဖြစ်သည်။

မောင်အုန်းခိုင်ကလည်း သူချစ်ခဲ့ဘူးသော မိန်းမဖြစ်စေကာမူ ကာမပိုင်လင်ယောကျ်ား ရှိနေသည်ဟူသောအသိဖြင့် အသုဘကိစ္စမှာ ကူညီသင့်သည်ကို ကူညီပြီး . . .

"အကြိုင် . . . နင့်မှာ အားကိုးရာမဲ့ဘဝမျိုးရောက်လာပြီ ဆိုရင်တော့ အချိန်မရွေး ငါ့ကိုအကြောင်းကြားနော် . . . "

ဟူသောစကားကို မှာကြားကာ သူနေမြဲနေရာသို့ ပြန်သွားပြီ ဖြစ်သည်။

ထို့ကြောင့် အကြိုင်သည် သူ့ခင်ပွန်း အဘိုးကြီး မိုးတွေလေတွေ ထဲမှာ တပင်တပန်းသူ့ကို လာချောင်းခဲ့သည်ကိုပင် အဘေးမိပြီး သေ



ာင်ပေါင်းလဲဖျားနေသည်ကိုပင် လုံးဝမသိခဲ့ချေ။

အဘိုးကြီးဖျား၍ သုံးရက်မြောက်ရသောနေ့တွင်ကား အဘိုး ား အိမ်နီးနားချင်း တစ်ယောက်က အကြိုင်ရှိရာကို ရှာဖွေသတင်း ပြီး လိုက်လာကာ အဘိုးကြီးက ခေါ်ခိုင်းကြောင်းနှင့်တကွ အဘိုးကြီး နေကြောင်းကိုပါ ပြောလာသည်။

အကြိုင်သည် လင်အဘိုးကြီးကို စေတနာမရှိတော့သော်လည်း ုံနေသော အိမ်ရှင်များက အကြိုင်ကိုသနားကြသည်။ မေတ္တာထား ည်။ အဘိုးကြီးသေသွားလျှင် ကျန်ရစ်သည့်ပစ္စည်းကို အကြိုင် ွတ်ဆုံးရှုံးခဲ့ရမည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် အဘိုးကြီး မကျန်း ြစ်နေခိုက် ပြန်သွားရန် တိုက်တွန်းကြသည်။ သူတို့ကိုယ်တိုင်လိုက် ပေးပြီး အကျိုးကြောင်းပြောပြမည်ဟု ဆိုကြသည်။ ထို့ကြောင့် ြိုင်သည် လင်အဘိုးကြီးကိုရော သူ့ပစ္စည်းတွေကိုရော မက်မောမှု ာ့သော်လည်း သူ့အပေါ် စေတနာထားကြသော လူကြီးတွေ းကို နားထောင်ကာ ပြန်လိုက်လာခဲ့သည်။

အကြိုင်ရောက်လာသည့်အချိန်တွင်ကား ပြုစုမည့်လူမရှိ ဆရာခေါ် ပင့် ကုသခြင်းမရှိဘဲ ဖြစ်ချင်တိုင်း ဖြစ်နေသော ဦးကျော်ရဲ ဲ့အနေကားစိုးရိမ်စရာကောင်းအောင်ပင် ဆိုးဝါးနေပြီကို တွေ့ရ

မှေးမှိန်သော မျက်လုံးများဖြင့် အကြိုင်ကို စိတ်ဆိုးမာန်ဆိုး ြ့်နေသော ဦးကျော်ရဲသည် သူ့ကိုပစ်ထားရမည်လားဟု အကြိုင့် ်မှာ ကြီးမားသော အမျက်အစိုင်အခဲကြောင့် ဒေါသကြီးစွာ ်ပါသော်လည်း သူ့လေသံက သူ့ဒေါသကို မီအောင် မလိုက်နိုင် ချေ။ စိတ်ထဲက အကျိတ်အခဲ ဒေါသကြီးလျက်နှင့် ထွက်လာသော က ယဲ့ယဲ့သာဖြစ်သည်။

လိုက်ပါလာကြသောလူတွေက အကြိုင်မှာ အပြစ်မရှိကြောင်း င်းပြောရန်ပင် အချိန်မရှိ လိုက်တော့။ သူ့အနားမှာ အကြိုင်

အကြိုင်ကို မောင်အုန်းခိုင်ချစ်ပုံ၊ ပြုစုယုယပုံတို့မှာ အိမ်ထောင်
မိန်းမတွေ အားကျစရာပင် ကောင်းသေးတော့သည်။

အကြိုင်ကား မောင်အုန်းခိုင်အတွက် စိတ်ချမ်းသာ
ခင်ပွန်းဖြစ်သူကိုချစ်လေ၊ ထို့ကြောင့် အဘိုးကြီးထားခဲ့သောပစ္စည်း
ကို သို့ဝှက်စိတ်မရှိတော့ဘဲ မောင်အုန်းခိုင်ကို အကုန်အစင် ထုတ်
ခဲ့ ပြခဲ့သည်။

မောင်အုန်းခိုင်သည် အခိုက်အတန့်အားဖြင့် ဘာအလု
မလုပ်သေးဘဲ အဘိုးကြီးထားခဲ့သော ပစ္စည်းတွေကို ထုခွဲကာ အေး
လူလူ ထိုင်စားနေသည်။ အရက်ကလေး တမြမြနှင့် စည်းစိမ်
နေသည်။ အကြိုင့် ထမီကိုလျှော်ပေးသည့် အလုပ်ကလွဲလျှင် အ
ကိုစိတ်တိုင်းကျဖြစ်အောင် ပြုစုလုပ်ကိုင်ပေးနေသည်။ ထမင်း ဟင်းကို
ကိုယ်တိုင်ဝင်ချက်သည်။ အကြိုင်ကြိုက်တတ်သည့် အစားအစ
ဂရုတစိုက် ချက်ပြုတ်ကျွေးသည်။ အကြိုင်သည် အဘိုးကြီးထားခဲ့သ
ပစ္စည်းတွေ တတိတိဖြင့် ကုန်လာသည်ကို မမြင်နိုင်ဘဲ မောင်အုန်းခို
ကြင်နာယုယ မြတ်နိုးမှုကို အနပ်ကြီး ကျေနပ် ပျော်ရွှင်နေတော့သ

သို့နှင့်ပင် ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားလာခဲ့ကြရာ တစ်
ကျော်မျှသာ အချိန်တွင် ရှိသည့်ရွှေလေး တက်တက်စင် ပြောင်
တော့သည်။ ထိုအခါ အိမ်ထောင်ပရိဘောဂတွေကို ချရောင်း ကြသ
ကုန်သောအခါ နေထိုင်သည့် အိမ်ကိုပါ ရောင်းချကာ ရသည့်ငွေ
မောင်အုန်းခိုင်က အကြိုင်နှင့်သူ အိမ်ထောင်မကျမီ အချိန်က နေထို
သော မြို့အစွန်အဖျား တောပိုင်းရပ်ကွက်လေး တစ်ခုကအိမ်က
တစ်အိမ်သို့ အကြိုင်ကိုခေါ် သွားသည်။ အကြိုင်ကလည်း လင်ကိုအ
မမြင်နိုင်ချေ။ အားကိုးခြင်းကြီးစွာဖြင့် ကြည်ဖြူစွာ လိုက်သွားသည်

သစ်ပင်ချုံနွယ်တွေ ရှုပ်ထွေး ပိတ်ဆီးနေသည့် ခြံပျက်
တစ်ခုထဲက အိမ်ကလေးကို အကြိုင်ရောက်သွားသည်။

"ဒီခြံရှင်က ငါနဲ့သိပ်ခင်တာ၊ သူ့ခြံကို စောင့်တဲ့သဘော



င်သခမယူဘဲ အလကားနေခိုင်းတာ အကြိုင်ရဲ့ ဒီမှာနေရတာက
ကောင်အေးဆေးသေး၊ သဘောမကျဘူးလား"

မောင်အုန်းခိုင်က မယားဖြစ်သူကို ကြင်နာစွာမေးသည်။
ကြိုင်ကား သူချစ်သော ခင်ပွန်းမောင်အုန်းခိုင်ကသာ သူ့ကို ကြင်နာ
ယနေသမျှ ကာလပတ်လုံး ဘယ်လိုနေရာမျိုးမှာ နေရသည်ဖြစ်စေ
ကြိုင်ကျေနပ်မည်သာဖြစ်သည်။

ထိုနေရာကား မြို့အစွန် ရပ်ကွက်တစ်ခုက ခြံဖြစ်သော်လည်း
ခြားအိမ်တွေနှင့် အိမ်အဆက်အတန်ငယ် ကွာလှမ်းသည်။ မြို့စွန်
ကွက် ဖြစ်သည်အလျောက် ကျယ်ဝန်းသော ကိုယ့်ဝင်းကိုယ့်ခြံနှင့်
ိုင်ကြပြီး အများအားဖြင့် ခြံအလုပ်စိုက်ပျိုးစားသောက်ကြသူတွေသာ
သောကြောင့် ကိုယ့်ခြံမြေကို ကိုယ်ပြုပြင်စိုက်ပျိုးခြင်း၊ ကိုယ့်ခြံမြေထွက်
သီးအနှံကို ခူးဆွတ်ရောင်းချခြင်းအလုပ်ဖြင့် ကိုယ့်ခြံကိုယ့်အလုပ်ကိုသာ
ိုက်နေကြသူတွေဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး အကြောင်း ကိစ္စ
သာ မေးကြ၊ မြန်းကြပြောကြဆိုကြသည်။ တစ်ဦးနှင့် တစ်ဦး သီးသန့်
နေသလိုဖြစ်နေကြသည်။

မောင်အုန်းခိုင်သည် အကြိုင့်မှာပါသမျှ အဖိုးကြီးပစ္စည်းတွေ
ကုန်ပြီဖြစ်သောကြောင့် အလုပ်လုပ်ရလေတော့သည်။ မောင်အုန်းခိုင်
ဘာအလုပ်လုပ်သည်ကို အကြိုင်မသိ။ တစ်ခါတစ်ရံ တစ်နေကုန်ထွက်
သွားတတ်သည်။ တစ်ခါတရံ တညအိပ် ခရီးထွက်တတ်သည်။ တစ်ခါ
တစ်ရံ အောင်အုန်းခိုင်မသွားဘဲ မောင်အုန်းခိုင်ထံကို ညဥ့်နက်သန်း
ခေါင်အချိန်မှာ မထင်မရှားရောက်လာသူတွေနှင့် မောင်အုန်းခိုင်
တိုးတိုးပြောဆိုနေတတ်သည်။

"ကိုအုန်းခိုင်အလုပ်က ဘာအလုပ်လဲ၊ ဘယ်ကိုသွားနေရ
တာလဲ၊ ညအချိန်မတော်မှ လာတတ်တဲ့ လူတွေက ဘယ်လို လူတွေလဲ"
. . . ဟူသော မေးခွန်းမျိုးကို အကြိုင်ကမေးတိုင်း -

"မိန်းမရာ၊ ဒါတွေက ငါ့စီးပွားရေးတွေပါကွာ၊ မင်းကို စားရေး

ဧည့်သည်နှစ်ယောက်က နံနက် အရုဏ်တက်ချိန်မှာ ထ
ဆိတ်ဖွာ ထွက်ခွာသွားကြသည်။ ဧည့်သည်နှစ်ယောက်ကို ခြံဝအ
လိုက်ပို့ပြီး ပြန်ရောက်လာသော မောင်အုန်းခိုင်က အိပ်ရာထဲ ပြန်လှဲလို
ပြီး နံနက်လင်းစပြုလာမှ တစ်ညလုံး အိပ်မပျော်ဘဲ ဖြစ်နေသော
အကြိုင်က ယခုမှ အိပ်ရာကနိုးဟန်ဆောင်လိုက်သည်။

အိပ်ရာကထမည့်အခါတိုင်း အကြိုင်သည် မောင်အုန်းခိုင်
ဖက်လှဲတကင်းပြုမူနေကျဖြစ်သည်။ ယခုမူ အကြိုင်သည် သူ့အသ
တမျှချစ်သောလင်ကို ထိုသို့ ဖက်လှဲတကင်းပြုရန် စိတ်ထဲမှာ ရွံ့ကြေ
ကြီးဖြစ်နေသည်။ သို့သော် အချိန်မတန်သေးမီမှာ ဟန်ကောင်းရမ
ဖြစ်သောကြောင့် ကျိတ်မှိတ်ကာ ပြုနေကျ အမူအရာကို ပြုလိုက်သ
အိပ်ရာထဲမှာ ပြန်လှဲလိုက်သော်လည်း အိပ်မပျော်သေးသော မောင်
ခိုင်က ကျေနပ်စွာ မျက်လုံးဖွင့်ပြီး ချစ်သော မယားကို ပြုံးပြုံး
ကြည့်လိုက်သည်။

အကြိုင်သည် မောင်အုန်းခိုင်ကို ခါတိုင်းထက်ပိုပြီး ယုယ
သည်။ ထို့နောက် ညကလာသော ဧည့်သည်နှစ်ယောက်အကြောင်း
လိမ်မာပါးနပ်စွာ လှည့်ပတ်မေးလိုက်သည်။ မောင်အုန်းခိုင်တို့ လျှို့ဝှ
လုပ်ငန်းအကြောင်းကို ညက ကြားလိုက်ရသည့်စကားတွေထက် ပို
သေချာအောင်, အတိအကျ သိရအောင် တဖြည်းဖြည်း ချော့မေ
မေးမြန်းသည်။ ပြောပါများ မယားစကားအောင် ဆိုသော စကားအတိုင်
နှစ်ရက်တာမျှ အကြိုင်က သဘောတူနှစ်ခြိုက်ဟန်၊ သူတက်နိုင်သ
ဘက်က ကူညီလိုဟန်၊ ငွေကြေးမြက်မြက်လေးရလျှင် ဘာအလုပ်မဆ
လုပ်လိုဟန်များကို မှင်သေသေဖြင့် ပြောသောအခါ မောင်အုန်းခိုင် သည်
ချစ်သောမယားကို ယုံစားလာသည်။

ထို့ကြောင့် သူသည် ပြည်ပြေးသောင်းကျန်းတွေနှင့် အဆက်
အသွယ်ရှိခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ လူစည်းကားရာနေရာတွေမှာ
အပြစ်မဲ့ ပြည်သူလူထုကို ဗုံးခွဲသတ်ခြင်း၊ ရထားလမ်းတွေမှာ မိုင်းမြှု



ဆီးသတ်ဖြတ်ရခြင်းလုပ်ငန်းတွေကို လုပ်ခြင်းဖြင့် ငွေလွယ်လွယ်
နေခဲ့ကြောင်း၊ အကြိုင်နှင့် အိမ်ထောင်ကျခါစအချိန်ကမူ လင်မယား
ပျော်အနားယူနေချင်သောကြောင့် ထိုအလုပ်ကိုခေတ္တ ဖြတ်ထား
ကြောင်း၊ ယခု အဘိုးကြီးပစ္စည်းတွေကုန်ပြီ ဖြစ်သောကြောင့် ဤ
လုပ်ကို ပြန်လည်ဆက်သွယ်လုပ်ကိုင်ကြောင်း၊ အကြိုင်ကသာ စိတ်ပါ
စားပြီး ကူညီလုပ်ကိုင်ချင်သည်ဆိုလျှင် သူ့ကို ညွှန်ကြားချက်
ပေးနေသော သူ့ဆရာများနှင့် ဆက်သွယ်ပေးမည် ဖြစ်ကြောင်း၊ ယခု
ည်ကားရာနေရာတွေမှာ ခွဲရန် လက်ပစ်ဗုံးများနှင့် ရထားလမ်းမှာ
ပ်ရန် မိုင်းဗုံးများကို ညကလာပေးသွားကြောင်း၊ သူ့တာဝန်မှာ
လက်နက်တွေကို အခွင့်သာသည်နှင့် တစ်ပြိုင်နက် သူကိုယ်တိုင်
သော်လည်းကောင်း၊ အဆက်အသွယ်ယူထားသောသူကို လက်ပစ်ဗုံးပေး၍
သော်ငြား ဖောက်ခွဲရမည်ဖြစ်ကြောင်း၊ ရထားလမ်းဖြုတ်ရမည့် မိုင်းဗုံးကိုမူ
တာဝန်ရှိသူနှင့်အတူ သူကိုယ်တိုင်သွားရောက ဆောင်ရွက်ရမည်
ဖြစ်ကြောင်းတွေကို ချစ်သောမယားအား အယုံကြီးယုံကာ ဖွင့်ဟ
ပြောကြားလေသည်။

လက်နက်တွေ ဝှက်ထားသည့်နေရာကိုမူ အကြိုင်က ညကပင်
ချောင်းနားထောင်ခဲ့သည်ဖြစ်သောကြောင့် မည်သည့်နေရာ ထားသည်
ကို သိပြီးဖြစ်၍ မမေးတော့ချေ။

"ကိုအုန်းခိုင်၊ ဒီနေ့ည ဘယ်ကို သွားစရာရှိသေးလဲ"

အကြိုင်ကစကားဖြတ်ပြီးမေးသည်။

"ညကလာတဲ့ လူနှစ်ယောက်နဲ့ ဒီအိမ်မှာဘဲတွေဘို့ ချိန်းထား
ရှိနေတယ်၊ သူတို့ ပေးခဲ့တဲ့ ငွေက နည်းနေတယ် အကြိုင်ရဲ့၊
စည်းကားရာ သုံးနေရာမှာ လက်ပစ်ဗုံးဖောက်ခွဲဘို့ ပြောထားတဲ့
တောင်းတဲ့ငွေကများနေတယ်၊ တောင်းတဲ့အတိုင်း ပေးလိုက်ရင်
အတွက် ကျန်မှာ မဟုတ်တော့ဘူး၊ အဲဒီတော့ သူများကို မနိုင်း
တော့ဘူးလေ၊ ငါတစ်ယောက်ထဲ လုပ်လိုက်တော့မယ်၊ ငွေနည်းနည်း

ချောချောမောမော အောင်မြင်ပါစေလို့ပဲ အကြိုင် ဆုတောင်းတော့မယ် ဒါမှ အကြိုင်ဖော့ခရစ်တွေ စိတ်တိုင်းကျဝတ်ရမှာ၊ အကြိုင်ပြောခဲ့တာ စိတ်မဆိုးဘူးနော် ဟုတ်လား၊ ဟုတ်ရင်ပြုံးလိုက်"

အကြိုင်က မောင်အုန်းခိုင်ကို ကန့်ကရဖြင့် "ချော့လိုက် သောအခါ အကြိုင်ကို ငုံထားလုမတတ် ချစ်လှသော မောင်အုန်းခိုင်၏ မျက်နှာသည် ပျားရည်ဆမ်းလိုက်ဘိသို့ ရွှင်လန်းချိုမြသွားသည်။

"အေးပေါ့ . . . ဘယ်သူဘာဖြစ်ဖြစ် တို့လင်မယား ဝဝစာ ဖောဖောသီသီ စားနေဖို့က အရေးကြီးတာ၊ အကြိုင်စိတ်တိုင်းကျ ဖြစ်ရမှာပေါ့၊ ဒီတစ်ခါ ငွေတော်တော်မြက်မြက်ရမှာ မိန်းမရဲ့၊ မင်းလို ချင်တယ်ဆိုတဲ့ ပုလဲဆွဲကြိုးလေးဝယ်နိုင်ပြီ၊ အခုပုလဲနားကပ်နဲ့ ပုလဲ လက်စွပ်ရပြီးပြီဟုတ်လား၊ နောက်တစ်ခါ ငွေမြက်မြက်ရရင် မင်းအတွက် ပုလဲလက်ကောက်တစ်ရံဖြစ်အောင် လုပ်ပေးမယ်၊ ပုလဲတစ်ဆင်တည်း ငါ့မိန်းမအသားဖြူဖြူဖွေးဖွေးလေးနဲ့ ဘယ်လောက်လှလိုက်မလဲ"

မောင်အုန်းခိုင်စကားကြောင့် အကြိုင်က နောက်ကြောင်း ပြန်တွေးမိ၏။

သေခါနီး အဘိုးအိုကြီးကို ရထားပါလျက်နှင့် ထမင်းဟင်းကိုပင် ဝလင်အောင် မစားခဲ့ရသောအကြိုင်သည် အဘိုးကြီးကို မေတ္တာတုံး သလောက် အဘိုးကြီးပစ္စည်းတွေကို စိတ်ဝင်စားခြင်းမရှိတော့ဘဲ မိခင် လူမမာရှိရာသို့ ဆင်းလာခဲ့ရာမှ ငယ်ချစ် မောင်အုန်းခိုင်၏ ကျေးဇူးပြုမှုကို မမေ့နိုင်အောင် ဖြစ်ရသည်။ အဘိုးကြီး မရှိသောအခါမှာ ငယ်ချစ်မောင် အုန်းခိုင်နှင့်ပျော်ပျော်ပါး နေလိုက်သည့်အချိန်မှာလည်း သူမေတ္တာ တုံးခဲ့သော အဖိုးကြီးပစ္စည်းတွေကို မောင်အုန်းခိုင်က ကုန်ခန်းသည်တိုင် သုံးဖြုန်းနေသည်ကို အကြိုင်သည် နှမြောစိတ်လုံးဝမရှိခဲ့။ ဝတ်စား ဆင်ယင်လှချင်သော စိတ်လည်း လုံးဝမရှိခဲ့။ ငယ်ချစ်ကျေးဇူးရှင် မောင်အုန်းခိုင်၏ ယုယကြင်နာမှုမှာသာ ကျေနပ်ပျော်ရွှင် နစ်မွန်းနေ ခဲ့သည်။



အဘိုးကြီးပစ္စည်းတွေ ပြောင်စင်သွားသောအခါမှ အလုပ် လုပ်ရန် သတိရလာသော မောင်အုန်းခိုင်က . . .

"ငါ့လုပ်စာနဲ့ မင်းကို မညှိုးငယ်ရအောင် ထားမယ်"

ဟူသောစကားကို ကြင်နာစွာပြောခဲ့သည်။ ပြောသည့်အတိုင်း ပင်မောင်အုန်းခိုင်သည် သူလုပ်ကိုင်ရှာဖွေရလာသည့်အချိန်မှာ သူ့အရက် ဖိုးလောက်ကိုသာချန်ပြီး ကျန်သမျှအားလုံးကို ချစ်သော အကြိုင်၏ လက်ထဲသို့ အားလုံးထည့်ပေးခဲ့သည်။

ယခုမှ လှချင်ရမှန်း သိလာသော အကြိုင်သည် မောင်အုန်း ခိုင်ပေးသည့်ငွေထဲမှ ပိုသမျှကိုစုပြီး ပုလဲနားကပ်လေးနှင့် ပုလဲလက်စွပ် လေးကို သွားဝယ်ခဲ့သည်။

လက်စွပ်နှင့် နားကပ်လေးကို လက်ကိုင်ပုဝါလေး တစ်ထည်ဖြင့် ကျစ်ကျစ်ထုပ်ကာ ဘော်ဒီအိတ်ထဲထည့်ပြီး ကားမှတ်တိုင်မှာ အကြိုင် ရောက်နေခိုက် သူရှိနေရာနှင့် တော်တော်လှမ်းလှမ်းနေရာမှာ ကြောက် စရာကောင်းသော ပေါက်ကွဲသံကြီးကို ကြားလိုက်ရသည်။

ငိုသံတွေ၊ ညည်းသံတွေ၊ အော်သံတွေ၊ ပြေးလွှားကြသည့် အသံတွေ ပွက်လောရိုက်သွားသည်ကိုလည်း အကြိုင်ကြားရသည်။ ပေါက်ကွဲသည့်နေရာမှာ သွေးရဲရဲဖြင့် လက်တစ်လော သေပွဲဝင်သွား သည့်လူတွေ၊ မြေပြင်ရက်စရာဒဏ်ရာတွေဖြင့် မချိမဆန့်ဝေဒနာခံစား နေရသူတွေကို အကြိုင်သည် အသည်းနှလုံးတုန်လှုပ်စွာ မြင်လိုက်ရသည်။

"ဘုရား . . . ဘုရား . . . သွားရင်း လာရင်းဒုက္ခဖြစ်ကြရတဲ့ လူတွေကို သူတို့အိမ်သူအိမ်သားတွေ သိကြပါမလား၊ သွားလေသူပေါ် လာခဲ့တယ်လို့ အိမ်ကလည်းတဆန့်ဆန့်နဲ့ မျှော်နေရှာတော့မယ်၊ သနား ဘို့ကောင်းလိုက်တာနော်"

အကြိုင်သည် စိတ်ထဲက လှိုက်လှဲစွာပြောရင်း ကြီးစွာသော စိတ်မချမ်းမြေ့မှုကို ခံစားလာခဲ့မိသည်။

အိမ်ပြန်ရောက်သောအခါ ချစ်သူမောင်အုန်းခိုင်ကို ထို

ထိုနေ့ ညစာထမင်းကို မောင်အုန်းခိုင် စား၍ အလွန် မြိန်သည်။

ည ရစ်နာရီလောက်တွင်ကား အိမ်နှင့်တော်တော် အလှမ်း ဝေးထူထပ်သည့်ဝါးရုံပင်ဆီမှ ညငှက်လိုလို အကောင်တစ်ကောင်၏ အော်သံမျိုးကို ကြားလိုက်ရသောအခါ မောင်အုန်းခိုင်သည် မျက်နှာ ပျက်သလိုလိုဖြစ်သွားသည်။ မောင်အုန်းခိုင်အရိပ်အကဲကို စောင့်ကြည့် နေသော အကြိုင်က မျက်နှာပျက်ကာ ဂဏှာ မငြိမ်ဖြစ်နေသော ခင်ပွန်းကိုကြည့်ပြီး -

"ဘာဖြစ်လို့လဲကိုအုန်းခိုင်" ဟုမေးသည်။

"တို့မှာ အန္တရာယ်ရှိနေပြီအကြိုင်၊ ဒါဟာ ငှါဆီလာဘို့ ချိန်း ထားပြီးသားလူက အန္တရာယ်ရှိနေတယ်၊ သူလာလို့ဖြစ်ပါ့မလားဆိုတဲ့ သဘောမျိုးပေါ့၊ ဘာများဖြစ်နေပါလိမ့်"

မောင်အုန်းခိုင်က တိုးတိတ်သောလေသံဖြင့်ပြောသောအခါ အကြိုင်သည် မှင်သေသေမျက်နှာ၊ တည်ငြိမ်သောအသံဖြင့် တီးတိုး ပြန်ပြောလိုက်သည်။

"အခုဒီမှာ ဘာအန္တရယ်မှ မရှိပါလား၊ သူတို့ အစိုးရိမ် လွန်နေကြတာ ထင်ပါတယ်၊ ဘေးရန်ကင်းကြောင်း ပြန်အချက်ပေး လိုက်ပါလား"

မောင်အုန်းခိုင်က ဦးခေါင်းခါလိုက်သည်။

"မဖြစ်ဘူးအကြိုင်၊ တစ်ခုခုတော့ အကြောင်းထူးရမယ် မနက်ဖန် ဗုံးခွဲရမဲ့ကိစ္စရှိနေတာပဲ၊ ငွေစကားပြောဘို့ သေသေချာချာ ချိန်းထားရက်နဲ့ ဒီလိုအချက်ပေးတယ်ဆိုတာ ထူးခြားတယ်၊ လာဘို့ ချိန်းထားတဲ့နေရာမှလာဘဲ ဒီလိုအချက်ပေးရင် ချိန်းထားတဲ့နေရာမှာ အန္တရာယ်ရှိနေတတ်တယ်"

သူတို့အမှတ်အသား၊ သူတို့သင်္ကေတနှင့် သူတို့အချက်ပြ နားလည်မှုကို ရယူပြီး ဖြစ်သည့်အတိုင်း မောင်အုန်းခိုင်က ပြောလိုက် သည်။ ထို့နောက် -



"ဟုညနေလုံး ငါရှိတာပဲ၊ ဘာမှထူးထူးခြားခြား မဖြစ်ပါဘူး၊ ကောင်တွေ ချက်ခြင်းဘယ်လို သံသယဝင်နေကြပါလိမ့်"

မောင်အုန်းခိုင်က ပြောပြောဆိုဆိုဖြင့် -

"ငါသွားတွေ့လိုက်အုန်းမယ်အကြိုင်" ဟုပြောကာ အိမ်ပေါ်မှ င်းသွားသည်။

အကြိုင့်ရင်ထဲမှာ စိုးရိမ်စိတ်ဝင်လာသည်။

အဖြစ်သည် လျင်မြန်လှသည်။ မောင်အုန်းခိုင် ဆင်းသွားပြီး က်အချက်ပေးသံထွက်ပေါ်လာရာ ဝါးရုံထူထူဆီမှ ရုတ်ရုတ်သဲသဲ သံလိုလို တွေကို အကြိုင်ကြားလိုက်ရသည်။ အကြိုင်သည် အထူးသတိ ကာ နားစွင့်နေသည်။ အကြိုင့်ရင်ထဲတွင်ကား သွေးတိုးနှုန်းသည် န်း ဒိုင်းဒိုင်းမြည်ဟီးနေသည်သို့ ထင်မိသည်။ မောင်အုန်းခိုင် ရာ ဝါးရုံထူထူဆီသို့ အကြိုင်က စိတ်အားကြီးစွာ မျှော်ကြည့်နေစဉ် မှောင်ထဲဝယ် အိမ်ဆီသို့ ရွေ့လျားလာနေသော လူရိပ်တွေကို င်ထဲသို့ စူးစိုက်ကြည့်နေသော အကြိုင့်မျက်လုံးက ကောင်းစွာမြင် သည်။

မှိုမှိုမဲမဲ ရွေ့လျားလာနေသော လူရိပ်တွေသည် တဖြည်းဖြည်း ဲ့လာသည်။ အိမ်ပေါ်သို့တက်လာသောအခါမှာ လက်ထိပ်ခတ်ပြီး နေသော မောင်အုန်းခိုင်နှင့် သူ့လုပ်ဖော်ကိုင်ဘက် လူတစ်ယောက် များဖြစ်ရုံလျက်ရှိကြောင်း အကြိုင်က မီးရောင်တွင် ထင်ထင်ရှားရှား ရတော့သည်။

ချစ်သော ခင်ပွန်းလင်၊ သူ့အပေါ်မှာ အသက်ပေးချစ်သော င်ကို လက်ထိပ်ခတ်လျက် တွေ့လိုက်ရသောအခါ တင်းထားသော ကြိုင့် စိတ်သည်ပင် အရည်ပျော်လုလုဖြစ်သွားမိသည်။ သို့သော် ကြိုင်သည်စိတ်ကို ပြန်တင်းလိုက်သည်။ သူလုပ်သော အလုပ်သည် သောအလုပ်၊ လုပ်သင့်လုပ်ထိုက်သောအလုပ်ဟု စိတ်ကို တင်းလိုက်

"နေ့ခင်းက မင်းမိန်းမ ရဲ့ဌာနာထဲ ဝင်သွားတာမြင်တယ်
သတင်းရလိုက်တယ်၊ သတင်းရတဲ့ အချိန်က မိုးချုပ်မှောင်နေ
ငါသတင်းရတယ်ဆိုချက်ခြင်းမင်းဆီလာပြီး အချက်ပြသံပေးနေ
လိုက်တာဘဲ အုန်းခိုင်၊ ဒါပေမဲ့ ဘယ်အချိန်က ဘယ်လိုရောက်လာ
စောင့်နေမှန်းမသိရတဲ့ ရဲတွေလက်ထဲရောက်နေမှ တို့ဘာတတ်
တော့မှာလဲ၊ မင်းမိန်းမ လက်ချက်တွေပေါ့ အုန်းခိုင်၊ ဒါကြောင့် မနေ့ည
ငါမေးသေးတယ်ဟုတ်လား၊ မင်းမိန်းမကို စိတ်ချပါဆို. . ."

ရဲတွေခြံရံလျက်သား လက်ထိတ်ခတ်ခံနေရသော မော
အုန်းခိုင်၏ လုပ်ဖော်ကိုင်ဘက်၊ 'စီးပွားဘက်ကြီးက အံကြိတ်ပြေ
လိုက်သောအခါ မောင်အုန်းခိုင်သည် သူမိန်းမပြောခဲ့သည့် စကားမေ
ကို ပြန်လည်သတိရလိုက်သည်။

"အကြိုင်၊ မင်း သိပ်တော်တဲ့ မိန်းမပဲ၊ မင်းကို အသက်
ချစ်တဲ့ လင်တစ်ယောက်လုံးကို လည်ပင်းကြိုးကွင်းစွပ်ရက်တဲ့မိန်း
မနက်က မင်းကို ငါကိုယ်တိုင် ငါ့လက်နဲ့ သတ်လိုက်ရရင်ကောင်း
. . . တောက်"

မောင်အုန်းခိုင်သည် မြင်းထန်သော ဒေါသဖြင့် အကြိုင့်
ပြောကာ တောက်ခေါက်လိုက်သည်။

အကြိုင်သည် စကားတစ်ခွန်းမှ ပြန်မပြောသော်လည်
ချစ်သော ခင်ပွန်းအတွက်မူ စိတ်ထိခိုက်မိရှာသောကြောင့် မျက်ရည်
ဖြိုင်ဖြိုင်စီးကျရှာသည်။

"ကဲ - ဖွက်ထားတဲ့ လက်နက်တွေ ဘယ်မှာလဲ"

ရဲအရာရှိကမေးသောအခါ မောင်အုန်းခိုင်နှင့် သူ့အဖော်သည်
အကြိုင့်ကို ဝါးစားချင်သော မျက်လုံးများနှင့် ဖြိုင်တူကြည့်လိုက်ကြသည်
ရဲများကိုမူအဖြေမပေးကြချေ။

ရဲအရာရှိက ဒုတိယအကြိမ်မေးသည်ကိုလည်း မဖြေကြ
နှစ်ယောက်စလုံး နှုတ်ခမ်းကိုသာတင်းတင်း စေ့နေကြသည်။ သူတ



ိက်ရသည်မှာ အကြိုင်၏သတင်းပေးမှုဖြစ်ကြောင်းကို အတပ်သိ
ကြသည်။ သို့သော် လက်နက်တွေ ဝှက်ထားသည့် နေရာကိုမူ
ိုင်မသိသေးဟုထင်ကာ အဖြေမပေးကြခြင်းဖြစ်သည်။

သူတို့ဝှက်ထားသည့်နေရာကလည်း တော်တော်လုံခြုံသည်
သောကြောင့် ရဲတွေ ခက်ခက်ခဲခဲရှာကြရမည်ဖြစ်သည်။

အကြိုင် နှုတ်ဆိတ်မနေနိုင်တော့ချေ။

"ဒီမှာ ဗိုလ်ကြီးတို့၊ သူတို့လက်နက်ဝှက်ထားတဲ့ နေရာကို ကျမ
ယ်၊ တွေ့တဲ့အခါမှာ အလောတကြီး မကိုင်လိုက်ကြပါနဲ့အုန်း
က်နက် သေတ္တာအပေါ်မှာ သံညှပ်ကြီးကို ကျော့ကွင်းကြီးလို
ထားတယ်၊ သတိမပြုဘဲ သေသေချာချာမကြည့်ဘဲ သွားကိုင်လိုက်ရင်
တဲ့လက်ကို ပြတ်အောင်ညှပ်မဲ့ သံညှပ်ကြီးပါ"

ရှာဖွေနေသောရဲများ ဒုက္ခတွေ့မည်စိုးသောကြောင့် အကြိုင်က
ိုက်သည်။ သတိပေးစကားနှင့်အတူ လက်နက်တွေ ဝှက်ထားသော
ကိုပါ သေချာစွာပြောပြသည်။

မောင်အုန်းခိုင်သည် အကြိုင့်စကားကြောင့် အကြိုင်ကို
အုပ်သလို ခုန်အုပ်ကာ ကိုယ်လုံးချင်းတိုက်လှဲလိုက်သည်။ လက်ထိပ်
ားသည်က မောင်အုန်းခိုင် တစ်ယောက်တည်းကို သီးသန့်ခတ်ထား
ဟုတ်ဘဲ သူ့စီးပွားဘက်၊ သတ်ဖော် သတ်ဖက်ကြီးကိုပါ ပူးတွဲ
ားသည်ဖြစ်ရာ အကြိုင့်ကို အစိမ်းဝါးစားချင်နေသော စီးပွားဖက်
ည် မောင်အုန်းခိုင်က အကြိုင့်ကို ကျားအုပ်သလို ခုန်အုပ်လိုက်
အခါမှာ ဖွင့်ဟတိုင်ပင်ခြင်းမပြုဘဲလျက်နှင့် မောင်အုန်းခိုင်
ိုးရှိနေသော စီးပွားဖက်ကြီးက တက်ညီလက်ညီ တစ်ပြိုင်တည်း
ုပ်လိုက်သည်။

တိုအချိန်မှာ အကြိုင်သည် လက်နက်ဝှက်ထားသည့် နေရာ
မြှရန်အိမ်ပေါ်မှ ဆင်းတော့မည့် ဆဲဆဲအခါဖြစ်သည်။ အကြိုင့်
ဆင်းသွားသော ရဲအရာရှိနှင့် ရဲသားနှစ်ယောက်က အိမ်အောက် ရော
နေပြီဖြစ်သည်။ အိမ်ပေါ်မှ မောင်အုန်းခိုင်တို့နှစ်ယောက်ကို မှ
ချည်ထားသည့် လက်ထိတ်ကြိုးကို ထိန်းကိုင်ထားသော ရဲတစ်ယော
စောင့်ကြည့်နေမည့် အဖော်ရဲသုံးယောက်သာရှိနေကြသည်။ သက်
အဖြစ် ခေါ်ထားသော လူကြီးလူကောင်းနှစ်ယောက်ကလည်း လက်
ဖော်ရာကိုလိုက်ရန် အိမ်အောက်ရောက်နေပြီဖြစ်သည်။

လက်ထိတ်ကြိုးကို ကိုင်ထားသောရဲကလည်း ထိုသို့လုပ်
လိမ့်မည်ဟု မမြော်လင့်ခဲ့ချေ။ အမှတ်မဲ့လို ဖြစ်သွားသောကြေ
လက်ထိတ်ကြိုးကို မထိန်းလိုက် နိုင်ဘဲဖြစ်သွားသည်။ ဆင်းတော့
ဆဲဆဲ အခြေအနေ လှတစ်ရပ်မျှမြင့်သည့် အိမ်လေး၏လှေကား
ရောက်နေပြီဖြစ်သော အကြိုင်သည် ခုန်အုပ်လိုက်သော ယောကျာ
နှစ်ယောက်၏ အလေးချိန်နှင့်အရှိန်ကို မခံနိုင်သည့်အလျောက် လှေ
ထိပ်မှဇောက်ထိုးကျသွားသည်။ မောင်အုန်းခိုင်တို့ နှစ်ယောက်လ
သူတို့အရှိန်နှင့်သူတို့ မဟန်နိုင်တော့ဘဲ အကြိုင့်အပေါ်မှ စီးထ
ဖိထားသည့်အနေအထားမျိုးဖြင့်နှစ်ယောက်လုံးကျသွားကြသည်။

သူတို့ကျသွားသည့်နေရာ လှေကားရင်းမှာ မြေညီနေသ
မဟုတ်။ မိုးရာသီ ဗွက်ပေါက်လေ့ရှိသဖြင့် အုတ်ကျိုးအုတ်ပဲ့တွေ၊ ကျေ
ခဲတွေကို မညီမညာဖြစ်ကတတ်ဆန်းခင်းထားသည်ကြောင့် အကြိုင်
လုံးဝသက်သာနိုင်စရာ အကြောင်းမရှိချေ။

ကျလာသည်ကလည်း ဇောက်ထိုး၊ လူနှစ်ယောက် အလေး
ကလည်း ဖိစီးထားလျက်ဖြစ်သော အကြိုင်သည် ဇက်လည်းကျိုးသ



က်စေ့တည့်တည့် ကိုလည်း ချွန်သော ကျောက်ခဲတစ်လုံးက
ဆန့်စွာ စူးဝင်သွားသည်။ လှေကားရင်းသို့ပြင်းထန်သော အရှိန်ဖြင့်
သောသည်နှင့် တစ်ပြိုင်နက် အကြိုင်ကမလှုပ်နိုင်တော့သော်လည်း
င်အုန်းခိုင်တို့နှစ်ယောက်ကား အကြိုင်၏ခန္ဓာပေါ်သို့ကျသည့်အပြင်
ကြိုင့်လိုဇောက်ထိုးကျခြင်းမဟုတ်ချေ။ ပြောလောက်အောင်နာကျင်
မဖြစ်သောကြောင့် နှစ်ယောက်လုံးတစ်ညီလက်ညီ ကျောကသီ
လိုက်ကြသည်။ သို့သော် အကြိုင့်အရင် အိမ်အောက်သို့ ရောက်နှင့်
သော ရဲအရာရှိက သတိရှိစွာဖြင့် သူတို့နှစ်ယောက်လုံးကို သေနတ်ဖြင့်
ထားလိုက်သောကြောင့် နှစ်ယောက်လုံးနေရာမှ မလှုပ်ဝံ့တော့ဘဲ
သွားသည်။

အိမ်ပေါ်မှာ ကျန်ရစ်သည့် ရဲသားလေးယောက်သည် အံ့အား
မနေနိုင်ဘဲ အိမ်ကလေးပေါ်မှ တစ်လှားတည်းဖြင့် အောက်သို့
ရောက်လာကြသည်။ လက်ထိတ်ကြိုးကို လျှင်မြန်စွာပြန်ယူ ထိန်းကိုင်
းလိုက်ကြသည်။

ဖြစ်ပုံမှာလျှင်မြန်လွန်းသည်။ မောင်အုန်းခိုင်တို့ နှစ်ယောက်
ယ်ရှားစေပြီး မလှုပ်မယှက် ငြိမ်နေသောအကြိုင်ကို ရဲတွေက
င်နာစွာ ဖေးမထူမွေ့လိုက်ကြသောအခါတွင်ကား အကြိုင်တစ်ယောက်
သက်မရှိရှာတော့ချေ။

"ဖြစ်ရလေ မိန်းကလေးရယ်၊ အပြစ်ကင်းမဲ့တဲ့ ပြည်သူတွေရဲ့
သက်ပေါင်းများစွာကို မင်းတစ်ယောက်ထဲရဲ့ အသက်နဲ့လဲသွား
ပါလား၊ နှမြောစရာကောင်းလိုက်ပါဘိနော်"

ရဲအရာရှိသည် အကြိုင်၏ ရုပ်အလောင်းကိုကြည့်ကာ
ည်ကျွဲစွာပြောလိုက်သည်။

ကျန်ရဲသားတွေကလည်း အကြိုင့်အတွက်မျက်ရည်ရစ်…
မိကြသည်။ ရဲအရာရှိနှင့် ရဲတွေ နှမြောကြေကွဲသည်နှင့်အမျှ မောင်…
နိုင်နှင့် သူ့အဖော်သည် အကြိုင့်အလောင်းကို ဖြစ်နိုင်လျှင် မှု…
ညက်ညက် ကြေသွားအောင် ဖနောင့်ဖြင့် အားပါးတရ ပေါက်လို…
ချင်လှသည်။ သူတို့နှစ်ယောက်လုံးမျက်နှာသည် ခက်ထန်တင်း…
လွန်းစွာဖြင့် အံကြိတ်ကာ အကြိုင်၏ရုပ်အလောင်းကို မုန်းတီးစက်…
စွာ ကြည့်လိုက်ကြသည်။

"တောက် . . . ဒီကောင်မ သေခြင်းဆိုး သေသွား…
က်ကောင်းတယ်၊ ဟင်း . . . အချစ်ကြီးတော့ အမျက်ကြီးတယ်ဆို…
စကားအတိုင်း သူ့အပေါ်မှာ ထားခဲ့တဲ့ချစ်မေတ္တာကို ဇော်ကားမြစ်…
တဲ့ကောင်မ၊ ဒီလိုသေချင်းဆိုးမသေသေးဘဲ ငါကိုယ်တိုင် လက်စား…
ရရင် ဒို့ဘက်မရှုမလှခံရမှာ"

သေနတ်ဖြင့် ချိန်ထားသော ရဲတွေအလယ်မှာ လက်ထိ…
ခတ်ခံထားလျက်နှင့် မောင်ဘုန်းနိုင်က အကြိုင်၏ ရုပ်အလောင်း…
ကြည့်ပြီး ကြိမ်းလိုက်သေးသည်။

အပြစ်မဲ့ ပြည်သူတွေ အကျိုးမဲ့ သေကြေပျက်စီးမည့်အေ…
သူ့အသက်နှင့်လဲပြီး ကယ်တင်လိုက်ရှာသော အကြိုင်၏ သတင်းသ…
သတင်းစာ အသီးသီးမှ ချီးကျူးဂုဏ်ပြုသော စကားများ၊ ကျေ…
တင်စကားများဖြင့် ဝေဝေဆာဆာပါလာသည်။ ကြားသိရသမျှသေ…
လူအပေါင်းသည် အကြိုင်၏ဆောင်ရွက်ချက်ကို သာဓုခေါ်ကြ ကျေ…
တင်ကြသည်။

အားကိုးရာ မိဘဆွေမျိုး ကင်းမဲ့ရှာသူလေး ဖြစ်သောကြေ…
အကြိုင်၏ရှာပနကို စေတနာရှိသူတွေ မြောက်မြားစွာက ပစ္စည်းစို…
အားစိုက်၊ ငွေစိုက် ဝိုင်းဝန်းကူညီကြသည်။ အကြိုင်သေဆုံးခဲ့ပြီး ကျေ…



…များကို ထောက်ထားကြသော စေတနာရှင် လူအပေါင်းတို့၏ ဆန္ဒအ…
…နကို သိုက်မြိုက်ထင်တယ်စွာ မှမ်းမံပြုပြင်ကြသော အားကြောင့်
…ကြိုင်သေဆုံးပြီး လေးရက်မြောက်သောနေ့မှ ရှာပနကိုသုသာန်သို့
…ကြသည်။

ထိုအချိန်မှာ အကြိုင်၏ရုပ်အလောင်းမှ အနံ့ထွက်နေ…
…သည်။ သို့သော် စည်ကားများပြားစွာ လိုက်ပါပို့ဆောင်ကြသော
…တွေကား အကြိုင့်၏ရုပ်အလောင်းမှထွက်သော အပုပ်နံ့ကို အပုပ်နံ့ဟု
…င်ကြ၊ မည်သူမှ နှာခေါင်းမရှုံ့ကြ။ အပုပ်နံ့ကို သတိမပြုကြ…
…ကြိုင်၏ မြင့်မြတ်သောစိတ်စေတနာနှင့် အကြိုင်၏ကျေးဇူးကိုသာ
…နိုင်, မပန်းနိုင် နှမြောဟာသ ကြေကွဲစွာပြောကြရင်း လိုက်ပါလာ…
…သည်။

အကြိုင်၏ရုပ်အလောင်းက ထွက်ပေါ်လာသော အပုပ်နံ့ကို
…ကြိုင်၏ မြင့်မြတ်သော စိတ်စေတနာနှင့် ပြုခဲ့သည့်ကျေးဇူးတည်း
…သော မွှေးရနံ့က ဖုံးလွှမ်းသွားခဲ့လေပြီ။

လူသတ်သမားတွေ၏ ရက်စက်ယုတ်မာမှုကို ပြည်သူလူထုက
…ည်သည့်အခါမှ မမေ့နိုင်သည့်နည်းတူအကြိုင်၏ နာမည်ကိုလည်း
…ည်သူကမှ မေ့နိုင်မည်မဟုတ်ချေ။

အကြိုင်၏ ကျေးဇူးနှင့် စေတနာ မွှေးရနံ့သည် ကြာရှည်စွာ
…ကာလပတ်လုံး သင်းပျံ့ကြိုင်လှိုင်နေမည်သာ ဖြစ်ပေသတည်း။

မဝင်းမြင့်
၁၉၇၆၊ စက်တင်ဘာလ
(သွေးသောက်မဂ္ဂဇင်း)

# ဘယ်ဝင့်နောင်ဖန်လာမှန်း

"ကိုယ့်ထီး-ကိုယ်နန်း ကိုယ့်ကြငှန်းဖြင့် "စံမြန်းစိုးပိုင် နိုင်ငံအလုံး ဘု
နေလတောက်ပခဲ့သော သာသနာ့ဒါယကာ ရွှေမြန်မာ ဘုရင်မင်းမြ
တစ်ပါး တည်ထားကိုးကွယ်ခဲ့သည့် စေတီတော်ကြီး တစ်ဆူကား မြို့
ကုန်းခပ်မြင့်မြင့်ဝယ် မားမားထီးထီးကြီး တည်ရှိနေသည်။ ထိုသို့ မား
ထီးထီးကြီး တည်ရှိနေသော်လည်း စေတီတော်ကြီးကား အကောင်းပက
မဟုတ်တော့ချေ။ ပြိုကျပျက်စီးနေသည့် ရွှေဟောင်း စေတီငုတ်တို
ဘဝရောက်နေပြီဖြစ်၏။ သို့သော် စေတီတော်တည်ရာ ကုန်းမြေ
အတန်ငယ်မြင့်၍ရှင်း၊ စေတီတော်ကြီးမှာ ရှေးယခင်က မည်မျှကြီး
ခဲ့သည်မသိ၊ ယခုငုတ်တိုဘဝရောက်နေသည့်တိုင် တော်တော်ပင်ကြီး
လှသည် ဖြစ်သောကြောင့် မြင့်မြင့်မားမား ထီးထီး ကြီးပင် ဖူးတွေ့
သည်၊ စေတီတော်ရင်ပြင် ကုန်းမြေမှာ ပြိုကျ ပုံကျနေသည်ဖြ
ပြောလောက်အောင် မကျယ်ဝန်းတော့ချေ။ ကုန်းစောင်းထိပ်
ကြီးမားသော နှစ်ချို့သော်ကပင်ကြီး နှစ်ပင်သာရှိပြီး ပွင့်ချိန်တန်
ပန်းရောင်ရင့်ရင့် အဆင်းရှိသော သော်ကပန်းခိုင်ကြီး တွေက ချစ်စ
တွဲရရွဲစီရရီဖြင့် လေယူရာ တယိမ်းနွဲ့နွဲ့ဖြင့် ဒါန်းလွဲ လှုပ်ရှားနေသည်
ကြည့်ရသူအဖို့ ကြည်နူးဖွယ် ကောင်းလှသည်။

ကုန်းမြေခြေရင်းတွင်ကား အိုမင်းပြိုပျက်နေသော တန်ဆော
တစ်ဆောင်နှင့် ဇရပ်တစ်ဆောင်ရှိသည်။ မည်သည့် ခုနှစ်သက္ကရာ
မည်သူ ဆောက်လှူသွားသော တန်ဆောင်းဇရပ်ဟူ၍ပင် မသိ
တော့ချေ။ •

ဤဇရပ်ပျက်တစ်ခုမှာ မှီခိုနေရှာသော မျက်မမြင် ဒုကို
ဘုန်းတော်ကြီးအိုမှ တစ်ပါး ဤဘုရားငုတ်တို ပတ်ဝန်းကျင်
သက်ရှိသတ္တဝါဟူ၍ မနေကြ မရှိကြချေ။ တစ္ဆေသူရဲ ချောက်သည်ဟု
ရှင်း၊ ဤဘုရားကို တည်သွားသော ဒါယကာက ကျိန်စာတိုက်သွားသ



ဘတွက် ဘုရားပုဝိုက်မြေမှာ ကိုယ်ကျိုးစီးပွားအတွက် လာနေသူများ
အဘို့ထိခိုက်ပျက်စီး သေကြတတ်သည်ဟူ၍ရှင်း၊ ပါးစပ်သတင်းတွေ
လွှင့်နေသည်ဖြစ်ရာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လာမည့်ဘေး
အဝေးက ရှောင်လိုသူတို့အဘို့ ဤဘုရားငုတ်တို ပတ်ဝန်းကျင်နှင့်
အနီးအစပ်မပြုဘဲ ဝေးဝေးကသာ ရှောင်ခွာကြသည်။

ဤစေတီငုတ်တို၏ ဆိတ်ငြိမ်အေးမြသော အရိပ်ကို ခိုနေ
ရှာသော မျက်မမြင်ဒုကို့တ ဘုန်းတော်ကြီးအိုကား နံနက်တိုင်း သင်္ကန်း
ကြီးဖြင့်သိုင်း၍ လည်ပင်းမှာလွယ်သည်။ ဘုန်းတော်ကြီးအို၏ လည်ပင်း
တွင် သပိတ်တစ်ခုတည်းမဟုတ်၊ ဟောင်းနွမ်းညစ်ထေးသော လွယ်အိတ်
တစ်လုံးကလည်း လွယ်လျက်သားပါသေးသည်။ လက်နှစ်ဖက်က
တောင်ဝှေးကို တစ်ဘက်တစ်ချောင်းစီကိုင်စွဲကာ စေတီငုတ်တို
တောင်ဝှေးနှစ်ချောင်း အကူအညီဖြင့် မြို့ထဲကိုဆွမ်းခံ ထွက်
ဘတ်လေသည်။

ထိုအချိန်ကား ၁၉၄၉ ခုနှစ် အချိန် သောင်းကျန်း ရောင်စုံတွေ
အရှိန်အဟုန် ကောင်းဆဲကာလဖြစ်ရာ မြို့တိုင်းရွာတိုင်းမှာပင်
ပြောင့် စက်မပျော်ဖြစ်နေကြရသည်။ တပ်မတော် စခန်းချထားရာ မြို့ရွာ
အဖို့လည်း စိတ်အေးချမ်းသာ မနေရဲကြချေ။ ဘယ်နေ့ဘူပုန်ဝင်
တိုက်ပွဲဖြစ်လေမလဲ၊ နှစ်ဖက်လုံးက ပစ်ခတ်သည့် ကျည်ဆံကို လွတ်
အောင် ဘယ်လိုရှောင်တိမ်းရမလဲဟု အစဉ်မပြတ်တွေးတောသတိထား
နေရသလို တပ်မတော် စခန်းမချသည့် မြို့ရွာတွေမှာလည်း ဘယ်နေ့
သောင်းကျန်းတွေ ဝင်စီးမလဲ ဘယ်သူသတ်သွားလေမလဲဟု နေ့စဉ်
ထိတ်လန့်နေရသောအခါ ဖြစ်ပေသည်။

ဤဒုကို့တဘုန်းတော်ကြီးအို ခိုလှုံရာစေတီငုတ်တို သီတင်း
သုံးသည့် ဤမြို့မှာ ဗမာ့တပ်မတော် တပ်စခန်းကတော့ ရှိနေပါသည်။
သို့သော် တပ်မတော်သားတွေကား မြို့ပေါ်မှာ မြို့စောင့်လောက်သာ
ကျန်ခဲ့သည်။ တောကြိုတောင်ကြားအနှံ့. သောင်းကျန်းကိုရှာဖွေ

တိုက်ခိုက်နေကြရသည်။ မည်သို့ပင်ဖြစ်စေ ဇမ္ဗူတပ်မတော်ကား ပြည်သူလူထု၏ အသက်စည်းစိမ်အိုးအိမ်ကို တတ်စွမ်းသရွေ့ အကာအကွယ်ကိုပြုမည်သာပင်ဖြစ်သည်။ မည်သူတွေ မည်သည့်အခြေအနေမှာပင် ရောက်ရှိနေစေကာမူ မျက်မမြင်ဒုက္ခိတ ဘုန်းတော်ကြီးအိုကား သူပြိ ဝတ္ထုရားအတိုင်း နံနက်မိုးလင်းပြီ ဖြစ်ကြောင်းကို သူ့အမှတ်သညာဖြင့် သူ့အချိန်ကိုမှတ်သည်။ ဝါးတောင်ဝှေးနှစ်ချောင်း အကူအညီဖြင့် မြို့ထဲကို ဆွမ်းခံမှန်မှန် ထွက်သည်။ မြို့တွင်းလမ်းပေါ်ကို မလျှောက်ဘဲ သူ့ခြေ ထောက်အမှတ်သညာ သူ့ဝါးတောင်ဝှေးအမှတ်သညာဖြင့် လမ်းဘေးက လျှောက်လာသည်။

"မောင်ရယ်-ဟောဟို ဘုန်းတော်ကြီးမြင်ရတာ စိတ်မချမ်းသာလိုက်တာ"

ဒေါ်ခင်လှမြတ်သည် ဝါးတောင်ဝှေးကို ရမ်းကာစမ်းကာ ဖြည်းဖြည်းသာသာ လျှောက်လာသော ဒုက္ခိတဘုန်းတော်ကြီးအိုကို အိမ်ရှေ့ဝရံတာမှ ရပ်ကြည့်ရင်း စိတ်မသက်သာစွာပြောသည်။

"အေး မောင်လည်း သတိထားကြည့်နေတာ လေးငါးရက် လောက်ရှိပြီ၊ မြတ်ကအခုမှမြင်သလား"

ဒေါ်ခင်လှမြတ်၏ ခင်ပွန်း နယ်ပိုင်ဝန်ထောက် ဦးမြင့်ကျော်က ပြန်မေးသည်။

"မြတ်ကလည်း ဒီနေ့မှ ဝရံတာ ထွက်မိတာကိုးမောင်ရဲ့၊ မြတ်တို့ ဒီမြို့ပြောင်းလာတာမှ ဆယ်ရက်လောက်ရှိသေးတယ်။ ပစ္စည်းတွေ နေရာ ချရသိမ်းရ မီးဖိုချောင်ချက်ပြုတ်ရနဲ့ မအားနိုင်တော့ ဒီအချိန်မှာ ဒီလို မှာစ်ခါမှ ဝရံတာမထွက်မိခဲ့ဘူး။ ဒီနေ့မှ နည်းနည်း အသက်ရှူရချောင် သွားလို့ မောင်ရှိရာထွက်အလာမှာ ဒီဘုန်းတော်ကြီးကို တန်းကနဲမြင် မိတာ မောင်ရဲ့"

ဒေါ်ခင်လှမြတ်က ပြန်ရှင်းပြသည်။

"ဟုတ်တယ် မောင်လည်းအမှတ်မဲ့ နေခဲ့တာဘဲ၊ လွန်ခဲ့တဲ့



လေးငါးရက်လောက်ကမှ မောင်ခြံအပြင်ထွက်ပြီး မြစည်းရိုးကပိတ်နေတဲ့ ပယ်တွေခွဲဖြတ်နေခိုက် ခွေးတွေဟောင်သံကြားလို့ လှည့်ကြည့်လိုက်တော့ ခွေးလေးသုံးကောင်က ဘုန်းတော်ကြီးကို ဝိုင်းဟောင်နေကြတယ်လေ- ခွေးတွေဟောင်တော့ လမ်းဆက်မသွားဘဲ ဝါးတောင်ဝှေး တရမ်းရမ်း ဖြစ်နေတာမြင်တော့ ဘုန်းတော်ကြီးဟာ ဒုက္ခိတထင်တယ်လို့ မောင်းတွေးပြီး ခွေးတွေသွားမောင်းပေးလိုက်တယ်။ အဲဒီတော့မှ ဘုန်းတော်ကြီး မျက်လုံး ဟာ ကြောင်တောင်ကန်းကြီးမှန်း မောင်သိရတာပဲ မြတ်ရဲ့၊ ဒါကြောင့် မောင်လည်း နေ့တိုင်းကြလာသလား သတိထားကြည့်နေတာ လေးငါး ရက်ရှိပြီ"

ဦးမြင့်ကျော်က ဇနီးသည်ကို စုံစုံလင်လင် ရှင်းပြနေသည်။

"မောင်စောင့်ကြည့်တာ နေ့တိုင်းလာသလားမောင်"

"မောင်စောင့်ကြည့်တဲ့ ရက်ကစပြီး ဒီနေ့အထိ နေ့တိုင်းကြွလာတယ်"

"ဆွမ်းကလေးများမှ ဝလင်အောင် ရပါရဲ့လား"

စမ်းတဝါးဝါးဖြင့် ကြွသွားနေသော ဒုက္ခိတဘုန်းတော်ကြီးကား အိမ်နှင့်တော်တော်ပင် လှမ်းနေလေပြီ။ ဒေါ်ခင်လှမြတ်က စိတ်မကောင်းစွာဖြင့်ပြောကာ

"သွားလိုက်ပင့်ပါလားမောင်ရယ်၊ ဆွမ်းကလေးဟင်းကလေး များ လှူလိုက်ရအောင်၊ အားလုံးကျက်နေပြီးသားပါ" ဟုခင်ပွန်းသည်အား တိုက်တွန်းသည်။

"အေး. . . အေး အခုပဲမောင်သွားမယ်"

ချစ်ဇနီး၏ စိတ်ဆန္ဒပြည့်ဝစေရန် ဦးမြင့်ကျော်က အိမ်ပေါ်မှ ကျောကသီ ဆင်းလာသည်။ အိမ်ဝင်းပေါက်ဝ ရောက်သောအခါ သူ့ရှေ့မှ င်းစေအဖြစ် အမှုထမ်းနေသော သူငယ်လေးနှင့် တွေ့၏။

"အကို ဘယ်သွားမလို့ပါလဲ"

မင်းစေကလေးက မေး၏။

"ဟောဟိုမှာ ကြွသွားတဲ့ဘုန်းတော်ကြီးကိုသွားပင့်မယ်လို့ကွာ"

ဦးမြင့်ကျော်က ဘုန်းတော်ကြီးကိုမျှော်ကြည့်ရင်းဖြေ၏။

"အကို ဆွမ်းဟင်းလောင်းမယ်လို့လား. . ."

"အေး. . ."

ဦးမြင့်ကျော်က ဖြေရင်း ဘုန်းတော်ကြီးဝေးသွားမည်စိုး၍ ခြေလှမ်းမြင်လိုက်သည်။ ထိုအခါ မင်းစေကလေးက ပြော၏

"ဒီနေ့ မလှူနဲ့တော့အကို၊ ဆွမ်းဟင်း ဝလောက်အောင်ရလို့ ဘုန်းတော်ကြီးပြန်ကြွသွားတာ၊ နက်ဖန်အလှာမှာ စောင့်လှူ၊ အခု အကိုပင့်လဲ သူဝလောက်ရဲ့ ဆွမ်းဟင်းရရင် ပင့်ရာလိုက်မှာ မဟုတ်ဘူး"

"အခုဟာ အပြန်လား"

ဦးမြင့်ကျော်က မေး၏။

"ဟုတ်တယ်အကို၊ အခုသူနေတဲ့မြို့ပြင်ကဘုရားငုတ်တိုကြီးဆီ ပြန်တာလေ"

"အော်. . ."

ဦးမြင့်ကျော်က ထိုမျှသာပြောပြီး -

"အခု မင်းလာတာဘာကိစ္စလဲ" ဟုမင်းစေကလေးအား မေး၏။

"ကိစ္စရယ်လို့ မဟုတ်ပါဘူး၊ အကိုတို့က အခုမှ ပြောင်းလာစဆိုတော့ ဘာများ အကူအညီပေးစရာ မမဘာများခိုင်းဘုန်းမလဲလို့ လာတာပါ"

"အေး-ကျေးဇူးတင်တယ်ကွာ. . . ဘာမှခိုင်းစရာမရှိပါဘူး၊ ကော်ဖီသောက်ပြီး ပြန်ပေါ့"

"ဒါမြင့်လည်း ကော်ဖီမသောက်တော့ပါဘူးအကို၊ ကျွန်တော် ပြန်မယ်"

"အေး-အေး . . ."



မင်းစေကလေး ပြန်သွားသောအခါ ဦးမြင့်ကျော်က အိမ်ပေါ် တက်လာသည်။ ဒေါ်ခင်လှမြတ်ကား မီးဖိုထဲမှာ ဆွမ်းပွဲပြင်နေချေသည်။ ဒေါ်ခင်လှမြတ် ပြင်ဆင်ထားသည်မှာ ဆွမ်းဟင်းလောင်းလှူရန်မဟုတ်ဘဲ အိမ်ပေါ်ပင့် တင်ပြီး ဆွမ်းကျွေးရန် ရည်ရွယ်ပြင်ဆင်နေခြင်းဖြစ်၏။

"မြတ်ရေ-ဆွမ်းဟင်းတွေ ပြန်သိမ်းတော့"

ဦးမြင့်ကျော်က မီးဖိုတံခါးဝမှရပ်ပြီး ဒေါ်ခင်လှမြတ် ပြင်ဆင်နေသည်ကို ကြည့်ပြီးပြောသည်။

"ဟင်-ဘာဖြစ်လို့လဲမောင်"

ကုသိုလ်ရေးအတွက် အားခဲနေသော ဒေါ်ခင်လှမြတ်က ပြန်မေး၏။ ဦးမြင့်ကျော်က မင်းစေကလေးပြောသွားသည့်အတိုင်း ပြန်ပြောသည်။

"မနက်ဖန် မောင်စောစောအိပ်ရာထပြီးစောင့်ကြည့်မယ်၊ ကြွလာတာမြင်တာနဲ့ အိမ်ပေါ်ပင့်လာခဲ့မယ်၊ မနက်ဖန်မှလှူတာပေါ့၊ ဟုတ်လားမြတ်"

"အင်းလေ- ဒါဖြင့်လည်း ပြန်သိမ်းရတော့မှာပေါ့ မနက်ဖန် မြတ်က ဆွမ်းဟင်းမှီအောင် စောစောထချက်မယ်၊ မောင်ကလည်း လက်မလွှတ်စေနဲ့နော်၊ ဂရုစိုက်ပြီး ပင့်နော်-မောင်. . ."

"အေးပါမြတ်ရယ်"

❋ ❋ ❋ ❋ ❋

နောက်တစ်နေ့ ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ ငါးနာရီ မထိုးခင်မှာပင် အိပ်ရာကထကြသည်။ ဒေါ်ခင်လှမြတ်က စားသောက်လှူဒါန်းဖွယ်ရာကို ဖျပ်လတ်သွက်လက်စွာ စီမံချက်ပြုတ်နေစဉ်ဝယ် ဦးမြင့်ကျော်က မနေ့က ဘုန်းတော်ကြီးပြန်ကြွသွားရာလမ်းဘက်ကို တစ်ဖြည်းဖြည်းလျှောက်လာသည်။ တစ်ခုသော လမ်းအဆုံသို့ ရောက်သောအခါ ဦးမြင့်ကျော်က မည်သည့်လမ်းလိုက်ရမှန်း မသိသောကြောင့် ရပ်လိုက်၏။ စိတ်ထင်ရာလမ်းကို မှန်းဆချက်ဖြင့်လိုက်လျှင် ဘုန်းတော်

ကြီးကိုတွေ့လျှင်တော်သေး၏။ မတွေ့ဘဲလွဲနေပါက ရည်စူးကြိုးစားထား ရသမျှ အလဟဿဖြစ်မည်ကို တွေးတောစိုးရိမ်သည်။ ထို့ကြောင့် လမ်းဆုံကပင် ရပ်တန့်စောင့်ဆိုင်းရန် ဆုံးဖြတ်လိုက်၏။

မကြာမီမှာပင် ဗုဒ္ဓတဘုန်းတော်ကြီးအိုသည် ဝါးတောင်ဝှေး တရမ်းရမ်းဖြင့် စမ်းတဝါးဝါး လျှောက်လာနေသည်ကို အဝေးမှပင် လှမ်းမြင်နေရသည်။

ဦးမြင့်ကျော်သည် ခြေလှမ်းသွက်သွက်ဖြင့် ဘုန်းတော်ကြီး ကြွလာရာသို့ ကြိုတင်သွားသည်။

"အရှင်ဘုရား. . . သပိတ်တော်ကို တပည့်တော် ယူဆောင် ခွင့်ပေးပါဘုရား. . ."

ဦးမြင့်ကျော်က စမ်းတဝါးဝါးရမ်းလာသော ဝါးတောင်ဝှေး တစ်ဖက်ကို အသာအယာကိုင်ထားပြီး လျှောက်တင်၏။ ဘုန်းတော်ကြီးက အံ့အားသင့်နေဟန်ဖြင့် ခြေလှမ်းကို တုံ့ရပ်လိုက်သည်။

"ဘယ်သူများလဲကွယ်. . ."

ဘုန်းတော်ကြီးကမေး၏။ အသံကား အေးဆေးတည်ငြိမ် လှသည်ကို ဦးမြင့်ကျော် သတိထားမိသည်။

"တပည့်တော်တို့ ဇနီးမောင်နှံက အရှင်ဘုရားကို ဆွမ်းလှူဒါန်း ကျွေးမွေးလိုပါတယ်ဘုရား။ ဒါကြောင့်အခု အရှင်ဘုရား ကြွမဲ့လမ်းက လာစောင့်နေတာပါ"

ဦးမြင့်ကျော်၏ လျှောက်တင်ချက်ကို ကြားရသောဒုက္ခိတ ဘုန်းတော်ကြီးအိုသည် စဉ်းစားဟန်ဖြင့် ငြိမ်နေသည်။ ထို့နောက် ဖြည်း လေးသောအသံဖြင့် မိန့်ကြားသည်။

"ဒါယကာ-ဘုန်းကြီး ကြုံခဲ့ရတဲ့အဖြစ်တစ်ခု ပြောပါရစေ၊ ဒီလိုပြောမှလည်း ဒါယကာသဘောပေါက်ပြီး ဘုန်းကြီးကို ခွင့်လွှတ် နိုင်ပါလိမ့်မယ်"

"မှန်ပါ-မိန့်ကြားပါဘုရား. . ."



"အေး-တစ်ခါတုန်းက ဒီလိုဘဲကွဲ့၊ ဒါယကာ တစ်ယောက် း‌ပင့်ဘူးတယ်၊ ဘုန်းကြီးကလည်း မျက်မမြင်ဒုက္ခိတ ဆိုတော့ ဆွမ်း င်နပ်စာရအောင် ကြိုးစားရတာ အင်မတန်ပင်ပန်းတယ်ဆိုတာ ကာ စဉ်းစားပါနော်၊ အဲဒီတော့ တစ်နေ့တစ်လေ ပင်ပန်းမှုက ်ပြီး ဆွမ်းကလေးတစ်နပ် ဝဝစားရပါစေတော့လို့ ဝမ်းမြောက်ဝမ်းသာ ပ်ကို လွယ်ထားရာက ဖြုတ်ပေးလိုက်တယ်။ သပိတ်ယူပြီး အဲဒီလူ ယ်ရောက်သွားမှန်းမသိတော့ဘူး။ သပိတ်ကလည်း မေတ္တာရှင် စ်ဦးကလှူထားတဲ့ သံသပိတ်အကောင်းစားကလေးဆိုတော့ တစ်ခုခုသုံးမယ်လို့နဲ့ တူပါတယ်။ ဘုန်းကြီးမှာ သပိတ်လည်းဆုံး င်နေ့လုံးလည်း ဆွမ်းငတ်ရတဲ့အဖြစ် ရောက်ခဲ့ပါတယ် ဒါယကာ"

လေးလေးတွဲ့တွဲ့ပြောနေသော ဘုန်းတော်ကြီး၏ စကားကို ားရသော ဦးမြင့်ကျော်မှာ ဘုန်းတော်ကြီးကိုကြည့်ရင်း ရင်နာမိသည်။ မျှလောက် မိုက်ရိုင်းယုတ်မာစွာပြုရက်သူကို ယခုအချိန်မှာ တွေ့လျှင် ်လောက်သားလောက် ဆုံးမလိုသော စိတ်ပေါ်လာသည်။

"အခု သပိတ်က ဘယ်ကရပါလဲ ဘုရား"

ဦးမြင့်ကျော်က မေးလျှောက်ရာ ဘုန်းတော်ကြီး၏ လွယ်ထား သောသပိတ်ကို အသေအချာကြည့်လိုက်၏။ ထိုအခါမှ ဘုန်းတော် ကြီးသပိတ်ကို ရုပ်လုံးပေါ်ပေါ် ပြတ်ပြတ်သားသား တွေ့ရသည်။

ခပ်ထူထူဖျင်စတစ်ခုကို သပိတ်ထည့်၍ရအောင် အံကိုက်တိုင်း ချုပ်ထားသော လွယ်အိတ်ထဲမှ သပိတ်ကား သပိတ်နှင့်ပုံသဏ္ဌာန်ခြင်း ဆင်ဆင်တူသော မြေအိုး တစ်လုံးမျှသာဖြစ်သည်။ အဖုံးကလည်း မြေစလောင်းဖုံးပင်ဖြစ်သည်။ ဘုန်းတော်ကြီးက မိန့်ကြား၏။

"ဒါသပိတ်မဟုတ်ပါဘူးကွယ်၊ အမြင်မတော်တဲ့ ဒါယကာ တစ်ယောက်က ဘယ်သူမှမခိုးချင်အောင်မြေအိုးကို သပိတ်အမှတ် ုံးဆောင်ဘို့ လှူသွားတာပါ၊ မြေအိုးထည့်စရာ အိတ်ပါ ချုပ်လှူသွား တယ်။ အခုဒါယကာက သပိတ်ဆောင်ယူခွင့်ပြုပါဆိုလို့ ဘုန်းကြီး ွယ်တာဟာ သပိတ်မဟုတ်ကြောင်း ရှင်းပြတာပါဘဲကွယ်"

ခဲအမှန်ခံခဲ့ရဘူးသော စာသူငယ်လို၊ ဒုက္ခိတဘုန်းတော်ကြီ
အို၏ သပိတ်ကို လိမ်လည်လှည့်ဖြား ယူသွားခြင်းခံခဲ့ရရှာသည့်အတွက်
မည်သည့်အခါပွါယ်ဖြင့် ဤစကားကို မိန့်ကြားတော်မူကြောင်း ဦးမြင့်ကျေ
ကနားလည်လိုက်သည်။ ထို့ကြောင့် ဘုန်းတော်ကြီးအိုအပေါ် စိတ်မကွ
စေတနာမပျက်ဘဲ ကြင်နာစွာ ပြန်လည်လျှောက်တင်သည်။

"တပည့်တော် အသေအချာကြည့်လို့ - မြေအိုး တစ်လုံ
ဖြစ်ကြောင်း သိပါတယ်ဘုရား။ အရှင်ဘုရားကို -တကယ်စစ်မှန်ေ
စိတ်စေတနာနဲ့ - ဆွမ်းလှူလိုတာကြောင့် ဖိတ်ကြားလျှောက် တင်ခြင်းပ
ဘုရား"

ထိုအခါမှ ဒုက္ခိတ ဘုန်တော်ကြီးအိုသည်။

"သာဓုပါဒါယကာ-သာဓု-သာဓု လေးနက်စွာ" မိန့်မြွက်၍
လည်ဝယ်လွယ်ထားသော မြေအိုးဖြုတ်ပေးရှာသည်။ ဦးမြင့်ကျော်သည်
မြေအိုးအိတ်ကိုလွယ်လိုက်ပြီး ဘုန်းတော်ကြီး၏ တောင်ဝှေးကို ဆွဲကိုင်
လမ်းပြပင့်ဆောင်လာခဲ့၏။

အိမ်ပေါ်သို့ ဘုန်းတော်ကြီး ကြွရောက်လာပြီး ထိုင်မိသော
အချိန်မှာ နံနက် ရှစ်နာရီခွဲနေလေပြီ။

"မောင်-ရေမိုးချိုးပြီး ရုံးသွားဘို့ပြင်တော့လေ စားပွဲပေါ်မှာ
မောင်ရေချိုးပြီး စားဘို့ ထမင်းပွဲအဆင်သင့်ပြင်ထားတယ်။ ဘုန်းတော်
ကြီးကို မြတ်အားလုံး တာဝန်ယူပြီး ဆွမ်းလှူလိုက်ပါမယ်"

အလုပ်တာဝန်တစ်ဘက်ဖြစ်နေသော ခင်ပွန်းကို ရုံးချိန်
နောက်ကျနေမည်စိုးသော ဒေါ်ခင်လှမြတ်က သတိပေးနှိုးဆော်
စကားပြောသည်။ ဦးမြင့်ကျော်ကလည်း ရုံးကိုခြေလျင်တစ်လှည့်
ဆိုက်ကားတစ်လှည့် တက်နေရသူဖြစ်၏။ ဆိုက်ကားအဆင်သင့် မတွေ့
ခြေလျင်သွားရသည်ဖြစ်၍ ရုံးချိန်နောက်မကျရအောင် အိမ်က စောစော
ကြိုတင်ထွက်ရတတ်သည်။ ထို့ကြောင့် ဒေါ်ခင်လှမြတ်၏ နှိုးဆော်
စကားကို တစ်စုံတရာငြင်းဆိုခြင်း မပြုဘဲ. . .



"ဆွမ်းဘုဥ်းပေးပြီးရင် ဘုန်းတော်ကြီးကို လမ်းမပေါ်အရောက်
...ကိုပို့ပေးလိုက်ပါမြတ်ရယ်"

ဟူသောစကားတစ်ခွန်းကိုသာပြောပြီး ရေချိုးအဝတ်အစားလဲ
...င်းစားကာ ယူရမည့် စာရွက်စာတမ်းတွေကိုယူပြီး ဘုန်တော်ကြီးကို
...ကန်တော့၍ အလုပ်တာဝန်ရှိရာရုံးသို့ ထွက်ခွာသွားလေသည်။

ဒေါ်ခင်လှမြတ်သည် ဘုန်းတော်ကြီးအား ရှိသေလေးမြတ်စွာ
...းကိုကပ်လှူသည်။ မျက်မမြင် ဒုက္ခိတဖြစ်နေ၍ ဟင်းကို သေချာစွာ
...းအရင်းထွင်ပေးသည်။ ဘုန်းတော်ကြီးသည် မျက်စိနှစ်ကွင်း
...င်းမရသော်ငြားလည်း ဆွမ်းဘုဥ်ပေးရာမှာ ဖိတ်စင်ပေလူးခြင်းမရှိ
သေချာစွာစမ်းသပ်ချိန်ဆပြီး ဖြည်းဖြည်းသာသာပင် တိတ်ဆိတ်စွာ
...းပေးနေတော်မူပုံမှာ သနားကြင်နာဘွယ် ကြည်ညိုသဒ္ဓါဘွယ်
...င်းလှပေသည်။ ဆွမ်းဘုန်းပေးပြီးသောအခါ ဒေါ်ခင်လှမြတ်က
...ပွဲကို ဆက်ကပ်သည်။ ပြတ်ပြတ်ကော်ငတ်ဖြင့် ဆွမ်းတစ်ထပ်စာကို
...န်းကြီးစွာ အလှူခံစားရသော်ငြားလည်း ဘုန်းတော်ကြီးသည်
...မ်းမရ မက်မောစွာ စားသုံးသည့် သဘောလက္ခဏာမပေါ်လွင်ချေ။
...ရုံလောက်သာ ဘုန်းပေးတော်မူသည်။

"ဆွမ်းဘုဥ်းပေးလို့ မြိန်ပါရဲ့လားဘုရား"

ဆွမ်းပွဲကျန်တွေကို သိမ်းဆည်းပြီး ဒေါ်ခင်လှမြတ်က
...ျှောက်တင်၏။ "အေးကွယ်. . . ဒီလိုကောင်းကောင်းမွန်မွန် အာဟာရ
...လေးများ မစားမသောက်ရတာကြာပြီဖြစ်လို့ မြိန်သကွဲ့" ဟူသော
...ားမျိုးမိန့်ကြားလိမ့်မည်ဟု ဒေါ်ခင်လှမြတ်က ထင်၏။ သို့သော်
...းတော်ကြီးက. . .

"လေးလံတဲ့ ခန္ဓာဝန်ကြီးကို မချရသေးသမျှ ပိုးမျိုးရှစ်ဆယ်
...ဘို့ အာဟာရဖြစ်အောင် ကောင်းလည်းစား၊ ဆိုးလည်းစားပေါ့
...ီးရယ်၊ ငါ့အဘို့ အရသာကို ပမါနမထားဘူး။ မြိန်ဘို့-မမြိန်ဘို့
...ဘာလည်း မစဥ်းစားဘဲ၊ ပြုမြဲဝတ္တရားတစ်ခုအနေနဲ့ မျှလောက်ရုံ
...းလိုက်တာပဲသမီး"

ဟူ၍သာ မိန့်ကြားတော်မူသည်။ သူ့ဘဝအခြေအနေ
လျှာအရသာခံစားရမည့်အခြေအနေမဟုတ်ဘဲ၊ ရသမျှနှင့် ရော
တင်းတိမ်ရမည့်အကျင့်ကိုသာ ကျင့်ရရှာသည်။ ဒေါ်ခင်လှမြတ်သ
ဘုန်းတော်ကြီးကို ငိုပြီး ကြည်ညိုသနားမိသည်။

"အရှင်ဘုရား သက်တော်ဘယ်လောက်ရှိပါပြီလဲဘုရား"

ဒေါ်ခင်လှမြတ်က မေးလျှောက်၏။

"ခုနှစ်ဆယ့်ရှစ်နှစ်ရှိပါပြီသမီး"

ငယ်ရွယ်နုပျိုသောမိန်းမတစ်ယောက် ဖြစ်မည်ဟူ၍ ဘုန်းတေ
ကြီးက ခန့်မှန်းပြီး သမီးဟူသော စကားကိုသုံးခြင်းဖြစ်သည်။ ဒေါ်
လှမြတ်သည် ဘုန်းတော်ကြီးကို သနားကြင်နာစွာကြည့်နေသ
၍အသက်အရွယ်ရောက်နေပြီဖြစ်လျက် တစ်ထပ်စာမျှသော အ
ကလေးကိုရအောင် မဖြင်မစမ်း ပင်ပန်းကြီးစွာ ရှာဖွေရသော ဘုန်းတေ
ကြီးကို များစွာသနားသည်။ ဘုန်းတော်၏ နောက်ကြောင်းရာဇဝင်
များစွာသိလိုပါသော်လည်း ရောက်လျှင်ရောက်ခြင်း၊ ဆောက်နှင့်ထ
ဆိုသကဲ့သို့ ဖြစ်မည်ဆိုး၍ မမေးလျှောက်ဘဲနေပြီး ဆွမ်းကိစ္စကို
လျှောက်ထားသည်။

"အရှင်ဘုရား သီတင်းသုံးတဲ့ နေရာက ဘယ်လောက်
ပါသလဲဘုရား"

ဘုန်းတော်ကြီး ကြွလာရသည်မှာ ပင်ပန်းလှ၍ ဆွမ်းသွားပို့
အဆင်ပြေမည်ဆိုလျှင် ဘုန်းတော်ကြီးကို မကြွလာစေဘဲ သူ
ဇနီးမောင်နှံ ဆွမ်းသွားပို့မည်ဟု စိတ်ကူးပြီး မေးလျှောက်၏။

"အင်း. . . မြို့ပြင်အစွန်က ဘုရားငုတ်တိုနဲ့ တန်ဆောင်းပျ
ဇရပ်ပျက်ကို ရောက်ဘူးလား"

ဘုန်းတော်ကြီးက မိန့်ကြား၏။

"မြောသံတော့ ကြားဘူးတယ်ဘုရား။ တစ်ခါမှတော့ မရော
ဘူးသေးပါဘူး"



"အဲဒီမှာ ဘုန်းကြီးနေတယ်"

ဒေါ်ခင်လှမြတ်သည် ဘုန်းတော်ကြီးကို သနားသည်ထက်
းသွားသည်။ ဘုရားငုတ်တိုနှင့် တန်ဆောင်းအို၊ ဇရပ်ပျက်မှာ ဒေါ်
မြတ် ယခုနေထိုင်သော အိမ်နှင့် တော်တော်ပင်အလှမ်းကွာဝေးလှ
ည်ဖြစ်ရာ မော်တော်ကားပိုင်မရှိ၍ ကိုယ့်ခြေထောက်ကိုယ် အားကိုး
သော ဒေါ်ခင်လှမြတ်တို့ ဇနီးမောင်နှံအနေဖြင့် ဆွမ်းပို့သွားရန်မှာ
ောက်သောအချိန်မရ၍ စေတနာရှိပါလျက် မဖြစ်နိုင်ချေ။ ဒေါ်ခင်
တ်စဉ်းစားနေချိန်မှာ . . .

"ဘုန်းကြီးပြန်ဘို့ ခွင့်ပြုပါသမီး"

ဘုန်းကြီးကမိန့်ကြား၏။

"တင်ပါဘုရား"

ဒေါ်ခင်လှမြတ်က ပြန်သည်လျှောက်တင်ပြီး သပိတ်အမှတ်
ဆောင်နေရသော မြေအိုးအိတ်ကြီးကို ပြန်လည်ဆက်ကပ် လိုက်သည်။
းတော်ကြီးက မြေအိုးကိုလည်ဝယ်လွယ်လိုက်ပြီးသောအခါ ဒေါ်ခင်
တ်က ဝါးတောင်ဝှေးနှစ်ချောင်းကို ဆက်ကပ်သည်။ ထိုနောက်-

"လမ်းမပေါ်ရောက်အောင် တပည့်တော် လိုက်ပို့ပါရစေ
ား. . ."

ခွင့်ပန်တောင်းကာ ဘုန်းတော်ကြီးဝါးတောင်ဝှေးကိုဆွဲ၍
်းမပေါ် အရောက်ပို့လိုက်၏။ ဘုန်းတော်ကြီးသည် ဝါးတောင်ဝှေးကို
ခါ စမ်းတဝါးဝါးဖြင့် သူလာလမ်းကို ပြန်ကြွသွားသည်ကို ဒေါ်ခင်လှ
်သည် မျက်စိတစ်ဆုံးမျှော်ကြည့်ရင်း. . .

"ဒီဘုန်းတော်ကြီး တောထွက်လား ငယ်ဖြူလား၊ ကြည့်ရှု စောင့်
က်မဲ့ သားသမီးဆွေမျိုးရယ်လို့ တစ်ယောက်မှ မရှိတော့ဘူးလား
ဆွေမျိုး ရင်းချာငါ့အဖေသာဆိုရင် ငါဒီလို ပစ်မထားရက်ပါဘူး"

ဒေါ်ခင်လှမြတ်သည် သနားကြင်နာစွာ တွေးနေလိုက်မိသည်။

* * * * *

"မနက်က ဘုန်းတော်ကြီး ဆွမ်းကျွေးတာအဆင်ပြေရဲ့လ
မြတ်ရေ"

ရုံးမှပြန်ရောက်လျှင် ရောက်ခြင်း ဦးမြင့်ကျော်ကမေး၏။

"အဆင်ပြေပါတယ်မောင်၊ ဘုန်းတော်ကြီးက အသက်တေ
တော်ကြီးနေပြီဘဲ၊ ခုနစ်ဆယ့်ရှစ်နှစ်တဲ့၊ အရိပ်ထဲမှာ အေးအေးငြိမ်းငြိ
ကလေးစိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေရရင် အရွယ်တော်တော်
မဲ့လက္ခဏာဘဲ"

"ဘာများမိန့်ကြားသွားသေးလဲ"

"ဆွမ်းမြိန်ရဲ့လားမေးတော့ ခန္ဓာကိုယ်ကြီး အရသာရှိ
ပမါနမထားဘဲ ဝတ္တရားတစ်ခု အနေနဲ့သာ မှတ်ရုံစားတယ်လို့ဘဲ မိန့်
တယ်မောင်"

"အဲဒါတကယ်စစ်မှန်တဲ့ တရားစကားဘဲမြတ်"

"ဟုတ်တယ်မောင်ရဲ့ မြတ် မေးတာလောက်ဘဲဖြေတယ်၊
ဘာစကားမှ မမိန့်ကြားဘူး၊ ပြန်ကြွခါနီး တစ်ခွန်းဘဲမိန့်ကြားတယ်"

"အင်း-ဘယ်လိုမိန့်ကြားလဲမြတ်"

"စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိစေ၊ သံသရာဝဋ်ဆင်းရဲ
လွတ်စေတဲ့"

ဦးမြတ်ကျော်က ဦးခေါင်းညိတ်နားထောင်နေရာမှ. . .

"ဒီဘုန်းကြီးဘယ်မှာနေတယ်ဆိုတာရော သိသလားမြ
ဟုမေးသည်။

"ဟို မြို့အစွန်က ဘုရားငုတ်တိုကြီးမှာနေတယ်လို့ မိန့်ကြ
သွားတယ်မောင်"

ဒေါ်ခင်လှမြတ်က ဖြေသည်။

"အေး. . . မောင်လည်း စိတ်ဝင်စားတာနဲ့ ရုံးမှာဒီဘုန်းတေ
ကြီးအကြောင်းသိလားလို့ ဟိုမင်းစေလေးကို မေးကြည့်တယ်၊ မင်းစ
လေးက ဒီဘုန်းတော်တော်ကြီးက အရင်ဒီမြို့မှာနေသွားတဲ့ မြို့ပိုင်ကြီး



...တဲ့ မြို့ပိုင်ကြီး မပြောင်းခင်ကတည်းက သက်န်းဝတ်ပြီး ဒီဘုရား
...ကိုမှာ တရားကျင့်နေရင်း မျက်ရိုးရွယ်သွားသတဲ့မြတ်ရဲ့"

"အော် . . . ဖြစ်မှဖြစ်ရလေ၊ သူ့သား မြို့ပိုင်ကြီးကရော"

ဒေါ်ခင်လှမြတ် စိတ်မကောင်းစွာ မေး၏။

"သူ့သားနဲ့ချွေးမက ပြောင်းသွားပြီလေ၊ မျက်မမြင်ဒုက္ခိတအဖေ
...ထားခဲ့တာပေါ့၊ အခုဘယ်ရောက်ပြီး ဘာရာထူးဖြစ်နေတယ်ဆိုတာ
...တော့ဘူးပေါ့မြတ်ရဲ့"

ဦးမြင့်ကျော်က ပြောပြီး အဝတ်အစားလဲရန် အခန်း...ဝင်
...သည်။ ဒေါ်ခင်လှမြတ်သည် ခင်ပွန်းသည်နောက် လိုက်မ...ဘဲ
...တိုင်းနေရာမှာပင် ဝါးတောင်ဝှေးကိုရမ်းရင်း စမ်းတဝါးဝါးဖြင့်
...နေသော ဒုက္ခိတဘုန်းတော်ကြီးအိုကို မြင်ယောင်နေမိသည်။

"တော်တော်ကို ကျေးဇူးကန်း ယုတ်မာတဲ့သားပါလား၊
...ုန်းတော်ကြီးမှာ ဒီသားတစ်ယောက်ထည်းရှိသလား၊ ငါ့အဖေသာ
...ရင် ပစ်မထားရက်ပါဘူးနော်"

ဒေါ်ခင်လှမြတ်က တွေးနေစဉ်မှာ အဝတ်အစားလဲပြီးသော
...မြင့်ကျော်က ဇနီးအနား ပြန်ရောက်လာသည်။

"မျက်စိမြင်စဉ်က နေခဲ့ဘူး သွားခဲ့ဘူးတဲ့ နေရာတွေ၊ လမ်းတွေ
...နေတော့ စိတ်က မှန်းမိနေတယ်နဲ့တူပါတယ်၊ ဒါကြောင့်သာ တောင်
...နဲ့ စမ်းပြီး ဆွမ်းခံထွက်တတ် ပြန်တတ်ဖြစ်နေတာပေါ့နော် မြတ်"

ဦးမြင့်ကျော်က ထင်မြင်ချက်ပေး၏

"အင်း မောင့်ထင်မြင်ချက်မဆိုးပါဘူး၊ မြတ်လည်း ဒီအတိုင်းပဲ
...တွေးမိတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ မောင်ရယ်၊ ဒီပုဂ္ဂိုလ်ဟာ စင်စင်
...ကြယ်ကြယ် ပုဂ္ဂိုလ်ဆိုတော့ တစ်ထပ်စာ ဆွမ်းကို မောင်နဲ့မြတ်က ဒီမြို့မှာ
...နေသရွေ့ တာဝန်ယူပြီး လှူရအောင်နော်"

ဒေါ်ခင်လှမြတ်က သူ့ဆန္ဒကို တင်ပြသည်။

"ယူသင့် လှူသင့်ပါတယ်မြတ် ဒါပေမဲ့ ဘုန်းတော်ကြီးမှ
ဆွမ်းသွားပို့ဘို့ဆိုတာက မောင်နဲ့မြတ်အဘို့ အချိန်မရှိဘူးဆိုတာ မော
စဉ်းစားမိတယ်၊ ဒါကြောင့် မနက်တိုင်း ဘုန်းတော်ကြီးကို တော
အိမ်ပေါ်ပင့်ဘို့က မောင့်တာဝန်ထား၊ မောင်ရုံးတက်ရမဲ့ကိစ္စကရှိ
နောက်ပိုင်းမြတ်က တာဝန်ယူပေါ့"

"မြတ်လည်း ဒီအစီအစဉ်ကိုသဘောကျပါတယ်၊ ရုံးအားရ
တနင်္ဂနွေနေ့ဆိုရင်တော့ ဘုန်းကြီးရှိရာကို ဆွမ်းဟင်းချိုင့်ယူပြီး မေ
နဲ့ မြတ် သွားကပ်တာပေါ့. . ."

"အေး. . . ကောင်းတယ်မြတ်၊ အဲဒီလို နေ့ကျမှ အေးအေ
ဆေးဆေး ဘုန်းတော်ကြီးရဲ့ နောက်ကြောင်းရာဇဝင်လေး မေးလျှော
ကြည့်ရအောင်၊ ဘုန်းတော်ကြီးသားက မြို့ပိုင်ဆိုတော့ မောင်တို့ကြ
ဘူးနားဝရှိတဲ့ အရာရှိတွေထဲမှာများ ပါလေမလားမသိဘူး"

"ပါနေရင် မောင်အကျိုးအကြောင်း စာရေးမယ်လို့လား"

"အလို သူ့ မျှားသားအဖထဲ ဝင်မပါချင်ပါဘူးမြတ်ရယ
သူ့အဖေရင်းတစ်ယောက်လုံး ဒုက္ခတဘဝရောက်နေတာကို ရက်ရ
စက်စက် ပစ်ပယ်သွားတဲ့ လူကို မောင်က မဆီမဆိုင်ဝင်ပြော
နားထောင်မှာတဲ့လား၊ နောက်ပြီးဘုန်းတော်ကြီးအသက်က ခုနစ်ဆ
ရှစ်နှစ်ဆိုတော့ သူ့သားက အခုမသေသေးရင်တောင် အသက်ငါးဆယ်
ဘယ်လျော့မလဲ၊ မောင်ကအခုမှ အသက်သုံးဆယ်ရှိသေးတာ၊ ကိုယ
အဖေအရွယ်ကြီး ကိုယ်ပြန်တရားချတော့ စိတ်ဆိုးခံရတာဘဲ အဖတ်တ
မယ်မြတ်ရဲ့"

"ဟုတ်ပါတယ်လေ ဘယ်သူ့မှတရားပြနေ တိုက်တွန်းနေ
တာတွေ မလုပ်ပါနဲ့တော့၊ မောင် နဲ့ မြတ်ပဲ တတ်နိုင်သလောက်
ပြုစုလုပ်ကျွေးပြုစုလှူဒါန်း ကုသိုလ်ယူတာဘဲ ကောင်းပါတယ်လေ" ဒေါ်ခင်လှမြတ်က
ခင်ပွန်းသည်စကားကို ထောက်ခံသည်။



"မနက်ဖန် စနေနေ့နော်မြတ်၊ တနင်္ဂနွေနေ့ မနက်ဆွမ်းချိုင့်နဲ့
ရမှာဆိုတော့ မောင်တို့နှစ်ယောက်ပါ ဟိုမှာဘဲ ဆွမ်းပွဲကျ စားလိုက်ရ
င် ပိုချက်ပြီးပို့ထည့်ခဲ့၊ ရေချိုင့်ရော အချိုပွဲရော အားလုံးပေါ့"

"မြတ်စီစဉ်ထားတဲ့ပါတယ်မောင်"

"မနက်ဖန်မနက် ဆွမ်းပင့်ကျွေးရင် ဘုန်းတော်ကြီးကိုလည်း
က်အုံး၊ သဘက်ခါ ဆွမ်းခံမကြွဘဲ သီတင်းသုံးရာ ဇရပ်ကပဲ စောင့်
သေသေချာချာ လျှောက်နော်မြတ်၊ မောင်လည်း ရုံးမသွားခင်
ာက်ခဲ့အုံးမယ်"

"စိတ်ချပါမောင်ရေ ကဲ. . . ရေမိုးချိုးအုံးမြတ် ထမင်းပွဲ
သားလိုက်မယ်"

"ကောင်းပါပြီခင်ဗျာ၊ မြတ်အမိန့်အတိုင်းပါဘဲ"

❋ ❋ ❋ ❋ ❋

ထမင်းဟင်းပြည့်စုံလုံလောက်အောင် ထည့်ထားသော
ဆင့် ထမင်းချိုင့်ကြီးကို ဦးမြင့်ကျော်ကဆွဲကိုင်သည်၊ ကော်ဖီဖျော်
ထားသော ဓါတ်ဘူး၊ ရေပုလင်း၊ ကိတ်မုန့်၊ လက်သုတ်ပုဂံ၊ ငှက်ပျော
င်းပန်းကန်ပြား တစ်ချပ် ဟင်းပန်းကန်နှစ်လုံး လက်သုတ်ပုဝါ
ထားသော ကြိမ်ဆွဲခြင်းကြီးကို ဒေါ်ခင်လှမြတ်က ဆွဲကိုင်သည်။
က်ငယ်ရွယ်၍ အားခွန်ပြည့်ဖြိုးသည့် အခြေအနေမှာ ရှိနေသော
င့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့က ခြေလှမ်းသွက်သွက်ဖြင့် မြို့စွန်
ားငှတ်တို့ တန်ဆောင်းအို ဇရပ်ပျက်ရှိရာသို့ လာခဲ့ကြသည်။ ဘုရား
ာ်မြေကား ချုံနွယ်သစ်ပင်မြက်ရိုင်းတို့ဖြင့်ရှင်း၊ အလှေကျပေါက်နေ
ည့် ကြီးမားအုပ်ဆိုင်းသော နှစ်ချို့တောစာ သရက်ပင်ကြီးများ၊ တောင်
ပင်ကြီးများ၊ အမျိုးအမည်မသိရသော သစ်ပင်ကြီးများဖြင့် မှိုင်းမှိုင်း
ညို့ရီမှောင်၍ အရိပ်အာဝါသအေးမြသည်။ သာယာသော အသံဖြင့်
ကြွေးနေသော ကျေးငှက်ကလေးများ၏ အသံသည် မောင်နှံဖိုမ

ဒေါ်တရော်မြူးကြည်နူးလွမ်းဆွတ်ဘွယ်ကောင်းလှ၏။ သာသာညှင်းညှ ဆော်သွင်းသုတ်ဖြူးသော လေရူးအငွေ့မှာ တိုးဝေ့ထိခိုက်မိသေ သစ်ကိုင်းသစ်ရွက်တို့ အသံကလည်း ညှင်းညှံ့သာယာ နာပျော်ဘွ ကောင်းလှပေသည်။

ဤသစ်ပင် မှိုင်းမှိုင်းအုပ်အုပ် အောက်ဝယ် ဦးဆောက်ဂွှန်း လန်လဲလုမျှ ထင်မှားရသော ယိုင်နဲ့ပြုတ်ကျနေသော ဟောင်းနွ ဆွေးမြေ့နေသည့် တန်ဆောင်းအိုနှင့် ဇရပ်အိုကို ကြေကွဲဘွယ်တွေ့ နေရသည်။

ဒုက္ခိတ ဘုန်းတော်ကြီးအိုကား ပြိုပျက်နေသော ဇရပ်အနီ အုပ်ဆိုင်းနေသော တောင်သလဲပင်ကြီးအောက်ဝယ် သစ်ရွက်ခြော အနဲအကျဉ်း ပြန့်ကျဲနေသော မြေပြင်ပေါ်မှာ မလှုပ်မယှက် ငြိမ်သက် တင်ပြင်ခွေပြီး ထိုင်နေတော်မူသည်။ အကြည်ဓါတ် ပျက်သွားပြီဖြစ်သေ မှုန်မှိုင်းရီဝေသည့် မျက်လုံးနှစ်လုံးက မျက်နှာမူရာ ရှေ့တူရှုသို့ ဖွင့်ထာ သည်။ သို့ပါသော်လည်း ပတ်ဝန်းကျင်၏ သာယာကြည်နူးဘွယ်ရှုခင်း ကား ဤစက္ခုနှစ်ကွင်းက မခံစားနိုင်ရှာတော့ချေ။

"ဆောင်းဦး ပေါက်ချိန် ခြောက်ခြောက်သွေ့သွေ့ကလေးဆိုတေ ဘယ်နေရာမှာနေနေ ကိစ္စမရှိပေမဲ့ မိုးရာသီ လေတွေမိုးတွေနဲ့ စိုရွှဲချ အေးချိန်မှာ မျက်မမြင်ဒုက္ခိတ ပုဂ္ဂိုလ်တစ်ယောက်အဖို့ နေထိုင်အိပ်စ ရေးရော တစ်ထပ်စာ ဆွမ်းကလေးရအောင် ရှာဖွေရေးမှာရော ဘယ်လောက်အထိ ဒုက္ခကြုံရရှာလေမလဲ - ဘယ်လောက်ပင်ပန် ဆင်းရဲရှာလေမလဲ"

ဒေါ်ခင့်လှမြတ်နှင့် ဦးမြင့်ကျော်ဇနီးမောင်နှံ နှစ်ယောက်လုံး၏ စိတ်ထဲမှာ ပြိုင်တူလိုပင် တွေးမိကြသည်။ ဒုက္ခိတ ဘုန်းတော်ကြီး၏ အတွက် ရင်နာမိကြသည်။ စိတ်ဆင်းရဲမိကြသည်။

"တပည့်တော်တို့ ရောက်လာပါပြီဘုရား"



ယူဆောင်လာသော ပစ္စည်းများကို အသာအယာချခါ ုန်းတော်ကြီး ရှေ့တူရှုဝယ် ဇနီးမောင်နှံနှစ်ယောက် ကြုံ့ကြုံ့ယုံ့ယုံ့ထိုင် ၍သေစွာ ဦးချကန်တော့ပြီး ဦးမြင့်ကျော်က အသံပြုလျှောက် တင်လိုက် ည်။ ထိုအခါ မလှုပ်မရှက်ငြိမ်သက်နေသော ဘုန်းတော်ကြီးသည် ြိမ်နေသော မျက်တောင်ကို နှစ်ချက် သုံးချက်မျှ ခတ်လိုက်၏။

"အရှင်ဘုရားထိုင်နေတာကြာပါပြီလားဘုရား"

ဒေါ်ခင်လှမြတ်က မေးလျှောက်၏။ ဒေါ်ခင်လှမြတ်အသံ ကြား ဘုန်းတော်ကြီးသည် ကောင်းစွာကျတ်မှတ် မိဟန်တူသည်။

"အော်. . . သမီး. . ."

"ဟုတ်ပါတယ်ဘုရား"

ဒေါ်ခင်လှမြတ်ကလျှောက်တင်၏။

"အခုတင်ကအသံပြုတာ သမီးရဲ့ခင်ပွန်းလား"

"ဟုတ်ပါတယ်ဘုရား"

"အေး. . . အေး- ဒီနေ့မနက် ဆွမ်းခံမထွက်ရလို့ အရုဏ် က်ချိန်ကစပြီး ဒီနေရာမှာ ကမ္မဋ္ဌာန်းထိုင်နေခဲ့ရတော့ ဘုန်းကြီးအဘို့ ည်း အများကြီးအကျိုးရှိပါတယ်။ သမီးနဲ့သားအဖို့လည်း အများကြီး ာသိုလ်ရပါတယ်ကွယ်"

"တင်ပါ-တနင်္ဂနွေနေ့တိုင်း တပည့်တော်တို့အခု လိုလာပြီး ွမ်းကပ်ပါမယ်ဘုရား"

ဦးမြင့်ကျော်က လျှောက်ထားပြီး ဇနီးမောင်နှံနှစ်ယောက် ွမ်းဟင်းများပြင်ဆင်ကာ ဘုန်းတော်ကြီးကို ကပ်လှူသည်။

ဘုန်းတော်ကြီးသည် ဆွမ်းဘုဉ်းပေးနေကျအတိုင်း သေသ ်နှံ့ရှင်းစွာ မျှလောက်ရုံပင် ဘုန်းပေးတော်မူ၏။ ဆွမ်းဘုန်းပေးပြီး၍ ချိုပွဲဆက်ကပ်ပြီးသောအခါ ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ ်ဆက်တည်းပင် နံနက်စာ စားလိုက်ကြလေသည်။ စားသောက် သိမ်း

ဆည်းပြီးသောအခါ ဘုန်းတော်ကြီးကို ကြည့်လိုက်၏။ ဘုန်းတော်ကြီးသည် အိပ်စက်ငိုက်မျဉ်းလိုခြင်းမရှိဘဲ ငြိမ်သက်စွာပင် ထိုင်နေသည်

"အရှင်ဘုရား- ဆွမ်းခံရာက ပြန်ကြွလာတဲ့အခါ ဆွမ်းစားပြီး သောက်ရေ လက်ဆေးရေတွေကို ဘယ်လိုယူပါသလဲဘုရား"

ဦးမြင့်ကျော်က လျှောက်ထား၏။

"ဟောဟိုဇရပ်ကို အောက်ခြေအဆင့်ကလေးမှာ ဘုန်းကြီး အိပ်တယ်၊ ရေအိုးလေးတစ်လုံးရှိတယ်၊ ရေတွင်းက ဇရပ်ဟိုတစ်ဘက်သော မှာပေါ့၊ ဒီလိုဘဲ ကိုယ်တိုင်သွားလမ်းလာလမ်း အမှတ်အသားလုပ်ပြ ရေခပ်ထည့် ရတာပါဘဲ"

ဘုန်းတော်ကြီးက မိန့်ကြား၏။

"တပည့်တော်တို့ ဒီနေရာကို တစ်ခါမှ မရောက်ဘူးသေးလို့ လျှောက်ကြည့် လိုက်ပါအုန်းမယ်ဘုရား"

"ကောင်းပါပြီသား"

ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ ဘုန်းတော်ကြီးကို ကန်တော့ပြီး ဇရပ်ပျက်ရှိရာ လာခဲ့ကြသည်။ ဇရပ်၏အောက်ခြေ အဆင့်ကလေးဆိုသည်မှာ ဇရပ်မပျက်စီးမီက ဖိနပ်ချွတ်သဘော လုပ်ထားသော အဆင့်ကလေးဖြစ်သည်။ မြေပြင်မှ အထက်တစ်တောင်ကျော်လောက်မြင့်သည်။ ဇရပ်တစ်ခုလုံး ပျက်စီးနေသော်လည်း ထိုနေရာမှာ လူတစ်ယောက် အိပ်နိုင်ရုံလောက်မျှ ခိုင်နေသေးသည်။ ဇရပ်အမိုးသွပ်တွေမှာ သံချေးစား၍ စက္ကူပေါက်တွေသဖွယ် ဖြစ်နေသော်လည်း ထိုအဆင့်ကလေး အထက်ရှိ အမိုးနေရာမှသွပ်နှစ်ချပ်မှာ အခြားသွပ်တွေလောက် အပေါက်အပြဲမများဘဲ ဇရပ်ရှေ့နားမှာကပ်ပြီး အလေ့ကျ ပေါက်နေသော ပေါက်ပင်တပင်၏အရွက်ပိုင်းကြီးများ ပြည့်နေသည့် အကိုင်းတွေက အုပ်မိုးထားသည့်အတွက် မိုးရေလုံသည့် အနေအထားမျိုး တွေ့ရသည်။

အိပ်ရာတွင်ကား ဖောင်နွမ်း စုတ်ပြဲနေသော သင်ဖြူးဖျာ



ောင်းတစ်ချပ်နှင့် စောင်စုတ်အပိုင်းတစ်ခုခေါက်ပြီး ဖုံးထားသော းဆစ်ခေါင်းအုံးကိုသာ တွေ့ရသည်။ အိတ်ဟောင်းကြီးနှင့် ဖွတ်ထားသော တ်အမှတ် မြေအိုးကြီးနှင့် သင်ပုန်းခါးတစ်ချောင်း၊ လက်သုံးလုံးမျှ ရှိသော ဓါးသွေးကျောက်ငယ်တစ်တုံး၊ အဝတ်လျှော် ဆပ်ပြာကြမ်း တုံးကလေးတစ်တုံး ထည့်ထားသော ညစ်နွမ်းသည့် လွယ်အိတ်ကြီး က ဝါးဆစ်ခေါင်းအုံးကလေး ဘေးနားမှာရှိနေသည်။

ဤအဆောင် အယောင် အခင်းအကျင်းတွေကို မြင်ရသော ခါ စိတ်ထားနူးညံ့ရင်း အခံရှိနေသော ဒေါ်ခင်လှမြတ်သည် ်းတော်ကြီးကို သနားကြင်နာခြင်းဖြင့် မျက်ရည်ပင် ကျမိပေသည်။

"ဟောဒါက ရေခပ်တဲ့ပုံးပဲမြတ်ရဲ့၊ လာရေတွင်းဆိုတာ းကြည့်ရအောင်"

ဦးမြင့်ကျော်က အိပ်ရာခြေရင်းဘက်မှာရှိနေသော နှုတ်ခမ်း းတွေစုတ်ကွဲပြီး ကိုယ်ထည်က ပိန်ချိုင့်နေသည့် လျှော်ကြိုးတပ်ထား ာ ရေပုံးကိုပြခါ ဒေါ်ခင်လှမြတ်ကိုပြောသည်။ ဒေါ်ခင်လှမြတ်က က်ကိုင်ရိုးရှည်ရှည်တပ်ထားသော ရေမှုတ်အဟောင်းကို အဝမှာ ်ထားသည့် မြေရေအိုးကို တစ်ချက်ကြည့်ခါ ဦးမြင့်ကျော်နောက် က်လာခဲ့သည်။ ရေတွင်းကား နှုတ်ခမ်းအုတ်ဘောင်တွေ ပျက်စီးနေပြီ သော ရေတွင်းဟောင်းတစ်ခုဖြစ်၏။ ရေကမူ ကောင်း၍ သန့်ရှင်း ည်လင်လှသည်။ ဒုက္ခိတဘုန်းတော်ကြီးအို မျက်စိမြင်စဉ်က ြင်ထား ခဲ့ဟန်တူသော ရေချိုး၊ အဝတ်လျှော်သည့်နေရာကလေးကို ရ၏။

"သင်္ကန်းအပိုလည်း မတွေ့ပါဘူး၊ ဘုန်းတော်ကြီးကိုယ်မှာ ထားတဲ့ သင်္ကန်းကလည်း အရောင်အဆင်းပျက်ပြီး စုတ်တဲ့နေရာက တ်နေပြီ"

အဝတ်လျှော်သည့် နေရာကလေးကိုကြည့်ပြီး ဦးမြင့်ကျော်က င်မြင်ချက်ပေး၏။

"သပိတ်ကိုတောင်မှ မိုးသေးတာဘဲ။ သက်န်းကိုရော ချမ်း
ပေးမလား၊ အနိုးခံရလို့သာ အဝိုမတွေ့တာပေါ့မောင်၊ ဒါကြော
ဟိုလွယ်အိတ်ညစ်ကြီးထဲမှာ ချမ်းသာသမျှကလေး စုထည့်ပြီး ဆွမ်
ထွက်တိုင်း လွယ်လာခဲ့ရတာနဲ့တူပါတယ်"

ဒေါ်ခင်လှမြတ်ကပြော၏။

"နေရာကတော့ တန်ဆောင်းပျက် ဇရပ်ပျက်ကို မေ့ထား
ကြည့်မယ်ဆိုရင်တော့ တကယ်သာယာကြည်နူးစရာကောင်းတာ
မြတ်ရဲ့၊ ကဲ-လာ ဘုန်းတော်ကြီးဆီပြန်ပြီး စကားပြောကြ မေးလျှော
ကြရအောင်"

ဦးမြင့်ကျော်ကပြောပြီး ဇနီးမောင်နှံနှစ်ယောက် ပြန်လာခဲ့
သည်။ ဘုန်းတော်ကြီးကား ထိုင်မြဲတိုင်းအနေအထားအတိုင်းပင် မလှု
မယှက် နေရာမပျက်ပေ။

ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ တွေးထင်ယူဆသ
အတိုင်းပင် ယုတ်မာသည့် လူအချို့ကြောင့် ဘုန်းတော်ကြီးထ
ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ တွေ့မြင်ရသမျှ ပစ္စည်းသာလျှ
ကျန်ရှိတော့ကြောင်း ဘုန်းတော်ကြီးမိန့်ကြား၍ သိကြရသည်။

"အရှင်ဘုရား၊ အိပ်ရာအား ခင်းရဲလှပါတယ်၊ နေရာကလေ
မြင်ပြီး အိပ်ရာပစ္စည်းကို ပြည့်ပြည့်စုံစုံ တပည့်တော်တို့ လှူပါရစေဘုရား

ဦးမြင့်ကျော်ကလျှောက်၏။

ဘုန်းတော်ကြီးက လက်ကာပြပြီး မိန့်ကြား၏။

"မလှူနဲ့သားရယ် မျက်မမြင်ဒုက္ခိတက ဘာပစ္စည်းကိုမှ မြင်နိုင်
ထိန်းသိမ်းနိုင်တာ မဟုတ်တော့ သူများလာယူသွားမှာဘဲ၊ အဲဒီတော့
သားတို့စိတ်မှာ ကြည်လင်နိုင်မလား၊ ပစ္စည်းကုန်ပြီး စိတ်မကောင်
ဖြစ်ရလိမ့်မယ်၊ ဘုန်းကြီးပြောတာနားထောင်ပါ ခုလိုစိတ်စေတနာဖြ
တာကိုက ကုသိုလ်ရနေပါပြီ"



ဘုန်းတော်ကြီး မိန့်ကြားချက်ကလည်း ဟုတ်မှန်နေသည်ဖြစ်
ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့က လူမသမာတွေလက်ထဲ အကျိုးမဲ့
က်သွားမည့်ပစ္စည်း အသုံးအဆောင်ကို မလှူတော့ဘဲ ဤမြို့မှာ
ကို့ရှိနေသရွေ့ ဘုန်းတော်ကြီးအတွက် တစ်ထပ်တာမျှသော ဆွမ်းကို
တိုင်းကျွေးမွေးလှူဒါန်းနိုင်အောင် ကြိုးစားခြင်းကသာ အကျိုးရှိပေမည်
တွေးမိ၏။ ထို့ကြောင့် ပစ္စည်းအသုံးအဆောင် လှူရန်စကားကို
ဆက်တော့ဘဲ ဦးမြင့်ကျော်က လျှောက်ထားသည်။

"တပည့်တော်သိလိုတာ တစ်ခုလျှောက်ထားမေးမြန်းပါရစေ"

"ဘာများလဲသားရယ်-ဘုန်းကြီး သိတာဆိုရင် ပြောသင့်
ပြောအပ်တဲ့ ကိစ္စမှန်ရင်ပြောပါ့မယ်"

ဘုန်းတော်ကြီးက ပြန်လည်မိန့်ကြား၏။

"တပည့်တော်သိလိုတာက အရှင်ဘုရားရဲ့ ကိုယ်ရေးရာဇဝင်
ဘုရား"

ဘုန်းတော်ကြီးသည် ဦးမြင့်ကျော် မေးမြန်းလျှောက်ထားချက်ကို
ဘာရက် မတုံ့ပြန်သေးဘဲ စဉ်းစားသလို ငြိမ်သက်နေသည်။

ဦးမြင့်ကျော်က လျှောက်လိုက်တင်ပြန်၏။

"တပည့်တော် လျှောက်တင်ချက်ဟာ အရှင်ဘုရားစိတ်မှာ
အနှောင့်အယှက် ဖြစ်မယ်ဆိုရင်လည်း တောင်းပန်ပါတယ်ဘုရား"

ဘုန်းတော်ကြီးသည် မမြင်သော မျက်လုံးဖြင့်ငေးငိုင်တွေဝေ
သည်။ အလင်းရောင် ကွယ်ပျောက်နေပြီဖြစ်သော ဘုန်းတော်ကြီး၏
ျက်လုံးတွင် လွန်ခဲ့လေပြီးသော အတိတ်မှအရိပ်တို့သည် ပြိုပြင်မြတ်
သားစွာ ထင်မြင်လာဟန်တူသည်။ ဘုန်းတော်ကြီး၏ ပကတိ မျက်နှာ
သားသည် ညှိုးသွားရှာသည်။

"အင်း. . . လောကခံကို ကြုံကြုံခဲ့ပြီး တရားဘက်ကို စိတ်အာရုံ
က်လာခဲ့တာ ကြာပါပြီပေါ့သားရယ်၊ ဘုန်းကြီးမျက်စိလုံးဝ ကွယ်သွားတဲ့
အချိန်ကစပြီး အခုလိုဂရုတစိုက် လှူဒါန်းကျွေးမွေးတာဆိုလို့ သားနဲ့

သမီးကလွဲပြီး တစ်စုံတစ်ယောက်မှမရှိခဲ့ပါဘူး။ ဘုန်းကြီးရဲ့ ကိုယ်
ရာဇဝင်ကိုလည်း ဘယ်သူကမှ ဂရုတစိုက် မေးမြန်းမယ့် လူလည်း မ
ပေါက်ခဲ့ဘူး။ ဒီမြို့ကလူတွေကတော့ မြို့ပိုင် ဦးသက်ဆွေရဲ့အ
ဦးစောသက်ဆိုတဲ့အဖိုးကြီး ဒီမြို့ကို ဦးသက်ဆွေပြောင်းရွှေ့
လိုက်ပါလာတယ်၊ ဒီဘုရားငုတ်တိုကို မကြာခဏ ပေါင်းမြက် သုတ်
တတ်တယ်၊ မကြာခင် သက်နီးဝတ်ပြီး ဒီဘုရားငုတ်တိုဇရပ်အိုမှာ
တရားအား ထုတ်နေခိုက် မျက်စိနှစ်ကွင်းအလင်းကွယ်ပြီး ဒုက္ခ
အကန်းကြီးဘဝရောက်သွားတယ်၊ သားဖြစ်သူ မြို့ပိုင်က ပြောင်း
သွားတော့ မခေါ်ဘဲ ပစ်ထားခဲ့တယ် ဆိုတာလောက်ပဲ သိကြတာ
သားရယ်၊ အတွင်းအကျကျအဖြစ်ကိုတော့ ဘယ်သူမှ သိကြမယ်မဟုတ်
ဘူး. . . "

ဘုန်းတော်ကြီးက တုန်ရီလေးတွဲ့သော အသံဖြင့် နား
နေနေမိန့်ကြားသောအခါ ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့
ဘုန်းတော်ကြီး၏ဘဝဖြစ်စဉ်ကို ပိုမိုသိလိုကြပြန်သည်။

"တပည့်တော်တို့ သိပါရစေ မိန့်ကြားပါဘုရား"

ဦးမြင့်ကျော်က လျှောက်၏။

ဘုန်းတော်ကြီးသည်အတန်ကြာမျှ ငေးနေတွေးနေတော်
သည်။ ဘုန်းတော်ကြီး၏ စိတ်အာရုံသည် လွန်လေပြီးသော အတိ
ကာလသို့ ပြန်ရောက်သွားတော်မူသည်။

သားဖြစ်သူ မောင်သက်ဆွေ အသက်ရှစ်နှစ် အရွယ်မှာ
ချစ်လှစွာသော ငယ်ပေါင်းဇနီးကွယ်လွန်သွား၍ မုဆိုးဖိုဖြစ်ခဲ့ရသော
ဦးစောသက်သည် သားကလေးကို ငဲ့ကွက်ယောက်ယားခါ နောက်အိ
ထောင်မထူတော့ဘဲ အေးအေးပင် နေလာခဲ့သည်။ လယ်မြေတွေ မြော
များစွာ ပိုင်ဆိုင်ထားသော မြေရှင်သူဌေး တစ်ယောက် ဖြစ်သဖြ
ဦးစောသက်၏ အိမ်ရှင်မအဖြစ်ကို အမျိုးသမီးတော်တော် များများကပ
လိုလားတောင့်တကြသော်လည်း ဦးစောသက်သည် အိမ်ထောင်သ



ရန်ကို လုံးဝစိတ်မကူးတော့ချေ။ သူ့ဘဝအဘို့ ချစ်ခင်စုံမက်မြတ်နိုး
သမှုဟူသမျှကို သားကလေး မောင်သက်ဆွေအပေါ်မှာသာ ပုံချ
ခဲ့လေသည်။

ဦးစောသက်သည် သားမောင်သက်ဆွေ ဆယ်တန်းစာမေးပွဲ
အောင်မြင်ပြီး၍ တက္ကသိုလ်သွားသောနှစ်မှာ သူ့လယ်မြေတွေကို
ရောင်းချပစ်ရန် စိတ်ကူးပေါ်လာသည်။ ဦးစောသက်၏ ပညာအရည်
အချင်းမှာ ရှေးခေတ်ဘုန်းတော်ကြီး ကျောင်းထွက်မျှသာဖြစ်၍
ခေတ်ပညာ အင်္ဂလိပ်စာကို မတတ်သော်ငြားလည်း သတင်းစာ၊ ဂျာနယ်
စာအုပ်များ ဟူသမျှ မလွတ်တမ်း ဖတ်ရှုခြင်း ဗဟုသုတရှိခြင်း၊ အမြော်အမြင်ကို
ကြီးစွာ မြော်မြင်ခြင်းဖြင့် လယ်မြေတွေကို ရောင်းချရန် စိတ်ကူး
ရခြင်းဖြစ်သည်။ ထိုစိတ်ကူးကို အကောင်အထည်ဖော်လေသည်။
လယ်မြေတွေ ရောင်းချပြီးစီး၍ ရရှိလာသော ငွေတွေကိုလည်း ငွေအတိုင်း
ထားခဲ့ချေ။ သုံးလောက်စွဲလောက်ရုံမျှချန်ပြီး ရွှေတွေ စိန်တွေကိုသာ
ဝယ်ထားခဲ့သည်။ ထိုခေတ်အချိန် ပဋ္ဌမတန်း ရွှေတစ်ကျပ်သားမှ
ငါးဆယ့် ငါးကျပ် ခြောက်ကျပ်မျှသာ၊ ပဋ္ဌမတန်း စိန်တစ်ရတီမှ
ခြောက်ဆယ် မျှသာ။

မောင်သက်ဆွေ တက္ကသိုလ်ရောက်ပြီး တစ်နှစ်မျှကြာလျှင်ပင်
ဒုတိယကမ္ဘာစစ်ကြီးက ဖြစ်လိုက်၏။ ဦးစောသက်အဘို့ ဝန်ကျဉ်းဝန်ပေါ့
သော ရတနာထုပ်ကို သိုသိပ်စွာပိုက်ပြီး သားအဖနှစ်ယောက် အေး
အေးဆေးဆေး နေနိုင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပြီးသောအခါ
မောင်သက်ဆွေက တက္ကသိုလ်ပြန်တက်သည်။ ဦးစောသက်က သူနား
ထောင်တတ်ကျွမ်းခဲ့သော ဆန်စပါးအကြောင်း အသုံးပြုကာ စပါးပွဲစား
လုပ်ခဲ့၏။ ပွဲစားလုပ်သည်ဆိုသော်လည်း အခြားပွဲစားများကဲ့သို့ မတရား
သဖြင့် ပွဲခယူခေါင်းပုံဖြတ်ခြင်း မပြုခဲ့ဘဲ ပင်ကိုယ်က သနားကြင်နာသော
သဘော်ကောင်းစိတ်ရှိသူဖြစ်သည်အလျောက် ပွဲခကို အခြားသူများထက်
လျှော့ယူသည်။ ဆင်းရဲသော လယ်သမားတွေဆိုလျှင် ပွဲခပင်မယူ

သူ့စရိတ်သူစားပြီးအခမဲ့ကူညီရောင်းချ ပေးခဲ့သည်ဖြစ်ရာ အိတ်ထဲကချ
စိုက်ထုတ်ကုန်ကျခဲ့ရသည်။

တက္ကသိုလ် ရောက်နေသော မောင်သက်ဆွေက လ
ပညာကို ကြိုးစားခြင်းမရှိဘဲ စာမေးပွဲကိုတန်ဖွတည်းရှုံးနေသည်။ စာမေ
ရှုံးသော်လည်း အသုံးအဖြုန်းကိုကား မလျှော့ချေ။ လယ်မြေ
ရောင်းထား၍ အတွင်းပစ္စည်းမြောက်မြားစွာရှိနေသည် စပါးပွဲ
အလုပ်ဖြင့် ဝင်ငွေရှိသည်ဟူ၍သာ စွဲစွဲမြဲမြဲမှတ်ထားပြီး အားပါးတရ
သုံးဖြုန်းနေတော့၏။ ဦးစောသက်ကား ချစ်လှစွာသောသားကို မ
ဆီးရက်မဆူပူရက် ငါအသက်ကြီးရင့်၍ အိုမင်းမစွမ်းဖြစ်လာလျှင်
သားကိုပင် အားကိုးရမည်ဟူသော မြော်လင့်ချက်ကြီးဖြင့် သားတော
သမ္ဘာငွေကို မငြိုမငြင်ပို့နေခဲ့သည်။ ထိုအခါ ဦးစောသက်
ရတနာအထုပ် ကားတစ်တစ်စ လျော့ပါးလာခဲ့လေသည်။

"အမေ. . . ကျွန်တော် ကျောင်းနေရတာ ငြီးငွေ့လာ
စာမေးပွဲမအောင်မဲ့တူတူထွက်တော့မယ်"

အတူနေခဲ့သော သူငယ်ချင်းတွေက ဘွဲ့တွေဒီဂရီတွေ ရှိ
အရာရှိအရာခံတွေ ဖြစ်နေသောအခါ၊ ကျောင်းဆွေးဆွေး ငါဆွေး
နေရသည်ကို အလိုလိုရှက်လာသော မောင်သက်ဆွေက စိတ်ပျက်လ
ပျက်ပြော၏။ ဦးစောသက်က သားကိုတစ်ခွန်းမှ မဆူရက်ချေ။

"သားက အိုင်အေ အောက်တန်းကလေး သာအောင်ထား
ဘာလုပ်မယ်များ စိတ်ကူးလဲကွယ်"

ဖခင်က အိုင်အေ အောက်တန်းကလေးသာ အောင်ထားသ
ဟု ပြောသောစကားသည် သူ့ကိုနှိမ်ပြောသည်ဟု မောင်သက်ဆွေ
ထင်၏။ ထို့ကြောင့် မျက်နှာက တင်းသွားသည်။

"အဖေက ကျွန်တော့်ကို နှိမ်ပြောတာလား"

မောင်သက်ဆွေ အသံကမာသည်။

"နှိမ်တာမဟုတ်ပါဘူးသားရယ်။ မင်းပညာနဲ့မင်း ရွေ့



...က် ဘာအလုပ်မျိုး စိတ်ကူးမလဲမေးတာပါ၊ သားကို အဖေဘယ်
...က် ချစ်တယ်ဆိုတာ သိတယ်ဟုတ်လား" ဦးစောသက်က လေပြေ
...သံဖြင့်ပြော၏။

"ဘာလုပ်စရာလိုသေး အဖေ့ပစ္စည်းတွေ မကျွေးချင်တော့လို့
...လုပ်နိုင်းတာလား၊ မသဒ္ဓါရင် တစ်ပြားမှ ကျွန်တော်မစားဘူး"

အောက်ကလည်း နေသေး ဟိုခင်းလည်း မလျှော့ဘူးဟူသော
...ပုံအတိုင်း မောင်သက်ဆွေက ဖခင်ကို မိုက်မိုက်ရိုင်းရိုင်းပြင်
...သည်။ သို့သော် သားတို့ရှုပ်ရည် သိတာမည်သား ဟူသည့် အတိုင်း
...သက်ကား သားကိုလုံးဝ စိတ်မကွက်နိုင်ရှာပေ။

"သဘောပါသားရယ် အလုပ်လုပ်ချင်လုပ် မလုပ်ချင်နေ
...ဘာမှ မပြောပါဘူး၊ သားစိတ်ချမ်းသာရင် ပျော်ရင် အဖေ စိတ်ကျေ
...တယ်"

ဦးစောသက်က အလျှော့ပေးလိုက်သည်။

မောင်သက်ဆွေသည် အလုပ်မလုပ်ဘဲ ကြော့ကြော့ မော့မော့
...တ်လိုက်စားလိုက် သုံးလိုက်ဖြုန်းလိုက်ဖြင့် ပျော်ပျော်ရွှင်ရွှင်ပင်
...သည်။ ရုပ်ကလည်းချော ပစ္စည်းဥစ္စာအတွက်ကလည်း ပူပန်စရာ
...သော မောင်သက်ဆွေသည် ချစ်သူရည်းစားရှိလာခဲ့သည်။

"အဲဒီမိန်းခလေးတော့ အဖေသဘောသိပ်မကျဘူးသားရယ်"

မောင်သက်ဆွေ၏ ချစ်သူရည်းစား မိန်းခလေးကို တစ်မြို့တည်း
...ခဲ့၍ အကြောင်းစုံသိပြီးဖြစ်သော ဦးစောသက်က သားကိုပြော၏။

"ဘာ-အဖေက ဘာဖြစ်လို့ သဘောမတူတာလဲ"

ထုံးစံအတိုင်း မောင်သက်ဆွေက မောက်မာစွာပင် ပြော၏။

"ဒီမိန်းခလေးအကြောင်းက လူတိုင်းလိုလို သိနေကြတာဘဲ
...ရဲ့ သဘောတူနိုင်စရာ ရှိမလား"

"နေပါအုန်း အဖေ့စကားက ဘာအဓိပ္ပါယ်လဲ၊ တင့်အကြောင်း
...တိုင်းလိုလို သိနေတယ်ဆိုတော့ တင့်ကအကျင့်စာရိတ္တ ပျက်စီးနေလို့
...ား အခြေအနေမရှိ အုတ်ကြား မြက်ပေါက်လားအဖေ"

"သားပြောသလိုတော့ တစ်ခုမှမဟုတ်ဘူးကွဲ့။ သူ့သတင်း
တစ်မျိုး"

"ဘာသတင်းတစ်မျိုးလဲ ကျွန်တော်သေသေချာချာသိ
တင့်ဟာ ဆွေကြီးမျိုးကြီး အမေမုဆိုးမကြီးရဲ့ တစ်ဦးတည်းသော
သူ့ဘိုးအေက ဒီမြို့မှာထိပ်ထိပ်ကြဲ မြို့မျက်နှာဖုံး ဂုဏ်သရေရှိ
တင့်ကရုပ်ချောတယ်၊ ပညာတတ်တယ်၊ ဘယ်ယောကျ်ားလေ
မသိမကျွမ်းဘူး အရောမဝင်ဘူး၊ အနေအထိုင် ကျကျနရှိတယ်၊
ရည်းစားဆိုလို့ ကျွန်တော်တစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲထားတယ်၊
အဖေကဘာသဘောနဲ့ ဘယ်လိုသတင်းတစ်မျိုးလို့ပြောရတာလဲ

မောင်သက်ဆွေက မခံမရပ်နိုင် ဆတ်ဆတ်ခါမျှ ပြော
"အေးလေ. . . သားပြောတာတွေအားလုံးဟုတ်ပါတ
အဖေပြောတဲ့ သတင်းတစ်မျိုး ဆိုတာကိုလဲ နားထောင်ပါအုန်းလေ.

မောင်သက်ဆွေက စိတ်နှင့်မာန်နှင့် ပြောသော်ငြား
ဦးစောသက်ကမူ အေးအေးဆေးဆေးပင်ပြောသည်။

"အင်း. . . ပြောပါအုံး"

မောင်သက်ဆွေက မထေမဲ့မြင်မေး၏။

"ဒီမိန်းကလေးက သိပ်မိုက်ရိုင်းတယ် သားရဲ့၊ လူကြီး
လူငယ်ရယ် ပြောသင့်တဲ့လူ၊ မပြောသင့်တဲ့ လူရယ်လို့ မခွဲ
သူ့စိတ်မထင်ရင် နစ်နစ်နာနာ မိုက်မိုက်ရိုင်းရိုင်း ပြောတတ်တယ် သူ့
သူ့ဘိုးအေ သူ့အဒေါ်တွေကိုဆိုတာ မကြားဝံ့ မနာသာ ဆဲဆိုတာ
သူ့ဘိုးအေနဲ့ သူ့အမေကိုရော အဒေါ်တွေကိုရော ပေးစား ယုတ်
ဆဲတာတွေ အမေမကျန်းမမာ နေထိုင်မကောင်းဖြစ်ရင် ကြည့်ရှုပြု
မရှိဘဲ ပစ်ထားတာတွေကို သားသိရဲ့လား၊ သူ့ဆွေးသားအရင်း
တွေကိုတောင် ဒါလောက်မိုက်ရိုင်းနေ ပစ်ပယ်နေရင် အဖေလို
မတော်ရုံတော်ရတဲ့လူကို ဘယ်လိုမြှုမယ်ဆိုတာ သားစဉ်းစားပါ
သားနဲ့ပတ်သက်လာပြန်တော့ အဖေ သေခန်းပြတ်နေနိုင်မှာလ



ဘူး၊ ပြောသင့်ပြောထိုက် ဆက်သွယ်သင့်ဆက်သွယ်ထိုက်တဲ့
တွေမှာ အဖေပြောမိ ဆက်သွယ်မိရင် အဖေအဘို့ စိတ်ဆင်းရဲ
တွေဖြစ်လာမယ်ဆိုတာ သားစဉ်းစားစမ်းပါလားသားရယ်. . ."

ဦးစောသက်က တောင်းပန်သလိုလို ဖျောင်းဖျပယ်ဖျက်
လိုပြောသည်။ သို့သော် မောင်သက်ဆွေက ခါးခါးသီးသီးငြင်း၏။

"အဖေသဘောမတူတိုင်း တွေ့ရာတွေ့မပြောနဲ့ဗျာ၊ သူ့သစ္စာရှိ
ကျွန်တော်လည်း သစ္စာစောင့်မယ်၊ သူကလွဲပြီး ဘယ်သူ့မှ မယူဘူး"

မောင်သက်ဆွေက အသံမာမာဖြင့် ပြောပြီး ဖခင်အနားမှ
ည်မသာဖြင့် ထွက်ခွာသွားသည်။ ဦးစောသက်သည် သားကို
က လေးလံသော သက်ပြင်းကိုသာ ချလိုက်မိရှာတော့၏။

ဦးစောသက်က မည်မျှပင် သဘောမတူနိုင် ဖြစ်နေစေကာမူ
ဘခင် မိခင်သေဆုံးသွား၍ အားကိုးရာမဲ့ ကျန်ရစ်သူတင့်ကို
သက်ဆွေက ချစ်ခင်မြတ်နိုးရင်းစွဲရှိရာမှ သနားကြင်နာခြင်းက
ကလာသည့်အတိုင်း အဆမတန်သော ချစ်ခင်မြတ်နိုးခြင်းဖြင့်
ပိုက်တွေး အားပေးရာမှ နယ်ကျံခါ လွန်လွန်ကျူးကျူး ဖြစ်ကုန်
တော့သည်။

"ကျွန်တော်တို့တော့ မယူရင်မဖြစ်တဲ့ အခြေအနေမျိုး
က်နေပြီအဖေ"

မောင်သက်ဆွေက ဖခင်အား ရဲရဲဝံ့ဝံ့ပင် ပြောသည်။

မည်သည့်နည်းနှင့်မှ ဖခင်စကားကို နာခံမည်မဟုတ်တော့
သားကို သတိပေးစကား တစ်ကြိမ်ပြောပြီးသည့်နောက် ဖခင်၏
းကို နားထဲဝေး၍ ဘယ်ထဲမှမထည့်ဘဲ တင့်နှင့် ဆက်သွယ်မြဲတိုင်း
သွယ်နေသောသားကို ဦးစောသက်က လေကုန်ခံမပြောတော့ဘဲ
နေလွှဲနေခဲ့ရာမှ ယခု လူငယ်ချင်း လွန်ကျံသော အခြေအနေ
ကြောင်း မောင်သက်ဆွေက ဖွင့်ပြောသည်။ ဦးစောသက်ကမူ
ပြန်မပြောဘဲ သားမျက်နှာကိုသာ ငေးစိုက်ကြည့်နေသည်။

မောင်သက်ဆွေကို မာမာတင်းတင်းပင်မေး၏။

"ဒီမိန်းကလေးရဲ့ စိတ်သဘောထားကို သားသတိ
အကဲခတ်နိုင်အောင် အဖေကြိုတင်ပြောထားရက်နဲ့ အခုလို အဖြေ
ဖြစ်အောင် ဖွတ်တိုးတာကိုတော့ အဖေစိတ်မကောင်းတာ အမှန်ဘဲသ
ါပေမဲ့ အဖေလူစိတ်ရှိပါတယ်၊ အဖေ့မှာ သမီးတစ်ယောက်မှ မ
ထားပေမဲ့ အဖေသမီးချင်း စာတတ်ပါတယ်။ အဖေ အသက်
ချစ်တဲ့သားကို မပြတ်နိုင်သရွေ့တော့ အဖတ်တင်အောင် ဘာစကာ
အဖေမပြောလိုတော့ပါဘူး၊ တတ်နိုင်သလောက် တင့်တင့်တယ်တယ်
အောင် အဖေကြည်ကြည်ဖြူဖြူဘဲ လက်ထပ်ပေးပါမယ်၊ သာ
သဘောကျတဲ့ ရက်ကိုသာပြောပါ"

တင့်သည် ရှပ်ရည်ချောမောလှပသည်နှင့်အမျှ နှုတ်ဖျ
ကြမ်းတမ်းကာ မိုက်ရိုင်းသောစိတ်သဘောထားရှိကြောင်းကို အသေအ
သိထားပြီးသော ဦးစောသက်က စိတ်ဆင်းရဲမှုကို ထိန်းချုပ် ပြီးပြောသ

"သဘောကျတဲ့ရက်ဆို ခပ်မြန်မြန်မှဖြစ်မှာအဖေ၊ ကျွန်တော်
ရှောင်တိမ်းနေမလားထင်ပြီး တင့်သိပ်စိတ်ပူနေတယ်။ သူ့ စိတ်ချမ်း သ
အမြန်ဆုံးဖြစ်စေချင်တယ်။ အခုဆယ်ရက်အတွင်း ဖြစ်အောင် အ
ဆောင်ရွက်ပေးပါနော် အဖေ"

ဦးစောသက်က နှုတ်ကမဖြေ ဦးခေါင်းသာညိတ်ပြလို
တော့သည်။

"ကျေးဇူးတင်ပါတယ်အဖေ၊ အဖေက မင်္ဂလာမဆောင် မေ
ကျွန်တော်တို့က ရုံးတက်လက်မှတ်ထိုးယူမှာပါ၊ ဝတ္တရားအတိုင်း
အဖေ့ကိုအသိပေးပြောရတာ"

မောင်သက်ဆွေစကားတွေက ဦးစောသက်ရင်ဝကို ဖဓ
ဖြင့်ပေါက်နေသလို ဦးစောသက်ခမျာ ခံစားနေရရှာသည်။ သူပြောလို
ပြောပြီး စိတ်ကျေနပ်မှုရသွားသော မောင်သက်ဆွေက ကြော့ကြော့
မော့ ဝတ်စားဆင်ယင်ပြီး အိမ်ပေါ်မှ ဆင်းသွားလေသည်။ ဦး



က်မှာကား မောင်သက်ဆွေ ဆင်းသွားလျှင်ပင် သိမ်းထားသော
ာနာထုပ်ကို ဖြေကြည့်လိုက်သည်။ ရတနာထုပ်ကားလျော့ပါးခဲ့သည်မှာ
ာပြီဖြစ်ရာ ငါမသေခင် တစ်သက်တာမှာစားလောက်အောင်မှ
န်ပါတော့မည်လားဟု ဦးစောသက်ရင်လေးစွာ တွေးရင်းကပင်
းမင်္ဂလာဆောင်အတွက် ကုန်ကျမည့်ငွေကြေးရရန် ဤရတနာထဲ
င် ထုခွဲရပေဦးမည်ဖြစ်၍ ရောင်းချရန်လွယ်ကူမည့် ပစ္စည်းအချို့ကို
က်ယူလိုက်လေသည်။

❋ ❋ ❋ ❋ ❋

မောင်သက်ဆွေနှင့် တင့်တို့ လက်ထပ်မင်္ဂလာပွဲကား တင့်တင့်
ယ်တယ်ပင် ပြီးစီးသွားသည်။ ဦးစောသက်က လက်ဖွဲ့ပေးကမ်း
က်သည့် ပစ္စည်း၊ တင့်ဘက်က ပါလာသည့်ပစ္စည်းဖြင့် ကြင်စဦး ဇနီး
ောင်နှံနှစ်ယောက်သည် ရေခဲတုံးပေါ် ထိုင်နေရသလို အေးချမ်းလှ၏။
မောင်သက်ဆွေကလည်း တာဝန်ယူစရာ ဘာအလုပ်အကိုင်မှမရှိ၍
င့်အိမ်ကြီးပေါ်မှာ ဇနီးမောင်နှံနှစ်ယောက် အချိန်ရှိသ၍ လွတ်လပ်စွာ
ပျော်ပျော်ရွှင်ရွှင်နေကြသည်။ အလည်အပတ်ထွက်ကြသည်။ သုံးဖြုန်း
းသောက်ကြသည်။ ထမင်းချက်အစေခံ ငှားထားသည်။ ပေါ့ပေါ့ ဆဆ
ားသည့် လက်ဝတ်လက်စားကို အစေခံက ခိုးပြီး ထွက်ပြေးသည်။
နောက် တစ်ယောက်ငှားသည်။ ထိုနောက်တစ်ယောက်က မီးဖိုချောင်
ပစ္စည်းကို အမြင်ကပ်ထုတ်သည်။ ထိုနောက် တစ်ယောက်ငှားပြန်သည်။
ထိုနောက် တစ်ယောက်က စည်းကမ်းမဲ့စွာ ပျက်စီး ကုန်ခန်းအောင်
လုပ်သည်။

ဝင်ငွေမရှိဘဲ စည်းစိမ်ခံနေကြသော ဇနီးမောင်နှံတို့ပစ္စည်းမှာ
ည်းမျိုးစုံဖြင့် ကုန်ခန်းလာသောအခါ နောက်ဆုံးတွင် နေထိုင်သော
အိမ်တစ်လုံးသာ ကျန်တော့၏။ ထိုအခါ. . .

"မောင့်အဖေဆီမှာ သွားတောင်းချေ။ အဘိုးကြီးက ကပ်စေး
နဲပြီး အထုပ်ကြီးကိုတောင်မှ မောင့်အမြင်ခံရဲ့လား တော်တော်ကြာ

နောက်မယားကလေးယူသွားလို့ မောင်တောင်းလောင်း ကျ
သူတောင်းစားဘဝရောက်နေမယ်"

ဟူသော သာယာနာပျော်ဖွယ်စကားလုံးသည် ချောမော
တင့်၏ လှပသောနှုတ်ခမ်း နှစ်လွှာအကြားမှ ထွက်ပေါ်လာသ
မောင်သက်ဆွေကမှ နားဝင်ချိုသည်သာ'. . .

"အေးပါ. . . မောင်တစ်ချက်တောင်း မရှိပါဘူး။ အ
ကြီးတော့ မောင်ကောင်းကောင်းနိုင်တယ်၊ စိတ်ချတင့်"

ချစ်မယား ဝမ်းသာအားရဖြစ်စေရန် အာမခံခဲ့ပြီး မောင်သ
ဆွေက ဖခင်ထံရောက်လာသည်။

"အဖေ. . . ကျွန်တော်တို့ ငွေအသုံးလိုလို့ လာတော
တာ. . . ငွေနှစ်ထောင်လောက် ပေးလိုက်စမ်းပါ"

နေ၍လည်းမကောင်း။ စိတ်ကလည်း မကောင်းဖြင့် အိမ်
ခန်းပက်လက်ကုလားထိုင်ပေါ်မှာ ခွေယိုင်ဖျော့တော့စွာ လျော
ထိုင်နေသော ဖခင်၏ ပိန်ချုံးနွမ်းနယ်သော မျက်နှာကို မောင်သက်ဆွေ
မြင်သော်လည်း ဂရုစိုက် မေးမြန်းခြင်းမပြုဘဲ သူချစ်ဇနီးအလိုကျ
ရရန်ကိုသာ အာရုံစိုက်ပြီး ခရီးရောက်မဆိုက် ထိုင်ပင်မထိုင်သေး
ပြောလိုက်သည်။ ဦးစောသက်က ကြောင့်ကြမှုနိုင်လှသော သား
အမူအရာကိုကြည့်ရင်း စိတ်ထဲမှာ မကောင်းဘဲဖြစ်လာသည်။ သားလိ
နှင့်ချွေးမလိမ္မာတို့ အလိမ္မာလွန် အပျော်လွန်ကြသည့်အတွက် ရွှေကျော
ပြောင်ပြောင် ဆွမ်းခေါင်ခေါင်အဖြစ်မျိုး ရောက်နေသည်ကို အလုံ
ကြားသိပြီးဖြစ်၏။ မောင်သက်ဆွေ လက်ထပ်ပြီးသည်မှာ နှစ်နှစ်ကျော်
လေးလပင် စွန်နေခဲ့သော် အချိန်ဝယ် သားနှင့် ချွေးမသည် ဖ
ဦးစောသက်၏အိမ်ကို တစ်ခါသာလာဘူးသည်။ ၎င်းလာဘူးသ
တစ်ခါကလည်း ဖခင်ဟူ၍ အသိအမှတ်ပြုသည့် စိတ်ဖြင့် လေးလေး
စား သဘောထားလာခြင်းမဟုတ်ချေ။ ဦးစောသက်အိမ်နှင့် တစ်လမ်းခြ



...ခံအိမ်၏ အလှူကမိတ်သဖြင့် ဇနီးမောင်နှံ ယှဉ်တွဲပျော်ရွှင်စွာ
...င်းက မောင်သက်ဆွေမိခင် မသေဆုံးမီက ဝတ်ဆင်ခဲ့သော
...တ်ယက် လွန်းရာကျချိတ်ထမီတွေကို တင့်ကလိုချင်သည်ဆို၍
...သားနှစ်ယောက် ဝင်လာခြင်းဖြစ်သည်။

"သားရယ်. . . မင်းအမေထမီဆိုတာ မင်းခေါင်းပေါ်
...သားထိုက်တဲ့ပစ္စည်း၊ ရတနာသုံးပါးနဲ့ ပတ်သတ်တဲ့နေရာမှာ လှူထိုက်
...ည်း၊ ဘိုမင်းမစွမ်း ဖြစ်နေတဲ့ ဘိုးဘွားတွေကိုသာ လှူထိုက်တဲ့ ပစ္စည်း
...လောက်တော့ သားစဉ်းစားမိဘို့ ကောင်းပါတယ်။ မင်းမိန်းမ ဝတ်ဖို့
...ယ်ဆိုတာတော့ လုံးဝမသင့်လျော်လို့ အဖေမပေးနိုင်ဘူး ကွယ်. . ."

ဦးစောသက်က လေသံစကားလုံး ချိုသော်လည်း ယတိပြတ်
...ွင်း လင်းလင်းပြောလိုက်သည်။ ၎င်းသို့ ပြောလိုက်ပြီးသည့်နေ့နောက်
...၍ သားနှင့်ချွေးမပေါ်လာတော့ချေ။ ဝါဝင်ဝါထွက်အခါနိုင်အခါ
...များမှာ ချွေးမက အဖိုးတန် စားကောင်းသောက်ဖွယ်တွေ အကျီ
...ည်တွေ ဝယ်ခြမ်းပြီး သွေးသားတစ်စက်မှ မတော်စပ်ဘဲ မွေးကာ
...င်းစားနေသူသက်ကြီးတို့အား လင်မယားနှစ်ယောက် တစ်ရှိ တစ်သေ
...တော့ပူဇော်ကြသည့် သတင်းတွေကိုလည်း ဦးစောသက်က
...ပြီးဖြစ်သည်။ ဖခင်ဟူ၍ ယနေ့ထက်တိုင်လာရောက် ကန်တော့
...လည်းမရှိ။ သစ်သီးတစ်လုံး၊ ဟင်းတစ်ခွက်၊ မုန့်တစ်ဖွဲ့ပင် ပေးကမ်း
...ခြင်းမရှိချေ။

အခြားသက်ကြီးတွေကို သွားကန်တော့သည်မှာလည်း တုသိုင်
...ချင်သည့် လေးနက်သော စိတ်စေတနာရှိ၍ ကန်တော့ခြင်း မဟုတ်ဘဲ
...င့်ခါနှုတ်မှ. . .

"သားနဲ့ချွေးမအပေါ် စေတနာယုတ်တဲ့ ယောက္ခမကြီး
...ကြောင့်သွားကန်တော့ရမှာလဲ။ ဒင်းကိုအရေးမလုပ်တဲ့အကြောင်း
...ကြောင်ကျကျအရွဲ့တိုက်ချင်တယ်။ ဒါဘဲနော်မောင်- တင့်ကန်တော့ချင်တဲ့
...ကို သွားကန်တော့မယ်မောင်ပါလိုက်ခဲ့. . ."

ဟူ၍ ချိပ်ထမီမရသည့်ကိစ္စ အပြီးထားပြီး မိုက်ရိုင် ပြောသည်ကို မောင်သက်ဆွေက နာရကျင်ရကောင်းမှန်းမသိ ဖခ ငဲ့ညှာအားနာ ရကောင်းမှန်းမသိ မယားအလိုကျသာ လိုက်လျော၍ မယားခြေရာနင်းပြီး ဖခင်အပေါ် မိုက်ရိုင်းခဲ့သည်။

ယခုသော် နှိုသမျှပစ္စည်းပြောင်သောအခါ ဖခင်ကိုအရွဲ့ မိုက်ရိုင်းပြီး သူတို့ ကန်တော့ ခံခဲ့သော ပုဂ္ဂိုလ်တွေက ငါးပြ တစ်စေ့ပင် ပေးကမ်းထောက်ပံ့ခြင်း မရှိသောအခါ ဖခင်ထံကို လာနိုက်သည်။ ငွေလာနိုက်သော စကားကလည်း ပေးကမ်း သောစိတ်ပေါ် လာအောင်ပင် သာယာနာပျော်ဘွယ်ရှိလှပါပေ သို့သော် ဦးစောသက်ကား စိတ်မကောင်းဖြစ်ရှဲသာဖြစ်သည်၊ သာ စိတ်နာကျည်းခြင်းကား မဖြစ်ရှာပေ။

"အဖေ့မှာ အခုငွေသုံးရာလောက်ဘဲ ရှိတယ်သား။ အမေ ချက်ပြုတ်ကျွေးမွေး ပြုစုပေးနေတဲ့တပည့်လေးကို ဒီလသုံးလခအတွ စုပေးရမယ်။ ဒါကြောင့်သားကို ငွေတစ်ရာ့ငါးဆယ်ဘဲ ပေးနိုင် ကွယ်. . . ."

ဦးစောသက် မှ သားပြောခြင်းမဟုတ်၊ ရတနာထုပ် တစ်ထေက်တစ်စ လျှော့ပါးလာပြီဖြစ်ရာ သူ့ဘဝအခြေအနေ သူစဉ်းစား သုံးသပ်နေရပြီဖြစ်၏။ မည်သည့်နည်းနှင့်မှ အားကို မဖြစ်နိုင်တော့သော ဤသားနှင့် ဤချွေးမ၏အရိပ်ကိုမခိုဘဲ သူ့တစ် တစ်ခါးကို သူ့ပစ္စည်းဖြင့်သာ မသေမီလောက်ငအောင် စီမံရမည်ဖြစ် မကြာခဏ ယခုလိုငွေလာတောင်းနေသည်ကို တောင်းတိုင်း ပေးနိုင် လည်းမဟုတ်။ မပေးဘဲလည်းမဖြစ်။ ထို့ကြောင့် အစစအရာရာ ချွေ သုံးစွဲကာ အလွန်အမင်းမဖြစ်မှ ပစ္စည်းကိုထုတ်ရောင်းရသ လွန်ခဲ့သော အပတ်က ရွှေတစ်ကျပ်ခွဲသားထုတ်ရောင်းခဲ့ပြီး စားသော စရာ ဆေးဘိုး၊ ဝါးခတွေအတွက် ကုန်ကျပြီးနောက် ငွေသုံးရာသ ပိုတော့သည်။ ထမင်းချက် တပည့်လေးက တစ်လသုံးဆယ်ပေးရသည်



သုံးလမှတစ်ခါ လခကိုစုယူတတ်သည်ဖြစ်၍ ယခုတပည့်လေးကိုလည်း သုံးလခအတွက်ပေးရမည်။ ခြေစောင့်လက်စောင့်ကလည်းထားရမည် ဖြစ်၍ သားဖြစ်သူအား တရာ့ငါးဆယ်သာ ပေးနိုင်မည်ဖြစ်ကြောင်း အမှန်အတိုင်းပြောခြင်းဖြစ်သည်။

မောင်သက်ဆွေက လှောင်ရယ်ရယ်၏။

"ဖြစ်မှဖြစ်ရလေအဖေရာ ကျွန်တော်တောင်းတာ အဖေရှင်းရှင်း ကြားရဲ့လား။ နှစ်ထောင်အဖေရဲ့နှစ်ထောင်. . ."

"ကြားပါတယ်သားရယ်၊ ရှေ့နေရေးတိုင်ရေးလဲ တွေးအုန်း မှပေါ့။ ငါ့သားအလုပ် တစ်ခုခုလုပ်ပါကွယ်။ သားအဖို့ တစ်ကိုယ်ထဲ မဟုတ်တော့ဘူး။ မိန်းမရှိလာပြီ၊ နောက် သားသမီးရှိလာအုန်းမယ်။ အဖေ့မှာပြောလောက်အောင် ပစ္စည်းမရှိတော့ဘူးဆိုတာလဲစဉ်းစား။ ရှိတာကလေးကလည်း တို့မိသားစု သုံးယောက်ထိုင်စားလို့ ဘယ်လောက် ကြာကြာစားရမှာလဲ။ သားကပေါက်ဖွားလာမဲ့ သားသမီးလေးတွေရဲ့ နောက်ရေးပါ စဉ်းစားပါသားရယ်"

ဤတစ်ကြိမ်မှာတော့ ဦးစောသက်စကားက မောင်သက်ဆွေ နားကိုဝင်သွားသည်။ သူ့မျက်စေ့ထဲမှာ ကိုယ်ဝန်ငါးလကျော်နေပြီ ဖြစ်သော ချစ်ဇနီးတင့်ကို မြင်လိုက်သည်။ တင့်ဝမ်းဗိုက်မှထွက်လာမည့် ကလေးသည် သားလေးလား သမီးလေးလား။ မမြင်ရမီကပင် ချစ်နေသော ရင်သွေးကလေး၏ နောင်ရေးကား ဖခင်ပြောသလို စဉ်းစားစရာ ဖြစ်နေ၏။

"ဘယ်လိုအလုပ်မျိုး ကျွန်တော်လုပ်ရမှာလဲအဖေ"

သုံးရဖြုန်းရ ယေားယူရမည်ကို သာသိသည်။ အစွမ်း အစအကြံဉာဏ် ခေါင်းပါးသော မောင်သက်ဆွေကမေး၏။

"မင်းကဘယ်လိုအလုပ်မျိုး ဝါသနာပါလဲ"

ဦးစောသက်ကပြန်မေးသည်။

"တင့် ဂုဏ်မငယ်အောင် အရာရှိတစ်နေရာလောက်ဖြစ်

ချင်တယ်"

သူ့ပညာက အိုင်အေအောက်တန်းသာ အောင်ထားပြီး အရာ
ဖြစ်ချင်နေသော သားကို ဦးစောသက်ကကြည့်ပြီး အံ့ဩမိသည်။
သူ့သား၏ ဘဝတစ်ခုလုံးကား ဇနီးတင့်ကိုသာလျှင် အမီကထားနေ
ကြောင်းကိုလည်း ဦးစောသက်က ကောင်းကောင်းသိသည်။ အလုပ်
တစ်ခုတော့ ဖြစ်အောင်လုပ်ပေးရပေမည်။ သို့မဟုတ်လျှင် သူ့အလုပ်
ကလေးပျောက်ရတော့မည်ဖြစ်၏။

"ကောင်းပါပြီငါ့သား၊ မင်းပညာနည်းပေးမဲ့မြို့ပိုင်စာမေးပွဲ
ဝင်ဖြေခွင့်ရအောင် အဖေကြိုးစားပေးမယ်။ ဖြေခွင့်ရတယ်ဆိုရင် မင်း
စာကြိုးစားကျက်ပါ။ အောင်တယ်ဆို မင်းဖြစ်ချင်တဲ့အရာရှိတော့
ဖြစ်မှာဘဲ။ အလုပ်ကိုကြိုးစားရင် ကြိုးစားသလို ရာထူးတက်မှာပေါ့
အဲဒါသဘောတူလား. . ."

ဦးစောသက်အမေးကို မောင်သက်ဆွေက. . .

"သဘောတူတယ်အဖေ"ဟု မဆိုင်းမတွ အဖြေပေးသည်။
သူ့အသက်ဘမျှ ချစ်ရသောတင့် အရာရှိကတော်ဖြစ်မည်ကို တွေး၍
ပီတိဖြာနေသည်။

"အေး. . . အဖေ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ ဝင်ခွင့်
ရအောင် အဖေကြိုးစားပေးမယ်"

"ကျွန်တော်တောင်းတဲ့ငွေရော အဖေ"

"တစ်ရာငါးဆယ်ပေးနိုင်မယ်သား"

"ဘယ်လောက်ဖြစ်ဖြစ် ရှိတာပဲပေးပါ။ ငွေသိပ်လိုနေတယ်။
မနက်ဖန် အဖေတစ်ခုခုရောင်းပြီး ပေးပါအုန်းအဖေ"

မောင်သက်ဆွေက သူလိုရင်းကိုသာ ပြောသည်။ ငွေတစ်ရာ
ငါးဆယ်ကိုယူပြီး ဖခင်နေကောင်းသည် မကောင်းသည်ကို ဂရုမစိုက်
မမေးမြန်းဘဲ. . .

"တင့်ကတော့ မြော်လှရောပေါ့။ ငွေတစ်ရာငါးဆယ်ထဲ



ပေက ပေးတာကိုး။ စိတ်များဆိုးအုန်းမလားမသိဘူး" ဟုနှုတ်မှ မကျေ
ပ် ရေရွတ်ရင်း အိမ်ပေါ်မှဆင်းသွားလေသည်။

ဦးစောသက်သည် တစ်ချိန်သောအခါက ငွေရေးကြေးရေးနှင့်
တ်သက်ပြီး အကြပ်အတည်းဖြစ်နေခဲ့သော နိုင်ငံရေးပုဂ္ဂိုလ်တစ်ယောက်
ား ငွေအလုံးအခဲအကူအညီပေးဘူးသည်။ ထိုပုဂ္ဂိုလ်သည် ဦးစောသက်
ကျေးဇူးကို မမေ့ဘဲ အခါအခွင့်သင့်တိုင်း ခင်မင်စွာဖြင့် အဆက်အသွယ်
၏။ ထိုပုဂ္ဂိုလ်ကား တိုင်းပြည်ကို အုပ်ချုပ်နေသည့် ဌာနများအနက်
ရေးပါအရာရောက်သော ဌာနတစ်ခုတွင် တန်ခိုးအာဏာရှိသောသူ
ဖြစ်နေသည်။ ဦးစောသက်က ထိုပုဂ္ဂိုလ်ထံသွားပြီး သူတို့သားအဖ
ခြေအနေကို ပြောပြခါ အလိမ္မာတွေ တုံးနေသော သားအလိမ္မာတုံး
ကြီးကို မြို့ပိုင်ကလေးမျှ ဖြစ်အောင် မ,စကြည့်ရှုပါမည့်အကြောင်း
ကြား၏။ ကျေးဇူးသိတတ်သော ထိုပုဂ္ဂိုလ်ကလည်း ကူညီပါမည်ဟု
တိပေးသည်။ အစစအရာရာ အဆင်ပြေချောမောမှုကြောင့်
မောင်သက်ဆွေတစ်ယောက် လက်ထောက်မြို့ပိုင်ကလေး ဦးသက်ဆွေ
ာရောက်သွားလေသည်။

မြို့ပိုင်ဦးသက်ဆွေကား အလုပ်တာဝန်ကိုလက်ခံပြီးသည့်နောက်
ပိုင်ကတော် တင့်ကိုပါခေါ်ကာ ယခုဒုက္ခိတဘုန်းတော်ကြီးတို့ သီတင်း
သုံးနေရာ ဘုရားငုတ်တို တန်းဆောင်းအို ဇရပ်ပျက်ရှိရာမြို့သို့ ပြောင်း
လာခဲ့ရသည်။

ပြောင်းရွှေ့မည်ဆဲဆဲဝယ် လိုအပ်သော ပစ္စည်းဝယ်ချမ်းရန်
မ်းခရီးမှာ သုံးစွဲရန် တာဝန်ယူရမည့်မြို့မှာ လခမထုတ်မီ စားသောက်
ဖခင်ဦးစောသက်ထံ မြို့ပိုင်မင်းဦးသက်ဆွေက လာရောက်ခုတ်ခွာ
သဖြင့် ဦးစောသက်မှာအထုပ်ထဲက စိန်လက်စွပ်တစ်ကွင်း နှိုက်ယူ
ရောင်းချပေးလိုက်ရသေးသည်။ ထိုသို့ ရာထူးရအောင် ငွေကြေး ပြည့်စုံ
အောင် ကူညီပေးသောယောက္ခမကို ကျေးဇူးတင်လွန်း၍ထင်သည်။
ပိုင်ကတော် ဒေါ်တင့်တင့်က လာရောက်နှုတ်ဆက် ကန်တော့ခြင်း

ပင်မပြုဘဲ နီးစပ်ရာလူတွေကို . . .
"ဒီအဘိုးကြီးနဲ့ ဝေးတာ စိတ်ချမ်းသာသွားတယ်။ သေတော့
မှာလို နေမကောင်းဘူး နေမကောင်းဘူးနဲ့ကိုယ့်အမေတောင် ကိုယ်ပြု
တာမဟုတ်ဘူး။ ယောက္ခမဆိုတာဝေးရော လူမမာနဲ့အနေရတာ စိ
မသန့်ဘူး. . . ရွံတယ်"
ဟူသောကျေးဇူးတင် နှုတ်ခွန်းဆက် စကားကိုပြောသွ
လေသည်။ ချွေးမက မိုက်ရိုင်းသည်ထားဦး သားကလည်း မတ်တတ်
နှုတ်ဆက်သွားသည်။ ကျေးဇူးရှင်ဖခင်ကို ရှိခိုးကန်တော့မိလျှင် သူ့အ
ခြေလက် ပြတ်ပါစေသားဟူသော ကျိန်ဆိုချက်ကို ဦးထိပ် ပန်ဆ
ထားလေရောသလားဟု၍ပင် ဦးစောသက်ကထင်မိ၏။ မည်သို့
ဖြစ်စေ အလုပ်အကိုင်နှင့်တင့်တင့်တယ်တယ် ဖြစ်သွားသော ချွေးမ
အတွက် ဦးစောသက်ကားဝမ်းသာ၍ မဆုံးတော့ချေ။
သားမြို့ပိုင်ကြီးထံမှ စာကို ဦးစောသက်က နေ့တိုင်းမျှော်
မည်မျှပင် ကျေးဇူးမထောက် ပြုမူသွားသည် ဖြစ်စေကာမူ သားသ
အပေါ်၌ ထားအပ်သော မိဘမေတ္တာဟူသည် ကုန်ခမ်းပျောက်ကွယ်
မရှိသည့်အလျောက် ဦးစောသက်သည် သားကိုနေ့တိုင်းသတိရနေသ
အလုပ်မရမီ တစ်မြို့ထဲမှာ နေစဉ်ကအိမ်ကို အဝင်အထွက်မရှိခဲ့သေ
လည်း သားနှင့်ချွေးမနေထိုင်ကောင်းသည် မကောင်းသည်ကို ကိုယ်မြ
မြို့သားအချင်းချင်း သတင်းပို့သူရှိ၍ ကြားနေခဲ့ရသည်။ ယခုဝေးလံ သေ
တစ်မြို့တစ်ရွာမှာ သားနှင့်ချွေးမတို့ နေထိုင်ကောင်းကြောင်း မကော
ကြောင်းကို မသိရသဖြင့် စာကိုသာမျှော်နေမိသည်။ ချွေးမကိုမည်မျှ
မိုက်ရိုင်းသည် ဆိုစေကာမူ သားနှင့်ပတ်သက်၍ သံယောဇဉ်ဖြစ်ရက
သမီးဆိုး သမီးမိုက် သဖွယ်သဘောထား ခင်တွယ်မိသည်။ ကိုယ်
ရှိနေကြောင်းသိရ၍ စိတ်ပူမိသည်။ ချောချောမောမောမှ မွေးပါမည်လာ
ယောကျ်ားလေးလား၊ မိန်းမလေးလားဟူ၍ မြေးဦးကလေးကို မျှ
မျှော်မြင်ချင်နေသည်။ သို့သော် သားချွေးမတို့ထံမှ စာကိုထား၍ ရေ



ရောက်လာချေ။
ဦးသက်ဆွေပြောင်းရွှေ့သွား၍ တစ်နှစ်မျှအကြာဝယ်
ဦးစောသက်သည် သားကို လွမ်းဆွတ်အောက်မေ့ခြင်း၊ တွေ့မြင်လိုခြင်း၊
ထိုင်မကောင်းဖြစ်လေသလားဟူသော ပူပန်သောကဖြစ်ခြင်းတို့ကြောင့်
သားနေထိုင်ရာမြို့သို့ အလည်အပတ်သဘောလိုက်သွားရန် စိတ်ကို
ဆုံးဖြတ်လိုက်သည်။
ထိုအခါ သူ့အိုစာမင်းစာရတနာအထုပ်ကလေးကို စိတ်ချ
ယုံကြည်စွာ အပ်နှံထားခဲ့ရန် လူမရှိဖြစ်၍ ကိုယ်နှင့်မကွာ တစ်ပါးတည်း
ယူသွားရန်စီစဉ်သည်။ ဦးစောသက်၏ ကံတရားပင်ထင်၏။ ခရီးမထွက်မီ
တစ်ရက်မှာပင် ရပ်ကွက်အတွင်း မီးမရှိသေသူတာဝန်မဲ့ လူတစ်ဦးအိမ်မှ
မီးတင်လောင်ကျွမ်းလာသည်။ ထိုအချိန်မှာ နေရှိန်ပြင်းသည့် မွန်းတည့်
ချိန်ကလည်းဖြစ် လေကလည်း ပြင်းပြင်းတိုက်နေသောအခါ လေအောက်
တစ်ခွင်မှာ ရှိနေသော ဦးစောသက်အိမ် အပါအဝင် အိမ်များစွာတို့မှာ
ကြက်ခွဲဘွယ် ကောင်းအောင်ပင် တစ်နာရီအတွင်း ပြာပုံဘဝ ရောက်သွား
ကြလေတော့သည်။ ဦးစောသက်ကား ခရီးထွက်ရန် ရည်ရွယ်၍ တစ်လ
စာမျှ အကျီလုံချည် အသုံးအဆောင်နှင့် ရတနာထုပ် ထည့်သို ပြင်ဆင်
ထားသော သားရေလက်ဆွဲ သေတ္တာကိုသာ ကဗျာကသီ ဆွဲယူလိုက်
နိုင်သောကြောင့် အခြားသူများနှင့်စာလျှင် စိတ်ဖြေစရာရနိုင်သေးသည်။
ခရီးကထွက်တော့မည့်ဆဲဆဲမှာ နောက်ပိုင်းစိတ်မဖြောင့်စရာ
ဘာမှမကျန်အောင် ပြာပုံဘဝရောက်သွားပြီဖြစ်၍ ဦးစောသက်က
စိတ်လွတ်လက်လွတ် ခရီးထွက်ခဲ့လေတော့သည်။
သားနှင့်ချွေးမထံမှာ ရက်သတ္တပတ်လောက်နေပြီး ပြန်မည်ဟု
စိတ်ကူး၏။ မူလကအခြေအနေကောင်းလျှင် တစ်လလောက်နေမည်ဟု
ရည်ရွယ်ခဲ့သော်လည်း မီးဝါးသွား၍ အိပ်ပျောက်သွားသော မြေပေါ်မှာ
တစ်ယောက်စာဖြစ်ရုံ အိမ်ကလေးတစ်လုံး အကောက်အထည်ဖောရမည့်
ကိစ္စကို တွေးမိသောကြောင့် တပတ်လောက်သာနေပြီး ပြန်ရန် ဆုံးဖြတ်ရ

ခြင်းဖြစ်သည်။ သားနှင့်ချွေးမက လူကြုံမပါး စာမသား၍ နေထိုင်သော အိမ်ကို ရှာဖွေရန်မလွယ်ကြောင်း စဉ်းစားမိသော ဦးစောသက်က ရထား ဆိုက်၍ ဘူတာအပြင် ရောက်သောအခါ ဆိုက်ကားတစ်စီးခေါ်စီးသည်။ မြို့ပိုင်ရုံးကို သိသလားဟုမေး၏။ ဆိုက်သားသမားက သိကြောင်း ပြောသောအခါ မြို့ပိုင်ရုံးကို ဆိုက်ကားနင်းစေသည်။

ရုံးရောက်သောအခါ မြို့ပိုင်းမင်း ဦးသက်ဆွေကို ဆိုက်ဆိုက် မြိုက်မြိုက်ပင် တွေ့သည်။

"ဟော. . . အဖေ. . ."

ကွဲကွာနေသည်မှာ ကြာမြင့်၍ထင်သည်။ ဦးသက်ဆွေ ဝမ်းသာအားရ နှုတ်ဆက်ကြိုသောအခါ တစ်လမ်းလုံး ခရီးပန်းနွမ်းနယ် လာသော ဦးစောသက်အဘို့ နတ်ရေစင် ဖျန်းလိုက်သလို လန်းဆတ်ရွှင် ကြည်သွားရှာသည်။

"သားရယ် နေနေလိုက်တာ စာကလေးတစ်စောင်တော မပေးဘူး၊ ဘာများဖြစ်နေကြတာလဲတွေးပြီး စိတ်ပူလို့ အဖေလိုက် တာလာ. . ."

ဦးသက်ဆွေက ပြုံးပြုံးရယ်ရယ်ပင်ပြော၏။

"စာရေးဘို့ရော မအားနိုင်ပါအဖေ. . ."

စာတစ်စောင်လောက် ရေးဘို့ရာ အချိန်မရှိဘဲနေပါမည်လော ဦးသက်ဆွေသည် ဖခင်ထံဂရုစိုက်စာရေးရန် လုံးဝသတိမပြုနေ ချစ်ဇနီးနှင့်သားဦးရွှေတုံးရွှေခဲကလေးကို ချစ်ခင်ယုယနေရသည်ကြောင့် ဖခင်ကို မေ့နေခဲ့ခြင်းဖြစ်သည်။ သို့သော် ယုတ္တိမတန်သော ဆင်ခြေမှန်း သိလျက်နှင့် ဦးစောသက်ကမူခွင့်လွှတ်သည်၊ ကျေနပ်သည်။

ဦးစောသက် ရောက်လာသောအချိန်မှာ ရုံးဆင်းချိန် နီးနေပြီ ဖြစ်၍ ခေတ္တမျှသာနေပြီ၊ သားအဖနှစ်ယောက် အိမ်ပြန်လာခဲ့ကြသည်။ အိမ်နှင့် ရုံးမှာတော်တော်ပင် ကွာလှမ်းသည်။



"အဖေတို့ရပ်ကွက် မီးလောင်းတာ သတင်းစာထဲတွေ့တယ်၊ အဖေ့အိမ်လွှတ်လွှတ်ကဲ့လားလို့ တွေးမိတယ်အဖေ"

လမ်းလျှောက်လာရင်း ဦးသက်ဆွေကမေး၏။

"ပါသွားတာပေါ့သားရယ်၊ အဖေခရီးသွားဘို့ပြင်ထားတဲ့ ဟောဒီ သားရေသေတ္တာတစ်လုံးဘဲရလိုက်တယ်၊ အားလုံးကုန်ပြီ"

"အိမ်ကြီးနဲ့မြေဘို့ကောင်းလိုက်တာ အဖေ့ရတနာအထုပ်ကြီး ရောရလိုက်ကဲ့လား"

"အထုပ်ကြီး မဟုတ်ပါဘူးသားရယ် ကုန်သလောက် ဖြစ်နေ ပြီ အကြွင်းအကျန်နဲ့နဲ့ပါးပါးလောက်ပဲ ရှိပါတော့တယ်"

"အဲဒီနဲ့နဲ့ပါးပါးရော ရလိုက်ကဲ့လားအဖေ"

"အဖေ့ခရီးဆောင်သေတ္တာထဲထည့်ထားမိလိုက်လို့ ရလိုက်ပါရဲ့ ကွယ်"

"အခုပါလာလား"

"ယူခဲ့ရတာပေါ့သားရဲ့၊ အိမ်ကလည်း မီးလောင်၊ အပ်ခဲ့စရာ စိတ်ချလောက်တဲ့လူလည်း မရှိဘူးဟုတ်လား ယူခဲ့ရတာပေါ့. . ."

တစ်ဦးတည်းသော ချစ်လှသည့်သားအား ဦးစောသက်က ကွယ်မဝှက်ပင်ပြောပြသည်။ သားအဖနှစ်ယောက် အိမ်ရောက်သော အခါ ချစ်စရာကောင်းသော ဖြူဖြူဖွေးဖွေးသားကလေးကို ချီပြီးစောင့် ကြိုနေသည့် ဒေါ်တင့်တင့်ကို အမောပြေဘွယ်တွေ့လိုက်ရသည်။ ဦးစောသက်ကို တွေ့လိုက်ရသော ဒေါ်တင်တင့်မျက်နှာက မှုန်သွားသည်။ ထိုသို့ ချွေးမမျက်နှာမှုန်သွားသည်ကို ဦးစောသက်က သတိမထားမိ ချစ်စရာကောင်းလှသော မြေးကလေးကို နှစ်သက်မြတ်နိုးစွာ စိုက်ကြည့် နေမိ၏။

"မောင်တို့အိမ်ကြီးတော့ မီးဝါးသွားပြီးတင့်ရေ ဖေဖေတော့ သူ့ရတနာထုပ်ကြီးပိုက်ပြီး မောင်တို့ဆီ လိုက်လာလေရဲ့"

အိမ်ထဲရောက်သည်ဆိုလျှင်ပင် ဦးသက်ဆွေက သူ့ချစ်ဇနီးကို

ပြောလိုက်၏။ ဒေါ်တင့်တင့်၏ မှုန်နေသောမျက်နှာက ကြည်လင်သွား
သည်။ ပြုံးပြုံးရွှင်ရွှင် အမူအရာဖြင့် သူ့လက်ထဲမှ သားငယ်ကို
ဦးစောသက် ရင်ခွင်ထဲထည့်လိုက်၏။

"အဖေ့မြေးကို အမောပြေဆေးလေး သဘောထားပြီးချီပါဖုန်း
အဲဖေ့သေတ္တာလေး တင့်သိမ်းလိုက်ပါ့မယ်"

ဒေါ်တင့်တင့်က သားရေသေတ္တာကိုယူ၏. . .

"အဖေ့ကို ဘုရားခန်းမှာ သိပ်ရအောင်နော်- မောင်၊ ဒီသေတ္တာ
ဘုရားခန်းထဲ တင့်သွားထားလိုက်မယ်"

ပြောပြောဆိုဆို ဘုရားခန်းဘက်သို့သွားသည်။ အလွန် မိုက်မှို
သည်ဟု သိလာခဲ့သော ကိုယ်တိုင်လည်း မိုက်ရိုင်းမှုကို ခံစားလာခဲ့ရသော
ဦးစောသက်က ချွေးမ၏ပြောင်းလဲသောအမူအရာကို များစွာကျေနပ်
နှစ်သိမ့်သွားသည်။ ရက်အနည်းငယ်မျှကြာလျှင်ပင် -

"အဖေတစ်ပတ်လောက်နေပြီး ပြန်မယ်ဆိုတဲ့ အစီအစဉ်ကြ
ကိုဖျက်လိုက်ပါ။ တင့်မှာ မိဘမရှိတော့ အဖေ့ကိုပဲ ကိုးကွယ်စရာ ပြု
ကျွေးမွေးစရာရှိပါတယ်၊ အဖေ့မြေးကလေးကလဲ ခင်နေပြီဟုတ်လာ
မီးလောင်ပြင်အိမ်နေရာကို ပြန်ရောင်းပြီးအဖေတင့်တို့နဲ့ တစ်သက်လုံးသ
နေပါတော့ အဖေရယ်နော်"

တင့်၏အရေခွံချွတ်ချလိုက်သလို မယုံနိုင်အောင် လိမ္မာ
ကြည်ဖြူစွာပြောသော ချွေးမစကားကို ဦးစောသက်က အလေးအန
စဉ်းစား၏။ မြေးလေးကိုလည်း သံယောဇဉ် ခိုင်ခိုင်မာမာတွယ်
နေလေပြီ။ ချွေးမသည် အသက်ကလေးကလည်းရင့် သားသမီးကလည်
မွေးပြီးဖြစ်၍ မိသားဂုဏ်ကျေးဇူးကို စာနာသောက်ထား တတ်လာသော
ကြောင့်သာ ဤစကားမျိုးပြောသည်ဟု ဦးစောသက်က ယုံကြည်၏
ချွေးမမှာ မိဘဟူ၍မရှိ။ သားဖြစ်သူမှာလည်း ဖအေတစ်ခုသာ
တစ်ခုသာ။



စဉ်းစားသလိုတွေးနေသော ဦးစောသက်ကို သားနှင့် ချွေးမက
[illegible]လောင်းတောင်းပန်ပြန်သည်။

"ဟုတ်သားဘဲဗျာ အဖေ့အိမ်မြေနေရာပြန်ရောင်းပြီး ကျွန်တော်
[illegible] နေပါတော့. . ."

မယားသံယောင်လိုက်ပြီး ဦးသက်ဆွေကဆို၏။ ထိုအခိုက်
[illegible]ကလေးက ဦးစောသက် ရင်ခွင်ထဲကို တွယ်တက် တိုးဝင်လာသည်။
[illegible]စောသက် လည်ပင်းကိုဖက်ပြီး ရယ်လိုက်၊ သူ့ပါးစပ်ကလေးဖြင့် ဦးစော
[illegible]ကို ငုံလိုက်လုပ်နေသည်။

"ကဲ အဖေ့ မြေးကလေးက အဖေ့ကို ဘယ်လိုခွဲနိုင်မလဲ။ အဖေ
[illegible]ပြန်သွားရင် သားလေးဒုက္ခဖြစ်မှာ. . ."

သားနှင့်ချွေးမ စကားထက် မြေးကလေး၏ခင်တွယ်မှုက
[illegible]လှသဖြင့် ဦးစောသက်သည် သား၊ ချွေးမ၊ မြေးတို့ဖြင့် အတူနေရန်
[illegible]လိုက်တော့သည်။ ထို့ကြောင့် ဇာတိမြို့ကိုပြန်ပြီး အိမ်မြေနေရာ
[illegible]ရောင်းလိုက်သည်။ သားချွေးမတို့ အိမ်မှာတက်နေသောဦးစောသက်
[illegible] လက်မဲ့မဟုတ်ချေ။ ရတနာအထုပ်နှင့် ငွေထုပ်နှင့်. . .

အနည်းအကျဉ်းသာ ကျန်ပါတော့သည်ဆိုသော ဦးစောသက်
[illegible]ထုပ်ကား ယခုကာလ စိန်စျေး ရွှေစျေးနှင့်တွက်မည်ဆိုလျှင်
[illegible]ဆုံး ငါးသောင်းကျော်လောက်တော့ တန်ဘိုးရှိချေသည်။ အိမ်မြေ
[illegible]ရောင်းခဲ့ရသော ငွေကား နှစ်သောင်းတစ်ထောင်ရှိ၏။

လိမ္မာရေးချားဖြစ်လာသော ချွေးမကလေးက အဖေရင်းလို
[illegible]သောအခါ ဦးစောသက် ကျေနပ်မှုကား ပြောစရာမရှိချေ။
[illegible]ကလေး ကိုလည်း ခိုက်ခိုက်တုန်အောင်ချစ်ရသည်။ သားချွေးမ
[illegible]နှင့်အတူနေ၍ တစ်နှစ်ပင်မပြည့်တတ်သေးချေ။ ဦးစောသက်အမြင်း
[illegible]မမာမကျန်း ဖြစ်လာသည်။ စိုးရိမ်ဖွယ် အခြေအနေသို့ ရောက်ခါ
[illegible]ပင်တစ်ခါတစ်ရံ လစ်သလိုဖြစ်သွား၏။ ဦးစောသက်က သူ့ကိုယ်သူ
[illegible]မည်ဟုထင်လာသည်။ ထိုအခါ သူ့ရတနာထုပ်ကြီးနှင့်ငွေတွေကို

လိမ္မာသော ချွေးမကလေးလက်ထဲ အားလုံးထည့်ပေးလိုက်လေ
သည်။

သို့သော် ကံတရား၏ ဆန်းကြယ်မှုကား ယုံနိုင်ဖွယ်ပင်မရှိ
ဆရာဝန်ကိုယ်တိုင်ကပင် ဦးခေါင်းခါခဲ့ရသော ဦးစောသက်ကား သေ
ကပင် လက်မခံလေရှာသလားမသိ။ ရောဂါဝေဒနာ အရှိန်က လျော့
သွားပြီး တဖြည်းဖြည်းပြန်လည်ကျန်းမာလာလေသည်။ ဦးစောသ
ပြန်လည် ကျန်းမာလာသောအခါ ပစ္စည်းတွေအားလုံး လက်ဝယ်ရ
ဖြစ်သော ချွေးမလိမ္မာဒေါ်တင့်တင့်က မင်းသမီးမျက်နှာဖုံးကို ချွတ်
မှုလဘီလူးဇာတိရုပ်ကို ပြန်ဖော်လေတော့သည်။ စူဆောင့်ပြီပြင်
အလုပ်တွေလုပ်လာသည်။ အစားအသောက်နှင့် ပတ်သက်၍ သ
ကြည်ဖြူခြင်း မရှိတော့ဘဲ အတိုင်းအထွာနှင့် ပုံစံကျွေးနည်းမျိုး
လာသည်။ ဟင်းကောင်းကောင်းကို တစ်ခါတစ်ရံမှ မလွှဲသာကျွေး
တိုင်းထွားကျွေးပြီး အခါများစွာ ကားတော်ရုံသင့်ရုံဟင်းမျိုးဖြင့်သာ
လေတော့သည်။ နို့ဆီရှားကြောင်းပြောကာ ကော်ဖီကို မကိုက်တော့
မုန့်ပဲသွားရေစာ သစ်သီးသစ်နှံဆိုသည်မှာ ဦးစောသက်အဖို့ မြင်ရုံသာ
ရ၏။

"သားရယ် အမေဆာလွန်းလို့ မုန့်လေးပဲလေးများ ဝယ်ခဲ့စမ်း
ဟု ချွေးမကြားအောင် သားကို တိုးတိုးအသနားခံ၏။

"ကို. . . အမေကလည်း အိမ်တွင်းရေး အစားအသောက်
ယောကျ်ားအလုပ်မဟုတ်ဘူး။ မိန်းမ အလုပ်ဗျတင့်ကိုပြောပါလား. . .
ဟူ၍ ဦးစောသက်ကို တာဝန်မဲ့စကားပြန်၏။

"သမီး အမေထမင်းစားမကောင်းဘူးကွယ် ငှက်ပျောသီးလေ
တစ်ဖီးလောက်. . ."

ဦးစောသက်စကားမဆုံးမီ. . .

"ဒီလိုထမင်းဟင်းမျိုးမှ စားမကောင်းဘူး ဆိုရင် မစားဘဲ နေ
လား။ ကိုယ်ဘာသာစားချင်တာ သူများလိုက်တာဝန်မပေးနဲ့ ကိုယ့်ဘာသာ
ကိုယ်ဝယ်စား. . ."



ဟူ၍ ဒေါ်တင့်တင့်က ရိုင်းရိုင်းပင်ပြော၏။ ဝယ်စားစရာပိုက်ဆံ
ငွေဟူ၍ ဦးစောသက် လက်ထဲမှာ တစ်ပြားမှမရှိတော့ချေ။ သူ့ကိုယ်
သေမည်ထင်သည့်အတွက် ရှိစုမဲ့စုအားလုံး ပုံပေးလိုက်ခဲ့ပြီ ဖြစ်ရာ
သာ လူမမာသည် စားလိုသော အစာကို မည်ကဲ့သို့ ဝယ်နိုင်ပါမည်
။ တစ်ခါတရံ ဦးသက်ဆွေသည် ခေါက်ဆွဲကြော်တွေ၊ ဝက်အူ
င်းတွေ၊ ဘဲကင်တွေ ဝယ်လာသည်။ ချစ်မယား ဒေါ်တင့်တင့်နှင့်
ပါ မိသားစုသုံးယောက် မြိန်ယှက်စွာ စားသောက်နေကြသည်။
သက်ကိုကား ကျွေးမွေးခြင်းမရှိချေ။ အစားအစာတွေမှ ထွက်လာ
ည့် မွှေးကြိုင်သောရနံ့က ဦးစောသက်၏ နှာခေါင်းထဲ တိုးဝှေ့ဝင်လာ
။ ဦးစောသက်သည် ပါးစပ်ကသွားရည်ကျသည်။ မျက်လုံးက
ရည်ကျသည်။ ဦးသက်ဆွေကား နကိုကပင် ဖခင်ကိုဂရုစိုက်
ားမြတ်နိုးသည့် စိတ်ကင်းမဲ့သူဖြစ်ရာတွင် ဇနီးဒေါ်တင့်တင့်၏
ာအညှိုးကိုလည်း မခံဝံ့သည့်အလျောက် ဖခင်အား မေးမြန်းကြည့်ရှု
မွေးခြင်းမပြုဘဲ၊ လျစ်လျူသာရှုနေလေသည်။

"ငါလည်း စိတ်ဆင်းရဲပါတယ် ကိုယ့်အမေကိုတောင် ဒီလို ကရိ
မခံခဲ့ဘူး အခုအိမ်ပေါ်လာသောင်းတင်နေတဲ့ဟာကြီး ထမင်းပွဲ
ရာက် ကျွေးနေရတာ ဘယ်တော့များမှ ဒီဝဋ်ကကျွတ်ပါမလဲ။
ာစားပြီး အေးအေးမနေဘူး စားမကောင်းဘူး ပြောလို့ပြော
သယ်ပေး ပြောလိုပြော တောက် ငါ့စိတ်ငါမနဲ့ ချုပ်ထားရတယ်

ဦးစောသက် ကြားလောက်သည့် နေရာမှ မြည်တွန်ခရွက်နေ
ဒေါ်တင့်တင့်အသံသည် ဦးစောသက်၏ ရင်ဝကို လှံမြှင့်ထိုးသလို
ကျင်လှ၏။ ပစ္စည်းတွေအားလုံး ပေးထားမိပြီး၍ လက်မဲ့ လဝ
မှတော့ ဦးစောသက်အဘို့ ငုံ့ခံရုံမှလွဲ၍ ဘာတတ်နိုင်မည်နည်း။
ြီးသားပစ္စည်းကို ပြန်တောင်း၍ရမည် မဟုတ်သည့်အပြင် လူကြီး
ဘူးဟူ၍ ပိုးစိုးပက်စက်ပြောမည့် ချွေးမစကားကိုလည်း မကြား

လိုတော့။ ပေးပြီးသားပစ္စည်း ပြန်တောင်းခြင်းကလည်း လူကြား မကောင်း သည့်ကိစ္စသာဖြစ်သည်။ ထို့ကြောင့် ဦးစောသက်က နောက်ဆုံးအသနား ခံခြင်းဖြင့် သားဦးသက်ဆွေကို ပန်ကြားသည်။

"သားရယ် အဖေ့ဒီအိမ်မှာနေတာ သားနဲ့သမီးအဖို့ တာဝန် ကြီးလှပါတယ်၊ ဒါကြောင့် အဖေသက်နိုးဝတ်ပြီး တစ်နေရာမှာ တရား သွားအားထုတ်ပါတော့မယ်၊ အဖေ့ကို ပရိက္ခရာရှစ်ပါးဝယ်လှူပါ၊ သားအဘို့နောက်ဆုံးပြုရတဲ့ ကုသိုလ်ပါဘဲသားရယ်"

"အိုဗျာ အဖေ့ဟာစာရင်းကိုရှုတ်တယ် ဘာကိစ္စဖြစ်ဖြစ် တင့်ကိုပြောလို့မှာထားတယ်မဟုတ်လား။ ကျွန်တော့်ကိုဘဲ ခဏခဏ နားပူနေတာဘဲ"

ဦးသက်ဆွေအသံက ကျယ်ကျယ်ထွက်လာသောအခါ ဒေါ်တင့်တင့်ကကြား၍ မေးသည်၊ အကြောင်းသိရသောအခါ. . .

"မောင့်အဖေက အကြံနဲ့ လုပ်တာမောင့်ရေ၊ တင့်တို့က လက်ခံကျွေးမွေးမထားချင်လို့ သက်နိုးဆည်းပေးပြီး အိမ်ပေါ်က နှင်ချတယ်ဆိုတဲ့အဖြစ်မျိုး လူတွေသိအောင်လုပ်တာ မောင်စဉ်းစား မိရဲ့လား"

ရောမ အလေ့အခေါ် ညာဏ်ကြီးဖြင့် ပြောသောမယားစကားထဲ ဦးသက်ဆွေနားထဲမှာ စွဲသွားသည်။

"အင်း တင့်ပြောတာဟုတ်သားဘဲ၊ ဒီမှာအဖေခင်ဗျား ဘာကယ် စေတနာရှိရင် ပရိက္ခရာတစ်စုံ ခင်ဗျားဘာသာရှာနိုင်ရင် သက်နိုး ဝတ် ကျွန်တော်တို့တော့ လှူကဲ့ရဲ့မခံနိုင်ဘူး၊ ကောင်းကောင်းမွန်မွန် ကျွေးထား တာကို အပေါက်အစက များလာတယ်"

သူတို့ကျွေးသည် ကောင်းကောင်းမွန်မွန်က မသောထမင်း မသေဟင်းမျှသာ ဖြစ်ကြောင်းကို မျက်စေ့ မှိတ်မျိုချနေသော ဦးစော သက်ကိုယ်တိုင်ကအသိဆုံးဖြစ်သည်။



ဦးသက်ဆွေစကားဆုံးသောအခါ ဒေါ်တင့်တင့်က ဆက်ပြန်၏။

"ပရိက္ခရာတစ်စုံဆိုတာနဲ့တဲ့ တန်ဖိုးလား၊ ငွေလည်းကုန် သူများကဲ့ရဲ့လဲ ခံရအောင် မောင့်အဖေလုပ်ပုံငွေ သိပ်ယဉ်တာပဲ။ အိမ်ပေါ် နေပြီး စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်နေပြောနေတယ်။ ကိုယ့်ဘာသာ ကိုယ်လွတ်လွတ်ကင်းကင်း သွားနေလည်း အကောင်းသားဘဲ. . ."

တစ်လှည့်စီပြောနေသော သားနှင့်ချွေးမကို ဝမ်းနည်း ကြေကွဲ လှသောစိတ်ဖြင့် ဦးစောသက်က ငေးကြည့်နေသည်။ ထို့နောက် စကား တစ်ခွန်းမှ မပြောတော့ဘဲ သူ့အိပ်ရာကလေးသို့ ပြန်လာခဲ့ပြီး ခွေအိပ် နေလိုက်၏။ အိပ်၍ကား မပျော်တော့ချေ။ ဦးစောသက်၏ မျက်လုံးမှ မျက်ရည်ပူများသည် တစ်စိမ့်စိမ့်စီးထွက်လာလေသည်။

* * * * *

အကြည်ဓာတ် အလင်းရောင်ကွယ်ပျောက်နေပြီဖြစ်သော ဘကြီးတာ ဘုန်းတော်ကြီးအို၏ မှုန်မှိုင်းရီဝေးသော မျက်လုံးမှ မျက်ရည်များက စိမ့်ထွက်လာသည်။ ဘုန်းတော်ကြီးသည် စုတ်ပြဲညစ်နွမ်းသော သင်္ကန်း ဖြင့် မျက်ရည်သုတ်လိုက်၏။ ဒေါ်ခင်လှမြတ်ကား ဘုန်းတော်ကြီးနှင့် အပြိုင် မျက်ရည်ကျလိုက်လေသည်။

"ဘုန်းတော်ကြီး ပိုပြီးဝမ်းနည်းသွားပါမယ် မြတ်ရယ်။ မျက်ရည် ကျရုံဘဲကျပါ၊ ရှိုက်သံမထွက်ပါစေနဲ့. . ."

ဦးမြင့်ကျော်က ဇနီးသည်အား လေသံဖြင့် တီးတိုးသတိပေး ပြီး ဘုန်းတော်ကြီးကို လျှောက်လိုက်သည်။

"အရှင်ဘုရားကို ပရိက္ခရာရှစ်ပါး ဘယ်သူ လှူလဲဘုရား. . ."

"ဘယ်သူ့ဆီမှ အလှူမခံတော့ပါဘူး။ သူတို့က မထောက်ညာဘဲ ကျေးဇူးကန်းကြပေမဲ့ ဘုန်းကြီးက မိဘမေတ္တာမပျက်ပါဘူး။ သူတို့အကဲ့ရဲ့ မခံရအောင် ဒီဘုရားဌာနတိုက ဇရပ်အိုမှာ တရားထိုင်မယ်လို့အသင့် လှူပြီး ဘုန်းကြီးပါလာတဲ့ အင်္ကျီ ပုဆိုး၊ သားရေသေတ္တာကို ရသသမျှနဲ့ ရောင်း အိတ်ကပ်ထဲကြွင်းကျန်နေသေးတဲ့ ဖောင်တိန်နဲ့ အိတ်ဆောင်နာရီ

ကလေးလည်းရောင်း၊ ရတဲ့ပိုက်ဆံနဲ့ ပရိက္ခရာရှစ်ပါးဝယ်၊ ဘုန်းတော်ကြီး ကျောင်းတစ်ကျောင်းမှာ သွားပဉ္စင်းတက် သိမ်ဝင်ပြီး၊ ရဟန်းဝိပဿနာ ဖြစ်ပြီဆိုတော့မှ ဒီဇရပ်အိုမှာ တရားအားထုတ် ဆွမ်းခံစားနေခဲ့ရာက အကုသိုလ်ဝဋ်ကြွေးဘဲဆိုရမှာပေါ့လေ။ မျက်စေ့က တဖြည်းဖြည်းမှုန် လာပြီး လုံးလုံးကွယ်သွားတာဘဲသား"

ဘုန်းတော်ကြီးက မိန့်ကြား၍ ဆုံးသောအခါ စိတ်အားတင် လိုက်ဟန်ဖြင့် မျက်နှာတော်မှာ နဂိုအတိုင်းပြန်ဖြစ်သွားသည်။

"အရှင်ဘုရားကို သူတို့က ဆွမ်းကျွေး လှူဒါန်းတာ... မလုပ်ဘူးလားဘုရား"

ဦးမြင့်ကျော်က မေး၏။

"လုံးဝ အဆက်ဖြတ်နေကြပါတယ်ကွယ်။ သူတို့ ပြောင်းသွား... ဆိုတာတောင် ဆွမ်းလောင်းတဲ့ ဒါယကာ တစ်ဦးကလျှောက်လို့ သိရတာ...

"အရှင်ဘုရား သင်္ကန်းကန္တမ်းလှုပါပြီ၊ တပည့်တော်တို့ သင်္ကန်း... တစ်စုံလှူပါရစေ၊ လက်ခံတော်မူပါဘုရား"

ဘုန်းတော်ကြီးက ဦးခေါင်းခါ၏။

"သားတို့စေတနာကို ဘုန်းကြီး သာဓုခေါ်ပါတယ်။ မလှူ... ပါနဲ့ကွယ်။ အကန်း အသစ်အကောင်းဆိုရင် လူမသမာတွေ... လာချွတ်ယူ ကြအုန်းမှာဘဲ၊ ဘုန်းကြီးကို စေတနာရှင်တစ်ဦးက လှူ... သင်္ကန်းချွတ်ယူတာခံခဲ့ရဘူးပါပြီ"

ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ စိတ်မကောင်းခြင်းဖြ... သက်ပြင်းမြိုင်တူ ချလိုက်မိကြ၏။ ဘုန်းတော်ကြီးက ဆက်လက် မိန့်ကြား သည်။

"သင်္ကန်းဝတ်စဉ်က သုံးဆောင်ခဲ့တဲ့ သပိတ်က မျက်... ကွယ်တော့ မမြင်မစမ်းနဲ့ လွတ်ကျကွဲသွားခဲ့တယ်။ ကြင်နာတဲ့ စေတနာ ရှင်တစ်ဦးက ဘုန်းကြီးကိုင်ဆောင်ရာမှာ ဝန်မလေးအောင် ရယ်... သံဇကာကို ပါးပါးခပ်ပြီး သပိတ်သွန်းလှူခဲ့တာကိုလည်း ဟိုနေ...



...ခဲ့တဲ့အတိုင်း လူမသမာက လိမ်ယူသွားခဲ့တယ်။ ဒါကြောင့် ဘယ်သူ ...မလိမ်ချင် မခိုးချင်တဲ့ မြေအိုးကို သာဇိတ်စွပ်ကလေးနဲ့ လှူပါလို့ ...ဘာနဲ့ အခုမြေအိုးထဲ သပိတ်အဖုတ်သုံးဆောင်ရတာပဲကွယ်"

ဤအတိုင်းဆိုလျှင် ဘုန်းတော်ကြီးကို မည်သည့်အသုံး ...ဆောင်မှ လှူရန်မဖြစ်တော့ချေ။ မည်သူမှမိုးယူနှိုက်စား၍မရအောင် ...သာရှိရှိ ဆွမ်းဟင်းကို ဘုန်းတော်ကြီးဝမ်းထဲ ရောက်အောင် ...ခြင်းသည် သာအသင့်လျော်ဆုံးဟု ဇနီးမောင်နှံ နှစ်ယောက်လုံး ...ဖြတ်လိုက်ကြ၏။ ထို့ကြောင့် တနင်္ဂနွေနေ့မှအပ နေ့စဉ်ဆွမ်းခံခြင်း ...ဘဲ သူတို့အိမ်ကတာဝန်ယူဆွမ်းကျွေးမည့်အကြောင်း တနင်္ဂနွေနေ့မှ ...ကျော်ခရီးထွက်ခွာခြင်းမပြုရလျှင် ဆွမ်းခံမကြွဘဲ စောင့်နေစေ ...ကြောင်း၊ သူတို့ ဇနီးမောင်နှံ ဆွမ်းဟင်းလာပို့မည်ဖြစ်ကြောင်း၊ ...ထွက်ရမည်ဆိုလျှင် ကြိုတင်လျှောက်ထားမည်ဖြစ်၍ ဒေါ်ခင်လှမြတ် ...ယောက်တည်းလာရန်မဖြစ်သောကြောင့် အိမ်ကို ဆွမ်းခံကြွမြဲတိုင်း ...မည့်အကြောင်း၊ ဘုန်းတော်ကြီးအား ရေလည်အောင် လျှောက် ...ကြသည်။ ဘုန်းတော်ကြီးကလည်း နားလည်တော်မူသည်။

ဇနီးမောင်နှံနှစ်ယောက် ဘုန်းတော်ကြီး နေထိုင်ရာ ပတ်ဝန်း ...ကိုရှင်း၊ အိပ်စက်သည့်နေရာကိုရှင်း၊ သန့်ရှင်းသပ်ရပ်အောင် လှဲ ...သုတ်သင်ပေးခဲ့ကြသည်။ ရေအိုးနှင့် ရေမှုတ်ကိုလည်း စင်ကြယ်စွာ ...ကြောပြီး ရေခပ်ထည့်ပေးခဲ့ကြသည်။ ပြန်တော့မည့် အချိန်ဝယ် ...ကြီးကိုရှိခိုးကန်တော့ခါ. . .

"အရှင်ဘုရား ဘဦးပေးချင်တဲ့ အာဟာရလိုအပ်တဲ့ပစ္စည်း ...ပါးမှစ၍ သားသမီး အရင်းသဖွယ် သဘောထားမိန့်ကြားပါဘုရား" ...လျှောက်တင်ခဲ့ကြသည်။

"မျက်လုံးကောင်းစဉ်က တွေ့မြင်ထားတဲ့ 'အမှတ်သညာ ...လေးကို အာရုံပြုပြီး ရေခပ်တာတို့ ဆွမ်းခံထွက်တာတို့ကတော့ ...များယွင်း မဖြစ်တာဘဲ တော်လှပြီ။ မြတ်အဖေသာဆိုရင်

ဘာပစ္စည်းမှ မရချင်နေပါစေ ပစ်မထားရက်ပါဘူးမောင်. . ."

အပြန်လမ်း တစ်လျှောက်မှာ ဇနီးမောင်နှံနှစ်ယော စကားပြောလာကြသည်။

"သူတို့စိတ်က မြတ်စိတ်နဲ့မတူလိုပေါ့. . ."

"လူတွေကလဲ ရေများရာ မိုးရွာသလို ဆွမ်းဟင်းတွေအလျှ ရနေတဲ့ ဘုန်းတော်ကြီး ကျောင်းတွေမှာပဲ သွားကျွေးကြ လှူကြ ကိုယ့်ကျောင်းပေါ် ကိုယ်အေးအေးထိုင်ပြီး ဆွမ်းပွဲရှေ့ရောက် ဘုဉ် နေနိုင်တဲ့ ကိုယ်တော်တွေကိုပဲ ဆွမ်းစားပင့်ကြတယ်။ ပြည့်နေတဲ့ ရေထပ်လောင်းရင် လျှံကျကုန်မှာပေါ့။ အခုလို ဒုက္ခိတဘုန်းတော် မျိုး ဆင်းရဲချို့ငဲ့တဲ့ ဘုန်းတော်ကြီးမျိုးကို ရွေးလှူကြပါလား။ ကိုဘ လှူလှူ မလှူချင်နေ မြတ်တို့အဖို့တော့ ဒီလိုကုသိုလ်မျိုးယူရတာ စိတ် နူးတယ်"

ဒေါ်ခင်လှမြတ်က ကရားရေလွှတ် တတွတ်တွတ် ပြော သည်။

"ဘုန်းတော်ကြီး ဆွမ်းခံကြွရတာ သိပ်ပင်ပန်းတယ်။ မော အိမ်ကလည်း ဆွမ်းဟင်းပို့နိုင်းရအောင် ကိုယ်ခွဲလက်ဖယ်ကလည်း မြတ်တစ်ယောက်ထဲသွားဖို့ရာလည်း မြို့စွန်မြို့ဖျားဖြစ်လို့မသင့် မောင်ကလည်း တာဝန်ကိုအချိန်မှီ သွားရမဲ့ လူဆိုတော့ အချိန် ဘုန်းတော်ကြီးကို သနားပေမဲ့ ဘယ်လိုမှ မတတ်နိုင်အောင် ဖြ တယ်. . ."

ဦးမြင့်ကျော်ကပြော၏။

"ဘယ့်တတ်နိုင်မှာလဲမောင်ရယ်။ စေတနာသာ ပဓာန ဒါထက် ဘုန်းတော်ကြီးရဲ့သား မြို့ပိုင်ဦးသက်ဆွေဆိုတာ မော အုပ်ချုပ်ရေးပိုင်းက လူတွေဘဲ မောင်မသိဘူးလား။ အထူတူအ မလုပ်ခဲ့ဘူးတောင် နာမည်တော့ ကြားဘူးမှာပေါ့. . ."

"ကြားဘူးတယ်မြတ်၊ ဦးသက်ဆွေက အရည်အချင်း



လောက်အောင် မရှိပေမဲ့ အလုပ်ကြိုးစားတယ်။ လုပ်သက်နဲ့ ရာထူး တက်သွားတာ။ အခုဆို မြို့မဝန်ထောက်ကြီးတောင်ဖြစ်နေပြီလို့ သူနဲ့ အတူ တစ်မြို့ထဲတာဝန်ယူခဲ့ဘူးတဲ့ ခရိုင်ဝန်ပြောသံကြားလိုရဘူးတယ်။ ဘုန်းဒေါ် တင့်တင့်ကတော့ သိပ်မာနကြီးတယ်တဲ့။ ဘုန်းတော်ကြီး သားနဲ့ ချွေးမဘဲဖြစ်မယ်"

"ခင်းတို့ မိဘဂုဏ်းမသင့်ဘူးနော်"

ဒေါ်ခင်လှမြတ်က မခံချိမသာပြော၏။

"မီးခဲ ပြာဖုံးထားသလိုပေါ့၊ ကံကြမ္မာလေပြင်း မတိုက် သေးတော့ အကုသိုလ်မီးအရှိန်က မတက်နိုင်သေးဘဲ ဖြစ်နေတဲ့ သဘောဘဲမြတ်ရဲ့။ မိဘကျေးဇူးကန်းသူဟာ ဒီဘဝ အကျိုးမပေးသေး သော်လည်း နောင်ဘဝတော့ ပေးမှာပေါ့ ဝဋ်အမြင်ရဲ့အပဆိုပေမဲ့ မိဘ ကျေးဇူးကန်းသူဟာ ဝဋ်ရောင်ရဲ့ရော နှစ်ခုလုံးမလွတ်ဘူးပေါ့ကွယ်"

"သူတို့သားသမီးတွေ လက်ထက်မှာ ဘယ်လိုများ နေကြမယ် မသိဘူးနော်-မောင်"

"အင်း. . . ကံတရားပေါ့လေ"

"မြတ်စိတ်ထဲမရှင်းတာတစ်ခုရှိနေတယ်"

"ဘယ်လိုမရှင်းတာလဲ မြတ်ရဲ့"

"ဘုန်းတော်ကြီးက မိန့်ကြားတယ် ဟုတ်လား။ ချွေးမက သိပ် ကံကိုးတယ်လို့၊ ဒါပေမဲ့ အိမ်မီးလောင်ပြီးရောက်လာတဲ့ ယောက္ခမကို ကြင်ကြင်နာနာ ပြုစုတယ်လို့ဆိုတယ်၊ မမာမကျန်းဖြစ်တော့လည်း ပြုစု တယ်ဆိုတယ်၊ နောက်ပိုင်းကျမှ ဘာကြောင့် ဒါလောက်စိမ်းကား ရက်စက် ကြရတာလဲ"

ဦးမြင့်ကျော်က ရယ်၏

"မြတ်အစိပ္ပါယ်မပေးဘူးလား"

"မပေါ်ဘူးမောင်ရဲ့"

"အရှင်းကြီးဘဲမြတ်ရဲ့၊ အတွင်းပစ္စည်း ရတနာထုပ်ကြီးရော

အိမ်ခြေနေရာ ရောင်းလာခဲ့တဲ့ငွေနှစ်သောင်းကျော်ရော အဘိုးကြီးလက်
မှာရှိနေတယ်။ ဒေါ်တင့်တင့်က အရင်အချိုးအတိုင်း မိုက်ရိုင်းနေ
အဘိုးကြီးက သူ့ဘဏ္ဍာထုပ်ပိုက်ပြီး လွတ်ရာကျွတ်ရာ ဆင်းသွား
သူတို့ပစ္စည်းတွေလက်လွတ်မယ်ဟုတ်လား. . . "

"အင်း. . . အဲဒါတော့ဟုတ်ပြီမောင်"

ဒေါ်ခင်လှမြတ်က ထောက်ခံသည်။

"မမာနေချိန်မှာ မပြုစုဘဲပစ်ထားရင် အဘိုးကြီးက သူ့ကိုယ်
သေမှာဘဲလို့ နိုင်နိုင်လုံလုံယုံကြည်နေတော့ မိုက်ရိုင်းတဲ့ ချွေးမကို မပေး
အားလုံးလှူဒါန်းပစ်ခဲ့မှာ စိုးရိမ်ပြီး စေတနာမပါဘဲ ဟန်ဆောင်ပြုစု
ဖြစ်မှာပေါ့၊ ပစ္စည်းတွေလည်း လက်ထဲရောက် အဖိုးကြီးကိုလည်း ဘီလူး
ဇာတ်ပြလာတာ သိပ်ထင်ရှားနေပြီပဲ၊ ဦးသက်ဆွေဆိုတာကတော့
ထည့်ပြောမနေပါနဲ့လေ"

ဒေါ်ခင်လှမြတ် သဘောပေါက် နားလည်သွားသည်။
မောင်နှံနှစ်ယောက် ခြေသွက်သွက်လှမ်းခဲ့ရာမှ မြို့အဝင်ဝမှာ ဆိုက်သ
တစ်စင်း တွေ့လိုက်သည်။

"အိမ်မြန်မြန်ရောက်အောင် ပေါ်ဟိုဆိုက်ကားခေါ် လိုက်
မောင်"

"ကောင်းပါပြီခင်ဗျာ၊ ဟေး ဆိုက်ကားဆရာ. . . "

❋ ❋ ❋ ❋ ❋

ဘုန်းတော်ကြီးအိုကို ပင်တိုင်တာဝန်ယူ ဆွမ်းကျွေးလှူဒါန်း
နေသော ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့အား ဘုန်းတော်ကြီးကလည်း
သံယောဇဉ်တွယ်ကာ ဆုတောင်းမေတ္တာအမြဲပို့ရှာသည်။ ဆွမ်းစားပြီးသော
အခါတိုင်း ယခင်ကကဲ့သို့ စားပြီးလျှင် ချက်ခြင်းထပြန်ကြွသွားခြင်းမပြု
ဆွမ်းအနုမောဒနာ တရားကိုအတန်ငယ် ဟောပြတော်မူလေ့ရှိသည်။
ဘုန်းတော်ကြီး ဟောကြားသော တရားမှာ တိုတိုနှင့်လိုရင်းမိအောင်



ယ်ပေါ်သည်။ နားထောင်နာကြားရသူအဘို့ ငြီးငွေ့ခြင်း ညောင်း
ခြင်း ဖျင်းယိ အိပ်ငိုက်ခြင်း မဖြစ်ချေ။

တနင်္ဂနွေနေ့ ဇနီးမောင်နှံနှစ်ယောက်လုံး ဘုန်းတော်ကြီး
ကင်းသုံးရာသို့ ရောက်လာသောအခါ ဘုန်းတော်ကြီးက ဦးမြင့်ကျော်
နှင့် တရားကိုခပ်စုံစုံ ဟောသည်။လူဝတ်ကြောင်ဘဝက စာပေ
ဂန် ဗဟုသုတရှိခဲ့သူဖြစ်သော ဘုန်းတော်ကြီးသည် မျက်မမြင်
ဘ ဖြစ်သော်ငြားလည်း တရားနာသူကို တရားတော်အား ကြည်လင်
သားစွာ ထင်မြင်နားလည်အောင် ဟောတော်မူနိုင်သည်။ ဦးမြင့်
နှင့် ဒေါ်ခင်လှမြတ်တို့ကား ဘုန်းတော်ကြီးအား ဖခင်သဖွယ်ပင်
ကြည်ညို နေကြတော့သည်။

"အရှင်ဘုရား နေရထိုင်ရတာ ဆင်းရဲလှပါတယ်။ တပည့်တော်
မြို့မှာရှိနေသရွေ့ တပည့်တော်တို့ အိမ်မှာဘဲ နေ့ရောညပါ နေထိုင်
သုံးပါဘုရား ဖခင်ကိုပြုစုသလို တပည့်တော်တို့ ပြုစုပါရစေ
ရား"

ဦးမြင့်ကျော်နှင့် ဒေါ်ခင်လှမြတ်တို့က စစ်မှန်သောစိတ်စေ
ဖြင့် လျှောက်လှဲစွာပင့်ဖိတ်သော်ငြားလည်း ဘုန်းတော်ကြီးက လက်မခံ

"ရဟန်းသံဃာဆိုတာ ဝတ်ကြောင် ဝတ်လူတွေနဲ့ တစ်မိုးထဲ
ရံထဲမှာ အာရုဏ်တက်အောင် မအိပ်အပ်ဘူးလို့မြတ်စွာဘုရားက
ပုဒ်ပညတ်တော်မူခဲ့တယ်သားတို့၊ ဒါကြောင့် ဘုန်းကြီးနေမြဲတိုင်း
ပျက်ကလေးမှာပဲ နေပါရစေ ခွင့်လွှတ်ကြပါကွယ်"

လေလုံမိုးလုံနေရာမှာ နူးညံ့နွေးထွေးသော အခင်းကမ္ဘလာဖြင့်
းချမ်းစွာ နေရမည်ကိုရှင်း၊ တစ်ထပ်တည်းသော ဆွမ်းအတွက် မမြင်
မ်း တောင်ပေါ့တစ်ရမ်းရမ်းဖြင့် ပင်ပန်းကြီးစွာ ဝေးကွာနေသော
နေရာမှ လာနေရသည့် အဖြစ်မှ ကင်းလွတ်မည်ကိုရှင်း၊ကောင်းစွာ
ပါလျက် မြတ်စွာဘုရား ပညတ်တော်မူခဲ့သည့် သိက္ခာပုဒ်ကို

ဦးထိပ်ထား ရှိသေသော ဘုန်းတော်ကြီးသည် သာယာအေး
နေရမည့် စည်းစိမ်ကို ငြင်းဆန်းတော်မူသည်။

"တင်ပါတပည့်တော်တို့ လျှောက်တင်မိတာ တော
ပါတယ်ဘုရား၊ အရှင်ဘုရား မွေ့လျော်ရာမှသာ သီတင်းသုံးပါဘု

ဦးမြင့်ကျော်က အတင်းအကြပ် မတိုက်တွန်းတော့ချေ
မမြင်ခုကို့တဘဝမှာ ကြီးစွာသောပင်ပန်းဆင်းရဲမှုကို ရင်
မြတ်စွာဘုရား ပညတ်တော်မူခဲ့သည့် သိက္ခာကို စောင့်ထိန်း
ဘုန်းတော်ကြီးအား အတိုင်းထက် အလွန်ရှိသေမိလေသည်။

ထို့ကြောင့် ဆွမ်းဝတ်မပျက်စေရန်ကိုသာ အထူးဂရု
လျှာပါန်းကျွေးမွေးခြင်း ကျန်းမာရေးအခြေအနေကိုမေးလျှောက်၍ ဆေ
တိုက်ကျွေး ကုသခြင်းကို လုပ်ကြရသည်။

"အရှင်ဘုရား မျက်စိကွယ်တာ ဘယ်လောက်ကြာပါ
ဘုရား"

ဦးမြင့်ကျော်က မေးလျှောက်၏။

ဘုန်းတော်ကြီးသည် စဉ်းစားသလိုငြိမ်နေသည်။ အတ
မှပြန်လည်မိန့်ကြား၏။

"ဘုန်းတော်ကြီးရဲ့ သားနဲ့ခရွှေးမ ဒီမြို့ကမပြောင်းခင်
လလောက်မှာ ကွယ်သွားတာပဲ၊ နောက်တော့လဲ မျက်စိကမမြင်
အချိန်တွေရက်တွေလဲ မမှတ်တော့ပါဘူးလေ၊ မိုးတစ်ခါကျလ
တစ်နှစ်ရောက်ပြန်ပြီလို့သာ အမှတ်သညာ ပြုနေခဲ့ရတာဘဲ။ ဘု
အသက် ငါးဆယ့်ရှစ်နှစ်ကျော် ကိုးနှစ်ထဲအရောက်မှာ ကွယ်ခဲ့တယ်
မိုးတစ်ခါကျ တစ်နှစ်လို့မှတ်လာခဲ့တာ အခါပေါင်းနှစ်ဆယ်ရှိလို့ ဘု
အသက်လဲ ခုနှစ်ဆယ့်ရှစ်နှစ်ရှိပေါ့၊ မျက်စိကွယ်ခဲ့တာလည်း
နှစ်ဆယ်ရှိခဲ့ပြီပေါ့၊ ကံတရားပေါ့သားတို့ရယ်"

ဦးမြင့်ကျော်က အတန်ငယ်စဉ်းစားနေပြီးမှ ပြန်လည်
လျှောက်၏။



"အခုလကုန်ဘို့ တစ်ပတ်ကျော်ကျော်ပဲ လိုပါတော့တယ်
... ရှေ့လဆန်းရင် တပည့်တော် ရန်ကုန်ကိုသွားစရာ ကိစ္စ
ယ်၊ တပည့်တော်ဖန်းပါလိုက်မယ်။ အရှင်ဘုရားကိုလဲ တပည့်
တို့ ပင့်သွားမယ်ဘုရား၊ ရန်ကုန်က မျက်စိကုဆေးရုံကြီးမှာ မျက်စေ့
ဆရာဝန်ကြီးတွေကို အရှင်ဘုရား မျက်စိပြကြည့်မယ်။ ကုလို့
ဆိုရင် အရှင်ဘုရားဆေးရုံတက်ပါ၊ အရှင်ဘုရားအတွက် အားလုံး
တော်တို့ တာဝန်ယူပါ့မယ်ဘုရား"

ဘုန်းတော်ကြီးကို သနားခြင်း၊ ကြည်ညိုခြင်းဖြင့် ဤမျက်စိကို
နိုင်မည်ဆိုလျှင် ကုပေးမည်ဟု ဖန်းမောင်နှံနှစ်ယောက် သဘော
ပင်ပြီးလျှောက်ထားကြခြင်းဖြစ်သည်။

"ဒီလောက် နှစ်တွေကြာညောင်းပြီးမှ ရပါတော့မလား"

ဘုန်းတော်ကြီးက အားလျှော့သောစိတ်ဖြင့်မိန့်ကြား၏။

"စိတ်မလျှော့ပါနဲ့ဘုရား၊ ကုသတဲ့ဆရာဝန်ကြီးတွေရဲ့ ပညာ
ရာ အရှင်ဘုရား ကုသိုလ်ကံရော တပည့်တော်တို့ စေတနာ ရော
ပ်ရင် မြင်နိုင်ပါလိမ့်မယ်။ တပည့်တို့ ပင့်ရာကိုသာ လိုက်ကြွပါ
"

"သားနဲ့သမီးမှာ တာဝန်ကြီးပါလိမ့်မယ်"

အားနားဖြင်းဖြင့် ဘုန်းတော်ကြီးက ငြင်းပြန်သည်။

ဒေါ်ခင်လှမြတ်က တောင်းပန်၏။

ထိုအခါမှ ဘုန်းတော်ကြီးက ပင့်ခေါ်ရာလိုက်ပါမည်ဟု
သည်။ မည်သို့ပင်ဖြစ်စေ မှောင်အတိကျနေသော သူ့မျက်လုံးကို
လိုလင်းစြား ကုသပေးမည်ဟု တာဝန်ယူသော စေတနာရှင်ဟူ၍
နှံမောင်နှံသာလျှင် ပေါ်ပေါက်သေးသည်။ ကန်းနေသော မျက်လုံး
မြင်အောင် ကုပေးမည်ဆိုခြင်းကို မည်သူဝမ်းမသာဘဲ နေပါမည်
၊ ဘုန်းတော်ကြီး၏စိတ်ထဲတွင် မျက်လုံးမြင်ရန်မျှော်လင့်ခြင်း၊
သာခြင်း၊ ကျေးဇူးတင်ခြင်းတို့ ရောထွေးကာ မျက်ရည်များပင်
ည်လာရှာသည်။

❋ ❋ ❋ ❋ ❋

နောက်တစ်နေ့မှာ ရန်ကုန်သို့သွားရမည်ဖြစ်၏။ ရထား မည့် အချိန်သည် နံနက်လေးနာရီ ငါးဆယ့်ငါးမိနစ်ဖြစ်၏။ ထို့ကြော ဘုန်းတော်ကြီးကို ဘုရားဝတ်တို့ ဇရပ်ပျက်ဆီသို့ ပြန်မကြွ အိမ်မှာပင် ကျိန်းစက်ရန် လျှောက်ထားသော်လည်း ဘုန်းတော်ကြီ လက်မခံပေ။ မျက်စိ မမြင်သော်ငြားလည်း နားအမှတ်သည် ကောင် သည်။ သန်းခေါင်စကျော်ချိန်မှာ ဇရပ်ပျက်မှ ထွက်ခွာလာမည့် ဘု ဆင်းချိန် အမှီရောက်အောင် လာမည်ဟု အခိုင်အမာ မိန့်ကြားတော်

ဇနီးမောင်နှံ နှစ်ယောက် အိမ်မှာ သိမ်းထားခဲ့သင့်သည့် ပစ္စ များကို သေသပ်စွာ သိမ်းဆည်း၍ ယူဆောင်သွားရမည့် ပစ္စည်း ပြင်ဆင်ထည့်သိုခြင်းဖြင့် ညခုနစ်နာရီခွဲပြီးမှ အိပ်ရာဝင်ကြရသ အိပ်မောကျနေလျှင် ရထားမမီဘဲ ဖြစ်ရမည်စိုး၍ ဘူတာဆင်း ဆိုက်ကားနှစ်စင်းကို စရံပေးမှာထားပြီးဖြစ်သည်။

သတိထား အိပ်ကြသည်ဖြစ်၍ နိုးစက်မမြည်မီကပင် ဦးမြ ကျော်နှင့် ဒေါ်ခင်လှမြတ်တို့ နိုးနေကြပြီဖြစ်၏။ ခရီးထွက်ရန် ပြင်ဆ နေကြသည်။ ဆိုက်ကားက သုံးနာရီခွဲ သာသာမှ လာရန်မှာထား ဆိုက်ကားက မရောက်သေးချေ။

"ဘုန်းတော်ကြီးတော့ ကြွလာရောပေါ့မောင်"

ပြင်ရင်းဆင်ရင်းမှ ဒေါ်ခင်လှမြတ်ကပြော၏။

"အင်း သန်းခေါင်ကျော်အချိန်မှာ ဇရပ်အိုက စထွက်မ ဆိုတာပဲ၊ အခုသုံးနာရီထိုးပြီဟာ မြို့အစွန်ရောက်ပြီလား လမ်းအဆုံးရော နေပြီလားမသိဘူး။ တောင်ဝှေးနဲ့စမ်းသွားရပေမဲ့ ဘုန်းတော်ကြီးက ခလု တွေ ဘာတွေ မထိုက်ဘူးမြတ်ရဲ့၊ ခြေလှမ်းတာ ဖြောင့်လို့. . ."

"ဆိုက်ကားတွေရောက်လာရင် အဲဒီလမ်းဘက်သွားကြို ပေါ့နော် မောင်"

"အေးသွားတာပေါ့. . ."

ဦးမြင့်ကျော်စကားမဆုံးမှီမှာပင် ကြောက်မက်ဖွယ်ကောင်



သေနတ်သံတွေက ဆူညံမြည်ဟီးစွာထွက်ပေါ်လာသည်။ သေနတ် တွေနှင့်အတူ ခွေးဟောင်သံတွေ အော်ဟစ်သံတွေနှင့်အတူ ခွေးဟောင် တွေ အော်ဟစ်သံတွေက ကမ္ဘာပျက်သည့်နှယ် ကြွက်ကြွက်ဆူသွား သည်။

"အမယ်လေး မောင်ရေဘာဖြစ်တာလဲ"

သွားရန်အသင့်ပြင်ပြီး၍ လက်ကိုင်အိတ်ကိုဆွဲလိုက်သော ခင်လှမြတ်က ထိတ်လန့်စွာအော်ဟစ်ရင်း လက်ထဲကအိတ်ကို ချလိုက်သည်။

"သူပုန်ဝင်စီးပြီထင်တယ်"

ဦးမြင့်ကျော်က ပြောပြောဆိုဆို မီးခလုတ်ကိုပိတ်ချလိုက်ရာ အိမ်လုံးမှောင်သွားသည်။ သော်င်းကျွန်းဘက်ကပစ်သည့် ကျည်ဆံ တော်ဘက်ကခုခံပစ်ခပ်သည့် ကျည်ဆံတွေက မြို့ပေါ်မှာ မိုးသီး ကြိုက်လိုဖြစ်လို့နေသည်။

"မြတ် ထိုင်လိုက်ကြမ်းပေါ်ဝပ်နေ"

ဦးမြင့်ကျော်က ပြောပြောဆိုဆို ဘာလုပ်ရမည်မသိဘဲ တပ်ရပ်နေသော ဇနီးသည်ကို ဆွဲချလိုက်သဖြင့် ဒေါ်ခင်လှမြတ်မှာ ပြင်ပေါ်မှောက်ရက်ဖြစ်သွားသည်။ တိုက်ခိုက်သံတို့မှာ ပြင်း သည်ထက် ပြင်းထန်လာသည်။ တိုက်ပွဲခိုက်ပွဲအတွင်းဝယ် တ်မာတောကြောင်တွေက တစခန်းထနေကြပြန်သည်။

"ပေးပါ့မယ် အားလုံးပေးပါ့မယ် လူကိုချမ်းသာပေးပါ။ အမယ် သေပါပြီရှင်" ဟူသော တောင်းပန်သံ ဟုယောင်းရိုက်နှက်သံတွေက ကျော်တို့နှင့်တပ်လျက် အိမ်တစ်အိမ်မှ ထွက်ပေါ်လာသည်။

"မောင်တံခါးသွားပိတ်လိုက်အုန်းမယ်"

အိမ်မှထွက်ခွါတော့မည်ဆဲဆဲဖြစ်၍ တံခါးမကြီးက ဖွင့်ထားပြီး နေသည်။ တစ်ဖက်အိမ်ကတောကြောင်တွေညည်းဆဲသံ ကြားရသော ဦးမြင့်ကျော်ကစိတ်ပူလာသည်။ ထို့ကြောင့် တံခါးမကြီးကို ပိတ်ရန်

ကဗျာကသီသွားသည်။ ဦးမြင့်ကျော်တံခါးရွက်တစ်ဖက်ကို ဆွဲကိုင်လိုက် မိရုံမျှသာရှိသေးသည်။ ဘယ်ဆီက ဘယ်လိုပစ်လိုက်မှန်းမသိသော ကျည်ဆံတတောင့်က ဦးမြင့်ကျော်၏နဖူးတည့်တည့်ကိုဖေါက်ထွင်းသွား လေတော့သည်။ ဦးမြင့်ကျော်ကား အသံပင်မထွက်နိုင်တော့ဘဲ ထန်းပင်လဲနည်းမျိုးလဲသွားလေတော့သည်။

တံခါးပိတ်မည့် ခင်ပွန်းသည်က တံခါးမပိတ်ဘဲ သေနတ်သံနှင့် အတူ အရုပ်ကြိုးပြတ်လဲသွားသောအခါ ဒေါ်ခင်လှမြတ်က သံသယ ဖြစ်လာသည်။

"မောင် မောင် ဘာဖြစ်သွားသလဲဟင်"

အသံကိုအုပ်ပြီးခေါ်၏။ ဦးမြင့်ကျော်ကား အသံလည်းမထွက် လှုပ်ရှားခြင်းလည်းမရှိချေ။ ဒေါ်ခင်လှမြတ်၏စိတ်ထဲဝယ် အကြီးအကျယ် တုန်လှုပ်လာသည်။ ကြောက်ရလန့်ရမှန်းမသိတော့ဘဲ ဝပ်နေရာမှ ခုန်ထခါ တံခါးဝတွင်လဲနေသော ခင်ပွန်းရှိရာခြေနှစ်လှမ်းမျှဖြင့် အရောက် ခုန်သွားလိုက်သည်။

"မောင် မောင်" . . .

မှောင်ထဲမှာ နှုတ်ကလည်းခေါ် လက်ကလည်းစမ်း သပ်ကြည့် သည်။ မျက်နှာကိုစမ်းလိုက်သောလက်ကပူနွေးသော သွေးတွေ ကို စမ်းမိသည်။ ရင်ပတ်ကိုစမ်းလိုက်သောလက်က အသက်ရှူရပ်နေပြီ ကို သိလိုက်ရသည်။

"မောင် မောင်ရေ မောင်"

ဒေါ်ခင်လှမြတ်သည် ကြေကွဲဆို့နင့်သောအသံဖြင့် တစ်ခွန်း မျှအော်ကာ ဦးမြင့်ကျော်၏ ရင်ခွင်ပေါ် မျက်နှာမှောက်ပြီး သတိလစ် သွားရှာလေတော့သည်။

နှာဝတွင်မွှေးကြိုင်သောရနံ့ကိုရှူရှိုက်ရပြီးနားထဲတွင်. . "

"မမ"

"မင်းကတော်သတိထားပါ"



"ညီမလေး ညီမလေး"

ဟူသောအသံတွေကို ကြားလာသည်။ ဒေါ်ခင်လှမြတ်က က်လုံးဖွင့်ကြည့်လိုက်၏။ မိုးကစင်စင်လင်းနေလေပြီ။ ခရိုင်ဝန်ကတော် ဒေါ်ခင်လှမြတ်ကိုယုယကြင်နာစွာပွေ့ပိုက်ထား၏။

"ညီမလေးစိတ်ကိုတင်းပါကွယ်"

အားပေးနေသော ခရိုင်ဝန်ကတော်၏အသံကပင် ငိုသံပါ သည်။ ဒေါ်ခင်လှမြတ်က အံကိုတင်းတင်းခဲကာ။

"မောင့်ကိုဘယ်ယူသွားလဲဟင်. . ."

မေးရင်မျက်လုံးက ရှာကြည့်လိုက်၏။ သူချစ်လှစွာသော ခင်ပွန်း ဦးမြင့်ကျော်ကား အိမ်ဦးခန်းတွင် မထသော လျောင်းစက်ခြင်းဖြင့် သက်စွာလျောင်းစက်နေသည်ကို တွေ့ရသည်။ နဖူးတွင် ဖြူဖွေး ပက်တီစည်းထား၏။ ဦးမြင့်ကျော်၏ခေါင်းရင်းဘက်တွင်းကာ မြင်ဒုက္ခိတဘုန်းတော်ကြီးအိုကား ငြိမ်သက်စွာထိုင်တော်မူလေ ည်။ ဒေါ်ခင်လှမြတ်သည် ဖြူလျော်တည်ငြိမ်သောမျက်နှာကို တောင်မခပ်စိုက်ကြည့်ရင်း မျက်ရည်တွေကတားမနိုင်ဆီးမရ ဖြိုင် ကျလာသည်။

နံနက် သုံးနာရီမထိုးမီမှာ သောင်းကျန်းသူတွေမြို့ဝင်စီးကြောင်း မတော်ကခုခံတိုက်ခိုက်၍ ငါးနာရီခန့်တွင် ဆုတ်ခွာသွားကြကြောင်း၊ ဘုရားငုတ်တို တန်ဆောင်းမျက်၊ ဇရပ်မျက်ဘက်ကိုဆုတ်ခွာသွား၍ မတော်က ထပ်ချပ်လိုက် တိုက်လှတ်ကြောင်း။ တိုက်ပွဲအတွင်း င်းကျန်းဘက်ကရော မြို့သူမြို့သားရော၊ တပ်မတော်သားရော သူ့ဒဏ်ရာရသူရှိကြောင်း။ တိုက်ပွဲအတွင်း တောကြောင်တွေ နောက်သေးကြောင်း။ တိုက်ပွဲပြီးလျှင်ပြီးချင်း တပ်မတော်က မြို့ကို ဆေးကြည့်ရှုကြောင်း၊ ဦးမြင့်ကျော်ဤသို့ဖြစ်ကြောင်း သိလျှင်ပင် ဝန်ကတော်ခေါင်းဆောင်သော အမျိုးသမီးများရောက်လာသောအခါ ခင်လှမြတ်ကို သတိမေ့လျက်တွေ့ရကြောင်းစသည်တို့ကို တစ်

ယောက် တစ်ခွန်းပြောပြနေကြသည်။ သို့သော် ဒေါ်ခင်လှမြတ်နားထဲတွ
အစုံအလင်မဝင်။ သူ့နားထဲမှာ စွဲစွဲမြဲမြဲကြားနေရသည်က -

"မြတ်. . . ထိုင်လိုက် ကြမ်းပေါ်ဝပ်နေ"

"မောင် တံခါးသွားပိတ်လိုက်အုံးမယ်"

ဟူသော ဦးမြင့်ကျော်၏ နောက်ဆုံးပြောသွားသည့်အသံကိုသာ ကြားယောင်နေလေသည်။

ဒေါ်ခင်လှမြတ်သည် သူ့ကိုဖက်ထားသော ခရိုင်ဝန်ကတော်၏ လက်ကို ညင်သာစွာဖယ်ကာ ဦးမြင့်ကျော်ရုပ်ကလပ်ပြင်ထားရာ အိမ်ရှေ့ ခန်းသို့လာခဲ့သည်။ လဲလျောင်းနေသော ခင်ပွန်းသည်၏ ခေါင်းရင်း ဘက်မှာငြိမ်သက်စွာထိုင်နေသော ဘုန်းတော်ကြီးကိုရှိခိုးကန်တော့ လိုက်သည်။

"အရှင်ဘုရား မျက်လုံးကိုပြန်မြင်အောင် ကုပေးမယ်လို့ တာဝ ယူသွားတဲ့ အရှင်ဘုရားသား၊ သူ့မျက်လုံးကတော့ အရှင်ဘုရား ဘယ်တော့မှ မမြင်အောင်ကွယ်သွားပါပြီဘုရား. . ."

အသည်းနှလုံးထဲမှ ကြေကွဲဆို့နင့်စွာ ထွက်လာသော အသံဖြ ဒေါ်ခင်လှမြတ်က ငိုကြွေးလျှောက်ထားလိုက်၏။ ဘုန်းတော်ကြီး မျက်လုံးမှမျက်ရည်များက ဒေါ်ခင်လှမြတ်နှင့် အပြိုင်စီးကျလာသည် ရဟန်းသံဃာတော်ဖြစ်၍ သင်္ခါရတရားကို သိမြင်ပါသော်လည် သူ့ရင်သွေး ရင်နှစ်သားစစ်အရင်းအချာထက်ပင် သူ့အပေါ်မှာ စေတနာ မေတ္တာထားခဲ့သူ ဦးမြင့်ကျော်၊ သားရင်းကကျေးဇူးကန်းရက်စွာ ပစ်ပယ ထားခဲ့၍ မျက်မမြင်ဒုက္ခိတဖြစ်နေရသော သူ့ဘဝကို မျက်စိပြန်မြ အောင် ကုသပေးရန် တာဝန်ယူထားသော ဦးမြင့်ကျော်၊ ယခုသူ့အပေါ် မှာ ကျေးဇူးကြီးမားလှသော ဦးမြင့်ကျော်၊ ယခုလို မရှုမလှ အသက်ဆုံး ရသည်တွင် ဘုန်းတော်ကြီးစိတ်မှာ နှမြောဝမ်းနည်းခြင်း၊ ကျန်ရစ် ဒေါ်ခင်လှမြတ်ကို သနားခြင်းဖြင့် မျက်ရည်ကျတော်မူခြင်းဖြစ်သည်။



"တရားနဲ့သာဖြေပေတော့သမီးရယ်၊ ဘုန်းကြီးလည်း သန်းခေါင် ်စအချိန်မှာ ဘူတာဆင်းအမှီ ရောက်အောင်ထွက်လာတာဘဲ။ းခုလှပ်မှာတင် ပစ်ကြခတ်ကြတဲ့ သေနတ်သံတွေကြားတယ်။ ကြီးလည်း ကျည်ဆံမှန်သေသွားလဲအေးလေလို့ နှလုံးပိုက်ပြီး နောက် တ်ဘဲလာလိုက်တာ ဒီရောက်တော့ မမြော်လင့်တဲ့အဖြစ်ကို ဘယ်သမီး၊ အော်. . . ကံတရားကို ဘယ်သူမှ မစီမံနိုင်ပါလား။ ကြီးနဲ့ဘဝချင်းအသက်ချင်း လဲလို့ရရင် လဲပေးလိုက်ပါတယ် ရယ်. . ."

ဘုန်းတော်ကြီးက ကြေကွဲစွာမိန့်တော်မူသည်။

"အရှင်ဘုရား ကုသိုလ်ကောင်းပါတယ်ဘုရား၊ မိုးသီးမိုးပေါက် နေတဲ့ ကျည်ဆံကြားက မမြင်မစမ်းလာနေသော ဘာမှမဖြစ်ခဲ့ဘူး၊ ည့်တော်ခင်ပွန်းမှာ လုံခြုံတဲ့ အိမ်ပေါ်မှာနေရင်း အသေဆိုးနဲ့ ရတယ်၊ သီလချင်းမတူဘူးလို့ဆိုရမှာပေါ့ဘုရား။ အရှင်ဘုရားက ကောင်းလို့ အသက်ရှည်တာ။ တပည့်တော်ခင်ပွန်းက သီလနဲလို့ ယ်ရှုယ်ရှုယ်နဲ့သေရတာ၊ တပည့်တော် ရင်နာလှပါတယ်ဘုရား"

ဒေါ်ခင်လှမြတ်က ရှိုက်ငင်ငိုယိုရင်းလျှောက်ထားသည်။

"သမီးအယူအဆလွဲနေပြီကွယ်။ တကယ်တော့ ဘုန်းကြီး လ်မကောင်းပါဘူး။ သီလရှိလို့အသက်ရှည်နေတာမဟုတ်ဘူး . . . ဝဋ်ဒုက္ခမကုန်သေးလို့ အသက်ရှည်နေတာကွဲ့။ ဘုန်းကြီး ယ်လောက်ကြီးလဲ၊ ဆွမ်းတစ်ဝမ်းကို မပင်ပန်းဘဲစားနေရအောင် န်ယူထားတဲ့ သားနဲ့သမီး အခုလိုအပူသောကတွေတော့ ဆွမ်းတစ် ကို တစ်ပင်တစ်ပန်းရှာရပေအုန်းတော့မယ်။ အကန်းဘဝ အောင် ဆေးကုဖို့ တာဝန်ယူထားတဲ့သားက မမြော်လင့်တဲ့ အဖြစ် ကြုံရတော့ ဘုန်းကြီးအဖို့ အကန်းဘဝနဲ့ဘဲ မသေမချင်း ဒုက္ခိတ ရအုန်းမယ်။ အဲဒီတော့ ဘုန်းကြီးကုသိုလ်ကောင်း၊ သီလကောင်း သေသေးတာမဟုတ်ဘူး။ ဘုန်းကြီးအဖို့ ဘယ်ဝဋ်ကြွေးအနှောင်

အဖွဲ့က အတွဲအလှည့်ပါလာလေသလဲမသိပါဘူးသမီးရယ်"

ဘုန်းတော်ကြီး စကားကို နားထောင်နေရင်း ဒေါ်ခင်လှမြတ် ရှိုက်ငင်ငိုယိုနေသည်။ ဘုန်းတော်ကြီးက ဆက်လက်မိန့်ကြား၏။

"သားအဖို့ တစ်မျိုးတော့ ကောင်းသွားတာပေါ့လေ ဆင်းရဲ မခံစားရဘဲ ချမ်းသာပြည့်စုံတဲ့ဘဝမှာဝေဒနာကို ကြာရှည်မခံစား အခုလိုနာရကြင်ရမှန်းတောင် မသိလိုက်တဲ့အဖြစ်မျိုးနဲ့ ကွယ်လွန် ဘဝကိုအနိုင်နဲ့ ပိုင်းလိုက်တဲ့ သဘောလို့ယူဆရမယ်သမီး"

ဘုန်းတော်ကြီးက ဒေါ်ခင်လှမြတ် စိတ်ဖြေနိုင်အောင် မိန့် သော်လည်း ဦးမြင့်ကျော်၏ သေပုံသေနည်းမှာ ကံကုန်နေ့စေ့ မဟုတ် ဥပစ္ဆေဒကကံတည်းဟူသော သူများလက်နက်ဖြင့် သွေးထွက်သံ သေရခြင်းဖြစ်ရာ ယခင်ဘဝဟောင်းက သူတစ်ပါးကိုသွေးထွက်သံ အဖြစ်မျိုးဖြင့် သေစေခဲ့ဘူးသော ဝဋ်ကြွေးအဆက်ဖြစ်သည်ဟု တော်အရ ကောင်းစွာသိတော်မူသည်။

သို့သော်မဃုံနိုင်အောင်လျှင်မြန်တိုတောင်းလှသော အ အတွင်းမှာ မမြှော်လင့်သော အဖြစ်မျိုးဖြစ်သွားသော ခင်ပွန်းသ အတွက် ဒေါ်ခင်လှမြတ်ကမူ ဖြေမဆည်နိုင်ရှာပေ။ တစ်ယောက် တစ်ယောက် အသက်ပေး၍ ချစ်ခင်ကြင်နာသော ဇနီးမောင်နှံ ကြေကွဲဘွယ်ရာအဖြစ်ဆိုးဖြင့် သေကွဲကွဲရလေပြီ။

"ဒီအဖြစ်မျိုး ဒီဘဝဒီတစ်ကြိမ်သာ ဖြစ်ပါစေတော့ မောင် ကိန္နရာချောင်းခြားပတ်ပျိုးထဲက ဘယ်ဝဋ်နှောင်ဖန်လာမှန်းတယ် အတိုင်း ဘဝဝဋ်ကြွေးလို့သာတွေးပြီး မြတ်တစ်သက်လုံး ဆွေးရ တော့မယ် မောင့်ရဲ့"

ဦးမြင့်ကျော်၏ အသက်ဝိညာဉ် ကင်းကွာသော ကိုယ်ခန္ဓ ကြင်နာယုယစွာဘက်ပြီး ငိုလိုက်သော ဒေါ်ခင်လှမြတ်၏ ဘယ်ဝဋ်နှော ဖန်လာမှန်းတယ်ဆိုသော စကားလုံးက ဘုန်းတော်ကြီး၏ အသည်း ကိုလည်း ပြင်းထန်စွာ ရိုက်ခတ်သွားလေသည်။



"အင်း-ဝဋ်ကြွေးမကုန်သူ ဝဋ်ဟောင်းပါသူချင်းအတူတူ တော့ ဘဝကိုအနိုင်နဲ့ ပိုင်သွားနိုင်တဲ့ ဝဋ်ကြွေး၊ ငါ့မှာတော့ အခု တိုင် မသေနိုင်ဘဲ အရှုံးနဲ့ရင်ဆိုင်ပြီး၊ ဒုက္ခိတဘဝနဲ့ ဝဋ်ဒုက္ခကြီးကို းနေရဦးမှာပါတကား"

ဘုန်းတော်ကြီးသည် သူ့ဘဝကို ရင်နာစွာတွေးကာ အလင်းမရ င်အတိကျနေသော မျက်လုံးမှ စီးကျလာသော မျက်ရည်ကို ခင်း. . . .

"အော်-သော်ကမီး ဒုက္ခတို့ကင်းငြိမ်းရာ နိဗ္ဗာနခေမာသောင် ကို မတက်လှမ်းနိုင်သေးသမျှ ဖြစ်ရတဲ့ဘဝတွေမှာ ဝဋ်ဒုက္ခဘေးက အောင် ဖေးမြတဲ့ရတနာသုံးပါးအရိပ်ကိုသာ ခိုလှုံဘို့ကြိုးစားပါတော့ ရယ်"

ဟူသောစကားဖြင့်သာ ကျေးဇူးပြုခဲ့သူ အပ္ပသည်ကလေးကို ပေးနှစ်သိမ့် နိုင်ရှာတော့သည်။ ဝဋ်ကြွေးတင် ပွားလာမင့်ဟာမို့ ရာမမြင် တရားသာချင်ပါတော့၊ ငါးမာန်လွင့်သော်မှ မကယ်နိုင် ား ။

မဝင်းမြင့်
၁၉၇၆၊ စက်တင်ဘာလ
(သွေးသောက်မဂ္ဂဇင်း)

# ကြွေလွင့်ရွက်ဝါ

မော်တော်ကားသံ၊ လူသံတွေ စီစီညံနေသော ရန်ကုန်မြို့ ပေါ်မှာ ပရိယေသန ဝမ်းရေးကြောင့် အိမ်နှင့် ရုံးကိုနေ့စဉ်သွားလိုက် ပြန်လိုက်လုပ်နေရသောအခါ၊ နှစ်ပရိစ္ဆေ ကြာညောင်းလာသည်နှင့် အ ဒေါ်ခင်ဖြူသည် ငြီးငွေ့လာသည်။ ဒေါ်ခင်ဖြူ အပန်းဖြေချင်သ ထို့ကြောင့် ရုံးပိတ်ရက်တွေမှာ ဗိုလ်ချုပ်ပန်းခြံကိုသွားသည်။ စိမ်းလဲ့ လင်သော ကန်ရေပြင်နှင့် စိမ်းလန်းစိုပြေသော သစ်ပင်တောအုပ် တွေနှင့် ပွင့်ဖူးဝေဆာသော ပန်းပင်တွေနှင့် နိမ့်မြင့်စီရရီ စိတ်ကြည်နူး ကောင်းသော တောင်ကုန်းလေးတွေနှင့် သာယာလှပသော ဗိုလ် ပန်းခြံ။

ရုံးခန်းနှင့် အိမ်ခန်းထဲမှာသာ အချိန်ကုန်လာခဲ့ရ ဒေါ်ခင်ဖြူသည် ကြည်နူးသာယာသည်ဟု သူ့စိတ်ထဲမှာ ယူဆခဲ့ ဗိုလ်ချုပ်ပန်းခြံသို့ ရောက်လာခဲ့ပြီ။ အသက်က လေးဆယ်ကျော် ပြီဖြစ်သော တစ်ကိုယ်တည်းနေသည့် အပျိုကြီး ဒေါ်ခင်ဖြူသည် သောက်စရာထည့်ထားသည့် ပလပ်စတစ်ခြင်းကို လက်က သူစတည်းချရမည့် နေရာကို ရှာလိုက်သည်။

အရိပ်ကောင်းသော သစ်ပင် အုပ်လေးအောက်မှာ နားမည် ကြည့်လိုက်၏။ ထိုနေရာတွင် ဖဲဝိုင်းကြီးကပင်နေသည်။ ယော တွေရော၊ မိန်းမတွေရော။

"နီးနီးနားနားနေလို့ မဖြစ်ပါဘူးလေ"

ဒေါ်ခင်ဖြူ ခြေလှမ်းတုန့်ပြီး တစ်ခုသော မြို့အကွ ရောက်လာသည်။ ဒိမ်ခံပြီး အရက်သောက်နေသော အရက်ဝိုင် တွေ့ရသည်။ ဒေါ်ခင်ဖြူ ပြန်လှည့်ခဲ့ရပြန်သည်။

"စားသောက်ပြီးတဲ့အခါ ဆေးရှ ကြောရလည်း လွယ် အေးအေးလူလူလဲရှိမယ်၊ မျက်စေ့ရှေ့မှာလည်း ရေပြင်ကလွဲလို့ အ



မှာ မဟုတ်ဘူး၊ ဒါကြောင့် ကန်ရေပြင်အစပ်ကိုပဲ သွားတာ ကောင်းပါ ယ်လေ"

ဟူသောဆုံးဖြတ်ချက်ဖြင့် ဒေါ်ခင်ဖြူလာခဲ့သည်။

"ဟောတော့-ကန်စပ်က နေရာကောင်းလေးတွေမှာ စုံတွဲ တွေပါလား၊ ဇနီးမောင်နှံ မဟုတ်ဘူး၊ သမီးရည်းစားတွေပဲ၊ ဟောဟိုအတွဲ ကတော့ ရုံးသူ ရုံးသားတွေဖြစ်မယ်၊ အေးလေ-သူတို့လည်း ရက်အား ရတဲ့အချိန်မှာ ကြည်နူးကြရတာပဲ မဟုတ်လား၊ ငါသာ နေစရာ ဘဲ ဖြစ်နေတာ"

ဒေါ်ခင်ဖြူက တွေးရင်း၊ သူစိတ်တိုင်းကျမည့်နေရာကို ရှာသည်။ ရာတိုင်းမှာ မအားမလပ်၊ သိကျွမ်းရှိရှိ အပန်းဖြေနေကြသည့် နေရာ မိသားစု၏ သားငယ်၊ သမီးငယ်တွေက နေရာကျယ်သည့်ကြောင့် ဘက်အောင် ဆော့သဖြင့် မျက်စေ့နောက်စရာ ဆူညံနေပြန်သည်။

ဒေါ်ခင်ဖြူ နေစရာကို ရှာ၍ မရတော့ချေ။

"အိမ်ပြန်တာပဲ ကောင်းတယ်"

ဟူသောအတွေးဖြင့် ဒေါ်ခင်ဖြူ အိမ်ပြန်ရောက်လာသည်။

"နောက် တစ်ပတ်ကျရင် ဗိုလ်ချုပ်ပန်းခြံ မသွားတော့ဘူး ရိဇ္ဈာန် ဥယျာဉ်ကို သွားမယ်"

ဤကား- ဒေါ်ခင်ဖြူဆုံးဖြတ်ချက်ဖြစ်သည်။

ဆုံးဖြတ်ချက်အတိုင်း နောက်တစ်ပတ် တိရိစ္ဆာန် ဥယျာဉ်သို့ သွားသည်။ သို့သော် ဒေါ်ခင်ဖြူစိတ်တိုင်းကျသည့် နေရာကိုပင် မတွေ့ အောင် ဖြစ်နေသည်။ အသက်လေးဆယ်ကျော်သည် တိုင်အောင် ဝိုပင် မသန်းခဲ့သော အပျိုကြီးပြီပြီ တော်ရုံတန်ရုံကိုလည်း စိတ်တိုင်း ဖြစ်။ ဒေါ်ခင်ဖြူ အိမ်ပြန်လာခဲ့ရပြန်သည်။

ဒေါ်ခင်ဖြူအိမ်ဟုဆိုသော်လည်း ခြံနှင့်၊ ဝင်းနှင့်၊ အိမ်ကျယ် ယ်မဟုတ်။ ဆွေမျိုးပေါ်ရှားသူ၊ မိဘနှစ်ပါးလုံး မရှိတော့သူ ဖြစ်သည် လျှောက်၊ အမျိုးသမီးဘော်ဒါဆောင်မှာ အခန်းငှားနေသည်။ ထမင်း

လခပေးစားသည်။ ဒေါ်ခင်မြူအမှုထမ်းသက်ရင့်လာသည့်အတွ
ရာထူးကလည်း တိုးလာခဲ့သည်ဖြစ်ရာ၊ ယခုအချိန်မှာ ဒေါ်ခင်မြူသ
မြန်တမ်းဝင်အရာရှိဖြစ်ပြီး လခမှာ ခုနစ်ရာရနေပြီဖြစ်သည်။

ဤလခသည် ဒေါ်ခင်မြူတစ်ယောက်အတွက် လုံလောက်သ
အပြင် ပိုလျှံနေသေးသည်။

အရွယ်ရှိစဉ်က ရည်းတူတန်းတူ အခြေအနေတူ အချင်းချ
ဘဝ ကြင်ဖော်အဖြစ်နေထိုင်ရန် လက်ဆန့်ကမ်းလှမ်းခဲ့ကြသော်လည်း
ဒေါ်ခင်မြူက ဃရာဝါသ ဒုက္ခများမြောင်၊ လူတို့ဘောင်မှာ အိမ်ထော
သားမွေး၊ ထိုအရေးတွေးတွေးပြီး ကြောက်သောကြောင့် တစ်ယော
တည်းနေခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဒေါ်ခင်မြူအဖို့ အပန်းဖြေစရာ၊ ချစ်သူ၊ ခင်ပွ
ယောကျ်ားလည်း မရှိ၊ သားသမီးလည်းမရှိ၊ မိဘဆွေမျိုးလည်းမရှိ။

ရန်ကုန်လိုမြို့ထဲမှာ အပန်းဖြေစရာ နေရာကလည်း ဒေါ်ခင်
လို နေရာရွေးသူအဘို့ အပန်းဖြေစရာ နေရာမရှိချေ။ ထို့ကြော
ဒေါ်ခင်မြူ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

"ငါအမှုထမ်းသက်တစ်လျှောက်လုံးမှာ တစ်ခါမှ ခွင့်မယူ
ဘူးသေးဘူး။ ဒါကြောင့် ခွင့်ရက်ရှည်ယူပြီး ကောင်းကောင်း နားမ
ဘယ်မှာ သွားနားရမလဲ"

ဒေါ်ခင်မြူခွင့်ယူရန် ဆုံးဖြတ်လိုက်ပြီး အပန်းဖြေနားနေစရာ
စိတ်ထဲက ရှာဖွေကြည့်လိုက်သည်။ ထိုအခါ ဒေါ်ခင်မြူ မျက်စေ့ထဲ
ပေါ်လာသည်က ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်ရှိသည့်
မြို့လေး တစ်မြို့။

ဒေါ်ခင်မြူ၏ သူငယ်ချင်းက ထိုမြို့လေးမှာ ကျောင်းဆရာ
အဖြစ်အမှုထမ်းနေသည်။ ဒေါ်ခင်မြူလိုပင် လုပ်သက်ရင့်ပြီဖြစ်သော
ကြောင့် ထိုမြို့က အလယ်တန်းကျောင်းမှာ ကျောင်းအုပ်ဆရာ
ဖြစ်နေသည်။ ဒေါ်ခင်မြူလိုအပျိုကြီးတော့မဟုတ်။ သူငယ်ချင်း ခင်ပွန်း



ယ်သမား၊ မြို့သမားဖြစ်သည်။ အေးအေးတိတ်ဆိတ်သော သူငယ်ချင်း
အိမ်ထောင်ကား သာယာချမ်းမြေ့စရာ ကောင်းသည်ကို ဒေါ်ခင်မြူ
ခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် ထိုမြို့လေးမှာ ခွင့်ရက်ကုန်ဆုံးသည့်
ထိအောင် အပန်းဖြေ နားနေမည်ဟု ဒေါ်ခင်မြူ ဆုံးဖြတ်လိုက်သည်။

☆ ☆ ☆

ရုံးကိစ္စနှင့် ပတ်သက်ပြီး ဆောင်ရွက်ဖွယ်ရှိသမျှကို ပြီးစီးအောင်
ဆောင်ရွက်ပြီးသောအခါ ဒေါ်ခင်မြူသည် သူငယ်ချင်း မိသားစုအတွက်
လက်ဆောင်ပစ္စည်းတွေကို ဝယ်ခြမ်းပြီး အပန်းဖြေထွက်လာခဲ့သည်။

စာကြိုတင်ရေးထားသောကြောင့် သူငယ်ချင်းဇနီးမောင်နှံနှစ်
ယောက်လုံး ဝမ်းသာအားရလာကြိုကြသည်။

ဒေါ်ခင်မြူသည် ထိုမြို့လေးကို ရောက်သောအခါမှ ရန်ကုန်မှာ
နေခဲ့ ဦးခေါင်းထဲမှာ ရှုပ်ခဲ့သမျှငြီးငွေ့ခဲ့သမျှတွေ အားလုံးပြေပျောက်
သွားတော့သည်၊ ဒေါ်ခင်မြူစိတ်သည် ပျော်သည်၊ ကြည်လင် ချမ်းမြေ့
သည်၊ ဦးနှောက်ရှင်းသွားသည်။ လူပါလန်းဆန်းပေါ့ပါးသွားသည်။

မြို့လေးကား နယ်ပိုင်ရုံးစိုက်သည့်မြို့လေးဖြစ်သည်။ မြို့၏
အနောက်ဘက်မှာ တောင်စွယ်တောင်တန်းတွေက မှိုင်းမှိုင်းညို့ညို့
နေပြီ၊ မြို့အရှေ့ဘက်မှာကား လယ်ကွင်းပြင်ကြီးသည် မိုးကုပ်
စက်ဝိုင်းသို့ ထိနေအောင် တစ်မျှော်တစ်ခေါ် ကျယ်ပြန့်လှသည်။
လယ်ကွင်းပြင်ကြီးတွေကို ဖြတ်ပြီး ဖောက်လုပ်ထားသော မော်တော်
ကားလမ်းသည် လမ်းဘေးနှစ်ဘက်မှာ စိမ်းညိုမှိုင်းဝေသော အေးမြသည့်
ရိပ်အာဝါသ, ပေးရာကုက္ကိုပင်၊ မကျည်းပင်တွေဖြင့် ရွှေရောင်ဝင်းနေ
သည့် လယ်ကွင်းအလယ်မှာ မြစိမ်းရောင် တောတန်းရှည်ကြီးလို ဖြစ်နေ
သည်။

မြင်ရသည့် မျက်စေ့ပသာဒကား ကြည်နူးစရာ ကောင်းလှ
သည်။

"သူငယ်ချင်း-ဟောဟိုဘက်က တောင်တန်းဟာ ပဲခူးရိုးမက

ဖြာထွက်လာတဲ့ တောင်စွယ်တောင်တန်းလေးတွေနော်"

မှိုင်းညို့ ရိုးမှောင် ပြာရောင် ယှက်သန်းနေသော တောင်စွယ် တောင်တန်းလေးကို စိတ်အေးကြည်နူးစွာကြည့်ပြီး ဒေါ်ခင်မြူက မေး သောအခါ သူငယ်ချင်း ကျောင်းဆရာမကြီးက

"ဟုတ်တယ်၊ တောင်ခြေမှာမြို့တွေ ရှိနေတယ်၊ သွားချင်ရင် သွားကြည့်ပါလား"

ဟုဆိုသည်။

"မသွားဝံ့ပါဘူး သူငယ်ချင်းရယ်၊ တောင်ပေါ်က သောင်းကျန်း သူတွေနဲ့ တိုးနေရင် ကျော်မကောင်းကြားမကောင်းဖြစ်နေပါဦးမယ် ကိုယ်က အပျိုကြီးဟဲ့"

ဒေါ်ခင်မြူက အရွှန်းဖောက်ပြောလိုက်သည်။

"အခု မရှိတော့ဘူး သူငယ်ချင်း၊ ဘေးကင်းရန်ကင်းသ အေးချမ်းနေပါပြီ"

ကျောင်းဆရာမကြီးက ပြောသောအခါ

"အခု ဘေးကင်း ရန်ကင်းဆိုတော့ အရင်ကတော်တော်ဆိုး ခဲ့တယ် ထင်တယ်"

ဟုဒေါ်ခင်မြူကပြန်မေးသည်။

"အေး-လွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်အထိ တော်တော် စိတ်ဆင်းရဲစရာ ကောင်းအောင် သောင်းကျန်းသူတွေ နှိပ်စက် ခဲ့ကြတယ် သူတို့ အခုမြင်နေရတဲ့ တောင်စွယ်တန်းလေးနောက်ဘက်မှာရှိနေတ တောင်တန်းကြီးအတွင်းဘက်မှာ အခိုင်အမာ စခန်းလုပ်ပြီး လူတွေကို နှိပ်စက်နေခဲ့ကြတယ်လေ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ဆိုရင် ဟို ၁၉၅၀ ခုနှစ်လောက်က ဆိုပါတော့၊ ဒီမြို့လေးဟာသူတို့မြို့ ဖြစ်သွားသေး တယ် သူငယ်ချင်းရဲ့၊ နောက်ပိုင်း သူတို့တောထဲပြန်ဝင်ပြေးကြရပြီး တောထဲက အလစ်ကိုချောင်းပြီး မြို့ကိုလာ ဒုက္ခပေးတယ်၊ လွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ်လောက်က စပြီးအစိုးရတပ်မတော်က တောင်တန်းတစ်ခုလုံး



ကို နင်းပြီး မွှေနှောက် နှိမ်ပစ်လိုက်မှ အစ,ပျောက်ပြီး အေးအေး ချမ်းချမ်း ဖြစ်သွားတာ"

သူငယ်ချင်း ကျောင်းဆရာမကြီးက စိတ်ရှည်လက်ရှည် ရှင်းပြ နေသည်။

"သူတို့ မြို့ကို လက်လွှတ်ဆုတ်ခွာသွားတော့မြို့ပေါ်က လူတွေ ဖမ်းမသွားဘူးလား"

ဒေါ်ခင်မြူကမေးသည်။

"ထွက်ပြေးတဲ့ အချိန်ကတော့ ဖမ်းမသွားပါဘူး၊ သူတို့ င်းမှုနေတဲ့ အချိန်မှာသာ မခံနိုင်အောင် နှိပ်စက်နေခဲ့ကြတာ"

ဒေါ်ခင်မြူက ဘာမှဆက်မမေးဘဲ တောင်တန်းညို့ညို့ကြီးကို ေးကြည့်နေသည်။

တိုက်အိမ်အဆောက်အဦတွေ၊ ရုံးအဆောက်အဦတွေ၊ ော်တော်ကားတွေကိုသာ မြင်နေ၊ တွေ့နေခဲ့ရသော ဒေါ်ခင်မြူသည် ုမြင်နေရသော သာယာကြည်နူးဖွယ် ရှုမျှော်ခင်းတွေကို ကြည့်မဝ၊ ရှုမဝ ဖြစ်နေသည်။ တောင်ခြေမှာ ရှိနေသော သူငယ်ချင်းဖြစ်သူ၏ မြို့ထဲကို ရောက်သောအခါမှာလည်း တသွင်သွင်စီးနေသော စမ်းချောင်းလေးတွေ၊ ယံဇာတ သဘာဝအားဖြင့် ဖြစ်နေသော ကျောက်တုံး ကျောက်ချပ် ကြီးတွေ၊ မှိုင်းညို့ဝေဆာသော သစ်ပင်ကြီးတွေ၊ တပင်ပျံကူးမြူးတူး ်ကြွေးသော ကျေးငှက်လေးတွေ၏ အသံတွေကား ဒေါ်ခင်မြူ အဖို့ အသက်ရှည်ဆေးတွေပင် ဖြစ်သည်ဟု ဒေါ်ခင်မြူ ယူဆလိုက်မိရှာသည်။

ပျော်ရွှင်ကြည်နူးစရာကောင်းသော နေ့ရက်တွေသည် တစ်ရက် ပြီး တစ်ရက် ကုန်လာခဲ့ရာ ဒေါ်ခင်မြူ၏ခွင့်ရက်စေ့ရန် လေးရက်မျှသာ လိုတော့သည်။

"သူငယ်ချင်းရယ်-ငါရန်ကုန်ကို ပြန်သွားရမှာတောင် ကြောက် နေပြီ၊ ရန်ကုန်မှာငါအသက်ရှူလို့မဝဘူး"

ဒေါ်ခင်မြူက ပြန်ရမည်ကိုတွေးပြီး ငြီးငွေ့သောအသံဖြင့် ပြောသည်။

"အေးကွယ်-တို့တောမြို့ကတော့ အသက်ရှူရတဲ့လေကိုက သန့်နေတာကိုး၊ သူငယ်ချင်း ပင်ရှင်ယူပြီးရင် ဒီမှာလာနေပါလား၊ ငါတို့နဲ့ နေချင်နေ၊ မနေချင်လဲ ကိုယ့်ခြံဝင်းနဲ့ ကိုယ့်အိမ်နဲ့နေပေါ့၊ လာနေမယ်လို့ စိတ်ကိုဆုံးဖြတ်တဲ့အခါမှာ လှမ်းအကြောင်းကြားလိုက်၊ သူငယ်ချင်းစိတ်တိုင်းကျသလို ဖြစ်စေရမယ်"

ကျောင်းဆရာမကြီးက မပြန်ချင်ဘဲ ဖြစ်နေသော သူငယ်ချင်းကို ကြင်နာစွာအားပေးစကားပြောသည်။

"အေး-ပေရှင်ယူဘို့ တော်တော်လိုနေသေးတယ် သူငယ်ချင်းရဲ့ ဒီလိုပေါ့ တစ်ခါတစ်ခါ ခွင့်ရက်ရှည်ယူပြီး လာလည်မယ်လေ"

ဒေါ်ခင်မြူကပြောသည်။

"သူငယ်ချင်းကြိုက်သလိုလုပ်ပါ၊ အခုသူငယ်ချင်းမပြန်ခင် တို့မြို့က ဘုရားပွဲ မနက်ဖန်ကစပြီး ကျင်းပမယ်၊ မနက်ဖန်က စ,တယ် ဆိုပေမဲ့ အခုကို ဈေးဆိုင်တွေ၊ ဇာတ်ရုံတွေနဲ့ တော်တော်စည်နေပါပြီ၊ ပွဲဝင်မှာက သဘက်ခါညပါ၊ အဲဒီညတို့သွားကြတာပေါ့၊ ဘုရားကတော့ ရှေးဟောင်းစေတီတော်ပါပဲ၊ သမိုင်းဝင်စေတီဆိုတော့ နှောင်းခေတ် လူတွေက အစဉ်အဆက်ပြုပြင်ပြီး ပွဲတော်ကျင်းပလာခဲ့ကြတာ၊ သူငယ်ချင်း ရန်ကုန်မပြန်ခင် တောဘုရားပွဲ ဘယ်လိုဆိုတာ ကြည့်သွားအုန်း၊ ရန်ကုန်ရွှေတိဂုံဘုရားပွဲလိုတော့ မော်တော်ကားမရှုပ်ပါဘူး"

သူငယ်ချင်း ကျောင်းဆရာမကြီးပြောသည့်အတိုင်း ပွဲဝင်သည့် ညမှာ သူငယ်ချင်းနှစ်ယောက် ဘုရားပွဲသို့လာခဲ့သည်။ ငယ်သူငယ်ချင်း နှစ်ယောက် လွတ်လပ်စွာ သွားလိုသည့်အတွက် ကျောင်းဆရာမကြီး၏ ခင်ပွန်းနှင့် သားသမီးများက အိမ်စောင့်ကျန်ရစ်ကြသည်။

ဘုရားပွဲဆိုသည့်အတိုင်း လူသံ၊ ဆိုင်းသံ၊ ဈေးခေါ်သံ၊ အသံချဲ့ စက်ဖြင့်ဟောပြောသံ၊ သီချင်းလွှင့်သံတို့သည် ကြွက်ကြွက်ညံနေသည်။



လူသံ၊ မော်တော်ကားသံ၊ စီစီညံနေသော ရန်ကုန်မြို့က ...သံတွေကို ငြီးငွေ့လာခဲ့သော ဒေါ်ခင်မြူက -

"သူငယ်ချင်း-နားပူလွန်းတယ်ဟယ်၊ ဈေးတန်းဘက်ကို ရှောင် ...ားကြရအောင်"

ဟုပြောသောအခါ။

"အေး-မြူမြူရေ- နင့်လိုလူမပြောနဲ့၊ ငါတောင်နားထဲက ...လာတယ်တဲ့"

ဟုကျောင်းဆရာမကြီးက ရယ်မောပြောပြီး

"လာ၊ ဟောဟို၊ မြောက်ဘက်စောင်းတန်းကနေပြီး၊ ရင်ပြင် ...ော်ပေါ်ကိုတက်ကြရအောင်၊ အဲဒီဘက်က ဈေးတန်းတွေ၊ ဇာတ်ရုံတွေ ...ရှိဘူး၊ အေးအေးဆေးဆေးဘုရားဖူးချင်တဲ့ လူတွေဆိုရင် အဲ့ဒီဘက်က ...က်တယ်"

ကျောင်းဆရာမကြီးက ပြောပြီး ဒေါ်ခင်မြူကို ခေါ်သွားသည်။

ကျောင်းဆရာမကြီး ပြောသည့်အတိုင်း မြောက်ဘက် စောင်း ...န်းသည် ဘုရားဖူးလာသူတွေသာ အေးဆေးဆိပ်ငြိမ်စွာ သွားနေ ...ကြသည်။ လပြည့်နေ့ညဖြစ်သောကြောင့် စောင်းတန်းတစ်လျှောက်မှာသာ ...ပ်စစ်မီးရှိပြီး၊ စောင်းတန်းအပြင်ဘက်တွင် လျှပ်စစ်မီးမရှိသော်လည်း၊ ...န်လင်းစွာသာနေသော လ,ရောင်သည် အရာဝတ္ထုအားလုံးကို သဲကွဲစွာ ...စေသည်။ အေးမြသောလေပြည်သည် ညှင်းညှင်းစွာတိုက်ခတ်နေသည်။

တသုန်သုန် တမြူးမြူး ဆော်မြူးတိုက်ခတ်လာသော လေပြည် ...င် ချိုလွင်သာယာသော တေးဂီတသံသည် ပျံလွင့်လာသည်။ မသဲ ...ဲ့ ကြွက်ကြွက်ဆူနေသောအသံတွေသည် ဒေါ်ခင်မြူနားထဲကို မဝင်ဘဲ ...ွယ်ထွက်သွားခဲ့ကြသော်လည်း၊ ယခုကြားရသည့်အသံက ဒေါ်ခင်မြူ ...ားထဲကို ပျားသကာရည်တွေချောင်းစီးဝင်သွားသလို ထိထိမိမိ ...င်သွားသည်။

ဒေါ်ခင်ဖြူသည် လှမ်းနေသောခြေကို ရုတ်ခနဲရပ်လိုက်မိ၏။

ဘာသီချင်းဆိုသည်၊ သီချင်းအစ မည်သည့်နေရာက စ,သည် ကိုဒေါ်ခင်ဖြူမသိ။ ဆိုနေသော တေးသံသည် ရှေးသီချင်းကြီးဖြစ်ကြောင်း ကိုမူသိလိုက်သည်။ ဒေါ်ခင်ဖြူကြားလိုက်သည့် တေးသံကား ဆိုနေဆဲ ခါးလည်အပိုဒ်လောက်က ဖြစ်မည် ထင်သည်။

"ကမ်းနှင့်ရေဟုန်. . . သဲငွေခုံသောင်နုမှာ၊ သေချင်လုလွမ်း ဖွယ်ဆုံ. . . ပန်းဘွယ်ကြို. . . မရွှာဘဲငယ်မှို. . . ငွေခဲ့သောင်ဦးထူးတဲ့အ တပင်ပျံသန်း. . . ကြာနန်း ကြော့လှနတ်တူပွဲအောင်လို့သာ. . . မိုးဖြူငယ်သန်ကြွင်း. . . ငွေနှင်းနှင့်တိမ်ရောရာ. . . တောင်တောသာ မာလာရွှေနိုင်ဆန်းလှလေး. . . ကြုံဘူးပေါင်၊ သည်းခေါင်ကြွေ ပန်းမျှလေး. . . မင်းလွင်ငယ် တစ်ခန်းညီစိမ်းလန်း. . . နေနန်းငယ်တို့ ရှေ့. . . မှိုင်းလို့လွမ်းရန်ဘွေ"

အသံသည် ပျို့ရွယ်သော မိန်းမတစ်ယောက်အသံမဟုတ် ကြောင်းကိုဒေါ်ခင်ဖြူသိလိုက်သည်။ သို့သော် ပျို့ရွယ်စဉ်ကမည်မျှလောက် ချိုအေးကြည်လင်ခဲ့သောအသံဖြစ်ကြောင်းကိုမူ ယခုကြီးရင့်သည့် အရွယ်မှာ သီဆိုသည့်အသံကပင် ဖော်ပြနေသည်။

အသံနှင့်အတူ ပူးတွဲထွက်ပေါ်လာသော ဝါးပတ္တလားသံနှင့် စည်းသံ၊ ဂျပ်သံသည် တေးသံနှင့်လိုက်ဘက်လှသည်။ တေးကို သီဆိုသူ၏ အသံသည် အသက်အရွယ် ရင့်ရော်နေကြောင်းကို ဖော်ပြနေသော်လည်း သီဆိုသည့်အသံသည် ဆွေးဆွေးမြေ့မြေ့ရှိလှသည်။ လှိုက်လှိုက်လှဲလှဲ လှသည်။ တေးသံကိုကြားရသည့်အခြားသူတွေ၏စိတ်ထဲမှာမည်သို့ခံစား ရမည်ကို မသိသော်လည်း၊ ဒေါ်ခင်ဖြူစိတ်ထဲမှာကား လွမ်းဆွတ်ကြေကွဲ သော စိတ်မျိုးခံစားရသည်။

လျှပ်စစ်မီးရောင်လင်းနေသည့်ဘုရားစောင်းတန်း တစ်လျှောက် မှာကား ဆင်းသူဆင်း၊ တက်သူတက်ဖြင့် ဘုရားဖူးတွေကိုသာတွေ့ရသည်။ တေးသံသည် ဘုရားစောင်းတန်းထဲက မဟုတ်ချေ။



ထိုနေရာမှာ ဈေးတန်းလည်းမရှိ၊ ဇာတ်ပွဲလဲမရှိသောကြောင့် ...ကန်းဇာတ်ပွဲတွေက ဆူညံနေသောအသံများသည် တစ်ချက်တစ်ချက် ...သင့်သည့်အခါမှသာ ခပ်သဲ့သဲ့ကြားကြရသည်။ ညှင်းညှံ့စွာတိုက်ခတ် ...သော ,လေပြည်ကြောင့် သစ်ရွက်လေးများ၏ ငြင်သာသော ...ားသံမှအပ အခြားအသံမရှိချေ။ ထို့ကြောင့် ရှေးသီချင်းကို ကြေကြေ ...ကွဲသီဆိုနေသော တေးသံသည်ပီသပြတ်သားစွာကြားကြရသည်။

ဒေါ်ခင်ဖြူက ရုတ်ခနဲရပ်လိုက်သောကြောင့် သူငယ်ချင်း ...သူဆရာမကြီးကလဲ ရပ်လိုက်သည်။ သူတို့နှစ်ယောက်လုံးသည် ...သံထွက်ပေါ်လာရာကိုသိလိုသောကြောင့် ပတ်ဝန်းကျင်ကို မျက်လုံးဖြင့် ...ည့်ပတ်ရှာဖွေကြည့်လိုက်သည်။

တိမ်ဝင်းကြည်လင်စွာသာနေသည့် လ,ရောင်အောက်ဝယ် ...ရားစောင်းတန်းနှင့် မနီးမဝေးလမ်းဘေး မြေပြောင်ပြောင်လေးဝယ် ...ဘို့တွေလိုသူကို တွေ့လိုက်ကြသည်။ လမ်းပေါ်မှာ သွားကြလာကြ ...ဘွေက သနားသဖြင့် သူတို့ရှေ့မှာချထားသည့်ခွက်လေးထဲသို့ ပိုက်ဆံ ...ည့်သူကထည့်သွားကြသည်ကိုတွေ့ရသည်။

"သူငယ်ချင်း-လာဟော့၊ အနားသွားကြည့်ကြရအောင်"

ဒေါ်ခင်ဖြူကပြောလိုက်သည်။

"အော်-ဒီအဘိုးကြီးနဲ့ အဘွားကြီးကိုး၊ အသံကြားလိုက်ကထဲက ...လိုက်တယ် သူငယ်ချင်းရဲ့၊ အဘိုးကြီးက မျက်စိနှစ်ဖက်လုံး မမြင်ဘူး၊ ...ဘွားကြီးက ခြေတစ်ဖက်မသန်ဘူး၊ နှစ်ယောက်လုံးဒုက္ခိတတွေလေ"

သူငယ်ချင်းကျောင်းဆရာမကြီးက ပြောသည်။ မြို့ခံ ...ဝ်ယောက်အနေဖြင့် မထူးဆန်းတော့သော်လည်း ဒေါ်ခင်ဖြူက ...ာ်ဝင်စားလာသောအခါ ညှိသည်အလိုကို လိုက်လျောရမည်ကြောင့် ...ကျောင်းဆရာမကြီးကပါ

"ကြည့်ချင်ကြည့်ကြတာပေါ့"

ဟုပြောပြီး၊ ဒေါ်ခင်ဖြူနှင့်အတူလာခဲ့ကြသည်။

"သူတို့ဒီလိုပဲ တောင်းစားနေကြတာကြာပြီလား၊ မျိုးနဲ့ရိုး တောင်းစားတာလား"

ဒေါ်ခင်မြူကမေးသည်။

"မျိုးရိုးကြောင့် တောင်းတာလား၊ အားကိုးရာမဲ့ဘဝဖြစ်လို့ တောင်းစားတာလာတော့ မသိပါဘူး၊ ဘုရားပွဲတော်ရှိတဲ့အခါ ဒီလို ဘုရားစောင်းတန်းနားမှာ လာတောင်းတတ်တယ်၊ ဘုရားပွဲတော်မရှိရင် လူစည်ကားရာဈေးနားဖြစ်စေ၊ လူအသွားအလာများတဲ့ လမ်းဆုံမှာ ဖြစ်စေ-ဒီလိုဘဲဆိုတီးပြီးတောင်းနေကြတာ၊ ငါသတိထားမိသလောက် ဆိုရင် ဆယ်နှစ်လောက်တော့ရှိပါပြီ"

"ဒါဖြင့် ဆယ်နှစ်ကျော် အထက်က သူတို့မတောင်းဘူးပေါ့ ဒါမှမဟုတ်-ဒီမြို့ကမဟုတ်ဘဲ တခြားက ပြောင်းလာကြတာလား"

ဒေါ်ခင်မြူက ထပ်ဆင့်မေးသောအခါ

"အောင်မယ်လေးဟဲ့-တကဲ့စုံစမ်းရေးနဲ့ကို တွေ့နေပါလား ဒီလောက်အထိတော့ ငါသတိမထားမိတော့ဘူး၊ ငါကလည်း ငါ့အလုပ်နဲ့ ငါဆိုတာ ကိုယ်နဲ့မဆိုင်တာကို မစုံစမ်းမိဘူး သူငယ်ချင်း၊ သိချင်ရင် အဘိုးကြီးနဲ့ အဘွားကြီးကို မေးကြည့်ပေတော့"

သူငယ်ချင်း ကျောင်းဆရာမကြီးက ရယ်မောပြောလိုက်သည်။

"အေးလေ-ဟုတ်ပါတယ်၊ ငါကလည်း ခွင့်ယူပြီးလာနေတော့ အလုပ်မရှိတာနဲ့ ဟိုစပ်စပ်၊ ဒီစပ်စပ်၊ သိချင်တဲ့စိတ်ပေါ်လာလို့ မေးတာပါ အလုပ်လုပ်နေချိန်ဆိုရင် နင့်လိုဖြစ်မှာပေါ့"

သူငယ်ချင်းနှစ်ယောက် ဝံပြာဆိုရင်း လာခဲ့ကြရာမှာ လ ရောင်အောက်တွင် ကြေကွဲဆွေးမြေ့သော အသံဖြင့် တေးသီနေကြသော အဘိုးကြီးနှင့်အဘွားကြီးဆီ ရောက်လာကြသည်၊

ဒေါ်ခင်မြူတို့ အနားရောက်သွားသည့်အချိန်တွင်-

"မြေမပြို့. . . ဆိုင်ငိုမိမှား. . . စစ်မက်ကယ် ထင်မြင်ယောင်နှင့် ရွှေဘွေတောင်. . . . နယ်မကငယ်မှာ. . . ကြံ့ရှုဖြစ်လား"



ဟူသော အဆုံးသတ်သဖြန်လေးကို သီဆိုလိုက်ပြီး ပြီးမြစ်သည်။

အမယ်ကြီးသည် တေးဆိုနေခြင်းကို အဆုံးသတ်လိုက်သည်။ လက်ထဲမှာ ကိုင်ထားသောစည်းနှင့် ဂျပ်ကို သူ့ဘေးမှာ ငြင်သာစွာ ထားလိုက်သည်။ သူ၏ချိုင့်ဝှမ်းသော မျက်လုံးအိမ်ထဲက ယိုကျလာသော မျက်ရည်များကို ပခုန်းပေါ်တင်ထားသည့် အဝတ်ဟောင်းလေးဖြင့် သုတ်လိုက်သည်။ ထို့နောက် ပတ္တလားလက်ခတ်ကိုချခါ၊ မောပန်းနွမ်းနယ်ဟန်ဖြင့် ငြိမ်နေသော အဘိုးကြီးအား မြေရေတံခါင်းလေးထဲက ရေကို ခွန်ခွက်ကလေးဖြင့်ထည့်ပြီး အဘိုးကြီးကို ယုယကြင်နာစွာ ကမ်းသည်။

"ရော့-ကိုမောင်၊ အမောပြေရေလေးသောက်လိုက်အုန်း"

မမြင်မစမ်းဖြင့် လက်လှမ်းနေသော အဘိုးကြီးလက်ထဲကို ခွက်လေး ထည့်ပေးလိုက်သည်။

"လူတော်တော် ပါးသွားပြီးလား၊ တို့နှစ်ယောက်စာ မနက်ဖန် ကျက် ထမင်းဘိုးလေးမှ ရရဲ့လားမယ်ရီ"

စိုးရိမ်ပူပန်သံဖြင့် အဘိုးကြီးက ပြောသောအခါ အဘွားကြီးသည် သူတို့ရှေ့ရှိ ခွက်ဟောင်းလေးကို ဆွဲယူကြည့်လိုက်သည်၊

"အချိန်ရှိပါသေးတယ်ကိုမောင်၊ ရပါလိမ့်မယ်"

အဘိုးကြီးနှင့် အဘွားကြီးတို့ ပြောဆိုပြုမူနေပုံကို တိတ်ဆိတ်စွာ ဆယ်ပေကွာလောက်က စောင့်ကြည့်နေသော ဒေါ်ခင်မြူသည် အဘိုးကြီးနှင့် အဘွားကြီးအနားရောက်အောင် သွားလိုက်သည်၊

"သူငယ်ချင်း- ငါသူတို့နဲ့ အေးအေးဆေးဆေး စကားပြောနေမယ်၊ သူငယ်ချင်းစောင့်နိုင်ပါ့မလား"

ဟုမေးသောအခါ၊ ကျောင်းဆရာမကြီးက

"သူငယ်ချင်းစိတ်ကြိုက်သာလုပ်စမ်းပါ၊ သူငယ်ချင်း လာနေတဲ့ ကာလ စိတ်ချမ်းသာဘို့ စိတ်ကြိုက်ဖြစ်ဘို့ ဆောင်ရွက်ပေးရမှာ ကိုယ့်တာဝန်ပါကွယ်၊ ဘာမှအားနာနေစရာမရှိဘူး"

ဟုကျောင်းဆရာမကြီးက ပြောပြီး အဘိုးကြီးနှင့် အဘွားကြီ
ရှေ့မှာ နီးကပ်စွာထိုင်လိုက်သော ဒေါ်ခင်မြှုအနားမှာပင် နေရာယူထိုင်လို
သည်။

နီးနီးကပ်ကပ်ကြည့်လိုက်သောအခါမှပင် အဘိုးကြီးန
အဘွားကြီးတို့ မည်မျှဆင်းရဲသည်ကို ရင်ထုမနာဖွယ် တွေ့မြင်လိုက်
ရသည်။

ဇနီးမောင်နှံနှစ်ယောက်လုံး ကိုယ်ပေါ်မှာ ဖုံးထားသည့် အ
ထေးရာအထပ်ထပ်နှင့် စုတ်ပြတ်ညစ်ထေးသော အဝတ်မှလွဲလျှင် အ
ဝိုရှိဟန်ပင်မဟူ။ အနားတွေ စုတ်နေသော သင်ဖျာဟောင်းတစ်
ညစ်ခဲထေးသော ခေါင်းအုံးငယ်ငယ်နှစ်လုံး၊ စောင်ညစ်တစ်ထ
မြေရေအိုးခေါင်းတစ်လုံး၊ ရေသောက်သည့် ဒန်ခွက်ဟောင်းတ
ကြွေဆေးတွေကွာနေပြီဖြစ်သည့် သံပန်းကန်ပြားဟောင်း နှစ်ချပ်ကို
အဘိုးကြီးနှင့် အဘွားကြီးပိုင်ချမ်းသာသမျှပစ္စည်းတွေဖြစ်ကြောင်း
လိုက်ရသည်။

မျက်နက်မရှိတော့ဘဲ ကြက်ဆူးဖြူဖြူကြီးပြူးထွက်နေ
မျက်လုံးအစုံဖြင့် မျက်မမြင်အဘိုးကြီးအနားမှာထိုင်နေသော အဘွား
၏ ရုပ်ရည်ကား ပျိုရွယ်စဉ်က တော်တော်ပင်ချောမောလှပသည့် မိ
ဖြစ်ခဲ့ကြောင်းကို ဝိန်ခြိုးရင့်ရော်ဘိုမင်းနေသည့် မျက်နှာထဲက ပေါ်
သည့်နှာတံ၊ သွယ်တန်းလှပသည့် မျက်ခုံး၊ ပုံပန်းကျသည့် မျက်
ပြေပြစ်သော မျက်နှာပုံသဏ္ဌာန်တို့ကို မြင်တွေ့နိုင်သေးသည်။

သူတို့အနားမှာ လာထိုင်လိုက်သော ကျောင်းဆရာမကြ
ဒေါ်ခင်မြှုကို အဘွားကြီးက မော့ကြည့်လိုက်သည်။ ထို့နောက် ယ
လည်း သီချင်းသံကိုသေချာစွာနားထောင်လိုသူတို့ ယခုလိုထိုင်နေ
သည်ကို သိပြီးဖြစ်သော အမယ်ကြီးက ကျောင်းဆရာမကြီး
ဒေါ်ခင်မြှုကို သီချင်းနားထောင်လိုသူတွေဟုသာ ထင်လိုက်သ
ထိုအခါမနက်ဖန်အတွက် နှစ်ယောက်စာ ထမင်းဘိုးလေးပင် မ



တ်သေးတာကြောင့် စိတ်မအေးဖြစ်နေရှာသော အဘွားကြီးသည်
က်ဆံရဘို့အတွက် သူတတ်သည့်ပညာကို သုံးတော့မည် ဟုသော
ည်ရွယ်ချက်ဖြင့်

"ကိုမောင် ပတ္တလားလက်ခတ်ပြန်ကိုင်၊ ကျုပ်သီချင်းဆိုမယ်
းထောင်တဲ့လူ ရောက်နေပြီ"

ဟု ပြောလိုက်သည်။

အဘိုးကြီးသည် မှတ်မှတ်ရရ သူချထားသည့် နေရာမှ ပတ္တလား
က်ခတ်ကို ပြန်ကောက်လိုက်သည်။ အဘွားကြီးက စည်းနှင့်ဝါးကို
ကိုင်လိုက်သည်။

"ဘို-သီချင်းမဆိုပါနဲ့ အမေကြီးရယ်၊ ကျွန်မက အမေကြီးနဲ့
ဘတို့ သီချင်းဆိုပြတာကို နားထောင်တာထက် အမေကြီးနဲ့အဘတို့
ယ် သူတွေဖြစ်တယ်၊ ဘယ်မှာနေခဲ့ကြတယ်၊ ဘာကြောင့်ဒီလို
ချင်းဆိုပြီး ပိုက်ဆံရှာရတယ်ဆိုတာကိုသာ သိချင်တာပါ၊ ကျွန်မ
ချင်တာလေး ပြောပြရင် သီချင်းဆိုပြဘို့ မလိုပါဘူး၊ ငွေတစ်ဆယ်ပေး
မယ်"

ဒေါ်ခင်မြှုက တောင်းတောင်းပန်ပန်ပြောလိုက်သည်။

နီးနီးကပ်ကပ် အကဲခတ်ကြည့်ရသလောက်ဆိုလျှင် အဘိုးကြီး
အဘွားကြီးသည် မည်သည့်နည်းနှင့်မှ သူတောင်းစားမျိုးမိုး မဟုတ်
ကြောင်း၊ အဆင်မပြေသည့် အကြောင်းတစ်ခုခုကြောင့် ယခုလို
မျိုးကို ရောက်လာကြကြောင်းကို ဒေါ်ခင်မြှုအကဲခတ်မိသည်။
ကြောင့် ရှိသေလေးစားစွာပင် ပြောလိုက်ခြင်းဖြစ်သည်။

သူတို့ဘဝဖြစ်စဉ်လေးကိုပြောပြရုံမျှဖြင့် တစ်ဆယ်ဆိုသော
ပက်ခနဲရတော့မည်။ ငွေတစ်ဆယ်ဆိုလျှင် အဘိုးကြီးနှင့်အဘွား
တို့သည် ထမင်းလေးနပ်စာမျှလောက်၊ နှစ်ရက်မျှလောက်အတွက်
ဘးချမ်းရပေတော့မည်ဖြစ်သည်။

"မေးပါ သမီးရယ်၊ အမေကြီးတို့သိတာဆိုရင် ပြောသင့်တာ

မှန်သမျှ ပြောပါမယ်၊ အမေကြီးတို့မသိတာတော့ မပြောနိုင်ဘူးပေါ့
သမီးဘာကိုသိချင်တာလဲ"

လက်ထဲကိုင်ထားလိုက်ပြီဖြစ်သော စည်းနှင့်ဂျပ်ကို အဘွား
က ငြင်သာစွာ ပြန်ချထားပြီးပြောသည်။ အဘိုးကြီးကလည်း ပတ္တ
လက်ခတ်ကို လက်ထဲမှာ ဆုပ်ကိုင်ထားလျက်ကပင် အသံထွက်ပေါ်
ရာသို့ သနားစဖွယ် ဦးခေါင်းငုံ့ပြီး နားစွင့်နေသည်။

"အခုတင်က ကျွန်မသိချင်တယ် ပြောတာလေ၊ အမေ
အဘတို့ ဘဝဖြစ်စဉ်ပေါ့"

ဒေါ်ခင်ဖြူက ပြောသည်။

"အေး-အေး- သိချင်ရင် ပြောပြရတာပေါ့၊ ဘာမှ လျှို့ဝှက်
စရာ မရှိပါဘူး သမီးရယ်၊ ဟို-လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်
လောက်က သမီးတို့ကြားဘူးမလား မသိဘူး၊ ဇာတ်မင်းသားနဲ့ ဇာတ်
သမီး ဟသာမောင်မယ်ဆိုတာလေ"

ဒေါ်ခင်ဖြူ ရုတ်တရက် ပြန်မဖြေနိုင်ချေ။ လွန်ခဲ့
နှစ်ပေါင်းသုံးဆယ်ကျော်ဆိုတော့ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ
ဖြစ်သည်။ ထိုအချိန်က ဒေါ်ခင်ဖြူအသက်သည် ဆယ်နှစ်လောက်
ရှိသေးသည့် ကလေးအရွယ်မျှသာ ဖြစ်သည်။

စဉ်းစားသလိုတွေးနေသော ဒေါ်ခင်ဖြူက အတန်ကြာမှ
ပေးသည်။

"အဲဒီအချိန်က ကျွန်မက ဆယ်နှစ်ကျော်ကလေး အရွ
ရှိသေးတယ် အမေကြီး၊ မမှတ်မိလိုက်ဘူး"

အမယ်ကြီးက ဦးခေါင်းညိတ်လိုက်သည်။

"အေးလေ-သမီးတို့က လူငယ်ဆိုတော့ ဘယ်မှတ်မိနိုင်ပါ့
လူကြီးပိုင်းကဆိုတာတောင် အမေကြီးတို့က ရန်ကုန်မြို့ပေါ်မှာ မကား
နယ်မြို့တွေမှသာ က,ဘူးတာကိုး၊ နယ်က သက်ကြီးပိုင်းတွေက
သိကြပါလိမ့်မယ်"



"ဟုတ်ကဲ့-ပြောပြပါ အမေကြီး"

အမယ်ကြီးက ပတ္တလားလက်ခတ်ကို ကိုင်ထားလျက်က
တို့ပြောစကားကို နားစွင့်နေသော အဘိုးကြီးဘက် လှည့်ကြည့်လိုက်
သည်။

"ဟောဒီ အမေကြီးရဲ့ ခင်ပွန်းကဆိုရင် ဇာတ်ဆောင်မင်းသား
သာမောင်တဲ့၊ အမေကြီးက ဇာတ်ဆောင်မင်းသမီး ဟသာမယ်တဲ့၊
မောင်နဲ့နှစ်ယောက် အသံကောင်းလွန်းလို့ ဟသာမောင်နဲ့အက,
ာင်းလွန်းလို့ ပွဲကြည့်ပရိသတ်ကပေးထားတဲ့နာမည်ဘဲ သမီး၊
တိယကမ္ဘာစစ်ကြီးဖြစ်ပြီးတဲ့ အချိန်မှာဆိုရင် တို့နှစ်ယောက်
သက်တွေက မကြီးကြသေးဘူး နှစ်ဆယ့်ရှစ်၊ နှစ်ဆယ့်ကိုး အရွယ်
ာင်းတုန်း၊ ရုပ်ချောတုန်း၊ ကြည့်ကောင်းတုန်း အရွယ်တွေပေါ့ကွယ်"

အဘွားကြီးက ပြောနေသောစကားကို ဖြတ်ပြီး သူ့ခင်ပွန်း
ဘိုးကြီးကို ကြည့်လိုက်သည်။

အဘိုးကြီးက တစ်ခုခုကို ရှာဖွေဟန်ဖြင့် လက်ကစမ်းနေသည်။

"ကိုမောင် ဘာလိုချင်လို့လဲ"

အဘွားကြီးအသံတွင် ကြင်နာဟန် အပြည့်ပါသည်။

"ငါ့ခေါင်းပတ်တဲ့အဝတ်လေးလိုချင်လို့ မယ်မြို့ လေတိုက်တော့
ခေါင်းကအေးလာတယ်"

အဘိုးကြီးလိုချင်သော အဝတ်ဟောင်းလေးက ပတ္တလား၏
ဘေးမှာ အခွေလိုက်လေးရှိနေသည်။ အမယ်ကြီးက ယူပြီး
ဘိုးကြီး လက်ထဲကို ထည့်ပေးလိုက်သည်။ ဆင်းရဲ ငတ်မွတ်နေသော
မှာ တစ်ယောက်ကိုတစ်ယောက် ကြင်နာယုယကြသည်ကို မြင်တွေ့
သောအခါ ဒေါ်ခင်ဖြူစိတ်ထဲမှာ သနားကြင်နာမှုတွေ တိုးလာသည်။

လောကကြီးတစ်ခုလုံးမှာ အားကိုးစရာဆိုလို့ ဒီလင်နဲ့ ဒီမယားပဲ
ပါလားဟူသော အတွေးကိုဒေါ်ခင်ဖြူ ရင်နာစွာ တွေးလိုက်မိသည်။

"ဆက်ပြောပါအုန်းအမေကြီးရယ်"

ဒေါ်ခင်မြူက ပန်ကြားလိုက်သည်။

အဘွားကြီးက ဆက်ပြောသည်။

"စစ်ပြီးတော့လည်း အမေကြီးတို့ ဘတ်ထားတဲ့ ဇာတ်သ ပညာနဲ့ ဆက်ပြီး အသက်မွေးဝမ်းကြောင်း လုပ်ကိုင်စားလာခဲ့ကြ ပေါ့ကွယ်၊ အမေကြီးရုပ်ရည်က တော်တော်ကြည့်ကောင်းခဲ့တော့ ပွဲကြ ပရိသတ်တွေထဲမှာ ယောကျ်ားပရိသတ်က ပိုပြီး အမေကြီးကို သ ကျကြတယ်"

ယခုအခြေအနေအသက်အရွယ်မှာပင် ချောမွေ့လှပခဲ့ ရုပ်ရည်၏ အထိမ်းအမှတ်က ထင်ထင်ရှားရှား ကျန်နေသေးသည် မြင်ရသော ဒေါ်ခင်မြူက အဘွားကြီး စကားကို စိတ်ထဲက အကြွ ထောက်ခံလိုက်သည်။

အဘွားကြီး သူတို့ဇာတ်ကြောင်းကို ဆက်ပြန်သည်။

"ဟသ်ာမောင်နဲ့ အက၊ ဆိုတာ ဟိုအချိန်က အမေကြီ မောင်နဲ့ဘဲ က၊ ဓာတ်ကြတယ်၊ စက်သီးကြိုးဆင်ပြီး တကဲ့ ဟသ်ာမော တောင်ပံခပ်ပြီး မြူးတူးပျော်ရွှင်သလို ကကြရတာ အင်မတန်ပင်ပန်းတ ပညာသားလည်း သိပ်ပါတယ်၊ တော်ရုံသဘင်ပညာရှင်တွေ မက၊ တ ကြဘူး၊ တချို့ဇာတ်သဘင်သည်တွေ အမေကြီးတို့ဆီမှာလာပြီး သင်ယူ ရတယ်၊ အခုတော့ ဒီအကမျိုး တိမ်ကောကုန်ပြီ ထင်ပါရဲ့လေ"

အမယ်ကြီးက စိတ်မကောင်းဟန်ဖြင့် ပြောသည်ကို နားထော နေသော အဘိုးကြီးက သက်ပြင်းချလိုက်သည်ကို ဒေါ်ခင်မြူသိလိုက် သည်။

"နယ်က မြို့တစ်မြို့မှာ က၊နေချိန်ပေါ့၊ အဲဒီမြို့ကို သောင်းကျ သူတွေဝင်စီးပြီး ပစ်ခတ်သတ်ဖြတ်၊ လူတွေကိုလည်း ဖမ်းဆီးခေါ်ဆော သွားတာကိုခံကြရတယ်၊ ဖမ်းသွားတဲ့လူတစ်ချို့ကို သတ်တယ်၊ တစ်ချို ပြန်ပေးသဘောဆွဲထားလို့ ငွေနဲ့ ရွေးယူကြရတယ်၊ အမေကြီးကိုလ



ဆီးတဲ့ အချိန်ကဆိုရင် အမေကြီးတို့ ဇနီးမောင်နှံဟာ စက်ကြိုးဆွဲပြီး သာမောင်နဲ့အကကို က၊နေချိန်ပေါ့၊ ဟသ်ာမောင်နဲ့ တောင်ပံသက်နဲ့ လည်တွဲပြီး ပျော်ပွဲဝင်ဟန် သရုပ်ဆောင်လုပ်ပြ က၊နေကြချိန်မှာပေါ့ကွယ်"

အမယ်ကြီးပြောစကားကို ကြားရသော ဒေါ်ခင်မြူသည် ယ်ကြီး၏ မျက်ရည်ပြည့်လျှမ်းလာသော မျက်လုံးကိုစိုက်ကြည့်ရင်း ာ်ထဲမှာ သူကိုယ်တိုင်ခံစားရသလို ဖြစ်နေသည်။

ချစ်ခင်ကြင်နာသော ဇနီးမောင်နှံနှစ်ယောက်ဖြစ်သည့်အပြင် ပညာ ဝါသနာတူမှုခြင်း ဖြစ်သောကြောင့် ဟသ်ာမောင်နှံ အကကို နေစဉ်မှာ သူ့စိတ်ထဲဝယ် တကယ်ပင် သူတို့ကိုယ်ကို သူတို့ ဟသ်ာ င်နှံ အစစ်တွေဟုပင် ထင်နေကြသည်။ ထို့ကြောင့် သာလျှင် ရာမှာ ဥုံမှုလောက်ကောင်းပြီး ပရိသတ်ကို ဆွဲဆောင်နိုင်သည်ဟု ယ်ကြီးက ပြောပြသည်။

အမယ်ကြီးပြောသည့် စကားကို အဘိုးကြီးက ငြိမ်သက်စွာ ထောင်နေရှာသည်။ အမယ်ကြီးက ဆက်ပြော၏။

"တောထဲရောက်တော့ အမေကြီးကို သတ်ပစ်လိုက်တာကမှ ာင်းသေးတယ် သမီးရယ်၊ အခုတော့-"

အမယ်ကြီးသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ပစ် က်သည်။ ဆက်ပြောရန်စကားကို နှုတ်မှမထွက်ရဲသလို ဖြစ်နေသည်။ နောက် ခင်ပွန်းဖြစ်သူကို သနားကြင်နာစွာ လှည့်ကြည့်လိုက်သည်။

"ပြောသာပြောလိုက်ပါ မယ်ရီရယ်၊ မင်းမှာဘာအပြစ်မှမရှိ ူး၊ အမှန်အတိုင်းပြောမှ လူတွေက သောင်းကျန်းသူတွေ ဘယ် က်ရက်စက်တယ်၊ လူစိတ်ပျောက်တယ်ဆိုတာ သိကြမှာပေါ့"

အဘိုးကြီးက စိတ်မကောင်းသောအသံဖြင့် တိုက်တွန်းသည်။ ယ်ကြီးက သက်ပြင်းချပြီး ဆက်ပြောသည်။

"တိုတို ပြောရရင်တော့ သမီးရယ်၊ တောထဲရောက်တော့

သောင်းကျန်းသူဗိုလ်က အမေကြီးကို သူ့မယားအဖြစ် ယူလိုက်တယ်လေ

အမယ်ကြီးစကား ဤနေရာသို့ ရောက်သောအခါ အဘိုးကြီး ကြေကွဲသောအသံဖြင့် ဆက်ပြောလိုက်သည်။

"အေး-ဟသ်ာမောင်နှံ တောင်ပံယှက်၍ ရွှေလည်တွဲ ပျော်ပွဲဝင်နေခိုက် အခွဲခံလိုက်ရတာပေါ့ သမီးလေးရယ်၊ မယ်ရီတော ကိုပါသွားတော့ အဘလေ ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိ ဖြစ်တဲ့အ ပူဆွေးသောက ခံစားရတယ်၊ ဟိုသီဂီသံအတိုင်းပေါ့ကွယ်"

အဘိုးကြီးက ပြောပြောဆိုဆို လေရှူးသုန်သုန်အစချီသ သီဂီသံမှ အပိုဒ်တစ်ပိုဒ်ကို ဆိုပြလိုက်သည်။

"အတောင်ငယ်ယှဉ်နွဲ့ . . . ရွှေလည်တွဲလို့ ဝမ်းဘဲပမာ. . . ရွှေဟသ်ာသို့. . . မကွာအတူပါတော်မူ နန်းသူမိငယ်. . . ဘယ်ဆီမှာ တဲ့ လှည့်ပါးဇာမ်းဖယ်. . . သွားလေတယ်တဲ့မှ သွားလေတယ်"

ဤအပိုဒ်လေးကို သံနေသံထားဖြင့် ဆိုပြလိုက်သော အ ကြီးအသံသည် ကြားရသူ ဒေါ်ခင်မြရော၊ ကျောင်းဆရာမကြီး ရင်ထဲမှာဆို့ပြီး မျက်ရည်လည်လာမိကြသည်။ ကြေကွဲလိုက်လို့ အသံဖြင့် အဘိုးကြီးက တစ်ပိုင်းတစ်စ တေးကိုသီဆိုပြလိုက် ဆက်ပြောသည်။

"အဘလည်း ဇာတ်မကနိုင်တော့ဘူးလေ၊ မယ်ရီဘယ်ဆ ရောက်နေပြီလဲလို့ ကိုယ်ပင်ပန်း စိတ်ပင်ပန်းခံပြီး စုံစမ်းရတော့တာ တကယ်ပဲ သမီးလေးရယ်၊ ဟသ်ာငှက်မောင်နှံတွေကို လူတွေက ပစ် သတ်ဖြတ်ကြတဲ့အခါ ငါတို့ ဇနီးမောင်နှံ ပူဆွေးသလို ပူဆွေးရှာကြ လိမ့်မယ်လို့ တွေးမိတယ်၊ ဒီလိုနဲ့ အဘလည်း မယ်ရီကို စုံစမ်းနေလို တာနောက်ဆုံးတော့ အတင်းလိုက်တာပေါ့၊ မယ်ရီကို ဆွဲသွာ သောင်းကျန်းသူတွေ ဘယ်နေရာမှာ စခန်းချ ခိုအောင်းနေတယ်၊ မ ဘယ်လိုဖြစ်နေတယ်ဆိုတာ သေသေချာချာလည်း သိလိုက်ရ အနီးဆုံး စစ်တပ်ကို ချက်ချင်းပြေးပြီး သတင်းပေးလိုက်တယ်၊ စစ်



သည်း သတင်းရတယ်ဆို အချိန်မဆွဲပါဘူး ချက်ချင်းပြင်ဆင်ပြီး လိုက်တာပဲ၊ အဘကိုနေခဲ့ဘို့ တားမြစ်ကြသေးတယ်၊ ဒါပေမဲ့ ဘယ်နေ နိုင်လိမ့်မတုံး၊ ကိုယ်ချစ်တဲ့ဇနီးကို ကိုယ်ကိုယ်တိုင် ကယ်ချင်တာကိုး၊ အတင်းတောင်းပန်ပြီး လိုက်ခဲ့တယ်"

အဘိုးကြီးသည် စကားဖြတ်လိုက်ပြီး ကြက်ဆူးကြီးတွေ ပြူးထွက်နေသော သူ့မျက်လုံးကို လက်ဖြင့် စမ်းလိုက်သည်၊ ဘဝတစ် လျှောက်လုံး ဆုံးရှုံးရသည့် သူ့အဖြစ်ကို ယုံကြီးမရရှိလွန်းသောစိတ်ဖြင့် အောက်နှုတ်ခမ်းကို ရှေ့သွားဖြင့် ဖိကိုက်လိုက်သည်ကို ဒေါ်ခင်မြ မြင်လိုက်သည်။

အမယ်ကြီးက ခင်ပွန်းသည်အမူအရာကို ကြင်နာစွာကြည့်ပြီး ဆက်ပြောလိုက်၏။

"တပ်မတော်သားတွေနဲ့ သောင်းကျန်းသူတွေ တိုက်ပွဲဖြစ်တော့ သောင်းကျန်းသူဗိုလ်က အမေကြီးကို ဂရုမစိုက်နိုင်တော့ဘဲ၊ သူ့ယောက်ျား တွေကို ကွပ်ကဲနေခိုက်မှာ အမေကြီးလည်း သူတို့စခန်းထဲက ထွက်ပြေး လာခဲ့တယ်၊ အဲဒီမှာ သောင်းကျန်းသူဗိုလ်က မြင်သွားပြီး အမေကြီးကို သေနတ်နဲ့ အသေပစ်လိုက်တာပါပဲ၊ ဒါပေမဲ့ ကံကောင်းချင်တော့ အမေကြီးက ကုန်းစောင်းလေးတစ်ခုထိပ် ရောက်နေခိုက်ကိုး၊ ကိုယ်ကို ပစ်လှဲပြီး တစ်ဘက်စောင်းကို လှိမ့်ချလိုက်နဲ့ ဆုံသွားတော့ ကျည်ဆံက ပေါင်ကိုပဲ မှန်လိုက်တယ်။ ကိုမောင်မှာလည်း သောင်းကျန်းသူတွေ ဘက်က ပစ်လိုက်တဲ့ လက်ပစ်ဗုံးအစတွေ မျက်လုံးကို မှန်သွားတယ်၊ တပ်မတော်သားတွေက အမေကြီးတို့ကို ဆေးရုံပို့ပေးကြပါတယ်၊ ဆေးရုံက ဆင်းလာရတဲ့အခါမှာတော့ အမေကြီးက ခြေတစ်ဖက် မသန် တော့တဲ့ ဒုက္ခိတ၊ ကိုမောင်က မျက်စေ့နှစ်ဖက်လုံး မမြင်ရတော့တဲ့ ဒုက္ခိတ အဖြစ် ဟသ်ာမောင်နှံ နှစ်ယောက်လုံး ဘဝဆုံးကြရတာပေါ့ သမီးလေး ရယ်"

အဘွားကြီးသည် စကားကိုရပ်ကာ ကောင်းကင်ကိုမော့ ကြည့်နေသည်။ ကောင်းကင်တွင်ကား ထိန်လင်းစွာ သာနေသော လမင်းကြီးကိုငင်း၊ လေယူရာရွေ့နေသော တိမ်များကိုငင်း မြင်နေရသည်။

ကောင်းကင်ကို မော့ကြည့်နေသည့် အဘွားအို၏ မျက်လုံးထဲ တွင် သူတို့ဇနီးမောင်နှံ နုပျိုစဉ်အခါက ပရိတ်သတ်အလယ်မှာ ပွဲလယ် တင့်ခဲ့ကြပုံကို ပြန်ပြောင်း ထင်မြင်နေဟန်တူသည်။

"အမေကြီးနဲ့ အဘတို့ ပြန်တွေ့ကြပြီး ဘယ်လောက်ကြာမှ အခုလိုအခြေအနေမျိုးရောက်လာကြတာလဲအမေကြီး"

ဒေါ်ခင်မြှူက ကြင်နာစွာမေးသည်။

အဘွားအိုက သက်ပြင်းချပြီး ဖြေသည်။

"နှစ်ယောက်လုံး ဆေးရုံတက်ကြ၊ ဆေးကုကြပြီး အသက် မသေသေးတော့ တတ်ထားတဲ့ သဘင်ပညာကလွဲပြီး ဘာမှမလုပ်တတ်၊ တတ်ထားတဲ့ ပညာကလည်း နှစ်ယောက်လုံး ဒုက္ခိတဘဝရောက်နေတော့ ဘာမှသုံးမရ။ ဟိုအချိန်ကတော့ အမေကြီးတို့ နှစ်ယောက်လုံးကို အဆိုအတီး ဝါသနာပါတဲ့ မိန်းကလေးတွေ၊ ယောကျ်ားလေးတွေက ထိုက်သင့်သလိုပေးပြီး သင်ခိုင်းလို့ ကိုမောင်က ပတ္တလားတီးသင် ပေးတယ်။ အမေကြီးက အဆိုသင်ပေးတယ်. . .။ နောက်ပိုင်းကျတော့ အမေကြီးတို့ပညာကို စိတ်မဝင်စား ကြတော့ဘူးလေ။ တဖြည်းဖြည်းနဲ့ တော်သည်ထက် ငတ်လာတော့ ဒီဘဝ ရောက်လာကြတာပေါ့ သမီးရယ်"

အဘွားကြီးက စကားကို အဆုံးသတ်လိုက်သည်။ ထိုထက်ပိုပြီး ပြောစရာကလည်း မရှိတော့ချေ။

ဒေါ်ခင်မြှူသည် ငြိမ်ပြီး နားထောင်နေရာမှ အဘိုးကြီးနှင့် အဘွားကြီးကို တတ်စွမ်းသရွေ့ ကူညီမည်ဟု ဆုံးဖြတ်လိုက်သည်။

"အမေနဲ့ အဘ ဒီနေရာကဘယ်ကိုမှ မသွားကြနဲ့အုန်းနော် အခုပြန်လာခဲ့မယ်"

ငွေတစ်ဆယ်တန် စက္ကူတစ်ချပ်ကို အဘွားကြီးလက်ထဲထည့်



ပေးရင်း ဒေါ်ခင်မြှူက ပြောသည်။ ထို့နောက် သူငယ်ချင်း ကျောင်းဆရာ မကြီးကိုခေါ်ကာ ဈေးတန်းဘက်သို့ အမြန်ဆုံးလာခဲ့ကြသည်။

ဈေးတန်းထဲရောက်သောအခါ ဝတ်ရန်အသင့် ချုပ်ပြီးသားတွေ ရောင်းသော အထည်ဆိုင်သို့ ဒေါ်ခင်မြှူဝင်လိုက်သည်။

အဘိုးကြီးနှင့်အဘွားကြီးအတွက် အင်္ကျီ၊ ထမိ၊ ပုဆိုးစသည် တို့ကို တစ်ယောက်နှစ်စုံစီ။ မျက်နှာသုတ်တစ်ဘက် တစ်ယောက် တစ်ထည်စီ၊ ဖိနပ်တစ်ယောက်တစ်ရံစီ ဝယ်လိုက်သောအခါ ဒေါ်ခင် မြှူ အိပ်ထဲမှာ ထည့်လာသော ငွေကလေးက ကုန်သွားလေသည်။

"နောက်တစ်နေ့မှာ အဘိုးကြီးနဲ့ အဘွားကြီးအတွက် စောင် လေးခြင်ထောင်လေး ဝယ်ပေးတော့မယ်"

ဒေါ်ခင်မြှူကပြောပြီး သူငယ်ချင်းနှစ်ယောက် အဘိုးကြီးနှင့် အဘွားကြီးရှိရာ ပြန်လာခဲ့ကြသည်။

"အမေကြီး၊ ဟောဒီမှာ အမေကြီးတို့နှစ်ယောက်အတွက် အဝတ်တွေ၊ မနက်ဖန်ကျမှ ကျွန်မတစ်ခါလာပြီး လိုတာဝယ်ပေးအုန်း မယ်နော်. . .၊ အခုအမေကြီးတို့ ဘယ်ကိုသွားကြမလဲ ကျွန်မလိုက်ပို့ ပေးပါ့မယ်"

အဘွားကြီးသည် ဒေါ်ခင်မြှူက ရက်ရက်ရောရောပေးသော ပစ္စည်းတွေကိုကြည့်ကာ ဝမ်းသာခြင်း . . . . ကျေးဇူးတင်ခြင်းတို့ကြောင့် မျက်ရည်များပင် စီးကျလာရှာသည်။

သာခုအကြိမ်ကြိမ်ခေါ်ရှာသည်။ အဘိုးကြီးကမူ သူ့အတွက် ဝယ်လာတဲ့ပစ္စည်းကို အဘွားကြီးက လက်ထဲ ထည့်ပေးထားသည်ကို မြတ်မြတ်နိုးနိုး ပွေ့ထားရာက. . .

"သာခုပါသမီးလေးရယ်၊ သာခုပါ၊ သာခု. . . အဘတို့ ဒုက္ခိတ ဘဝရောက်လာတာ ခုဆို နှစ်ပေါင်းသုံးဆယ်ပြည့်တော့မယ်၊ ဒီလို ရက်ရောတဲ့ စေတနာရှင်မျိုး မတွေ့သေးပါဘူး၊ သမီးလေးကျေးဇူးကို အဘတို့ ဘယ်တော့မှ မမေ့ပါဘူးကွယ်၊ သမီးလေးကိုယ်စိတ်နှစ်ဖြာ

ချမ်းသာပါစေလို့အဘ အမြဲမေတ္တာပို့နေမယ်ဆိုတာ ယုံပါသမီး"

မိဘမရှိတော့ပြီဖြစ်သော ဒေါ်ခင်မြှုသည် အဘိုးကြီးနှင့် အဘွားကြီးကို ယခုလို လှူရ ကူညီရသည့်အတွက် စိတ်ထဲမှာ များစွာ ကြည်နူးဝမ်းမြောက်လှသည်။ ဘုရားစောင်းတန်းနှင့် ခပ်လှမ်းလှမ်းမှာ ရှိနေသော ဇရပ်အိုလေးတစ်ခုမှာ နေကြသည်ဆိုသောကြောင့် သူငယ်ချင်းနှစ်ယောက် အဘိုးကြီးနှင့် အဘွားကြီးနေသည့် ဇရပ်ကို သေချာစွာ မှတ်သားလာခဲ့ပြီး ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့တွင်မူ ဒေါ်ခင်မြှုသည် အဘိုးကြီးနှင့် အဘွားကြီးအတွက် ဖျာ၊ ခေါင်းအုံး စောင်တို့ကို ဝယ်ပေးသည်။ ငွေငါးဆယ်ကိုလည်း အဘွားကြီးလက်ထဲ ထည့်ပေးသည်။

အဘိုးကြီးနှင့် အဘွားကြီးအတွက် စိတ်အေးချမ်းသာ ခိုလှုံစရာ ရအောင် အမြန်ဆုံး ကြိုးစားစီစဉ်ပါမည်ဟူသော နှစ်သိမ့်စကားကို ပြောခဲ့သည်။

ခွင့်ရက်စေ့ပြီဖြစ်သောကြောင့် ဒေါ်ခင်မြှု ပြန်လာခဲ့ရသည်။ ရုံးအလုပ် တစ်ဘက်လုပ်ရင်းက ဇာတ်မင်းသားကြီးနှင့် ဇာတ်မင်းသမီးကြီး ဟင်္သာမောင်မယ်အကြောင်းကို ဇာတ်သဘင်လောကရှိ သိသူတွေကို စုံစမ်းမေးမြန်းကြည့်သည်။ လူငယ်ပိုင်းက မည်သူ့ကိုမှမေး၍ မရချေ။

နောက်ဆုံး စကားစပ်မိခြင်းဖြင့် ဘိုးဘွားရိပ်သာကို ရောက်နေပြီဖြစ်သည့် အသက်ခုနှစ်ဆယ်ကျော်နေပြီဖြစ်သော ရှေးဟောင်းဇာတ်မင်းသားကြီးကို မေးမြန်းကြည့်သောအခါမှ . . .

"ဪ ဟင်္သာမောင်မယ် နှစ်ယောက်စလုံး အသက်ထင်ရှားရှိနေကြသေးသကိုး၊ အေး သူတို့ဇနီးမောင်နှံတတ်ထားတဲ့ ကက်ကြိုးစီးပြီး ဟင်္သာမောင်နှံတောင်ပံခတ်ပြီးကတဲ့ အကမျိုးကိုတော့ တော်ရုံလူတွေ ဘယ်က တတ်ကြလိမ့်မလဲ၊ အခုခေတ်မှာ ဒီလိုအကမျိုး လုံးဝမရှိတော့ အောင်တိမ်ကောပျောက်သွားပြီဘဲ၊ သူတို့ဇနီးမောင်နှံမသေခင် ဒီကကြိုးမျိုးကို သင်ယူထားလိုက်ကြဘို့ကောင်းတယ်"



ဟူသောနိုင်လုံသည့် စကားကိုရလာခဲ့သည်။

အဘိုးကြီးနှင့် အဘွားကြီးတို့၏ နေရေးထိုင်ရေးကို ဒေါ်ခင်မြှု ဦးစားသည်။ အကောင်းဆုံးအကြံ၊ အစီအစဉ်ကမူ သူတို့နေရင်းစွဲ မြို့မှာပင် သင့်လျော်သည့် တစ်နေရာမှာ တဲအိမ်ကလေးတစ်ခုဆောက်ပေးထားမည်။ စားသောက်ရန် ဒေါ်ခင်မြှုက ကုလိုလ်ဖြစ်သဘောဖြင့် တစ်လခြောက်ဆယ်လောက်ထောက်ပံ့မည်။ ဤအချိန်အတွင်းမှာ အနုပညာရှင် ဇနီးမောင်နှံအကြောင်းကို တိုင်းပြည်သိအောင်၊ သဘင်လောကမှ လူတွေသိအောင် တတ်နိုင်သမျှ ဆောင်ရွက်မည် ဟူသော ဆုံးဖြတ်ချက်ကို ချလိုက်သည်။

ထိုဆုံးဖြတ်ချက်အတိုင်း ဖြစ်စေရန် အဘိုးကြီး၊ အဘွားကြီး အတွက် တဲအိမ်လေးဆောက်ပေးပါမည့်အကြောင်း၊ ကုန်ကျသမျှ ပေးမည့်အကြောင်း၊ သူငယ်ချင်းထံစာရေးသည်။ ဒေါ်ခင်မြှုသည် နောက်တစ်နေ့မှာ စာထည့်မည်ဟု ရေးထားသည့်စာကို စာအိတ်ထဲထည့် နေစဉ်မှာ ဒေါ်ခင်မြှုနာမည်ဖြင့် စာတစ်စောင်ရောက်လာသည်။

ဒေါ်ခင်မြှု စာအိတ်ကို ဖောက်လိုက်၏။ သူငယ်ချင်း ကျောင်းဆရာမကြီးထံက စာဖြစ်သည်။ ဒေါ်ခင်မြှုဖတ်ကြည့်လိုက်သည်။

သူငယ်ချင်းရေ

ကံတရားဘဲလို့ အောက်မေ့ပြီး စိတ်ကောင်းကောင်းသာ ထားပါတော့ကွယ်၊ သူငယ်ချင်းအကူအညီပေးခဲ့တဲ့ဇာတ်မင်းသားကြီးနဲ့ ဇာတ်မင်းသမီးကြီးတို့ သူငယ်ချင်းပြန်သွားပြီး လေးရက်လောက်မှာ သေဆုံးသွားကြတယ်။

ဒေါ်ခင်မြှု စာကိုကိုင်ပြီး ငိုင်နေမိသည်။ အဘိုးကြီးနှင့် အဘွားကြီးတို့မည်သည့်အတွက်ကြောင့် နှစ်ယောက်လုံး သေကြရပါသနည်း။ စာကိုဆက်ဖတ်လိုက်သည်။

သူငယ်ချင်းက စေတနာသန့်သန့်နဲ့ပေးကမ်းသွားတဲ့ပစ္စည်းက ထောင်နဲ့သောင်းနဲ့ချီပြီး အဘိုးတန်တာတွေ မဟုတ်သော်လည်း ဝတ်မြတ်

ရှားပါးနေတဲ့ ခေတ်အချိန်ကြီးမှာ သစ်ခွင်ခိုင်ခန့်တဲ့အဝတ်နဲ့ ငွေလေးဝါ ဆယ်ဆိုတာ ဆိုးနိုးတိုက်ခိုက် လုယက်စားတတ်တဲ့ သူယုတ်မာတွေအ မျက်စေ့ကျစရာဖြစ်နေတာပေါ့၊ အတာအကွယ်မဲ့ဇရပ်ပေါ်မှာနေရတဲ့ ဇုက္ခိတအဘိုးကြီးနဲ့အဘွားကြီးကို လူဆိုးတွေရိုက်နှက်ပြီး လုယူရုံမဟုတ် သေးဘူး၊ သူငယ်ချင်းပေးသွားတဲ့ ငွေတွေအများကြီးရှိရမယ်လို့ ရိုက်နှက် တောင်းရာက လက်လွန်းသွားသလား၊ မကြေနပ်လို့ သတ်သွားသလား တော့မသိဘူး၊ နှစ်ယောက်လုံး လူဆိုးလက်ချက်နဲ့ သေကြရရှာတယ်၊

သေတယ်ဆိုပေမဲ့ ပွဲချင်းပြီးတော့မဟုတ်ဘူး၊ ရိုက်နှက် အော်ဟစ်ငိုသံတွေ၊ တောင်းပန်သံတွေကြားလို့ လူတွေရောက်လာပြီး အဘိုးကြီးနဲ့ အဘွားကြီးကို မေးကြည့်မှ အကြောင်းသိရတာကိုး၊ နှစ်ယောက်လုံးကို ဆေးရုံပို့လိုက်တယ်၊ နောက်တစ်နေ့မှာ သေသွားကြ တာပဲ။

ငါလည်းစိတ်မကောင်းဘူး၊ သူတို့အနားမှာ အသက်ကုန်တဲ့ အထိ စောင့်ကြည့်နေခဲ့တယ်၊ အဘိုးကြီးကတော့ စကားမပြောနိုင်တော့ ပါဘူး၊ အဘွားကြီးကတော့ မသေခင်စကားပြောသွားနိုင်တယ်၊ ငါ့ကို မှတ်မိနေတာကိုး၊ ကျေးဇူးရှင် သမီးလေးဆီကို အကြောင်းစုံပြော လိုက်ပါတဲ့၊ ဖြစ်ရာဘဝက ကျေးဇူးဆပ်နိုင်အောင် ဆုတောင်းသွားပါ တယ်တဲ့။

သူငယ်ချင်းကျောင်းဆရာမကြီး ရေးလိုက်သည့် စာကို ဖတ်နေသော ဒေါ်ခင်ဖြူသည် ဤနေရာသို့ ရောက်သောအခါ စာကို ဆက်မဖတ်နိုင်အောင်ပင် ရင်ထဲမှာဆို့လာသည်၊ မျက်လုံးထဲမှာ မျက်ရည်တွေက ပြည့်လျှံလာသည်။

"ဖြစ်ရလေခြော်၊ လူမသိ သူမသိ တိမ်မြုပ်ပျောက်ကွယ်နေတဲ့ အဘိုးတန် အနုပညာရှင်မောင်နှံနှစ်ယောက်လုံး မရှုမလှအဖြစ်ဆိုးကြီး နဲ့ ဆုံးရှာပါပေါ့လား"

ဒေါ်ခင်ဖြူသည် ရင်နာစွာတွေးရင်း မျက်ရည်ကျမိသည်။



အဘိုးကြီးနှင့်အဘွားကြီး သေဆုံးရသည့် တရားခံကား မည်သူဖြစ် သနည်း။ သူတို့ ကျွမ်းကျင်တတ်မြောက်သည့် အနုပညာဖြင့် အေးအေး ရှာလုပ်ကိုင်စားသောက်နေပါလျက် သောင်းကျန်းသူတို့၏ ရက်စက် ယုတ်မာမှုကြောင့် ဇနီးမောင်နှံနှစ်ယောက်လုံး ဤအဖြစ်ဆိုးကြီးမျိုးကြုံကာ ဒုက္ခဆင်းရဲခြင်းကို ခံစားရပြီး သေသွားရခြင်းလား၊ ဒေါ်ခင်ဖြူပေး သွားခဲ့သည့် မဖြစ်စလောက်ငွေကြေး ပစ္စည်းလေးများကြောင့် လူဆိုး တွေက သတ်သဖြင့်သေရခြင်းလား၊ ဒေါ်ခင်ဖြူတွေးနေရင်းပင် စိတ်ထဲမှာ အလွန်အမင်း မကောင်းခြင်း ဖြစ်လာသည်။

မျက်လုံးထဲမှ ဝေလျှံပြီးကျလာသော မျက်ရည်တွေကို သုတ် လိုက်ပြီး သူငယ်ချင်း၏စာကို ဆက်ဖတ်လိုက်သည်။

သူငယ်ချင်းပေးသွားတဲ့ ပစ္စည်းကြောင့် ဖြစ်ရတယ်လို့တော့ စိတ်မကောင်းမဖြစ်နဲ့သူငယ်ချင်း၊ သူငယ်ချင်းပေးသွားတဲ့ငွေလေးနဲ့ အဘိုးကြီးဇနီးမောင်နှံ နှစ်ယောက်အလှူဒါနလေးပြုသွားနိုင်ကြတယ်၊ ဘုရားစေတီတော်ကို ပန်းဆီမီးကပ်လှူခဲ့ကြတယ်၊ ဘုန်းတော်ကြီးနှစ်ပါး ကို ဆိုင်ကထမင်းဟင်းဝယ်ပြီးဆွမ်းကပ်လှူသွားကြတယ်၊ ဒီကုသိုလ် လေးဖြစ်မြောက်သွားရတာသူငယ်ချင်း၊ ကူညီခဲ့တဲ့ပစ္စည်းကြောင့်ဘဲ မသေခင်မှာ အလှူဒါနလေးပြုသွားရတာကို၊ သူတို့တော်တော် ဝမ်းသာ သွားကြတယ်၊ ဒါကြောင့် ကူညီခဲ့တဲ့ သူငယ်ချင်းအဖို့လည်း ကုသိုလ်ရတို့ စိတ်ဖြေနိုင်စရာရှိပါတယ် သူငယ်ချင်း။

ထိုစာပိုဒ်ကြောင့် ဒေါ်ခင်ဖြူစိတ်သက်သာသလိုလို ဖြစ်လိုက် သည်။

မည်သို့ပင်ဆိုစေ-ခက်ခဲသော ကာကြီးကကွက်ကို တီထွင် ခဲ့ကြ သလို အနုပညာရှင် ဇနီးမောင်နှံ နှစ်ယောက်ကား လူသူမသိတော့သော ဘဝ်ကော ပပျောက်ခြင်းဖြင့် လူ့လောကမှ အဆုံးစွန်ထွက်ခွာ သွားကြ ရှာလေပြီ။

"ဒီအဘိုးကြီးနဲ့ အဘွားကြီးတို့နှစ်ယောက်လုံးဘဝ ဆက်တိုင်း

ဒီလိုအဖြစ်မျိုးကို မတွေ့မကြုံကြပါစေနဲ့တော့၊ ဒီဘဝဒီတစ်ကြိမ် နောက်ဆုံး ဖြစ်ပါစေဘုရား"

ဒေါ်ခင်မြှူသည်နှုတ်မှ တီးတိုးရေရွတ်ဆုတောင်းနေခိုက်မှာ လမ်းဘေး သရက်ပင်အိုကြီးမှ ဝါထိန်နေသော သရက်ရွက်နှစ်ရွက်သည် လေရှူးတစ်ချက်အဝှေ့လိုက်တွင် သစ်ပင်ပေါ်မှ ဖြုတ်ခနဲ ကြွေကျ လာသည်ကိုတွေ့လိုက်ရသည်။

"အော်. . . လေအပင့်မှာ ရွက်ဝါတွေ ကြွေလွင့်သလို၊ ဘိုမင်း မစွမ်းဖြစ်နေတဲ့ ဒုက္ခတဇနီးမောင်နှံနှစ်ယောက်ကို သူယုတ်မာတွေ နှိပ်စက်လိုက်တာ၊ လေအပင့်မှာ ရွက်ဝါကြွေသလို၊ အသက်သေတဲ့အထိ ဒုက္ခဆင်းရဲကို ခံစားသွားကြရပါလား".

ရင်နာစွာတွေးနေသော ဒေါ်ခင်မြှူ၏ နားထဲတွင်

"မြေမပြို. . . ဆိုင့်မိမှား. . . စစ်မက်ကယ် ထင်မြင်ယောင် နှင့်. . . ရွှေတွေ ဆောင်နယ်မကငယ်မှာ. . . ကြုံရဖြစ်လား. . ."

ဟူသောအဘွားကြီး၏ အဆုံးသတ် သီဆိုလိုက်သော သဖြန်သံ လေးကို ကြားယောင်လိုက်မိပါတော့သည်။

မဝင်းမြင့်

၁၉၇၂ ဧပြီ

(သဘင်မဂ္ဂဇင်း)

# ကိုယ်တည်းသာလျှင်

သတင်းစာရောက်လာပြီဆိုလျှင် ဒေါ်ခင်မြှူသည် လက်ထပ် လာ သတင်း၊ စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ ကွာရှင်းပြတ်စဲကြောင်း တင်း၊ ကွယ်လွန်အနိစ္စရောက်ကြောင်းသတင်းတွေကို ဦးစွာပထမ ရေးတကြီး သိအပ်သော ကိစ္စအဖြစ်သဘောထားပြီး စေ့စပ်သေချာစွာ သည်။ ထိုသတင်းတွေပြီးမှ အခြားသတင်းတွေကို ဖတ်၏။ ဒေါ်ခင်မြှူ နေဖြင့် ဤသို့ဖတ်သည်မှာ ဖတ်ထိုက်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးမှ ဆွေမျိုးတွေ၊ မိတ်ဆွေသင်္ဂဟတွေ၊ ပါတပည့်တွေမှာ ကစင့်ကလျား ပြန့်ကြဲပြီး တကွဲတပြားစီ၊ တစ်မြို့တစ်ရွာ ရောကြည်ရာ မြက်နုရာ နေရေးထိုင်ရေး အဆင်ပြေရာမှာ နေထိုင် ကိုင်စားသောက်ကြရ၍ စစ်မဖြစ်မီကလို တစ်ဦးနှင့်တစ်ဦး လွယ်လင့် မတွေ့နိုင်ကြ၊ မသွားမလာနိုင်ကြတော့ပေ။ တစ်မြို့ တစ်ရွာစီ နေကြသူတွေကို ထားဘိဦး။ ရန်ကုန် တစ်မြို့ထဲနေသူတို့ပင် တစ်ဦးနှင့် တစ်ဦး အကြောင်းကိစ္စရှိလျှင် တစ်ခါတစ်ရံ မသိလိုက်မိ၊ မကြားလိုက် ကြချေ။ တယ်လီဖုန်းနှင့် မော်တော်ကားရှိသူတို့အဖို့ အကြောင်းကြားရ သည်မှာ အဆင်ပြေနိုင်သည် ဆိုစေကာမူ တယ်လီဖုန်းနှင့် မော်တော်ကား သူတို့ အဖို့ကား သာမှုနာမှု သတင်းကို သတင်းစာမှ တစ်ဆင့်အသိပေး ကြရပေသည်။

ထို့ကြောင့် ဒေါ်ခင်မြှူသည် သတင်းစာလာလျှင် ဖော်ပြခဲ့သော နာမှု သတင်းတွေကိုသာ ဦးစားပေးပြီး အရင်ဆုံး ဖတ်နေမိသည်။ သို့ ဖတ်ပြီး သိကျွမ်းခင်မင်သူထဲက ဖြစ်နေလျှင် သတင်းမေးသွားရ သည်။ တတ်နိုင်သမျှ အကူအညီပေးရသည်။ နည်းနည်းခင်လျှင် နည်းနည်းခင်သည်အလျောက် များများခင်လျှင် များများခင်သည် အလျောက် ဝမ်းသာမှု ဝမ်းနည်းမှုကို ခံစားရသော ဒေါ်ခင်မြှူသည် နေ့သတင်းစာထဲမှ နာရေးကြော်ငြာကြောင့် ဝမ်းနည်း မှုကို များများပင်

ခံစားလိုက်ရသည်။

ကျောင်းနေဘက် သူငယ်ချင်းလည်းဖြစ်၊ တစ်မြို့ထဲသား လည်းဖြစ်၊ မောင်နှမ အရင်းတမျှ ခင်မင်ခဲ့ရသော အကိုလေး ယောက်မှာ စိတ်ကျန်းမာရေး ဆေးရုံမှာ ကွယ်လွန် သေဆုံးရှာလေ

နာမည်ရင်း ရှိသော်လည်း ဒေါ်ခင်ဖြူက အကိုရင်း ချစ်ခင်သောကြောင့် အကိုလေးဟုခေါ်ခဲ့သော သွားလေသူ အကိုက ကလည်း ဒေါ်ခင်ဖြူကို သူ့နှမအရင်း တစ်ယောက်သဖွယ် သဘော ခါ ဒေါ်ခင်ဖြူကို နာမည်မခေါ်။ "ငါ့နှမ" ဟူ၍သာ အမြဲခေါ်လေ့ရှိ အကိုလေးမှာ နှမအရင်း တစ်ယောက်ကလည်း ရှိသေးသည်။ အကို ၏ နှမအရင်းနှင့် ဒေါ်ခင်ဖြူက သက်တူရွယ်တူ အတန်းတူ ကျော ဖက်ဖြစ်၍ အကိုလေးသည် စကားပြောလျှင် 'ငါ့နှမနှစ်ယောက်' အမြဲပြောလေ့ရှိ၏။

အကိုလေးကား သေလေပြီ။

အကိုလေး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို တ စိတ်ကျန်းမာရေးဆေးရုံမှ ကြိုကောသုသာန်သို့ ပို့ပြီး မီးသင်္ဂြိုဟ်မည် ဒေါ်ခင်ဖြူသည် အကိုရင်းသဖွယ် ခင်မင်ခဲ့ရသော အကိုလေ နောက်ဆုံးခရီးကို ပို့ဆောင်ရန် စိတ်ကျန်းမာရေးဆေးရုံသို့ အကိုလေ နှမအရင်းနှင့်အတူ လာခဲ့သည်။ စိတ်ကျန်းမာရေးဆေးရုံ နောက် ရင်ခွဲရုံရှိရာ တံခါးဝ၀ယ် နိဗ္ဗာန်ယာဉ် အသုဘကားက ရောက်နေ အကိုလေး၏ ရုပ်ကလာပ်ကို သေတ္တာထဲသွင်းကာ အသုဘယာဉ် တင်လိုက်သည်။

"ဦး. . . အသက် ၅၅ နှစ်၏ ရုပ်ကလာပ်" ဟူသော စာတ သေတ္တာပေါ်ဝယ် ထင်ထင်ရှားရှား ရေးထားသည်။

၅၅-နှစ်ဆိုသော အသက်သည် မကြီးရင့်သေးပါ။ လူ့ဘ များစွာနေပျော်သေးသော အသက်အရွယ်ဖြစ်ပါလျက် အကိုလေး



မဖြစ်သင့် မဖြစ်ထိုက်သောရောဂါဖြင့် မသေသင့် မသေထိုက်သေးသော အသက်အရွယ်မှာ လူ့လောကမှာ ပျောက်ကွယ်ရှာပေပြီ။

အသုဘယာဉ်၏နောက်မှ ဒေါ်ခင်ဖြူ၏ မော်တော်ကားကို မောင်းလိုက်စေသည်။ ဒေါ်ခင်ဖြူ၏ကားပေါ်ဝယ် အကိုလေး၏ ဇနီးကို ရှေ့ခန်းက ထိုင်စေသည်။သို့မှသာ သူ့ချစ်လင်ကို နောက်ဆုံးမြင်ရခြင်းဖြင့် လမ်းတစ်လျှောက် ချစ်လင်၏ ခေါင်းသေတ္တာကို မြင်သွားရပေလိမ့်မည်။ ကားနောက်ခန်းက အကိုလေး၏ နှမရင်းနှင့် ဒေါ်ခင်ဖြူကထိုင်လိုက် လာသည်။ ရှာပနပို့သူကား အတော်အသင့်ရှိပါသည်။ သို့သော် အကိုလေး စိတ်ကျန်းမာရေးဆေးရုံသို့ မရောက်မီမှာ အစိုးရ အရာရှိ အဖြစ်ဖြင့် ပေါင်းသင်း ဆက်ဆံခဲ့သူတွေ၊ ငွေကို ငွေမမှတ်သောစိတ်ဖြင့် လက်ဖွာဖွာ ရက်ရောစွာ ကျွေးမွေးပေးကမ်း ပေါင်းသင်းခဲ့သူတွေ အကိုလေးမပါလျှင် ပွဲမစည် သလောက် အပေါင်းအသင်း မိတ်ဆွေမင်္ဂလာများပြားခဲ့သူတွေ တင်းကြမ်းပြည့် ရှိခဲ့သော ဘဝနှင့် နှိုင်းစာလျှင်ကား အကိုလေး၏ နောက်ဆုံးခရီးကို လိုက်ပို့သူမှာ အဆမတန် နည်းပါးလွန်းသည်ကို ဒေါ်ခင်ဖြူ သိလိုက်သည်။

အသုဘယာဉ်ပေါ်ရှိ ချစ်လင်၏ ရုပ်ကလာပ်ထည့်သိုရာ ခေါင်း သေတ္တာကို မျှော်ကြည့်ကာ တအီအီငိုကြွေးလိုက်ပါလာသော အကိုလေး ၏ဇနီးကို စိတ်မချမ်းမြေ့စွာ မြင်နေရသော ဒေါ်ခင်ဖြူက တတ်သရွေ့ မှတ်သရွေ့ စကားလေးဖြင့် အားပေးနှစ်သိမ့်နေရင်းမှ အကိုလေး၏ ဘဝ သက်တမ်းတစ်လျှောက် စိတ်တိုင်းကျ နေလာခဲ့ပုံတွေကို ဒေါ်ခင်ဖြူသည် သူသိသမျှ ပြန်လည်သတိရ တွေးတော စဉ်းစားလိုက်မိသည်။

★ ★ ★ ★ ★

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်က အရေးပိုင်းရုံးစိုက်ရာ ခရိုင်မြို့ကြီး တစ်မြို့ဝယ် မြေပိုင်ရှင် သူဌေးသားအဖြစ်ဖြင့် အကိုလေး သည် ရွှေမရှား ငွေမရှား လက်ဖျား ငွေသီးသို့ သဘောကျ သုံးစွဲ တးသောက် ဝတ်ဆင်လာခဲ့သူဖြစ်သည်။ ပစ္စည်းဥစ္စာ များစွာ ချမ်းသာ

သော သူဌေးသားပြီပြီ ငွေကို ရေလိုဖြုန်းခဲ့သည်။ အပေါင်းအသင်း
ဆွေငယ်ချင်းတွေကို အကိုလေးကသာ အကုန်ခံပြီး ရက်ရက်ရောရော
ကျွေးမွေးပေးကမ်းခဲ့သည်။ ငွေကုန်ခံနိုင်မှု၊ အပေါင်းအသင်းကောင်း
စေတနာရေစီးကမ်းပြိုလိုက်မှုကြောင့် ကောင်းသတင်းထွက်ခါ လူ
လူ့ခင်မင်မှုများခဲ့သော အကိုလေးကား ပညာကိုလုံးဝမကြိုးစားချေ။ ပေ
တေတေဖြင့်ပင် ဆယ်တန်းသို့ ရောက်လာခဲ့၏။

ဆယ်တန်းမှာ ဘယ်နှစ်ကြိမ်ကျပြီး ဘယ်နှစ်နှစ်နေသည်
ကိုကား ဒေါ်ခင်ဖြူ မမှတ်မိမသိခဲ့သော်လည်း ဒေါ်ခင်ဖြူနှင့် အကိုလေး
နှမအရင်းတို့ အကိုလေးကို မှီလာပြီး ဆယ်တန်းစာမေးပွဲကို အတူ
ဖြေလိုက်ရသည့်နှစ်ကိုမူ ဒေါ်ခင်ဖြူ ကောင်းကောင်း မှတ်မိသည်။

ထိုခေတ်ထိုအချိန်က ငွေတန်ဖိုးအလွန်ရှိသည်ဖြစ်၍ တစ်က
မျှသောငွေကိုပင် အားသွန် ခွန်စိုက် ကုန်းရုန်းရှာကြံနေရ သည့်ကာလ
တစ်လလျှင် ငါးကျပ်တည်းဟူသော ဆယ်တန်း ကျောင်းသားတစ်ယော
အတွက်ကျောင်းစရိတ်သည် တောသင့်ရုံ့ အင်အားရှိသော မိဘမတ
နိုင်ချေ။ ကျောင်းသားတွေ ကိုယ်တိုင် ကလည်း ငွေကြေးရှားပါးမှု၊ ပည
လိုလားမှု၊ ဆယ်တန်း အောင်မှ အလုပ်အကိုင် ရနိုင်မှုကို တွေးတော
သိမြင်၍ ဆယ်တန်းစာမေးပွဲကို ကြိုးကြိုးစားစား ဖြေဆိုနေဆဲဝ
အကိုလေး တစ်ယောက် စာမေးပွဲကို ပြီးအောင်မဖြေချေ။ ပြုံးရွှင်သေ
မျက်နှာ၊ ပေါ့ပါးသွက်လက်သော ခြေလှမ်းဖြင့် စာမေးပွဲခန်းမထဲ
ထွက်သွား ချေတော့သည်။

"အလကား ဘာလုပ်မှာလဲ တကုပ်ကုပ်နဲ့ ထိုင်ဖြေနေရတာ
ပျင်းလဲပျင်း၊ ညောင်းလည်းညောင်း၊ ဒါကြောင့်ငါမဖြေတော့ဘဲ
ထွက်လာတာ"

တခြားကျောင်းသားတွေ သေရေး ရှင်ရေး တမျှ သဘောထား
နေရသော စာမေးပွဲကို အကိုလေးက ဤသို့ ဤနှယ်ပြောဆိုခါ ပျော်ရွှ
ပါးပါးပင် နေလိုက်သည်။ အကိုလေး၏ မိဘတွေကလည်း ချစ်လှ



သောကြောင့် မပြောဆိုရက်၍ပေလား။ မနိုင်၍ လက်လျှော့ ထားရခြင်း
ပေလားမသိ။ အကိုလေးတစ်ယောက် ထင်တိုင်းကြဲ နေရာမှ ဒုတိယကမ္ဘာ
စစ်ကြီး မဖြစ်မီ ကလေးမှာပင် အကိုလေးတစ်ယောက် ဗြိတိသျှ
ရေတပ်မတော်ထဲသို့ဝါ ဝင်စစ်မှုထမ်းလိုက်လေသည်။ အကိုလေးကား
ရေတပ်မတော်သားတစ်ယောက်ဖြစ်သွားလေပြီ။ အကိုလေး ရေတပ်
မတော်ထဲ မဝင်မီ သူ့အိမ်က သည်းမခံနိုင်လွန်း၍ ပိုက်ဆံမပေးဘဲ
ဘားရော့ သလားမသိ။

"ဟောဒါ ငါ့နှမနှစ်ယောက်ပဲကွ၊ ကွင်းမင်းတို့ကြိုက်တာယူကြ
ငါ့ကို ပိုက်ဆံ သုံးဘို့ပေးတဲ့အကောင်ကို ငါယောက်ဖတော်မယ်"

အကိုလေးသည် သူ့နှမအရင်းနှင့် ဒေါ်ခင်ဖြူကို လက်ညှိုးထိုး
ပြခါ သူ့အပေါင်းအသင်း သူငယ်ချင်းတွေထံမှ ငွေတင်မက ပဲလှော်
ကာအစ နှိုက်ယူ သုံးစားသည်ကို သူ့နှမရင်းနှင့် ဒေါ်ခင်ဖြူတို့မှာ စိတ်ဆိုး
ရခက်၊ မဆိုးရခက်ဖြင့် လက်မြှောက်ထားခဲ့ကြရသည်။

ဤမျှလောက် တေသော ပေသော ရွတ်သော အကိုလေးသည်
ဗြိတိသျှ ရေတပ်မတော်သို့ ဝင်ရောက်အမှုထမ်းကာ ဒုတိယကမ္ဘာစစ်ကြီး
မဖြစ်မီကလေးတွင် စစ်သင်္ဘောတစ်စင်းဖြင့် ဇက်ပူသို့ပါသွားသလိုလို
သတင်းကြားရပြီး၊ ဒေါ်ခင်ဖြူသည် အကိုလေးနှင့် မတွေ့မကြုံရတော့ဘဲ
အဆက်ပြတ်နေခဲ့ကြသည်။

သို့နှင့်ပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသည်။ မြို့ပေါ်မှာနေ၍
မဖြစ်တော့သောကြောင့် ဘေးကင်းလုံခြုံရာကို ပြောင်းကြ ရွှေ့ကြရသော
မြို့သူမြို့သားတွေမှာ ဒေါ်ခင်ဖြူတို့နှင့် အကိုလေး၏ မိသားစုတို့ ပါဝင်၏။
ဒေါ်ခင်ဖြူတို့ ခိုလှုံသောရွာနှင့် အကိုလေး၏ မိသားစုတို့ ခိုလှုံ
သောရွာသည် တစ်မိုင်ကျော်ကျော် ဝေးသည်။ အကိုလေးတို့ မိသားစု
ခိုလှုံနေသောရွာကို သွားလိုလျှင် ဒေါ်ခင်ဖြူတို့ ခိုလှုံနေသော ရွာကို
ရှာထဲလမ်းမှ ဖြတ်သန်းသွားရသည်။ ဤရွာကလေးသို့ ရောက်ပြီး
များမကြာမီ တစ်နေ့ဝယ် ဒေါ်ခင်ဖြူသည် မည်သည့် အကြောင်းကိစ္စ
ဟု၍ မမှတ်မိတော့ချေ။ ကိစ္စတစ်ခုဖြင့် ရွာထိပ်သို့ အလာမှာ အရင်

ဝတ် အရုပ်စားဖြင့် အကိုလေးကို မမြော်လင့်ဘဲ ဘွားခနဲတွေ့လိုက်ရသည်။

"ဟာ. . . အကိုလေး စက်ာပူရောက်နေတယ်ဆို၊ ဘယ်အချိန်က ပြန်ရောက်လာတာလဲ၊ အခုဘယ်သွားမယ်လို့လဲ"

ဒေါ်ခင်မြူက ဝမ်းသာ အားရ နှုတ်ဆက်ရင်း မေးခွန်းတွေ မေးလိုက်သောအခါ အကိုလေးသည် ကျိုးကန်းတောင်းမှောက်မျက်လုံးဖြင့် တောင်မြောက်လေးပါးကြည့်ပြီး -

"တိုးတိုးပြောပါဟ နင်လုပ်ပုံနဲ့ ငါတော့ အဖမ်းခံရ တော့မှာဘဲ"

အသံအုပ်ပြီး သတိပေးသလို ပြောလိုက်သည်။ ဒေါ်ခင်မြူက အံ့ဩသွား၏။

"ဘာဖြစ်လာလို့လဲအကိုလေး"

ဒေါ်ခင်မြူက အသံအုပ်အုပ်ဖြင့် ပြန်မေးသည်။

"ငါစစ်ထဲက ထွက်ပြေးလာတာ သူတို့သင်္ဘောနဲ့လိုက်သွားပြီး ရေခြားမြေခြားမှာ မသေချင်ပါဘူး။ ကိုယ့်တိုင်းပြည် ကိုယ့်မြေပေါ် ပြန်သေမယ်လို့ ထွက်ပြေးလာတာဟ"

"ဒေါ်-ဒါဖြင့် အခုအကိုလေး ပြန်ပြေးလာတာ သေတော့မယ်လို့ပေါ့"

"တယ်လေ. . . နင် စကားမကပ်စမ်းနဲ့၊ အခုအင်္ဂလိပ်တွေ မြန်မာပြည်က လုံးခုံးမခွါသေးဘူး။ ငါ့ကိုစစ်ပြေးမှန်းသိရင် စစ်ဥပဒေနဲ့ ပစ်သတ်မှာ နားလည်လား။ နောက်ပြီး ဂျပန်တွေတက်လာရင်လည်း ငါ့ကို အင်္ဂလိပ်တပ်က စစ်သားဆိုပြီး ဖမ်းသတ်မှာ၊ နင်ဘယ်သူ့မှ မပြောနဲ့နော်"

ထိုအခါမှ ဒေါ်ခင်မြူလေးလေးနက်နက်စဉ်းစားလိုက်မိ၏။ ထို့ကြောင့်လေသံတိုးပုံနှိမ့်ကာ. . .

"အခုအကိုလေးဘယ်သွားမယ်လို့လဲ" ဟု

မေးလိုက်၏။



"ငါ့အိမ်သားတွေ ဘယ်ပြောင်းသွားမှန်းမသိလို့ တစ်ရွာဝင် ...ရွာထွက် လိုက်ကြည့်နေတာ၊ ငါ့နှမနင်သိရင်ပြောစမ်း"

ထိုအခါ ဒေါ်ခင်မြူက အကိုလေး မိဘညီအစ်ကိုမောင်နှမ ...ခိုလှုံနေသော ရွာနာမည်ကိုရင်း၊ ရွာတည်ရှိသည့်နေရာကိုရင်း၊ ...သို့ သွားသည့်လမ်းကိုရင်း ညွှန်ပြပြောကြားလိုက်သည်။

"အေးကျေးဇူးဘဲ ငါ့နှမ. . . နင်နှုတ်လုံနော်"

မှာကြားနှုတ်ပိတ်ခါ အကိုလေးသည် သူမိသားစုရှိရာရွာသို့ ...တ်သုတ် အသော့နှင်သွားပြီးသည့်နောက် ဒေါ်ခင်မြူနှင့် အကိုလေး ...ကြုံမိ မဆုံမိတော့ဘဲ အဆက်ပြတ်သွားကြပြန်သည်။ ဤအဆို့နှင့်ပင် ...ခင်မြူဂျပန်ခေတ်မှာပင် အိမ်ထောင်ကျပြီး ဇာတိနေရပ်မှ ခွာလာ...ည်၊ မြန်မာပြည် လွတ်လပ်ရေးရပြီးသောအချိန်ကား အရောင်မျိုးစုံ ...ည်တပ်ထားသော သောင်းကျန်းအဖွဲ့အစည်းတွေ မှိုလိုပေါက်ခါ ...တိုင်းပြည်လုံးကို ဒုက္ခပေးနေသောအချိန်၊ တိုင်းသူပြည်သားတွေ ...နှံ့စာစားဖြစ်နေရသည့်အချိန်ဝယ် အကိုလေးတစ်ယောက် ...သော အရောင်ဆိုးထားသည့် သောင်းကျန်းအဖွဲ့အစည်းတစ်ခုထဲ ...ပါဝင်လှုပ်ရှားနေကြောင်း၊ သို့သော် အကိုလေးသည် တိုက်ခိုက် ...ဖြတ် ဖျက်ဆီးသည်ဘက်က တာဝန်မယူဘဲ အဖွဲ့အစည်းကြီး ...၏ ရိပ္ပံငွေရှာပေးရသော ဘဏ္ဍာရေးဆိုင်ရာ အစိတ်အပိုင်းက ...ယူနေရကြောင်းသတင်းကောင်းကြီးကို ဒေါ်ခင်မြူ နားမချမ်းသာ ...ကြားလိုက်ရသည်။ ဤတွင် အကိုလေးတစ်ယောက် သူပါဝင်လှုပ်ရှား ...ဖွဲ့အစည်း၏ ရိပ္ပံငွေ ဘဏ္ဍာရေးအင်အားတောင့်တင်း ဖူလုံရန်ကို ...ရှာကြံပုံကို ငယ်ပေါင်းအကြောင်းသိ ကျောင်းနေဘက် သူငယ်ချင်း ...က အတွင်းကျကျ သိသမျှပြောပြသည်ကို နားထောင်ခဲ့ရသော ...ခင်မြူက အောက်ပါအတိုင်း ဇာတ်လမ်းဆင်ကြည့်မိ၏။

အကိုလေးသည် သူတပည့်တွေကို ပြတ်သားရှင်းလင်းသော ...ဖြင့် သူအယူအဆကို မကွယ်မဝှက်ဖွင့်ဟ သင်တန်းပေးသည်။

"တပည့်တို့ ငါတို့အဖွဲ့အစည်းကြီး ကြာရှည်တည်တန့်ဖို့အတွ
အရေးအကြီးဆုံးအချက်ဟာ ဘဏ္ဍာရေး ဖူလုံတောင့်တင်းဖို့ပဲ။အဲဒီတေ
ဘဏ္ဍာရေးတောင့်တင်းစေအောင် ရတဲ့နည်း ဖြစ်နိုင်တဲ့နည်းနဲ့ ငွေမြေ
ပစ္စည်းကို ရှာဖွေရာမှာ လက်လုပ်လက်စားဆင်းရဲသားတွေဆီ
မယူရဘူး။ ကြေးရတတ်တွေ၊ သူဌေးတွေ၊ လူပေါ် လူညွှန့်ဆူးတွေဆီကသ
ရနိုင်သမျှနည်းသုံးပြီး ယူငင်စုဆောင်းရမယ်။ မှတ်ထားကြနော်"

ရှင်းလင်းပြတ်သားသော အကိုလေး၏ သင်တန်းပေးခြင်
နားလည်သဘောပေါက်ဟန်တူသော တပည့်တစ်ယောက်က ထော
ပြောဆိုသည်။

"ဆရာပြောတာသိပ်မှန်ပါတယ်။ ကျွန်တော်တို့လည်း ဒီနည
ကိုပဲ သဘောကျတယ်။ ဆရာပြောခိုက် အဆင်သင့်လို့ ကျွန်တော်တ
ပါရစေ။ စည်းစိမ်ရှင် သူဌေးမိသားစုတစ်စုကို ကျွန်တော်တွေထားပါတ
ဆရာ။ သူတို့က သူဌေးတွေ ဆိုကတည်းက ဆရာပြောသွားတဲ့ လူတန်
ထည်းမှာ ပါသွားပါပြီ။ ပစ္စည်းက တော်တော်ကို ချမ်းသာတာ၊ သူ
မိသားစု အခြေအနေကြည့်ရတာ သိပ်ခဲခဲယဥ်းယဥ်းကြံစည်ဖို့တော
မလိုပါဘူး။ လွယ်လွယ်နဲ့ ပစ္စည်းတော်တော်များများ ရနိုင်ဖို့ရှိ
ကျွန်တော်သိတယ်။ အဲဒီအိမ်ကို ဘဏ္ဍာငွေ သွားကောက်ရင် ဖြစ်
ဆရာ"

"မင်းဟာသေချာရဲ့လားကွာ"

အကိုလေးကမေး၏။

"ကျွန်တော်က သေသေချာချာ လေ့လာစုံစမ်းပြီးပြီဆ
ကျွန်တော်တို့သဘောနဲ့ ကျွန်တော်တို့ မလုပ်ဝံ့လို့ အခုမှ ဆရာ့အယူအ
ကို သိရပြီး တင်ပြခြင်းဖြစ်ပါတယ်၊ ခွင့်ပြုရင် ဒီနေ့ညပဲ ကျွန်တေ
သွားမယ်ဆရာ"

"အေးသေချာရင်တော့ သွားလုပ်ချေ။ တစ်ခုတော့ ငါတင်
ကြပ်ကြပ် မှာသွားမယ်ကွ။ ဥစ္စာရှင်ကို အကျိုးယုတ် အရှုံကြွဲဖြစ်အေ
မဖျက်ဆီးခဲ့နဲ့။ အဲဒါတော့ အတိအကျလိုက်နာကြ။ ကြားလား"



အကိုလေးက လိုလားကြည်ဖြူစွာ ခွင့်ပြုပြီး ညွှန်ကြားချက်
ပေးသည်။

"စိတ်ချပါဆရာ။ လူတွေကို ဘယ်လိုမှ ဒုက္ခမပေးပါဘူး။
ကျွန်တော်တို့လိုချင်တဲ့ ဘဏ္ဍာသာ ရအောင်ယူမှာပါ"

တပည့်များက လေးလေးနက်နက် ကတိပေးသည်။ တပည့်
များသည် ဆရာ ခွင့်ပြုချက်အရ ထိုသူဌေးဆိုသူ မိသားစုအိမ်မှ ပစ္စည်း
တွေကို အနုကြမ်းစီးပြီး တော်တော်လေးနင့်နင့် ရလာခဲ့သည်။ သို့သော်
မ,တစ်ထောင်သားတွေပြိုပြို လူတစ်ယောက် စိတ်တစ်မျိုး ဖြစ်ကြသည့်
အလျောက် အဖွဲ့အစည်းကြီးတောင့်တင်းရန် စုဆောင်းထားရှိရမည့်
ရံပုံငွေဟူ၍နှလုံးမပိုက်နိုင်ကြတော့ပဲ ရသမျှ ကဲ့ဝှက်ယူထားကြသည်။
လျှို့ဝှက်ထား၍ မဖြစ်သော ပစ္စည်းအနည်းငယ်ကိုသာ သူတို့ဆရာကြီး
ဖြစ်သူ အကိုလေးလက်ထဲထည့်ကြသည်။ အကိုလေးလက်ထဲရောက်သော
ပစ္စည်းကလည်း အကိုလေးအထက်ဆရာကြီးများက အပိုင်စီးလိုက်
ကြသည်။ ထိုအခါ အပြောတစ်မျိုး၊ လက်တွေ့တစ်မျိုးဖြစ်နေသော
ဤအဖွဲ့အစည်းကို အကိုလေး ငြီးငွေ့လာသည်။ ရွံလာသည်။ စိတ်ကုန်
ခန်းလာသည်၊ သူသင်တန်းပေးထားသည့် အတိုင်း ငွေရှိမည် ချမ်းသာမည်
ထင်ရသော အိမ်တွေကို တပည့်တွေက မကြာခဏ သွားပြီး စေပြတိုက်ကြ
အနုကြမ်းစီးကြဖြင့် စည်းမဲ့ကမ်းမဲ့ ဖြစ်နေသောအခါ ဖခင်အိုလူမမာကြီး
နှင့် မိန်းမသားတွေချည်းသာရှိသော သူ့မိသားစုတွေအတွက် အကိုလေးက
စိတ်ပူလာသည် ထို့ကြောင့် အဆင်ပြေသောနေ့တစ်နေ့ဝယ် သူ့အိမ်သား
တွေကို သတိပေးထား မည်ဟူသော ရည်ရွယ်ချက်ဖြင့် အကိုလေးသည်
သူ့အိမ်သို့ရောက်လာခဲ့၏။ အကိုလေး ရောက်လာသည်ဆိုလျှင်ပင်
အိမ်သားတွေက ဝမ်းသား ဝမ်းနည်းဖြင့် ငိုကာရိုက်ခါစေးပြတိုက်ခံရ၍
ပစ္စည်းတွေကုန်လုနီးပါး ဖြစ်ကြောင်းကို ပြောပြကြလေသည်။
အကိုလေးသည် မျက်လုံးဝိုင်း သွားသည်။

"ဘယ်နေ့ကတိုက်သွားတာလဲ"

အကိုလေးကမေး၏။ ထိုအခါ မိခင်အိုကြီးက ဓားပြတိုက်ခံရသောနေ့ကို သေချာတိကျစွာ ပြောပြ၏။ အကိုလေးသည် မျက်နှာမပျက်ရအောင် မနည်းသတိထားနေရသည်။ သူမိဘအိမ် ဓားပြတိုက်ခံရသည်မှာ သူသင်တန်းပေးပြီး ပထမဆုံးအကြိမ်၊ အဖွဲ့အစည်းအတွက် ဘဏ္ဍာရေးတောင်တင်းရန် ရုံငွေရှာခွင့်ပြုလိုက်သောနေ့ဖြစ်နေချေသည်။

"ခွေးမသားတွေ၊ တိရစ္ဆာန်တွေ၊ ငါ့အိမ်မှန်း သိရက်နဲ့ တမင်လုပ်ကြတာလား။ မသိဘဲ လုပ်ကြတာလား။ ဘာဘဲဖြစ်ဖြစ် ငါ့မှာတော့ ကိုယ့်အတတ်ကိုယ်စူးပေပြီ။ တော်ပြီ။ တော်ပြီ။ ဒီ သူယုတ်မာတွေစုနေတဲ့ အဖွဲ့အစည်းကို ငါအပြီးအပိုင် အဆက်ဖြတ်လိုက်တာပဲ ကောင်းမယ်ဟု အကိုလေးက စိတ်ကိုပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်။ သူ့ဘဝကို လူထဲသူထဲမှာ တင့်တင့်တယ်တယ် နေနိုင်အောင် ပြုပြင်သွားရန်ကိုလည်း အကိုလေးက နိုင်မာစွာ အဓိဋ္ဌာန်ပြုလိုက်၏။

ဤကားအမှောင်လောကထဲ အနိုက်အထန့်ရောက်သွားသော အကိုလေး၏အဖွဲ့အစည်း ကောင်းကျိုးအတွက် ရုံငွေရှာပုံကို ဒေါ်ခင်မြူက သတင်းစကားအတိုင်းဖော်ပြလမ်းဆင်ကြည့်ခြင်းဖြစ်သည်။

ထို့နောက် အကိုလေး တစ်ယောက် သူ့ဘဝကို သူဘယ်သူတွေနှင့်တိုင်ပင်ပြီး ဘယ်လိုကြိုးစား ထူထောင်သည်ကို ဒေါ်ခင်မြူ မသိနိုင်အောင် မျက်ခြေပြတ်သွားပြန်သည်။

အကိုလေးအကြောင်း သဲလွန်စရပြန်သော အချိန်ကား အကိုလေးသည် အစိုးရအမှုတော်ကို သစ္စာရှိရှိထမ်းဆောင်နေကြောင်း၊ ဌာနတစ်ခုမှာ အရာရှိအဆင့်အတန်းရောက်နေကြောင်း။ ချစ်သူဇနီး သားသမီးတွေဖြင့် သိုက်မြိုက်ဝန်းဝန်း အိမ်ထောင်ကို ဦးဆောင်၍ တည်ငြိမ်အေးချမ်းစွာနေထိုင်လျက်ရှိကြောင်း။ သတင်းတောင်း ကြားရသောအခါ အကိုအရင်းတမျှ ခင်မင်ရသော ဒေါ်ခင်မြူအဖို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ ထိုအချိန်တွင် ဒေါ်ခင်မြူတို့ တာဝန်အရ ပြောင်းရွှေ့ရောက်လာသော နေထိုင်ရသော မြို့နှင့် အကိုလေး တာဝန်ထမ်းဆောင်



ိုင်ရာမြို့သည် လက်လှမ်းမှီလေး နေထိုင်ရာမြို့ကို အလည်အပတ် ာက်သည်။ အကိုလေးသည် ဒေါ်ခင်မြူနေထိုင်ရာ မြို့ကိုအလည် ာ်ရောက်သည်။

"ငါ့နှမစားဘို့ယူသွားဟဲ့"

ဟူသောစကားနှင့်အတူ စားကောင်းသောက်ဖွယ်များကို ာခဏ အကိုလေး လက်ဆောင်ပေး၏။ သို့သော် ဇရတ်ကျကျ ်ကို တစ်ခုမဟုတ် တစ်ခုလုပ်ရမှ နေသာထိုင်သာရှိဟန်တူသော ်လေးသည် ထိုအချိန်၌ အရက်ကို အလွန်အကျွံသောက်နေလေပြီ။ ါတစ်ရံ ကြားဖောက်အဖြစ် ဖဲရိုက်လိုက်သေးသည်ဟုဆို၏။ ်လေး၏ မိန်းမကလည်း အေးလိုက်၊ ငြိမ်လိုက်သည်မှ ရေခဲရုပ် ုပ်နှင့်ပင် တင်စားခိုင်းနိုင်းအပ်သည်ဟု ဒေါ်ခင်မြူ ထင်မိ၏။ သူ ာင်လုပ်ချင်ရာတွင်လုပ်နေသည်ကို တစ်ခွန်းမှ တားဆီးပိတ်ပင်ခြင်း ဆုပ္ပြောဆိုခြင်းမရှိ ချစ်လွန်း၍ပင် မပြောဆို မတားဆီးရက်၍ ည့်နေသလား၊ မနိုင်၍ လက်လျှော့ထားရခြင်းလား ဆိုသည်ကို ခင်မြူအနေဖြင့် တပ်အပ်သေချာ မသိနိုင်ပေ။

တစ်နေ့သောအခါဝယ် မင်္ဂလာကိစ္စတစ်ခုဖြင့် ဒေါ်ခင်မြူရှိရာ ို့ အကိုလေးရောက်လာသည်။ လက်ထဲတွင် တရုတ်ဟော်တယ်၊ ားဟော်တယ်တွေမှ ကောင်းပေ့ဆိုသော စားကောင်း သောက်ဖွယ် ်ဆွဲကြော်၊ ဆိတ်သားခါးပတ်စသည့် ဖက်စိမ်းထုတ်တွေဆွဲလာသည်။

"ဘာတွေလဲ-အကိုလေး"

ဒေါ်ခင်မြူကမေးသောအခါ "နင်တို့အိမ်သားတွေ အားလုံးစား လေ။ ငါ ဖဲရိုက်လို့နိုင်လာတဲ့ ပိုက်ဆံနဲ့ ဝယ်ကျွေးတာဟ စားကြ"

အကိုလေးကဖြေသည်။

"အောင်မယ်လေး စင်ကြယ်တဲ့ ပိုက်ဆံနဲ့ ဝယ်ကျွေးတာ တော့ သိပ်စားလို့ကောင်းမဲ့ အစာဘဲ"

ဒေါ်ခင်မြူစကားကြောင့် အကိုလေး စိတ်တိုသွားသည်။

"အောင်မယ် ကြီးကျယ်လို့၊ ငါကစေတနာနဲ့ ဝယ်လာတာ နင်အဟုတ် မစားချင်ဘူးလား"

"ဝယ်လာမှတော့ စားမှာပေါ့"

"ဒါဖြင့်ဘာကြောင့် စင်ကြယ်သလေး ညစ်ပတ်သလေး ပြောနေရလဲ"

"ဒါက အကိုလေး ဖဲရိုက်တယ်ဆိုတာ သိရလို့ စိတ်မကောင်းတာနဲ့ပြောမိတာပါ. . ."

"ဟား. . . ဟား. . . ဟား. . . ဟား"

အကိုလေးက ဂရုမစိုက်သလိုရယ်သည်။ ဒေါ်ခင်မြူက လူကြီးဆန်ဆန် လေသံ တည်တည်ဖြင့် ဆုံးမစကားဆိုလိုက်၏။

"အကိုလေးက ကျမထက် အသက်အရွယ်ကြီးတော့ ဘုန်းကြီးစာချ၊ မိကျောင်းမင်း ရေကင်းပြသလို ပြောရတာအားနာပါတယ်။ အရက်သောက်တာ,ဖဲရိုက်တာ မကောင်းဘူးဆိုတာ သိရက်နဲ့ ဘာကြောင့်လုပ်နေရတာလဲ။ အရက်ကြောင့် အသည်းကွမ်းမဲ့၊ ဖဲကြောင့် အပြောင်မိပြီး အကိုလေး အသက်ငယ်ငယ်နဲ့ သေသွားရင် အကိုလေး မိန်းမနဲ့ လူမမယ်ကလေးတွေ ဒုက္ခဖြစ်ပြီး ကျန်ရစ်မှာ မတွေးမိဘူးလား"

"ဟဲ့. . . ငါထမင်း စားနေတဲ့ လူပဲ - မတွေးမိဘဲ ရှိမလား ဒါပေမဲ့ လူဆိုတာ အပေါင်းအသင်း အသိုင်းအဝိုင်းရှိရတယ်။ ခင်မင်မှု ခင်မင်ကြောင်း အသိမိတ်ဆွေတွေနဲ့ တွေ့ပြန်တော့ ငါရှောင်နေလို့ ကောင်းမလား။ အရက်ဆို ရက်လို့ရှုရာတာပဲ။ ဖဲဆို ဖဲလိုက်ရတာပေါ့ အားနာတော့လည်း လိုက်လျောရတာပေါ့"

"ဟုတ်တယ်-ဒီကစွမ်းက သိပ်အားနာဖို့ ကောင်းတယ်နော်"

"နင်က ကြီးကြီးကျယ်ကျယ် ငါ့ကို ဆုံးမစကားတွေပြောရင် ငါကလည်း နင့်ကိုပြန်ပြီးဆုံးမစရာရှိတယ်"

"နင်လုပ်တာ နင်မသိဘူးလား"

"မသိဘူး"



"နင်က မ သိဘူးဆိုတော့ ငါပြောပြမယ်။ နင်ခဏ ခဏ ကျန်းမာဖြစ်နေရက်နဲ့ မတဲ့တာတွေစားတယ်။ မျက်စေ့ ဒုက္ခပေးမှန်း သိရက်နဲ့ ငြုတ်သီးတွေ အရမ်းစားတယ်။ ဆေးတိုက်တော့မသောက်ဘူး ဆို၊ နင့်ပါးစပ်ထဲ ဝင်တာမြင်ရအောင် လက်ပူးလက်ကြပ်တိုက်မှ သောက်တယ်ဆို လက်ပူးလက်ကြပ် မတိုက်နိုင်လို့ 'သောက်လိုက်ပါ' လို့မှာထားခဲ့တဲ့ ဆေးကိုနင်တိတ်တိတ်ခိုး သွန်ပစ်တတ်၊ လွှင့်ပစ်တတ်တယ်ဆို၊ အဲဒါ နင်လုပ်နေတာတွေပေါ့"

"အဲဒါတွေ အကိုလေး ဘယ်ကသိလဲ"

"နင့်ယောကျ်ားက ပြောပြတယ်လေ"

"အဲဒါဘာဖြစ်လဲ"

ဒေါ်ခင်မြူက အလျှော့မပေးဘဲ ပြောသည်။ "ဘာဖြစ်ရမှာလဲဟဲ့၊ ငါ့ကိုနင်ဆုံးမသလို နင်လည်း ငယ်ငယ်လေးနဲ့ သေသွားမှာ စိုးလို့ပေါ့။ နင်သေတော့ နင့်လင်က တပ်မတော်အရာရှိကြီးတစ်ယောက်ဟုတ်လား။ နုနုထွတ်ထွတ်ကလေးတွေ စိတ်တိုင်းကျ ရွေးယူစား နေမှာ နင်မတွေးမိဘူးလား"

"အို-ကျမသေပြီးမှ ဘာသိတော့မှာလဲ၊ သူဟာသူဘာ လုပ်လုပ်ပေါ့"

"အေး. . . နင်ပြောသလို ငါသေပြီးမှ ဘာသိတော့မှာလဲ၊ သူတို့ဘာသူတို့ ကံတရားအတိုင်း ဖြစ်လိမ့်မပေါ့"

ဒေါ်ခင်မြူ စကားမဆက်တော့ချေ၊ စိတ်တိုတိုဖြင့် ဆိတ်ဆိတ်နေသည်။

"ငါပြောတာ စိတ်မဆိုးနဲ့ ငါ့နှမ၊ နင့်သမီးလေးရှိသေးတယ်ဟုတ်လား။ တစ်ကောင်ဘဲနင်မွေးထားတာ၊ 'အရွယ်လည်း မရောက်သေးဘူး၊ ပညာလည်း မပြည့်စုံသေးဘူး။ သူ့ဘာဝကိုသူ မရပ်တည်နိုင်သေးဘူး။ အခုနေ နင်သေသွားရင် နင့်လင်က နောက်မိန်းမ မယူဘဲနေမလား။ သူ့အသက်ကလည်း ဇရာပိုင်းရောက်သေးတာ မဟုတ်ဘူး။

ပန်းပေါ်မှာ သမြေခက်တွေ, ကြယ်ပွင့်တွေ တင်နိုင်တဲ့ ယောက်
စိတ်တိုင်းကျ မိန်းမကိုရွေးယူနိုင်တယ်။ အဲဒီတော့-နှင်သမီးလေး ဘယ်
ဖြစ်မလဲ။ နောက်မိထွေးလက်လက်ထဲမှာ တွေ့ကြုံရမှာတွေကို ပြန်
စမ်း၊ မပေမတောပါနဲ့ ငါ့နမရယ်၊ ကိုယ့်ကိုယ်ကို ဂရုစိုက်၊ နေထိုင်မကော
ရင် ဆေးမှန်မှန်သောက် ကြားလား"

အစ်ကိုလေးသည် တကယ့်စေတနာဖြင့် သတိပေးဆုံးမသ
ဒေါ်ခင်မြသည် အစားဆို လှည်းနဲ့ တိုက်ခဲ့၊ ဆေးဆို ကျားထက်ကြော
ဒေး ဟူသော သူ့အကျင့်ကို သူပြန်တွေးပြီး နှုတ်လှန်မထိုးတော့ပဲ တိ
တိတ်ပင် နေလိုက်သည်။

ထို့နောက် အလုပ်တာဝန်အရ ဒေါ်ခင်မြတို့ တစ်မြို့
တစ်မြို့ ပြောင်းရွှေ့လာခဲ့ရသဖြင့် အစ်ကိုလေးနှင့် မဆုံမိ မကြုံမိ
ပဲ အဆက်ပြတ်သွားပြန်သည်။ တရွေ့ရွေ့ကုန်လာခဲ့သော အချိန်
ဆယ်နှစ်ကျော်၍ လေးနှစ်ပင် စွန်းလာခဲ့သောအခါ ဒေါ်ခင်မြ
ရန်ကုန်မြို့သို့ ပြန်ရောက်လာခဲ့သည်။ အစ်ကိုလေးသတင်း
စုံစမ်းလိုက်သောအခါ သတင်းကောင်းမကြားရပဲ သတင်းဆိုးကို
ကြားရလေသည်။

အရက်ကို အလွန်အကျွံ တရားလွန် သောက်ထားခဲ့
အစ်ကိုလေးသည် မည်သို့ စိတ်ကူးပေါက်သည်မသိ။ အရက်ကို လ
ဖြတ်လိုက်သည်။ ဖြတ်သည်ဆိုရာမှာ တဖြည်းဖြည်း မြင်းပြီးဖြတ်
ဆေးဝါးဖြင့်ဖြတ်ခြင်း၊ ဆေးရုံတက်ပြီး စနစ်တကျဖြတ်ခြင်းမျိုး မဟု
ကိုယ့်အိမ်မှာ ကိုယ့်သဘောအတိုင်း တုံးတိဖြတ်လိုက်ခြင်းဖြစ်သ
ထိုအခါ ရေလိုသူသောထားပြီး အရက်ကို သောက်လာသော အ
လေးအဖို့ အရက်သာလျှင် အသက်သွေးကြောဖြစ်နေခဲ့သည့်အလေ
ကိုယ်ခန္ဓာ၏ ကျန်းမာရေးကို ထိခိုက်လာသည်။ စိတ်၏တည်ငြိမ်
ထိခိုက်လာသည်။ အစ်ကိုလေးသည် ကျန်းမာရေးချွတ်ယွင်း
မတ်တပ်နှာ လူမမာဖြစ်သွားသည့်အပြင် စိတ်ကလည်း မတည်



တော့ချေ။ စိတ်ပျံ့လွင့်သည်၊ သတိလက်လွတ်ဖြစ်သည်၊ ရှင်းရှင်းရေးရလျှင် အစ်ကိုကိုလေးသည် ‑ဟဉ်ယဉ်ကလေး ရူးနေလေပြီ။ ထိုအခါ အစ်ကိုလေး၏ဇနီးက ဆရာဝန်မခေါ်၊ ဆေးရုံမပို့ပဲ အများသူငါတထင်မိထင်ရာပြောကြသည့် 'ပယောဂ' ဟူ၍ တတ်ရောင်ကား ဆရာတွေခေါ်ကုခဲ့သည်။ ရောဂါက တဖြည်းဖြည်းရင့်လာမှ အစ်ကိုလေးကို စိတ်ကျန်းမာရေး ဆေးရုံပို့လိုက်ရတော့သည်။ အစ်ကိုလေး၏ ဘဝကား ဤတစ်သက်တာ တစ်ဘဝသို့ ဤဝေဒနာမှထမြောက် ပျောက်ကင်းရန် လုံးဝမျှော်လင့်ချက် မရှိတော့ပေ။

အစ်ကိုလေးကို စိတ်ကျန်းမာရေးဆေးရုံမှာ ပို့ထားသည့်အကြောင်း ဒေါ်ခင်မြသိပါ၏၊ သို့သော် အကြောင်းမညီညွတ်အဆင်မပြေသည့် အတွက် အစ်ကိုလေး မသေဆုံးမီမှာ စိတ်ကျန်းမာရေးဆေးရုံသို့ ဒေါ်ခင်မြ တစ်ခေါက်မှ မရောက်ခဲ့မသွားခဲ့မိချေ။ အစ်ကိုလေး၏ နှမအရင်းနှင့်တွေ့သည့် အခါမှသာ-

"အစ်ကိုလေးဘယ်လိုနေသလဲ၊ နေကောင်းရဲ့လား၊ အစာစားရဲ့လား" ဟုသာ မေးရသည်။

အစ်ကိုလေး မုန့်စားတတ်သည် ဆို၍ ဘီစကွတ်မုန့်ကို လူကြုံမှတစ်ဆင့် ဒေါ်ခင်မြ ပေးလိုက်ဖူးသည်။ ကိုယ်တိုင်ကား တစ်ခါမျှမသွားခဲ့မိချေ။ ထိုသို့မသွားပဲ နေမိခြင်းမှာ နေစိမ့်နိုင်သောစိတ်၊ လျစ်လျူရှုသောစိတ် ရှိသောကြောင့်မဟုတ်။ လူမမာအား စိတ်မအားဖြစ်၍ တစ်ကြောင်း၊ ဒေါ်ခင်မြ၏ မွေးရာပါစိတ်က သူရဲတစ္ဆေဆိုသည်ကို မကြောက်တတ်သောလည်း အရူးကိုကား အလွန်အမင်းကြောက်တတ်သောစိတ်ရှိ၍ တစ်ကြောင်း၊ စိတ်ကျန်းမာရေးဆေးရုံသို့ မသွားခဲ့ခြင်းဖြစ်သည်။ အရူးဆိုသည်မှာ ယုံရသည်မဟုတ်။ ကိုယ်က ကြင်ကြင်နာနာမေးမြန်းပြောဆိုနေသော်ငြားလည်း အစိုးမရသော သူ့စိတ်ရှိသည့်အတိုင်း သေအောင်၊ နာအောင်၊ ရုပ်ပျက်၊ ဆင်းပျက်ဖြစ်အောင် လုပ်လိုက်မည်ကို ဒေါ်ခင်မြ ကြောက်သည်။

သို့နှင့်ပင်စိတ်ကျန်းမာရေးဆေးရုံးမှ အစ်ကိုလေး သေပြီ
ဖြစ်ကြောင်း သတင်းစာအားဖြင့် သိလိုက်ရတော့၏။

အစ်ကိုလေးသွားရာ နောက်ဆုံးခရီးကား ခြောက်သွေ့တိတ်
ဆိတ်လှပါ၏။ အစ်ကိုလေး၏ အပေါင်းအသင်းတွေကို ခင်မင်လွန်းမှု
အားနာလွန်းမှု၊ လိုက်လျောလွန်းမှုကြောင့် အပေါင်းအသင်းတွေနှင့်
မဆန့်ကျင်ပဲ အရက်သောက်ခဲ့သည်။ ဖဲရိုက်ခဲ့သည်။ ထိုအရက်ကြောင့်
ပင် စိတ်ပျံ့လွင့်သောဝေဒနာကို ခံစားပြီး သေဆုံးသောအခါ သုသာန်
မြေသို့ သွားရာတွင် အရက်သောက်ဖေါ်၊ ဖဲရိုက်ဖေါ်တွေသည် အစ်ကို
လေးနှင့်အတူ မလိုက်မပါကြချေ။ အစ်ကိုလေးကို ချစ်လှစွာသော ဇနီးနှင့်
သားသမီးတွေပင် သူတို့ချစ်သောလင်၊ သူတို့၏ဖခင်နှင့်အတူ သေရာ
မလိုက်နိုင်ကြပေ။ အဖေါ်မပါ ကိုယ်ထီးသာလျှင် သွားရရှာလေပြီ။
သေရည် သေရက်သောက်စားသူ၏ အကုသိုလ်အကျိုးပေးများကို မြတ်စွာ
ဘုရားဟောကြားသည့် အချက်များအနက် 'သူရူးသည်လည်း ဖြစ်ရ၏'
ဟူသောအချက်ပါဝင်သည်ကို အစ်ကိုလေးသည် ဗုဒ္ဓဘာသာဝင်ဖြစ်သည့်
အလျောက် သိလျက်နှင့် တေသွား၊ ပေသွားခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အစ်ကိုလေး၏ နောက်ဆုံးခရီးကား အစ်ကို
လေးတစ်ယောက်တည်းသာ အဖေါ်မပါ သွားရှာလေပြီဟု ဒေါ်ခင်မြ
သည် ရှေးဟောင်းနှောင်းဖြစ်တွေ တွေးတောနေရာမှ ကြံတော
သုသာန်သို့ ရောက်လာသည်။ အစ်ကိုလေးကို မီးသင်္ဂြိုဟ်မည် ဖြစ်၍
မီးသင်္ဂြိုဟ်စက်ခန်းမွဲ မသွင်းမီအစ်ကိုလေး၏ ရုပ်ကလာပ် လဲလျောင်း
ခေါင်းသေတ္တာကို ဖွင့်ပြီး ကြည့်ကြသဖြင့် ဒေါ်ခင်မြ ကာလ
မမြင်မတွေ့ခဲ့သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်သော အစ်ကိုလေး
ရုပ်ရည်ကို နောက်ဆုံးအကြိမ် မှတ်မှတ်ရရ ကြည့်လိုက် ချင်သော ဆန္ဒ
သေတ္တာထဲသို့ ငုံ့ကြည့်လိုက်၏။



ဆိုးရွားသော အနံ့ကြီးက ဒေါ်ခင်မြ၏ နှာခေါင်းထဲသို့ အရှိန်
...း ဝင်သွားသည်။ ဤခေါင်းသေတ္တာထဲမှာ လဲလျောင်းနေသော
...ကလာပ်သည် အစ်ကိုလေး အစစ်အမှန်ဖြစ်ကြောင်းကို သူ့ဇနီး၊
...ားသမီး၊ မောင်နှမ ဆွေမျိုးရင်းချာတွေကြောင့်သာ ဒေါ်ခင်မြ ယုံလိုက်
...သည်။ ဒေါ်ခင်မြမှတ်မိခဲ့သော အစ်ကိုလေး၏ အသက်ရှင်စဉ်က
...ရည် ပုံသဏ္ဍာန်ကို လုံးဝအရိပ်အရောင်ပင် ရှာမရတော့ချေ။

အစ်ကိုလေးသည် အသားတော်တော်ပင်ညိုသည်။ အရပ်
...မောင်းကိုယ်လုံးကိုယ်ထည် သာမန်ယောကျ်ား တစ်ယောက်၏ အရပ်
...မောင်းကိုယ်လုံးပင်ဖြစ်သည်။ မျက်နှာကမူ လုံးဝမလှပါ။ သို့သော်
...ောကျ်ား တစ်ယောက်၏ မှန်တန်းရုပ်ရည်ဖြစ်၍ ကြည့်ပျော်ရှုပျော်
...ပါသည်။ ဤကား အစ်ကိုလေးအသက်ရှင်စဉ်က ရုပ်ရည်ဖြစ်၏။ ယခု
...ါ်ခင်မြ မြင်လိုက်ရသော ပုံသဏ္ဍာန်ကား ကတုံးပြောင်ပြောင်နှင့်
...ည်းနက်ကာ အရိုးပေါ် အရေဖုံးနေသော မျက်နှာဝယ် မျက်လုံးနှစ်ဖက်
...သည် ဟောက်ပက်ကြီး ချိုင့်ဝင်နေသည်မှာ မျက်လုံးတွေကော်ထုတ်ထား
...သည့် တွင်းကြီးကဲ့သို့ ဖြစ်နေသည်။ ဤမျှလောက် ရုပ်ဆင်းပျက်နေသော
...်နှာပေါ်မှာ ထုံးမှုန့်တွေဖြူးထားသည်ကို မြင်ရတွေ့ရသော ဒေါ်ခင်မြ
...်ထဲတွင် ရှေးယခင်က ဘိုကေကိုသပ်သပ်ရပ်ရပ်ဖီးပြီး ညိုသောမျက်နှာ
...ေါ်မှာ ပေါင်ဒါတင်ထားတတ်သည်ကို သွားသတိရမိသည်။
...ကိုလေး၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်စက်ခန်းထဲသွင်းခါ တံခါးပိတ်
...က်သည်။ ဒေါ်ခင်မြတို့သည် သုသာန်ထဲက ပြန်ထွက်လာ ခဲ့ကြသည်
...သင်္ဂြိုဟ်စက် ခေါင်းတိုင်ကြီး၏ ထိပ်ဝယ် မီးခိုးများတမွှားမွှား
...ွက်လာကာ ကောင်းကင်အမြင့်လေပင့် ရာ လွင့်ပါပျောက်ပျက်
...ကြသည်။ ဤမီးခိုးငွေ့များနည်းတူပင် အကို လေး၏ဘဝကား
...လောကမှပျောက်ကွယ်လေပြီ။

'ကိုယ့်တိုင်းကိုယ့်မြေကိုယ့်မြေပေါ်မှာ ပြန်သေချင်လို့ စစ်ထဲ မြန်ထွက်ပြေးလာတာ' ဟုပြောခဲ့သောအကိုလေးသည် သူသေချင်သ ကိုယ့်တိုင်းကိုယ့်မြေကိုယ့်မြေပေါ်မှာတော့ သေရပါ၏။ သို့သော် ကော ရာကောင်းကြောင်း သေရခြင်းမဟုတ်ဘဲ မထင်မရှားအညတြဘဝ စိတ်ကျွန်းမာရေးဆေးရုံမှာ သေခဲ့ရှာသည်။ အကိုလေးပြောခဲ့သည့်အတို အကိုလေး၏ သားသမီးတို့ကား သူတို့ကံကြမ္မာကို သူဖန်တီးရတော့မည်

"ကြီးစွာငယ်သူ၊ သေမင်းယူသော် ဘယ်သူစိုးပိုင်၊ တားမ သည်။ ရွှေစိုင်ကိုယ်လေး၊ ပေး၍မလို၊ တ႟လျက်ငိုလေ၊ မျိုးဆွေမလိုက် နောက်လိုက်မပါ၊ ကိုယ်ထီးသာလျှင်၊ ကြမ္မာစင်စစ်၊ မီးစာဖြစ်၍ ခြစ် လောက်စွဲ၊ ခံရမြဲသည်၊ အနိစ္စ ခန္ဓာကိုယ်။ ဒုက္ခခန္ဓာကိုယ်။ အနတ္တ ကိုယ်"

ဟူသောသံဝေဂကွဲ့ကလေးကို ရွတ်ဆိုသောခေါ် မင် ကိုယ်တိုင်ပင် ကနေ့သော် ဤမီးသဂြိုဟ်စက်ကြီး ထဲသို့ တကိုယ်ထီး လျှင် ရောက်ရှိသော မီးစာဖြစ်ရဦးမှာပါတကား။

မဝင်းမြင့်

၁၉၇၆၊ စက်တင်ဘာလ

(သွေးသောက်မဂ္ဂဇင်း)

# ဖျက်ရည်နှင့် ဖြစ်ရေ

ယခုမှ အသက်ဆယ့်ငါးနှစ်နှင့် ခုနစ်လသာရှိသေးသော နော်ထွေးဖြူ။ ဆံတိုလည်ပိုက်ဖြင့် စာအုပ်ပိုက်ကာ ကျောင်းနေဆဲ နော်ထွေးဖြူ။ သူ့ကို တစ်ဦးတည်းသမီးဖြစ်၍ အသက်ပေးချစ်သော အဖ နှင်းသာရွှေနှင့် အမိ နော်မူးခွေတို့၏ရင်ခွင်မှာ ခလေးငယ်သဖွယ် အမြဲ ့ဆိုးဆိုးနေသော နော်ထွေးဖြူတစ်ယောက် လင်နောက်လိုက်ပြေးသွားပြီ ှသော သတင်းကို ကြားကြရသော အိမ်နားနီးချင်းတို့မှာ မယုံနိုင်အောင် ့ဲသြမိကြသည်။

"ဟဲ့ . . . ဒီကောင်မလေး ရည်းစားရှိတယ်လည်း မကြားမိပါ ား။ ဘယ်သူနဲ့လိုက်ပြေးသွားတာလဲ"

"ဟိုမြို့ကလေးက မြို့စောင့်ရဲစခန်းက ရဲသားကလေးနဲ့လေ။ ဲဒီမြို့ကလေးကို ပါသွားပြီ"

"ဘယ်မှာ သွားတွေ့ကြတာလဲ"

"ရဲသားလေးက ကိစ္စတစ်ခုကြောင့် သဘော်နဲ့ ဒီရွာကလေးကို ရောက်လာခိုက် ကြုံကြိုက်သွားကြတာ။ ရည်းစားသက်က ငါးရက်ဘဲကြာပြီး ိုက်ပြေးသွားတာ"

"အော်. . . ချက်ခြင်းတွေ့၊ ချက်ခြင်းကြိုက်၊ ချက်ခြင်းညားကြ ာဘဲကိုး။ အေးလေ အိမ်ထောင်ရေးမြဲသွားရင် ကောင်းပါတယ်။ ောင်ကလေးက ရိုးရိုးသားသားမှ ဟုတ်ကဲ့လား"

"ကောင်ကလေးက ရိုးရှာပါတယ်။ ဝဲမာမဟုတ်ဘူး။ ချင်းလူမျိုး လေး။ အသက်ကလည်း ငယ်ငယ်ဘဲရှိသေးတာ။ မြို့ကလေးက ရဲတန်း ှား လူပျိုလိုင်းမှာနေတာ မြင်ဘူးတယ်။ အခု မယားရတော့လဲ ိမ်ထောင်သည်တန်းလျားမှာ အခန်းရကြပါလိမ့်မယ်"

မြို့ကလေးကိုရောက်ဘူး၍ ရဲသားလေးကို မျက်မှန်းတမ်းမိနေ သာ လူတစ်ယောက်က အံ့အားသင့်မေးမြန်းနေသူတွေကို ပြန်လည်

ရွှင်းလင်းဖြေကြားနေခိုက်မှာ နော်ထွေးဖြူ၏ဇထီးနှင့် အမိုးဖြစ်ကြသေ
မန်းသာရွှေနှင့် နော်မူးခွေတို့ကား သမီး၏ကျောင်းစာအုပ်တွေထ
ထားသည့် လွယ်အိတ်ကလေးကိုကြည့်ကာ ဇနီးမောင်နှံနှစ်ယော
မျက်ရည်ကျနေကြသည်။ သူတို့မျက်ရည်ကျသည်မှာလည်း ကျလော
ပါသည်။ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်နေရသည့်ဘဝမှာ တစ်
တည်းသောသမီးလေးကို အခြားသူများလို မီးဖိုချောင်ထဲမှာမထ
လယ်ထဲ၊ ချောင်းထဲကို မလွှတ်၊ ဈေးတောင်းဦးခေါင်းပေါ်မတင်စေ
ရွာရှိ အလယ်တန်းကျောင်းမှာ အေးအေးချမ်းချမ်းကလေး ပညာသင်ကြ
နေစေသည်။ လင်မယားနှစ်ယောက် ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေရသ
သမီးလေးလှပစွာ ဝတ်ဆင်စေလိုသော စေတနာဖြင့် တတ်စွမ်းနိုင်သ
အင်္ကျီလုံချည်ကို ဝယ်ပေးဆင်ပြင်ထားခဲ့ကြသည်။ နော်ထွေးဖြူကလည်
သူလိုချင်သောပစ္စည်းကို မိဘနှစ်ပါးအား နွဲ့ဆိုးဆိုး ဝယ်ခိုင်းမည်ဟူသေ
စိတ်မှလွဲ၍ အခြားထွေထွေရာရာကို စိတ်မကူးမိချေ။ နိစပ်စပ်အသ
ဖွံ့ထွားသောကိုယ်လုံး ကိုယ်ထည်၊ ပြည့်ဖြိုးဝိုင်းစက်သော မျက်နှာ
ကြည့်ပျော် ရှုပျော်၊ ရှက်ကြမ်းရေကျို ရုပ်ရည်ပိုင်ရှင် နော်ထွေးဖြူသ
လွန်ခဲ့သော ခြောက်ရက်ခန့်က မြို့ကလေးမှပြန်လာမည်ဖြစ်သော
အမိုးကို ရွာရေဆိပ်မှ ဆီးကြိုနေသည်။

နော်ထွေးဖြူတို့ရွာရေဆိပ်ကို သင်္ဘောကမဆိုက်ကပ်သေ
လည်း ရွာရေဆိပ်နှင့်တည့်တည့် မြစ်လယ်မှာရပ်ပေးသည်။ တက်
ဆင်းလိုသူများ၊ လှေသမ္ဗာန်များဖြင့် ရွာနှင့်သင်္ဘောကို ကူးကြရသည်

ဤနေ့ နော်ထွေးဖြူသည် ထမီအသစ်တစ်ထည်ဝယ်လာမ
ဖြစ်သော သူ့အမိုး နော်မူးခွေကိုရေဆိပ်မှာ ဝမ်းသာအားရ လာကြိုနေ
သင်္ဘောပေါ်မှ ရွာသို့ဆင်းမည့်လူတွေ၊ လှေ၊ သမ္ဗန်တို့ဖြင့် ကူးလာ
သည်။ နော်ထွေးဖြူ သူ့အမိုး နော်မူးခွေစီးလာသည့် သမ္ဗာန်ထဲတွင်
ယူနီဖောင်းနှင့် လူသုံးယောက်၊ အခြားခရီးသည်တွေနဲ့အတူပါလာသ
တိုမြင်သောအခါ စိတ်ထဲတွင် အထူးအဆန်းမဖြစ်မိပေ။ လွန်ခဲ့သေ



က်အနည်းငယ်က ရွာတွင်ဖြစ်ခဲ့ဘူးသော လူသတ်မှုအတွက် ရဲတွေလာ
ဘူးသည်ကိုတွေ့ဘူးမြင်ဘူးနေ၍ ရဲတွေကိုဂရုစိုက်မကြည့်တဲ့ သူ့အမိုး
သာ ဂရုစိုက်ကြည့်နေသည်။

ရွာကမ်းခြေသို့ သမ္ဗန်ကပ်မိသောအခါ နော်ထွေးဖြူသည် သူ့
မေ၏ဝန်စည်အထုပ်အပိုးကို ဆီးကြိုယူငင်ရန် သမ္ဗန်ပေါ်သို့ ဆင်း
ည်ဟု အရှိန်ယူခိုက် သမ္ဗန်ပေါ်မှရဲသားတစ်ယောက်က ကမ်းပေါ်သို့
ခ်အတက်မှာ နော်ထွေးဖြူနှင့် ရဲသား ရင်ချင်းဆိုင် တိုက်မိပြီး နှစ်ဦးသား
သွေးလုံးရစ်ပတ်ဖြင့် ရေစပ်သို့လိမ့်ကျကြသည်။

"နင်ကလည်း သမ္ဗန်ပေါ်က လူတက်ပြီးအောင် စောင့်ပါတော့
သား၊ နာသွားသလားဟင်"

ရဲသားက အသံဝဲဝဲဖြင့် အပြစ်တင်သလိုလို၊ ကရုဏာသံလိုလို
ပြောဆိုဆိုဖြင့်လဲနေသော နော်ထွေးဖြူကို ပိုင်ပိုင်နိုင်နိုင်ဆွဲထူကာ
မ်းပေါ်အရောက် လက်မောင်းကို တယုတယဆွဲပြီးခေါ်တင်လာခဲ့
ည်။ နော်ထွေးဖြူက ထိခိုက်နာကျင်ခြင်းမရှိသော်လည်း အပျိုဖြန်းလေး
ရှက်သွေးဝင်သောမျက်နှာဖြင့် ရဲသားကို မျက်လုံးစွေကြည့်လိုက်သည်။
သားသည် အလွန်ရှိပါမှ အသက် နှစ်ဆယ့်နှစ်နှစ်-သုံးနှစ် အရွယ်မျှ
ရှိသည်။ ငယ်ရွယ်သောလုလင်ပျိုတစ်ယောက်ဖြစ်ကြောင်း သိလိုက်
ည်။ ပူနွေးသန်မာသောလက်ဖြင့် သူ့လက်မောင်းကိုကိုင်ထားသော
သားလက်မှ နော်ထွေးဖြူက ရုန်းထွက်ကာ ဘေးမှရယ်မောပြောဆိုနေ
သူတွေကိုမကြည့်တော့ဘဲ မိခင်လက်ထဲမှအထုပ်အပိုးကိုဆွဲယူလိုက်
ည်။

"ဘာဖြစ်သွားလဲ ဟဲ့၊ နာသွားလားဟဲ့"

မေးနေသော နော်မူးခွေကို ပြန်မဖြေချေ။ ရဲသားမျက်နှာကို
စ်ချက်မျှ မျက်လုံးဝင့်ကြည့်လိုက်သည်။ စူးရှပြောင်လက်အရောင်
က်သော မျက်လုံးဖြင့်စိုက်ကြည့်နေသော ရဲသား၏အကြည့်ကြောင့်
ထဲမှာ ဘာမှန်းမသိခံစားရကာ အမိုးရှေ့မှ ခြေလှမ်းသွက်သွက်ဖြင့်
ထဲသို့သုတ်ခြေတင်သွားလေတော့သည်။

ထို့နောက်တွင်ကား နော်ထွေးဖြူသည် သူနှင့်ရဲသား ရင်ချင်းဆိုင်တိုက်မိပုံ၊ ရေစပ်သို့ နှစ်ယောက်သားထွေးလုံးရစ်ပတ်ပူးကပ်စွာ လဲကျပုံ၊ ရဲသားက သူ့ကိုယ်ခန္ဓာကို ပိုင်နိုင်စွာ ကိုယ်တွယ်ဆွဲထူပုံ၊ ကမ်းပေါ်သို့ဆွဲခေါ်လာပုံ၊ စူးရှသော မျက်လုံးဖြင့် သူ့ကိုကြည့်နေပုံတွေကို မေ့ပျောက်မရနိုင်အောင် ဖြစ်နေသည်။ ထိုအဖြစ်အပျက်ကိုသာ တွေးနေချင်သည်။ တွေးလိုက်သည့်အချိန်တိုင်းမှာ ရင်ထဲတွင် သူ မပြောတတ်သည့် ဝေဒနာတစ်ခုကိုခံစားရသည်။ ထိုဝေဒနာသည် နာသောဝေဒနာမဟုတ်ဘဲ သာယာသောဝေဒနာဖြစ်ကြောင်းကိုကား သူသိ၏ ။ သို့နှင့်ပင် နောက်တစ်နေ့ နော်ထွေးဖြူကျောင်းသို့သွားသည်။ လမ်းမှာရဲသားလေးနှင့်တွေ့သည်။ နော်ထွေးဖြူက ရှက်ရွံ့စိတ်ဖြင့် ဦးခေါင်းငုံ့လိုက်သည်။

"နင်ငါ့ကိုစိတ်ဆိုးနေလား"

ရဲသားလေးက နော်ထွေးဖြူဘေးက ယှဉ်လိုက်လာရင်းမေး၏။ နော်ထွေးဖြူ ရုတ်တရက် ပြန်မဖြေပေ။

"ပြောပါဟယ်၊ နင်စိတ်ဆိုးနေလား။ နင်စိတ်ဆိုး မယ်ဆိုရင် ငါစိတ်မကောင်းဘူး"

ရဲသားလေးက ထပ်ဆင့်မေးခွန်းထုတ်၏ ။

"မဆိုးဘူး"

နော်ထွေးဖြူက တိုတိုပြတ်ပြတ်ဖြေပြီး ရဲသားလေးမျက်နှာကို မျက်လွှာပင့်ကြည့်လိုက်သည်။ ရဲသားလေးက ခပ်ပြုံးပြုံးမျက်နှာဖြင့် သူ့ကိုစိုက်ကြည့်နေသည်ကို တွေ့ရ၍ မျက်လွှာပြန်ချလိုက်သည်။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

ရဲသားလေးက တဆင့်တက်၏

"နော်ထွေးဖြူ"

နော်ထွေးဖြူကဖြေသည်။

"နင်နဲ့ငါစကားအကြာကြီးပြောချင်တယ်။ ပြောမလားဟင်"

ရဲသားလေးက အခွင့်တောင်း၏ နော်ထွေးဖြူက ဝဲယာပတ်ဝန်းကျင်ကိုကြည့်ပြီး . . .



"ငါကျောင်းသွားရအုံးမယ်။ နင်နဲ့အကြာကြီး စကားပြောနေ ကျောင်းတက်မမှီတော့ ဆရာကဆူအုံးမယ်"

စိုးရိမ်သံနှောပြောကာ ခြေလှမ်းသွက်သွက်လှမ်းလိုက်၏ ။ ...သားလေးကလည်း ခြေလှမ်းသွက်သွက်ပင် လှမ်းလိုက်ရာမှပြောပြန် ...ည်။

"အဲဒီလိုဆိုရင် ကျောင်းဆင်းတော့ပြောရအောင်၊ ငါဘယ်နေရာ ...စောင့်ရမလဲ။ နင်တို့အိမ်ကို လာရမလား"

"ဘိုးမသိဘူး၊ ငါ့အိမ်ကို နင်သိလို့လား"

ရဲသားလေးကရယ်ပြီး ဖြေ၏။

"မနေ့ထဲက နင့်အိမ်ဘယ်မှာရှိလဲငါသိတယ်"

နော်ထွေးဖြူ ဘာမှပြန်မပြောတော့ဘဲ ကျောင်းကို အချိန်မှီ ...က်အောင် သုတ်ခြေတင်သည်။ ရဲသားလေးကလည်း သုတ်ခြေတင် ...ရင်းက ပြောဖြစ်အောင်ပြောလိုက်သေး၏ ။

"ညကျရင် နင်တို့အိမ်နောက် ခြံစည်းရိုးနားက သရက်ပင် ...အောက်ကို ငါလာခဲ့မယ်၊ နင်ထွက်လာခဲ့နော်၊ နင်မလာမချင်း ငါစောင့် ...ယ်။ ငါပြောချင်တဲ့ စကားတွေအများကြီးရှိနေတယ်။ နင်ထွက်လာခဲ့ ..."

နော်ထွေးဖြူသည် ရဲသားလေးမျက်နှာကို တစ်ချက်မျှကြည့် ...မပြေးရုံတမယ် သုတ်ခြေတင်သွားလေတော့သည်။

xxxxx

ထိုနေ့ညမှာ လခြမ်းကလေး မှုန်ရီမှုန်မွှား သာနေသည်။ ...းကောင်ယံ လေပြေက အေးမြစွာ တဖြူးဖြူးတိုက်နေသည်။ သစ်ကိုင်း ...ခက် သစ်ရွက်တို့က လေဟုန်ခတ်၍ တဖျတ်ဖျတ် တရှဲရှဲ အသံမြည် ...သည်။

သန်းကောင်တိုင်အောင် တလူးလူးတလိမ့်လိမ့်ဖြင့် အိပ်မပျော် ...အောင် အတွေးနှယ်ကျုံနေသော နော်ထွေးဖြူသည် နေ့လည်က ...းလေးပြောသွားသော . . .

"နင်မလာမချင်း ငါစောင့်နေမယ် . . ." ဟူသော စကားကို မမေ့သော်လည်း ရဲသားလေး တကယ်လာမည်ဟူ၍ လုံးဝမထင်ချေ။

"သူလို မြို့ပေါ်မှာနေတဲ့လူက ငါလိုတောသူကို တွေ့တာနဲ့ ချက်ချင်းဒီစကားပြောတာ အပျော်သက်သက် ပြောသွားတာဘဲ ဖြစ်မှာပါ" ဟု တွေးသည်။

သို့သော် အိပ်မပျော်ဘဲနှင့် အိပ်ရာထဲမှာ လူးလိမ့်လဲလျောင်းနေရသည်မှာ ပျင်းလာသည်၊ ကျောပူလာသည်။ ထို့ကြောင့် မြော်လင့်ချက်မထားဘဲလျက်နှင့် ရဲသားလေး ပြောသွားသော သရက်ပင်ကြီးဆီသို့ အိပ်ရာမှထကာ မျှော်ကြည့်လိုက်သည်။ နော်ထွေးဖြူသည် ဝါးစပ်ကိုပင် ဟလိုက်မိ၏ ။

"ကြည့်စမ်း သူအဟုတ်လာနေပါလား၊ သနားစရာဟယ် . . ."

လရောင် မှုန်မွှားမွှားအောက်တွင် သူ့အိမ်ဘက်ကို မြှောင်လစ့် ခြင်းကြီးစွာဖြင့် စောင့်ဆိုင်းမျှော်ကြည့်နေသော ရဲသားလေးကို အထင်အရှားတွေ့လိုက်ရသည်။ ရဲသားလေးအပေါ်မှာ အဟုန်ကြီးမားစွာ ရုတ်တရက် ဖြစ်ပေါ်လာသော သနားစိတ်ဖြင့် နော်ထွေးဖြူသည် ဘာမှမစဉ်းစားတော့ဘဲ အိမ်ထဲမှ တိတ်တခိုးထွက်ကာ ရဲသားလေးရှိရာ သရက်ပင်ကြီးအောက်သို့ ရောက်သွားလေတော့သည်။

ရဲသားလေး၏ ဝမ်းမြောက်မှုကား ဆိုဖွယ်ရာမရှိ တော့ချေ။

"နင်အခုမှ ထွက်လာတယ်ဟယ်၊ ငါစောင့်နေတာ ကြာပြီ နော်ထွေးဖြူရဲ့"

သရက်ပင်ကြီး၏ မြစ်ပျဉ်းပေါ်မှာ ထိုင်မိကြသော အခါ ရဲသားလေးက ဝမ်းသာအားရ ပြောသည်။

"နင် အလကား ပြောသွားတယ်မှတ်လို့၊ အခုမှ နင့်ကိုမြင်ပြီး သနားတာနဲ့ ငါထွက်လာတာ"

နော်ထွေးဖြူက ပြန်ပြောသည်။

"နင် ငါ့ကို အဟုတ်သနားလား နော်ထွေးဖြူ"



"အေးပါဟယ် သနားလို့ ထွက်လာတာပေါ့။ နင့်နာမယ် ဘယ်လိုခေါ်လဲ"

"ငါက နင့်လို ကရင်မဟုတ်ဘူး၊ ချင်းလူမျိုး၊ ငါ့နာမယ်က လျံကျင်စမ်းတဲ့။ ငါ့အဖေအမေက ချင်းတောင်မှာ။ ငါ့မှာ မယားမရှိဘူး၊ ငါရတဲ့လခ ငါတစ်ယောက်တည်းသုံးရတယ်။ ငါစုထားတဲ့ငွေက လေးရာကျော်ကျော်လောက်ရှိတယ်။ ငါပြောတာတွေ မှတ်မိလား နော်ထွေးဖြူ"

"နင့်ကို ငါက နာမယ်ဘဲမေးတယ်၊ နင်ကအားလုံးလျှောက်ပြောတယ်။ နင်ငါ့ကို စကားတွေအများကြီး ပြောစရာရှိတယ်ဆိုတာ ဘာတွေပြောမယ်လို့လဲ"

"အခုဘဲ နင့်ကို ငါအများကြီးပြောပြီလေ၊ မကုန်သေးဘူး၊ ကျန်သေးတယ်"

"ဘာတွေလဲ"

"နင့်ကို ငါ သိပ်ကြိုက်တယ် နော်ထွေးဖြူ။ ငါ မယားမရှိဘူးနော်၊ နေ့ကနင့်ကို ငါရေထဲကဆွဲတင်ခိုက်ကစပြီး ငါ သိပ်ကြိုက်သွားတာ"

လျံကျင်စမ်း စကားကြောင့် နော်ထွေးဖြူက အံ့ဩမိသည်။

"မြန်လိုက်တာဟယ် . . ." ဟု ရေရွတ်လိုက်မိသည်။

"မြန်ရမှာပေါ့ နော်ထွေးဖြူ။ ဒီရွာမှာ လူသတ်မှု စစ်စရာရှိလို့ ကိုဆရာကြီးက လာရတာ၊ နောက်သုံးလေးရက်နေရင် မြို့ကိုပြန်ရတော့မယ်။ နင့်ကို ငါသိပ်ကြိုက်နေတာ မပြောရဘဲ ငါ မပြန်ချင်ဘူး။ နင့်ကို ငါကြိုက်သလို ငါ့ကိုလည်း နင်ပြန်ကြိုက်ပါဟယ် . . . နော်ထွေးဖြူရယ်"

လျံကျင်စမ်းကဖွဲ့နွဲ့သော စကားလုံးတွေဖြင့် အချစ်အဘိဓမ္မာကို အကျယ်ချဲ့ မပြောတတ်သော်လည်း သူပြောတတ်သရွေ့စကားလုံးဖြင့် ဖွင့်ဟပြောဆိုသည်မှာ လှိုက်လှိုက်လှဲလှဲရှိလှသည်။

"နင် ဘာဖြစ်လို့ ငါ့ကို မြန်မြန်ကြိုက်ရသလဲ"

နော်ထွေးဖြူကမေး၏ ။

"အို ... ကြိုက်တယ်ဆိုမှ မြန်တာနေးတာနဲ့ မဆိုင်ပါဘူး။ ငါကြိုက်ချင်တဲ့စိတ်ပေါ်လာလို့ ကြိုက်တာပေါ့။ မြန်မြန်ပြော နော်ထွေးဖြူ"

လျှံကျင်စမ်းက ဖြေနေတဲ့ နှင့် တိုက်တွန်းစကားကို တစ်ပြိုင်တည်းပြောသည်။

"ငါက မကြိုက်ဘူးဆိုရင်ကော"

နော်ထွေးဖြူက အကဲစမ်းလိုက်၏ ။

"နင်ကမကြိုက်ဘူးဆိုရင် ငါ့အလုပ်ဝတ္တရားပျက်လို့ အလုပ်ပြုတ်ချင်ပြုတ်၊ ထောင်ကျချင်ကျ။ ဟော ဒီနေရာမှာပဲ နင်ကြိုက်လာတဲ့အထိ ထမင်းမစားဘဲ စောင့်နေမယ်။ ထမင်းမစားရလို့ သေချင်သေပါစေ"

လျှံကျင်စမ်းက စိတ်ကိုပိုင်နိုင်သော လေသံဖြင့်ပြော၏ ။

"ဘုရားသခင် ... ငါက နင့်ကို ပြန်မကြိုက်ရင် နင်သေတော့မှာပေါ့နော်"

နော်ထွေးဖြူက စိတ်မကောင်းစွာပြော၏ ။

"အေး ... ငါသေမှာပဲ။ ငါသေတာ ကြည့်ချင်ရင် နင်မကြိုက်နဲ့"

ပြောပြောဆိုဆို လျှံကျင်စမ်းက မြေကြီးပေါ် တုံးလုံးလှဲအိပ်လိုက်သည်။

"နင်မကြိုက်ဘူးဆိုရင် ငါမထတော့ဘူး" ဟူသော ရင်ထဲကဆန္ဒကို ဖွင့်ဟသည်။

"ငါမကြိုက်ဘူး၊ အိမ်ထဲပြန်တော့မယ်"

နော်ထွေးဖြူက ပြောပြောဆိုဆို ခြေကိုဖေါ်နင်း၍ အိမ်သို့ပြန်ပြေးလာသည်။ အိမ်ထဲရောက်ပြီးမှ ပြန်ချောင်းကြည့်၏ ။ လျှံကျင်စမ်းကား မလှုပ်ယှက်၊ တုံးလုံးလျောင်းစက်လျက်ပင်။

"သူ အဟုတ်သေတော့မယ် ထင်ပါရဲ့"

အစိမ်းအရိုင်း အပျိုဖြန်းကလေး နော်ထွေးဖြူက စိုးရိမ်စွာတွေး



၏ ။ အတော်ကြာကြာ ချောင်းကြည့်နေသည်တိုင်အောင် လျှံကျင်စမ်းကား ထသွားရန်ဝေးစွ။ လုံးဝမလှုပ်ချေ။

"သူ ငါ့ကို အဟုတ်ကြိုက်တာ။ ငါ သနားလာပြီ။ ကြည့်ပါဦး သနားစရာ။ သန်းခေါင်ကျော် လေကတိုက်နေတာ၊ သူချမ်းမှာပေါ့။ နောက်ပြီး ခြင်ရိုင်းကြီးတွေကလည်း သိပ်ကိုက်နေတာ၊ သူ့ကို ပရွက်ဆိတ်တွေကတောင် ကိုက်ချင်ကိုက်နေမှာ။ သူဒီလို ဒုက္ခခံနေတာ၊ ငါ့ကို သိပ်ကြိုက်လို့ပေါ့။ ငါ သနားလိုက်တာဟယ်။ သူ ဒီလိုနေတာ ငါမကြည့်ရက်တော့ဘူး၊ သူ့ဆီ ငါပြန်သွားမယ်။ အိပ်နေရာက ထခိုင်းမယ်။ သူ့ကို သနားလာပြီ။ သူကြိုက်ခိုင်းတဲ့အတိုင်း ငါကြိုက်လိုက်တာ ကောင်းပါတယ်လေ"

နော်ထွေးဖြူသည် ထင်မိထင်ရာတွေတွေးကာ ဖြစ်လာမည့်အရေးတွေကို ဘာမှမစဉ်းစားတော့ဘဲ လျှံကျင်စမ်းကို သနားသောစိတ်ဖြင့် အိမ်ထဲမှ တိတ်တဆိတ်ပြန်ထွက်ခဲ့ လျှံကျင်စမ်းရှိရာသို့ ပြန်လာသည်။

သနားသောစိတ်ဖြင့် ကြိုက်ပါတော့မည်ဟု စိတ်ကူးကာ ပြန်ရောက်လာသော နော်ထွေးဖြူကို ကြီးစွာသော နှစ်သိမ့်ကြည်နူးခြင်းများဖြောက်ခြင်းဖြင့် လျှံကျင်စမ်းက လက်ကမ်းကြိုလင့်သည့်နောက်ဝယ် နော်ထွေးဖြူသည် လျှံကျင်စမ်းကို မခွဲနိုင်မခွာရက်ဖြစ်ခဲ့ လျှံကျင်စမ်းနောက်သို့ ကောက်ကောက်ပါအောင် ခိုးရာလိုက်သွားလေတော့သဖြင့် ကြီးမန်းသာရွှေနှင့်အမိုး နော်မူးမွေတို့ မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ခဲ့ကြတော့၏ ။

xxxxx

နော်ထွေးဖြူကား အပျော်ကြီးပျော်နေသည်။ လျှံကျင်စမ်းသည် ပြောခဲ့သည့်အတိုင်း သား မယားမရှိ၊ လွတ်လပ်သောလူပျိုကြီးဖြစ်ရာ နော်ထွေးဖြူကို ခိုးလာပြီးမှ အိမ်ထောင်သည် တန်းလျားတွင် အခန်းတစ်ခန်း ရကြသည်။ အသစ်ထူထောင်သော အိမ်ဖြစ်၍ လိုအပ်သော ပစ္စည်း

ကလေးတွေကို အိမ်ထောင်ရှင်မကြီးဖြစ်နေသော နော်ထွေးမြူက လင့်လုပ်စာ ပိုက်ဆံကို ကိုင်ပြီး ကိုယ်တိုင် ဝယ်ချမ်းရ၏ ။

"ရှားပါးလိုက်တာကွယ်၊ ဝယ်ရတာ ဈေးသိပ်ကြီးပါလား၊ ငါ ပိုက်ဆံတွေကုန်တာ သိပ်နှမြောတာဘဲ" .

ကိုယ့်ပစ္စည်း၊ ကိုယ့်ပိုက်ဆံဖြစ်လာတော့ နော်ထွေးမြူ နှမြောရမှန်းသိလာသည်။ နှုတ်က ဖွင့်ဟညည်းညူမိသည်။ အမိုးတို့ ဖထီးတို့နှင့် နေစဉ်က မိဘရင်ခွင်မှာ ကလေးလိုသာ နေခဲ့၍ လိုချင်သည့်အရာကို လွယ်လွယ်ကူကူ ရရမည်ဟူသော ခလေးစိတ်ဖြင့် ပူဆာခဲ့သည်။ သူလိုချင်သည်ကို ချက်ချင်းမရက စိတ်ကောက်သည်၊ စိတ်ဆိုးသည်၊

နော်ထွေးမြူ မှတ်မိနေသော၊ မှတ်မှတ်သားသားဖြစ်အောင်ပင် သူ့ယောကျ်ား လျှံကျင်စမ်းနောက်သို့ မလိုက်လာမီ နှစ်ရက်က သူ့အမိုးကိုသူ စိတ်ကောက်ခဲ့သော အချက်နှစ်ချက်ကို ပြန်တွေးမိသည်။ နော်ထွေးမြူ လျှံကျင်စမ်း နောက်သို့ မလိုက်လာမီ နှစ်ရက်က အမိုးနော်မူးခွေ တော်တော်ပင် နေမကောင်းဖြစ်နေသည်။ လျှံကျင်စမ်းကို စွဲလမ်းသော စိတ်ဖြင့် အတွေးလွန်စိတ်ကူးယဉ်လျက် စာသင်ကျောင်းမှ ပြန်ရောက်လာသော နော်ထွေးမြူသည် အိမ်ရောက်လျှင်ရောက်ချင်း အမိုးနော်မူးခွေ အိပ်ရာထဲမှ လှမ်းပြောလိုက်သော စကားကြောင့် အမျက်ဒေါသထောင်းကနဲ ထသွားသည်။ အမိုးနော်မူးခွေ ပြောသော စကားက . . .

"ဘုတ်ကလေးရေ ငါ နေမကောင်းဘူးကွယ် . . . ။ ထမင်းဘဲ ချက်ထားနိုင်တယ်။ ဘုတ်ကလေးအဝတ်တွေ ဘုတ်ကလေး ဘာသာဘဲ လျှော်ပေတော့" ဟူ၏။

ဤစကားကား၊ လုံးဝ စိတ်ဆိုးစရာစကား မဟုတ်ပေ။ အမိုးနော်မူးခွေ နေမကောင်းဖြစ်နေသည်ကိုလည်း နော်ထွေးမြူ မျက်မြင်ပင်ဖြစ်သည်၊ သို့သော် နော်ထွေးမြူ စိတ်ဆိုးသည်၊ အချိန်ကာလက မိုးရာသီဖြစ်၍ အဝတ်တွေက လျှော်လျှင် နေ့ချင်းမခြောက်၊ နော်ထွေးမြူမှာ အကျီလုံချည် တောင်လိုပုံအောင် ပေါများသူမဟုတ်ရကား ဤနေ့



နေ့လည်ကလျှော်မှနက်ဖြန်မီးပူတိုက်နိုင်မည်၊ သို့မှသာ နေရာတကျ သိမ်းဆည်းထုပ်ပိုးထားနိုင်ပြီး သဘက်ခါ မနက်စောစော ချစ်သူ လျှံကျင်စမ်း ခေါ်ရာနောက်ကို လျှော်ဖွပ်ပြီး၊ မီးပူထိုးပြီး ဝတ်ဆင်ရန် အသင့်ဖြစ်သော အကျီအဖြစ် ပါသွားနိုင်ပေမည်။ ယခု အမိုး နော်မူးခွေက နေမကောင်း၍ မလျှော်နိုင်ခဲ့သဖြင့် နော်ထွေးမြူ ကတိုက်ကရိုက် မောမောပန်းပန်း လျှော်ရတော့မည်။ နော်ထွေးမြူ ကျောင်းကပြန်လာပြီး ညနေစောင်းမှ လျှော်ရသော အဝတ်များသည် မိုးတစိမ့်စိမ့်ရွာနေသော ဤလိုအချိန်ရာသီမှာ နက်ဖြန်မီးပူထိုးမီအောင်မှ ခြောက်ပါမည်လားဟု တွေးကာ နော်ထွေးမြူသည် နေမကောင်းဖြစ်နေသော သူ့အမိုးကို အဝတ်တွေမလျှော်နိုင်ရကောင်းလားဟု ဒေါသထွက်သွားခြင်းဖြစ်သည်။

နော်ထွေးမြူက အိပ်ရာထဲမှာ လဲလျောင်းနေသော အမိုးနော်မူးခွေကို မျက်စောင်း တစ်ချက်ထိုးကြည့်ကာ ကျောင်းလွယ်အိတ်ကို ဆောင့်ဆောင့်အောင့်အောင့် ပစ်ချလိုက်သည်။ အကျီ၊ လုံချည်၊ ကဗျာကသီ လဲလိုက်သည်။ ထိုနောက် အမိုးနော်မူးခွေကို . . .

"ဘာဖြစ်တာလဲ . . . ဘယ်လိုနေလဲ" .

တစ်ခွန်းမှ မမေး၊ စမ်းသပ်ကြည့်ရှုခြင်းလည်းမရှိ၊ သုန်မှုန်သော မျက်နှာ၊ စူသော နှုတ်ခမ်းဖြင့် အဝတ်ဟောင်းတွေကို ရွေးချယ်ယူလိုက်သည်။ ရွေးချယ်ယူသည်ဆိုရာမှာ သူ့အမိုးနှင့်သူ့ ဖထီးအဝတ်တွေကို မယူဘဲ၊ သူ့အဝတ်ကိုသာ ရွေးချယ်ယူခြင်းဖြစ်သည်၊ ထို့နောက် သူ့အကျီတွေကို ရေကြီးသုတ်ပျာလျှော်နေသည်။ သူ့အဝတ်တွေကိုသာ ရွေးလျှော်နေသည်ကို အမိုးနော်မူးခွေက စိတ်မကွက်ရှာပေ၊ ဘယ်အခါကမှ အဝတ်တစ်ထည်ပင်မလျှော်ခဲ့ဘူးဘဲ အမိုးလျှော်ဖွပ်ပေးသည်ကို အခန့်သားဝတ်လာခဲ့သည့် သမီးလေး၊ ယခုသူ့အဝတ်တွေကို ကျောင်းအပြန်မှာ ကိုယ်တိုင်ပင်ပန်းစွာ လျှော်နေရှာပေသည် ဟူသော ကြီးမားလှသည့် ခင်မေတ္တာဖြင့် နော်မူးခွေက တွေးကာ သမီးလေးကို သနားနေသည်၊ သနားသော်လည်း မတတ်နိုင်ချေ၊ ဆင်းရဲနွမ်းပါးသည့်အလျောက် အစား

အဝတ်၊ အလျှင်မီရေးအတွက် ခင်ပွန်းမန်းသာရွှေနှင့်အတူ မောင်တစ်ထမ်း၊ မယ်တစ်ရွက်ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေလာခဲ့ရသော ဒဏ်က ယခု တော်တော်မျက်မျက်ကလေးခံနေရ၍ အင်အား ကုန်ခန်း နွမ်းနယ် မောဟိုက်ကာငြိမ်ငြိမ်လေးသာ နားနေချင်သည်။ ပင်ပန်းအားနည်းရာမှာ အဖျားသွေးက အနည်းငယ် ဝင်သဖြင့် ရေကို မထိချင်၊ မကိုင်ချင်အောင် ချမ်းစိမ့်နေသည်။ ထို့ကြောင့် အဝတ်တွေကို မလျှော်နိုင်တော့ခြင်းဖြစ်၏။

သုန်မှုန်သော မျက်နှာဖြင့် အဝတ်တွေကိုဆောင့်ကြီး အောင့်ကြီးလျှော်နေသော သမီးကို သနားကြင်နာသောစိတ်ဖြင့် အမိုးနော်မူးခွေက အိပ်ရာမှထလာပြီး ရေစင်ရာ လှတ်သည့်နေရာက ကြည့်လိုက်၏။

"အမယ်လေး .... ဘုရားသခင်"

နော်မူးခွေက ရေရွတ်ပြီး ...

"ဘုတ်ကလေးရယ်၊ ဒါလောက်တောင် ဆပ်ပြာတွေတိုက်ရသလားဟဲ့၊ ကြည့်စမ်းပါအုန်း နင့်ဟာ အဝတ်တွေကိုမမြင်ရတော့ဘူး ဆပ်ပြာမြှုပ်တွေ ပင်လယ်ဝေနေပါလား"

နော်မူးခွေက လှမ်းပြောသည်။ နော်ထွေးဖြူကတော့ ဘာမှ ပြန်မပြော နှုတ်ခမ်းစူပြီး သူ့လက်ထဲမှာ ကိုင်ထားသည့် လက်နှစ်လုံးသာသာမျှ ရှိသည့်ဆပ်ပြာခဲကလေးကို စိတ်နှင့်မာန်နှင့် လွှင့်ပစ်လိုက်သည်။ ထိုဆပ်ပြာခဲကလေးကို အစာမှတ်သော ကျီးတစ်ကောင်ကလျင်မြန်စွာ ကိုက်ချီပျံသန်းသွားသည်။

"ဟဲ့ ... ဟဲ့ ... ဘုတ်ကလေး နင်လွှင့်ပစ်တာ ဆပ်ပြာခဲလား"

နော်မူးခွေက ပျာပျာသလဲမေးသည်။ "အဝတ်ဖြူအောင် ကိုးစင်အောင် ဆပ်ပြာမတိုက်လို့ ဘာလုပ်ရမှာလဲ၊ အမိုးက အပြစ်ပြောဘို့ ဆူဘို့ပဲ ကြည့်နေတာကိုး"

တသက်လုံး အားကိုးမည့် ချစ်သူနောက်သို့ လိုက်တော့မည် ဖြစ်သော နော်ထွေးဖြူက မိခင်စကားကို အကောင်းမထင်တော့ဘဲ နှုတ်လှန်ထိုးလိုက်သည်။



"အေးပါ ဆပ်ပြာတိုက်ရပါတယ် ဘုတ်ကလေးရဲ့။ အခု အိမ်မှာ ဒီဆပ်ပြာတစ်တုံးဘဲရှိတော့တယ်ဟဲ့။ အပြင်မှာဝယ်ရတာ ဆပ်ပြာတစ်တောင့်ကို သုံးကျပ်ခွဲလေးကျပ်ပေးနေရတယ် ဘုတ်ကလေး၊ အခု နင်လွှင့်ပစ်တဲ့ ဆပ်ပြာကျီးကန်းချီသွားပြီ ဘာကြောင့် လွှင့်ပစ်ရတာလဲ"

နော်မူးခွေက စိတ်မဆိုးဘဲ အေးအေးသက်သာပင် ပြောပြသည်။

"ဆပ်ပြာတုံးက တိုက်ရင်းသေးသွားပြီ၊ ကိုင်လို့မကောင်းတော့ဘူး၊ ဒါကြောင့် လွှင့်ပစ်တာ"

နော်ထွေးဖြူက ဖြေ၏။ နော်မူးခွေသည် မသက်မသာ သက်ပြင်းချလိုက်သည်။

"မြို့ကလေးဈေးက တစ်ပိုင်းကို နှစ်ကျပ်မတ်တင်းပေးပြီး ဝယ်လာခဲ့ရတာ ဘုတ်ကလေး၊ ဒီဆပ်ပြာတစ်ပိုင်းကို နည်းနည်းမှမသုံးရသေးဘူး။ အခု နင့်အကျီလေးငါးထည်လောက်ကို ဆပ်ပြာတစ်ပိုင်းလုံး ကုန်အောင်တိုက်၊ ကျန်တာကလေးကို လွှင့်ပစ်ဆိုတော့ ဘုတ်ကလေးလုပ်တာ လွန်လွန်းပြီထင်တယ်ဟယ်"

နော်မူးခွေက ညည်းညည်းညူညူ ပြောရှာသည်။ သမီးကို စိတ်မဆိုးဘဲ ဆပ်ပြာခဲ ကုန်သွားသည်ကိုသာ နှမြောနေသည်။ နော်မူးခွေတို့ ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေရသူအဘို့ ဈေးဈေးပါးပါး ဝယ်ထားရသော ဆပ်ပြာကို နှမြောရှာသည်မှာ လျော်ကန်ပါပေသည်။ နော်ထွေးဖြူကမူ ဘာမှပြန်မပြောဘဲ နှုတ်ခမ်းစူပြီး အဝတ်ကိုသာ မဲဖွပ်နေသည်။ သူ့ပတ်ဝန်းကျင်တွင် ကား ဖြူဖွေးပွရွသော ဆပ်ပြာမြှုပ်တွေမှာ ဖြူလွသော ဆီးနှင်းခဲအပုံတွေနှင့်တူစွာကြည့်၍ပင် လှနေသေးတော့သည်။ သမီးမျက်နှာစူနေသဖြင့် နော်မူးခွေက ဆပ်ပြာအကြောင်းဆက်မပြောတော့ဘဲ လုပ်စရာ အလုပ်တစ်ခုကို ဆက်ပြောလိုက်သည်။

"ဘုတ်ကလေး ထမီတွေကို ရေများများနဲ့ လျှော်ပစ်၊ ငါ့ထမီ နှစ်ထည်ပါ ပုံထားတယ်"

နော်မူးခွေက ထိုမျှသာပြောပြီး သူ့ကိုလှမ်းမကြည့်ဘဲ မျက်နှာစူကာ အဝတ်တွေကိုသာ တအားဆောင့်နေသော သမီးကို ခေတ္တမျှ စိုက်ကြည့်နေပြီး အိပ်ရာပေါ်မှာ ပြန်လှဲနေလိုက်သည်။

အကျီလေးငါးထည်မျှဖြင့် ဆပ်ပြာ မတန်တဆသုံးခြင်း သေးသွားသော ဆပ်ပြာခဲကို မနှမြောတတ်၊ ပက်စက်စွာ လွှင့်ပစ်ခြင်းတို့အတွက် နော်ထွေးဖြူစိတ်ထဲမှာ မည်သို့မျှမခံစားခဲ့ရသော်လည်း ယခု နော်ထွေးဖြူသည် ချွေတာရမှန်း သိလာသည်။ ရှာဖွေရရှိသော ငွေနှင့် ဝယ်ခြမ်းသုံးစွဲ စားသောက်ရသော ငွေသည် မမျှကြောင်း ထင်ထင်ရှားရှား မြင်လာသည်။ ကုန်ခန်းသည်ဟူသော အဓိပ္ပါယ်ကို နားလည်လာသည်။ နှမြောတတ်သော စိတ်ကအလိုအလျောက်ပေါ်လာသည်။ မိဘနှစ်ပါး ပင်ပန်းကြီးစွာ ရှာဖွေလုပ်ကိုင်ကျွေးမွေးခဲ့သည်ကို ပျော်ပျော်နေ၊ ပျော်ပျော်စားဖြင့် မိဘကိုသနားရမှန်း၊ ငဲ့ညှာရမှန်းမသိခဲ့သော နော်ထွေးဖြူသည် ယခု လင်ဖြစ်သူ လျှံကျောင်စမ်းကို သနားနေသည်။

"ငါ့လင်ကို ငါသနားလိုက်တာဟယ်။ ကြည့်ပါဦး ငါစားဘို့ ငါဝတ်ဘို့ ရှာဖွေလုပ်ကိုင်နေရပါလား။ ညက ကင်းစောင့်ရလို့ သူအိပ်ပျက်ရှာတယ်။ ငါစားဘို့ အလုပ်လုပ်ရ၊ အိပ်ပျက်ခံရတာပဲ၊ ငါ သနားလိုက်တာနော်။ ဖါးကလေးနှစ်ကောင် ပြုပ်သီးစိမ်းနဲ့ ချက်ထားတာ ငါ စားတော့ပါဘူး။ ငါ့လင်ပဲ ဝဝစားပါစေတော့ . . ."

အပျိုဘဝက စားကောင်း သောက်ဖွယ်ကလေးများရှိလျှင် မိဘအတွက် မစဉ်းစားဘဲ အားပါးတရ ဝအောင်စားပစ်တတ်သော နော်ထွေးဖြူသည် လင်ဖြစ်သူ လျှံကျောင်စမ်းကို ကြီးစွာသော ချစ်မေတ္တာ ကြင်နာခြင်းဖြင့် မစားရက်ရှာချေ။

"သူပင်ပင်ပန်းပန်း ရှာရတဲ့ပစ္စည်းကို ငါက စည်းကမ်းမဲ့ ဖြုန်းတီးပစ်ရင် ငါ့လင် စိတ်မကောင်းဖြစ်မယ်။ ငါ့ကိုချစ်လို့ သူအလုပ်လုပ်ကိုင်ရှာဖွေရတဲ့ပစ္စည်းကို ငါကပဲ သူ့ကိုချစ်တဲ့အတွက် အကုန်နည်းအောင်ချွေတာမယ်"



နော်ထွေးဖြူက တွေးရင်း လျှံကျောင်စမ်း အိပ်ရာက နိုးလျှင် အဆင်သင့်စားရန် ပြင်ဆင်ပြီးမှ လျှံကျောင်စမ်းအိပ်နေရာသို့ ခြေကိုဖေါ့နင်းကာ ညင်သာစွာလှမ်းသွားသည်။ ထိုသို့လှမ်းသွားရင်း သူအဝတ်လျှော်ကောက်ခဲ့သည့်နေ့က အဝတ်လျှော်ပြီး အိမ်ပေါ်သို့ စိတ်ဆိုးဆိုးဖြင့် ခြေဆောင့်နင်းတက်လာသည်တွင် အိပ်ရာထဲမှာ ခွေနေသော နော်မူးခွေက ထိတ်လန့်တကြား ဦးခေါင်းထောင်ပြီး . . ."

"ဟဲ့ . . . ဘုတ်ကလေး ငါနေမကောင်းဘူး၊ ဖြေးဖြေးသွားစမ်း"

ပြောခဲ့ဘူးသည်ကို ယခု နော်ထွေးဖြူက ပြန်သတိရကာ မိသည်။

"အမိုးကိုချစ်ပေမဲ့ သူအိပ်ရာက နိုးတာတွေ မနိုးတာတွေ မစဉ်းစားဘူး။ အခု ငါ့လင်ကိုတော့ အိပ်ရာက နိုးသွားမှာ ငါသနားတယ်"

နော်ထွေးဖြူရင်ထဲက လှိုက်လှိုက်လှဲလှဲ နှိုင်းယှဉ်ရင်း လျှံကျောင်စမ်း အိပ်ရာအနားမှာ အသာအယာ ထိုင်ချလိုက်သည်။ နော်ထွေးဖြူက ချစ်သော လင်ယောကျ်ား နိုးသွားမှာ စိုးရိမ်နေသော်လည်း လျှံကျောင်စမ်း မှ နိုးနေလေပြီ။

"အား . . . ငါ့မိန်းမက ထမင်းချက်ရတာ မောလား။ နင်နဲ့ ငါနဲ့ညားကြတာ ဒီနေ့ဆိုရင် ဆယ့်ခြောက်ရက်ရှိပြီ။ နင်ထမင်းချက်ရတာ မောလား။ ငါနဲ့ နေရတာပျော်လား"

လျှံကျောင်စမ်း၏ချစ်တေးသီပုံက ကဗျာမဆန်၊ ကာရန်မညီသော်ငြားလည်း အသည်းနှလုံးသားမှ လေးလေးနက်နက်ထွက်လာသော စကားများဖြစ်သည်။

"နင့်ကို ငါချစ်လို့ ထမင်းချက်ကျွေးနေတာ မောပါမလား အကိုရဲ့"

နော်ထွေးဖြူက တုံ့ပြန်၏။

"နင်ပျော်တယ်ပေါ့"

လျှံကျင်စမ်းကမေးသည်။

"ငါသိပ်ပျော်တယ် အကို၊ အမိုးတို့ ဖယ်းတို့နဲ့ မတူဘူး သိပ်ပျော်တယ်"

"နင်ပျော်အောင်ငါကလည်း နင့်ကိုချစ်တာကိုး၊ နင့်အမေ အမေကတော့ စိတ်ဆိုးမှာပဲနော်"

"အေး . . . ဆိုးမယ် ထင်တယ်။ တို့ အမိုးတို့ဆီ တစ် လောက်တော့ ပြန်ရအောင်နော် အကို"

"ငါကလည်း ပို့ချင်ပါတယ်။ ချက်ခြင်းမယားယူ ချက်ခြင်းပို့ စာတင်ဆိုတော့ ငါ့ဆရာကြီးက ဘာပြောမယ်မှန်းမသိဘူး။ အဲဒီတော့ တစ်လလောက်နေအုန်း၊ ဒီနေ့ဆယ့်ခြောက်ရက်ဆိုရင် တစ်လပြည့်ဖို့ နည်းနည်းပဲ ကျန်တော့မယ်။ တစ်လပြည့်ပြီးမှ ငါခွင့်စာတင်ပြီး နင်တို့ အမေဆီ သွားကြတာပေါ့ ဟုတ်လား မဖြူ"

"ကောင်းပါတယ်။ အကို အိပ်မပျော်ရင်ထ၊ ထမင်းစား နင်ထမင်းစားပြီးရင် မြစ်ဆိပ်မှာ အဝတ်တွေ သွားလျှော်ရအုံးမယ်"

ပြောပြော ဆိုဆို နော်ထွေးဖြူက ဆွဲထူသည်ကို လျှံကျင်စမ်းက အလိုက်သင့်ထလာသည်။ ထမင်းပွဲတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ထမင်း စားကြရင်းချစ်လို့မကုန်ဝသုန်ဍာ်မြေ သိကြားစေ သက်သေညွှန်းသော စကားတွေကို သူတို့ပြောတတ်သရွေ့ စကားလုံးဖြင့် သစ္စာတိုင်နေကြ သည့် အချိန်တွင်ကား ဖယ်း မန်းသာရွှေနှင့် အမိုး နော်မူးခွေတို့ကိုသာမက ပတ်ဝန်းကျင်လောကတစ်ခုလုံးသည် သူတို့နှစ်ယောက်အဖို့ သတိမြှုစရာ စဉ်းစားစရာလုံးဝမရှိကြတော့ချေ။ သူတို့နှစ်ယောက် ကြည်နူးပျော်ရွှင် နေချိန်ဝယ် . . .

မန်းသာရွှေနှင့် နော်မူးခွေတို့ကား စိတ်ဆင်းရဲမှု ကိုယ်စီဖြင့် တစ်ယောက်ကိုတစ်ယောက် စကားမပြောမိဘဲနေသည်။

"ဘုတ်ခလေး၊ နင့်ကို ငါချစ်သလို ငါ့ကိုနင်မသနားဘူး၊ ဒုက္ခ အများကြီး ပေးသွားတယ်။ ငါနေမကောင်းဘူးဆိုတာနင်သိရက်နဲ့ လင့်နောက်လိုက်သွားတယ်ဟဲ့"



နော်မူးခွေသည် မချိတင်ကဲဖြင့် ညည်းညူရင်း နေမကောင်း ကြ်က ထမီတွေကို လျှော်နေရသည်။ မလျှော်၍မဖြစ်တော့ချေ။ ော်ထွေးဖြူ လင်နောက်မလိုက်မီကလျှော်ခိုင်းသည်ကို နော်ထွေးဖြူက လျှော်ခဲ့ဘဲ သူ့ထမီသာမဟုတ် နော်မူးခွေ၏ ထမီတွေကိုပါ လင်နောက် ်ရာသို့ သယ်ယူသွားသည်ဖြစ်ရာ နော်မူးခွေမှာ ခါးထဲဝတ်ထားသော ီတစ်ထည်သာ အချောက်ကျန်ခဲ့ပြီး လဲစရာမရှိတော့ရကား ပေလူး ွာအပုံလိုက်ဖြစ်နေသည့် ထမီတွေကို နေမကောင်းလျက်နှင့် လျှော် ရသည်။

ထမီတွေ ဆိုသော်လည်း အကောင်းတွေမဟုတ်။ နော်မူးခွေ ကောင်းဖြစ်စနေ့ ဈေးရောင်းရာမှာ ရွံ့ရေပေလူးစိုရွှဲ၍ ချွတ်ပုံထား ာ တစ်ပတ်နွမ်း ထမီတစ်ထည်နှင့် နော်ထွေးဖြူ၏ ထမီအစုတ်သုံး ည်သာ ဖြစ်သည်။ နော်ထွေးဖြူ၏ ထမီအစုတ်သုံးထည်ကလည်း သန့်ရှင်းရှင်းထမီမဟုတ်။ ရာသီတွေပေလူးညစ်ပတ်နေသည့် ထမီ ဖြစ်သည်။ မိုးစိုစိုမှာ ပေလူးနေသည့်ထမီတွေကို ဆပ်ပြာမရှိဘဲ ကောင်းလျက်က လျှော်နေရသော နော်မူးခွေသည် ချစ်လှစွာသော ်အပေါ်မှာ ကရုဏာဒေါသဖြစ်လာသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျလာ ည်။

"ငါ့ကို ရက်စက်တဲ့သမီး၊ ငါ့ကိုမသနားတဲ့သမီး၊ ငါ့ကို မျက်ရည် ာင် လုပ်တဲ့သမီး၊ ငါ့မျက်ရည်ထဲမှာ နစ်မြောပါစေ၊ အဘ ားသခင် သမီးဖိုက်ကို ဒဏ်ခတ်တော်မူပါ"

ထမီလျှော်ရင်း ငိုကြွေးရေရွတ်နေသော နော်မူးခွေကို မန်းသာ လှမ်းပြောလိုက်သည်။

"မိနော် သမီးထမီတွေကို နင်အမြဲ လျှော်လာခဲ့တယ်ဟုတ်လား၊ အဆန်းလုပ်ပြီး ဘုရားသခင်ကို တိုင်ရလားဟဲ့"

"တိုင်ရတာပေါ့ဟယ်၊ အရင်တုန်းက လျှော်ရတာက ငါနေ ာင်းတယ်၊ ငါ့သမီးက ငါ့အနားမှာရှိတယ်၊ အခု ငါနေမကောင်းဘူး

ဆိုတာ သိရက်နဲ့ သူ့လင်နောက် လိုက်သွားတယ်၊ ဘုတ်ကလေး ငါ့ကို မသနားဘူး။ အဝတ်တွေ အားလုံးယူသွားတယ်။ နောက်ပြီးအိမ်မှာရှိသ ပိုက်ဆံအားလုံးယူသွားတယ်။ အခု ငါနေမကောင်းဘူး၊ ထမင်းစ မကောင်းဘူး။ ဟိုဟာ ဒီဟာလေး ဝယ်စားချင်တယ်၊ ဘယ်မှာလဲ ပိုက်ဆံ ငါစိတ်ညစ်တာ ဘုရားသခင်သိပါစေ"

နော်မူးခွေက ပြောရင်းဆိုရင်းငိုပြန်သည်။ မန်းသာရွှေ နှုတ်ဆိတ်သွား၏ ။ နော်မူးခွေ ပြောသည်က အမှန်ဖြစ်သည်။ နော်ထွေ မြွက ရှိသမျှ ကဲ့ယူသွားပြီးမှ မန်းသာရွှေနှင့် နော်မူးခွေတို့ ငြုပ်သီးထောင် နှင့်ငါးပိနှင့်ချည်း စားနေရသည်။ နော်မူးခွေ နေမကောင်း၍ ဈေးမရောင် နိုင်သောကြောင့် မန်းသာရွှေ၏ ငါးမျှား၊ ငါးရောင်းသည့် အလုပ်တစ် တည်းကို အားထားနေခဲ့ရာ ယခုတလော ငါးကရှားပါး၍ မရတစ်ချက် ရတစ်ချက်ဖြစ်နေသဖြင့် ဇနီးမောင်နှံနှစ်ယောက် ချွေတာနေကြရသည် ပြန်စဉ်းစားမိသော မန်းသာရွှေက နှုတ်ဆိတ်သွားခြင်းဖြစ်၏ ။ အတ ကြာမှာ . . .

"သမီးမိုက်တာတွေ ပြန်မပြောပါနဲ့တော့ မိနော်ရယ်။ နင့်ကို ကိုသာ ကျန်းမာအောင်နေပါ။ နင်သေသွားရင် ငါဘယ်လိုနေမလဲ၊ သ လည်းမရှိ၊ မယားလည်းမရှိ . . . "

မန်းသာရွှေက ဝမ်းနည်းသံကြီးဖြင့်ပြောမှ နော်မူးခွေ လင်ယောကျ်ားကို ကြင်နာစိတ်ဖြင့် မျက်ရည်ကို သိမ်းလိုက်သည်။

သို့ဖြင့်ပင် တစ်ရက်ပြီးတစ်ရက် ကုန်လွန်ခဲ့ရာမှ နော်ထွေ သူတို့ရင်ခွင်မှ ထွက်ခွါသွားသည်မှာ ဆယ့်ခြောက်ရက် ကြာသွားသ နေ့ဝယ် နော်မူးခွေသည် နံနက်စောစော အိပ်ရာမှထပြီး ခါတိုင်းလို မိ ချောင်မဝင်ဘဲ မှိုင်နေသည်။

"ဘာဖြစ်တာလဲဟဲ့ မိနော် . . . ၊ မနေ့ကတော့နေကောင်း ဆို၊ အခု နေမကောင်းပြန်ဘူးလား"

မန်းသာရွှေ စိုးရိမ်စွာမေးသည်။



"ငါ နေကောင်းတယ်။ ဒါပေမဲ့ ညက အိပ်မက်မကောင်းဘူး။ သမီး ဘာဖြစ်လဲမသိဘူး"

နော်မူးခွေက စိတ်မချမ်းမြေ့ သံဖြင့်ပြောသည်။

"ဟုတ်လား နင့် အိပ်မက်ပြောစမ်း"

မန်းသာရွှေက မေးသောအခါ နော်မူးခွေက စိတ်မကောင်းစွာ ပြသည်။

"ငါ့သမီးပြန်လာတယ်။ သူ့တစ်ကိုယ်လုံး ရေတွေစိုရွှဲလို့။ ဟဲ့ ကလေး နင်ဘယ်ကလာလဲလို့ မေးတော့သူငိုတယ်။ နောက်ပြီး ညိုးထိုးပြတယ်။ ငါကြည့်လိုက်တော့ ဟို ရေကြည်တွေ ပြည့်နေတဲ့ ကမ်းပါးမှာ ဆံပင်ဖါးလျားနဲ့ မှောက်ခုံကြီး ဖြစ်နေတဲ့ မိန်းမတစ် က်တွေ့တယ်။ အဲဒီမိန်းမကို ငါကြည့်လိုက်တော့ ဘုတ်ကလေးဖြစ် တယ်။ ငါ စိတ်မကောင်းဘူး။ ဘုတ်ကလေး ကိုဘုရားသခင်စောင့် က်တော်မူပါ . . . "

နော်မူးခွေကပြောရင်း မျက်ရည်ကျသည်။ မန်းသာရွှေသည် နေသည်။ နော်မူးခွေ၏ အိပ်မက်မကောင်းကြောင်း သူသိသည်။

"နင် ဘာလုပ်ချင်လဲ မိနော်"

မန်းသာရွှေက မေး၏။

"ဘုတ်ကလေးတို့ဆီ ငါလိုက်သွားချင်တယ်"

နော်မူးခွေ၏ဆန္ဒကို မန်းသာရွှေက မကန့်ကွက်ချေ။ သူကိုယ် ပင် သမီးကို တော်တော်လွမ်းနေပြီဖြစ်ရာ၊ ဇနီးမောင်နှံနှစ်ယောက် ခြင်ငယ်တွင်းမှ ရှိစုမဲ့စုကလေးတွေ သိမ်းဆည်းသိုမှီးသည်။ မွေးထား ဝက်ငယ်လေး သုံးကောင်ကို အပေါင်ထားပြီး လမ်းစရိတ်၊ စားစရိတ် ကာ ဇနီးမောင်နှံ နှစ်ယောက် သမီးနှင့်သားမက် စံပျော် ရာ လေးသို့ မှီရာ သဘောဖြင့် လိုက်လာခဲ့ကြသည်။

သမီးဇောကြောင့်သာ လိုက်လာခဲ့ရသည်။ သမီးနှင့်သားမက် နေရာမှာ နေသည်ကို သူတို့မသိချေ။ နေရာကိုသာ မသိသည်

မဟုတ်၊ သားမက်၏ နာမည်ကိုလည်း သေသေချာချာပင် မသိရှာကြ ဒီမြို့ကလေးက ရဲသားကလေးဟူ၍သာ သူပြောဝါပြော ကြားဘူးခဲ့ကြ ခြင်းဖြစ်သည်၊ ရဲသားဆိုသည်မှာ ပုလိပ်ဖြစ်ကြောင်းကိုကား သိကြသည်။

"ထမင်းဆိုင်မှာ ထမင်းလေးဘာလေးဝယ်စားရင်း မေးကြည့်တာပေါ့။ ထမင်းဆိုင်က လူစုံတော့ သိတဲ့လူပါချင်ပါမှာ။ နင်လဲ နေကောင်းပြီးခါစ ထမင်းမြိန်မြိန် စားလိုက်အုံးမိနော်"

မန်းသာရွှေက ပြောသည်ကို နော်မူးခွေက လက်ခံသဘောတူပြီး သဘော်ဆိပ်ရှိ ထမင်းဆိုင်တဆိုင်သို့ ဝင်ကြသည်။ ထမင်းဆိုင်မှာ စားသူသိပ်မရှိသေး၊ သူတို့အပါအဝင် လေးယောက်မျှသာရှိကြသည်။ ထမင်းဆိုင်ရှင် အမျိုးသမီးကြီးသည် သူ့အကူ သူငယ်မကိုသာ ဝယ်စားသူတွေအတွက် ဆောင်ရွက်ပေးစေပြီး သူကိုယ်တိုင်မှာမူ၊ အခြားအမျိုးသမီးတယောက်နှင့် တစုံတခုသောအကြောင်းကို စိတ်ဝင်စားဖွယ် နားထောင်မေးမြန်းပြောဆိုနေသည်။ မန်းသာရွှေနှင့် နော်မူးခွေတို့သည် ထမင်းစားနေကြရင်းမှ အမှတ်မထင် နားစိုက်ထောင်မိနေကြသည်။ အမျိုးသမီးနှစ်ဦးက အချီအချပြောနေကြသည်။

"ကောင်ကလေး သနားဘို့ကောင်းလိုက်တာ။ ညူ့မိန်းမကျသွားတဲ့ ကမ်းစပ်မှာ ညတိုင်း မယောင်းတိုင်ထွန်းပြီး ညလုံးပေါက် ထိုင်ငိုနေတယ်တဲ့။ သူကိုယ်တိုင်လဲ ရေထဲ ခဏခဏခုန်ဆင်း၊ ရေငုပ်ပြီး ရှာ၊ မောရင်ပြန်တက်လာ၊ ကမ်းစပ်မှာထိုင်ငိုနဲ့ မြင်ရတဲ့လူတွေ ဘယ်သူမှ စိတ်မကောင်းကြဘူးလေ"

"အေးလေ စိတ်မကောင်းစရာပေါ့၊ ကောင်မလေးက ဘယ်လိုဖြစ်ပြီး နစ်သွားတာဆွဲလဲ"

"ရေဆိပ်မှာ အဝတ်လျှော်နေတာတဲ့။ အဲဒါ ဆပ်ပြာတုံး လက်ကလွတ်ပြီး ရေထဲကျသွားတာနဲ့ ဆပ်ပြာတုံးကို ဆင်းစမ်းတာ ဘေးကအတူတူ အဝတ်လျှော်နေတဲ့ အဖော်တွေက သတိပေးပါသေးတယ်။ ရှေ့ဆက်ပြီးမသွားနဲ့ ရေနက်တယ်ပြောတာ နားမထောင်ဘူး



...ပြာတုံးကို နမြောတယ်ဆိုပြီး ဆက်သွားတာ ရေအောက်က ချောက်ရှိ ...သိမှာမယ်။ တစ်ခါထဲ နစ်သွားတာပြန်မပေါ်လာတော့ဘူးတဲ့"

"ဖြစ်မှဖြစ်ရလေ . . အေးလေ ဆပ်ပြာကလည်း ဝယ်ရ ...းရတာ ဈေးနည်းတာမှမဟုတ်ဘဲ၊ တိုင်းကား ထွာတာ သုံးနေရသူ ...အဖို့ နမြောမှာပေါ့"

"ရေအောက်မှာ စုတ်ဝဲရှိတယ်ပြောတယ်၊ ရေနစ်တဲ့ လူတွေဟာ ...ဲခိုထဲမြုပ်သွားပြီး မြစ်အထက်သုံးမိုင်လောက်အကွာမှာမှ သွားပေါ် ...ကြတယ်"

"ဒို ရေစုန်မမြောဘဲ ဘာကြောင့်ရေဆန်သွားပေါ်ရလဲ ...ဆန်းပါလား"

"ဟုတ်တယ် . . . ဆန်းတယ် ခေါ်ရမှာပေါ့။ ရေနစ်သူ ...သွားပေါ်တတ်တဲ့ အဲဒီနေရာမှာလဲ ဝဲလိုလို မထင်မရှား ရေမြင်ပုံ ...ဘာန်က တစ်မျိုးဘဲ။ ရေနစ်သူတွေ အလောင်းပေါ်ရင် အဲဒီနေရာမှာ ...းပေါ်တတ်တယ်။ တချို့အလောင်းတွေဆိုရင် အဲဒီဝဲလိုလိုနေရာမှာ ...ပြီး ပတ်ချာလည်နေတတ်တယ် . . .။ အချို့အလောင်းတွေဆိုရင် ... အရှိန်နဲ့ ရိုက်တင်လိုက်လို့ ကမ်းစပ်ပေါ် ရောက်လာတတ်ကြ ..."

"ဒီလိုဆိုရင် ရေဆိပ်မှာ ရေအောက်ရှိတာက စုတ်ဝဲဖြစ်မယ်။ ...ထက်သုံးမိုင်ကွာမှာ ရှိတာက မှုတ်ဝဲဖြစ်မယ်။ ဒါကြောင့်သာ အဲဒီမှာ ...းပေါ် တာပေါ့"

"ထားပါတော့လေ။ ဒါပေမဲ့ နစ်တဲ့ နေရာက အောက်ကိုမစုန်ဘဲ ...ဘဲ၊ အထက်ကိုဆန်သွားတာကတော့ အတော်ထူးဆန်းတာဘဲ။ ...ကြောင့်ဆိုတာ စဉ်းစားလို့ မရကြဘူး"

"အခုတွေ့ပြီလား"

"မနက်ကတွေ့တယ်၊ ပြန်ယူလာပြီ။ အခုအိမ်မှာ"

"အင်းပေါ့လေ၊ ဆပ်ပြာတစ်တုံးကြောင့် အသက်ဆုံးရတယ်

ဆိုတာကတော့ ပြောစမှတ်ကြီးကို ဖြစ်တော့တာဘဲ။ နစ်သွားတာ ဒီနေ့ ဆိုရင် ဆုံးရက်ရှိပြီဘဲ။ ရုပ်ဖျက်နေရောပေါ့"

"ဖျက်ရုံဘယ်ဟုတ်မလဲ၊ ပုပ်လိုက်တာ ဘယ်သူမှ အနား မကပ်နိုင်ဘူး။ သူ့လင်သာ မယားကိုချစ်လွန်းလို့ အနားမှ ခေ့ခေ့ကြည့် ပြီးငိုနေတာ"

"ဘယ်တော့ သင်္ဂြိုဟ်မလဲ" အခုနေ့လယ်ဘဲသင်္ဂြိုလ်မယ် ထားလို့မှမဖြစ်တော့တာ။ ကလေး သာသာ လင်မယားဆိုတော့ သနားကြလို့ အကူအညီပေးတဲ့လူတွေများ ပါတယ်"

အမျိုးသမီးနှစ်ယောက်ပြောနေကြသောအကြောင်းမှာ လှိုင်ကျော် စမ်းနှင့် နော်ထွေးဖြူတို့ အကြောင်းပင်ဖြစ်သည်။ ထိုနေ့က နော်ထွေးဖြူ သည် မြစ်ဆိပ်မှာအဝတ်လျှော်နေခိုက် ဆပ်ပြာတုံးက လက်ထဲမှ လျှောထွက်သွားကာ ရေထဲသို့စဉ်ကျသွားသည်။ မိဘနှင့် နေစဉ်အ နှမြောရမှန်းမသိသော နော်ထွေးဖြူသည် ကျသွားသောဆပ်ပြာတုံးအ တွက် နှမြောခြင်းကြီးစွာဖြင့် ရေစပ်မှာထိုင်ပြီး အဝတ်လျှော်နေရာမှ ဆပ်ပြာတုံးကျသွားသည့်နေရာ ရေထဲသို့ဆင်းလိုက်သည်။ ကျသွားသော နေရာမှာ ဆပ်ပြာတုံးကို ခြေဖြင့်စမ်းကြည့်သည်။ ဆပ်ပြာတုံးလိုလို ချောကျိကျိအရာတစ်ခုကို နင်းမိပြီးမှခြေဘဝါးအောက်မှ လျှော ထွက်သွားသည်။ နော်ထွေးဖြူက ထိုအရာလျှောထွက်သွားသည့် ဘက်သို့ တိုးသွားသည်။

"ဟဲ့ . . . ကောင်မလေး၊ နင့်ရှေ့တတောင်ကွာလောက်မှာ ချောက်ရှိတယ်။ ရှေ့ကိုမသွားနဲ့. ပြန်လှည့်ခဲ့"

အတူအဝတ်လျှော်နေသူတွေက အောင်ဟစ်သတိပေးသော် လည်း နော်ထွေးဖြူ ပြန်မလှည့်။ သူ့လင် တပင်တပန်း လုပ်ကိုင်ရှာ ဖွေရသော ငွေဖြင့် ရှားရှားပါးပါး ဝယ်ထားရသော ဆပ်ပြာတုံးကို နှမြော



သည်။ ခြေဖြင့်နင်းမိပြီးမှ လျှောထွက်သွား၍ မခံချိမခံသာ ဖြစ်သည်။ အော်ဟစ်သတိပေးနေကြသော အသံတွေကို သေသေချာချာနားမထောင် ဘဲ ရှေ့သို့တိုးမြဲတိုးသွားသည်။ နော်ထွေးဖြူသည် တွင်းကြီးတစ်ခုထဲ သို့ ကျသွားသလို ခံစားလိုက်မိခြင်းသည်သာလျှင် သူ့ဘဝအတို့ နောက်ဆုံးသိသွား၊ သတိပြုမိသွားသော အမှတ်သညာဖြစ်လေတော့ သည်။

ယခု ဤအကြောင်းကို ပြန်ပြောင်းပြောပြနေကြသော အမျိုးသမီးကြီး နှစ်ယောက်၏စကားကို မန်းသာရွှေနှင့် နော်မူးခွေတို့ လဲးစေ့ပတ်စေ့ ကြားနေရသော်လည်း ရေနစ်သေသွားရှာသူကလေးသည် သူတို့အသက်တမျှ ချစ်ရသော ရင်သွေးရင်နှစ်၊ သမီးနော်ထွေးဖြူ ဘတ်ကလေး ဖြစ်နေကြောင်း လုံးဝမသိကြချေ။

ထမင်းစားပြီး ဆိုင်ထဲမှာရှိနေသူတွေကို သူတို့သမီးဘယ်မှာ ရှိနေသည်ကိုမေးသည်။ သမက်၏နာမည်ကိုလည်း သေသေချာချာ ပြောနိုင်၊ သမက်၏ရုပ်ရည်ကိုလည်း မှတ်မှတ်သားသားမသိပါ။

"ငါ့သမီးလင်က ဒီမြို့က ပုလိပ်ကလေးတယောက်လို့ သိရတာ ဘဲကွယ်။ နာမည်က လင်စန်း ဆိုလား၊ သေသေချာချာလဲမသိပါဘူး၊ ငါ့သမီးနာမယ်ကတော့ နော်ထွေးဖြူတဲ့၊ အသက်ငယ်ငယ်လေးရှိသေး တယ်။ မျက်နှာဝိုင်းဝိုင်းဝဝလေး သူ့လင်နောက်ကို လိုက်လာတာ မကြာသေးဘူးကွဲ့၊ ဆယ့်ငါးရက်ကျော်ကျော်ဘဲ ရှိဦးမယ်"

နှိုးလွန်းလှသော မန်းသာရွှေနှင့် နော်မူးခွေစကားကြောင့် ထမင်း ဆိုင်ရှင်သည် ရေနစ်သေသူ ကလေးမဟာ သူတို့ရဲ့သမီးဖြစ်လေမည် သားဟူသော အတွေးဖြင့် အဖြေမပေးသေးဘဲ စဉ်းစားဟန်ဖြင့် ငြိမ်နေ သည်။ နော်မူးခွေက ပြော၏ ။

"ငါအိပ်မက်မကောင်းဘူးကွယ်။ ငါ့သမီး ရေတွေရွှဲလို့၊ ဆံပင်စုတ်ဖွားကြီးနဲ့၊ မြစ်ကမ်းပါးမှာ မှောက်ခုံကြီးဖြစ်နေတယ်လို့ အိပ်မက်တယ်။ ဒါကြောင့် တို့လင်မယားလိုက်လာကြတာ။ သူတို့ဘယ်မှာနေတယ်သိရင်ပြောပါကွယ် . . . "

နော်မူးခွေ စကားကြောင့် ထမင်းဆိုင်ရှင်သည် ရေနစ်သေသူကလေးမ၏နာမည်ကို ကြားထားပြီးသည့်အလျောက် နော်ထွေးမြူ၏မိဘတွေပင် ဖြစ်ပေမည်ဟု အတတ်တွေးလိုက်သည်။ သို့သော် ထမင်းဆိုင်ရှင်သည် အမှန်အတိုင်း ခရီးရောက်မဆိုက် သိလိုက်ရပါက မန်းသာရွှေနှင့် နော်မူးခွေတို့ ရင်ကွဲပက်လက် ဖြစ်ရှာကြတော့မည်ကို တွေးကာ ပြောပြရန် နှုတ်မှမထွက်ရက်အောင်ဖြစ်နေသည်။ အတန်ကြာတွေးနေပြီးမှ ထမင်းဆိုင်ရှင်က အတတ်နိုင်ဆုံး ဖုံးဖုံးဖိဖိ ပြောလိုက်၏ ။

"ရုံးဌာနကို ရောက်အောင်သွား။ ရုံးဌာနအနီးမှာ ရုံတန်းလျားတွေရှိတယ်၊ အဲဒီရောက်ရင်လျှံကျောင်စမ်းနဲ့ နော်ထွေးမြူကို တွေ့ချင်တယ်လို့ပြော၊ ချောချောမောမော တွေ့ရပါလိမ့်မယ်"

"အေးကွယ်၊ ငါ့သမီးလင်နာမည်ကို အခုမှသေသေချာချာသိရတယ်. ကျေးဇူးတင်တယ်ကွယ် သွားမယ်ဟေ့"

ကျေးဇူးတင်စကားပြော နှုတ်ဆက်ပြီး ထွက်လာခဲ့သော မန်းသာရွှေနှင့် နော်မူးခွေတို့သည် ထမင်းဆိုင်ရှင် ညွှန်ကြားလိုက်သည့်အတိုင်း လူတွေ စုစုရုံးရုံးဖြစ်နေသော လျှံကျောင်စမ်း၏အခန်းသို့ ရောက်လာပါသည်။

လျှံကျောင်စမ်းကမူ ယောက္ခမတွေကို သေသေချာချာမှတ်မိနေသည့်အလျောက်ဖြစ်ကြောင်း ကုန်စင်ကို လွမ်းပင်ပိုးကာ လွမ်းမိုးနေသလို မျက်ရည်ဖြိုင်ဖြိုင်ကျလျက်က ခယားနေတွင်းကျ ယောက္ခမတွေကို



ပြောပြလိုက်သည်။

ရှောင်တခင်ကြားလိုက်ရသော အသည်းနှလုံးကြေပြန်းဘွယ်သတင်းဆိုးကြောင့် မန်းသာရွှေနှင့် နော်မူးခွေတို့သည် ဘာပြောရဘာလုပ်ရမည်ပင် မသိ။ အသက်ဝိညာဉ် ကင်းမဲ့သွားသလို မျက်တောင်ခတ်၊ မလှုပ်မရှက် ငြိမ်သက်တောင့်တင်းစွာ အရုပ်ကြီးတွေလို ဖြစ်သွားကြသည်။

"ပုပ်စော် သိပ်နံနေလို့ မမြူကို ဟိုမှာသွားထားတယ် . . . "

ငိုလျက်က လက်ညှိုးညွှန်ပြသော သမက်၏လက်ညွှန်ရာကိုကြည့်လိုက်ကြသည်။ ပုပ်ရိနံစော် အမြင်မတော်တော့သော နော်ထွေးမြူ၏ ရုပ်ခန္ဓာကို ထည့်သွင်းထားရာ ခေါင်းတလားကား ခပ်လှမ်းလှမ်းနေရာ မ်းဘေး ကုက္ကိုလ်ပင်ကြီးအောက်ဝယ် ယာယီထိုးထားသော စင်ကလေးပေါ်မှာ ကြေကွဲဘွယ်ရာ တွေ့ရသည်။

မန်းသာရွှေနှင့် နော်မူးခွေတို့သည် နှုတ်မှအသံမထွက်နိုင်လင့်ကစား မျက်ရည်တွေက မိုးသီးမိုးပေါက်နှယ် ဖြိုင်ဖြိုင်ကျနေကြသည်။ လင်မယားနှစ်ယောက် စက်ရုပ်ကြီးတွေလို ထိုင်ရာက ပြိုင်တူထလိုက်ကြသည်။ နော်ထွေးမြူ၏ ခေါင်းရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် သွားကြသည်။ မည်မျှပင် ပုပ်ရိနံ့စော်နေပါသည် ဆိုသော်လည်း ရင်၌ဖြစ်သည့် သမီးချစ်၏ ရုပ်ကလာပ်ကို မရွံ့ရှာနိုင်ဘဲ မန်းသာရွှေနှင့် နော်မူးခွေတို့သည် တုန်ရီသောလက်များဖြင့် ခေါင်းအဖုံးကို ဖွင့်လိုက်ကြသည်။ ဆိုးဝါး ထွက်ပေါ်လာသော အပုပ်နံ့ကြီးကို ရေမွှေးပမာ ထင်မှတ်လေသလား သိ။ နောက်တွန့်ခြင်း၊ နှာခေါင်းရှုံ့ခြင်းမရှိကြချေ။ ရုပ်ပျက်နေပြီ ဖြစ်သောသမီး၏မျက်နှာကိုသာ မဝနိုင်အောင် ကြည့်ခြင်းဖြင့် အားပါးတ ငံ့ကြည့်ကြသည်။ ရေနူးပြီး ပုပ်ရိနေသော နော်ထွေးမြူ၏ နဖူးကို

နော်မူးခွေသည် သူ့လက်ဖြင့်ယုယစွာဆုပ်ကိုင်လိုက်၏။ ဖြိုင်ဖြိုင်စီးကျသော နော်မူးခွေ၏ မျက်ရည်များသည် နော်ထွေးဖြူ၏ မျက်နှာပေါ်သို့ ရေစက်ရေပေါက်များသဖွယ် သွန်ကျသွားကြသည်။

နော်မူးခွေသည် ကွဲအက်သော အသည်းနှလုံးသားထဲမှ လှိုက်လှဲစွာ ထွက်ပေါ်လာသော အသံဖြင့် ကြားရသူရင်ဆို့သွားစေမည့် စကားတစ်ခွန်းကို ကြေကွဲစွာပြောဆို ငိုကြွေးလိုက်ရှာသည်။

"ဘုတ်ကလေးရယ် - ငါ့ကို စိတ်ဆင်းရဲအောင် လုပ်သွားတယ်လို့ ငါစိတ်ဆိုးခဲ့မိတယ်၊ ဘုရားသခင်ကို တိုင်ခဲ့မိတယ်၊ ငါတိုင်ခဲ့တာက ဘုတ်ကလေးကို ငါ့မျက်ရည်ထဲမှာသာ နစ်မျောပါစေလို့ တိုင်ခဲ့တာပါ။ ဘုတ်ကလေး နစ်မွန်းလောက်အောင် ငါ့မျက်ရည်က ထွက်မှာမဟုတ်ဘူး။ အခုဘုတ်ကလေးက မြစ်ရေထဲမှာ နစ်မျောသေသွားပြီနော်။ ဘုရားသခင်က မျက်ရည်ကို မြစ်ရေလို့ နားကြားလွဲသွားတာထင်ပါရဲ့ ဘုတ်ကလေးရယ် . . ."

မည်သို့ပင်ဖြစ်စေ၊ နော်ထွေးဖြူ ကြုံရသောအဖြစ်ကား မိခင်ကို စိတ်ဆင်းရဲအောင် လုပ်ခဲ့မိ၍ မိခင်မေတ္တာရေစုံးခြင်းပေလား၊ မတော်တဆ တိုက်ဆိုင်မှုပေလား၊ ဆပ်ပြာတုံးကို အကြောင်းပြု၍ မဖြစ်သင့်ဘဲ ဖြစ်သွားရခြင်းပေလားဆိုသည်ကိုမူ နော်မူးခွေ တိုင်တည်ခဲ့၊ အသိပေးခဲ့သော အဘ ထာဝရဘုရားသခင်သည်သာလျှင် အမှန်အတိုင်း သိမြင်နိုင်မည်ဖြစ်ပေသတည်း။

မဝင်းမြင့်
၁၉၇၃၊ ဇန်နဝါရီ
(ငွေးသောက်မဂ္ဂဇင်း)

# မဲထုံးသံသရာ

လျှပ်တပြက်မျှ လျှင်မြန်တိုတောင်းသော အချိန်လေးအတွင်းဝယ်။ အသည်းနှလုံး ကြေပြုန်းလုမျှကြေကွဲ ဝမ်းနည်းဖွယ် အဖြစ်ဆိုးကြီးကဖြစ်လိုက်သည်။

နေရာကား၊ ကျယ်ဝန်းသော ပြည်လမ်းမကြီးပေါ်မှာ ဖြစ်သည်။

ဒေါက်တာစောဝင်းသည် ဆေးရုံအလုပ်တာဝန်ကလည်းနားရသောနေ့၊ သူ့ဆေးခန်းလည်း ပိတ်ထားသည့်အချိန်ဖြစ်သောကြောင့် ရွှေမိုင်မှာ ရှိသောသူငယ်ချင်းတစ်ယောက်ထံ အလည်သွားရန် သူကိုယ်ပိုင် ဖောက်စ်ဝက်ဂွန်း ကားလေးကို သူကိုယ်တိုင်မောင်းပြီး လာခဲ့သည်။

ချမ်းသာသောမိဘများ၏ တစ်ဦးတည်းသော သားလည်းဖြစ်၊ ပညာကလဲ၊ ဆေးသိပ္ပံဘွဲ့ကို ရန်ကုန်ဆေးတက္ကသိုလ်မှ ရခဲ့သည့်အပြင် နှလုံးရောဂါ အထူးကုပါရဂူဘွဲ့ကိုလည်း နိုင်ငံတော်အစိုးရ ပညာတော်သင် အဖြစ်ဖြင့် အင်္ဂလန်မှာ သင်ကြားအောင်မြင်ဘွဲ့ယူလာခဲ့သူဖြစ်သည် ရုပ်ရည်ကလည်း ယောကျ်ားပီသပြီး မိန်းမပျိုတို့ နှစ်သက်သည့်ရုပ်ရည်မျိုးဖြစ်သည်။ အနေအထိုင် အကျင့်သိက္ခာကလည်း မှဲ့စွန်းမထင် တည်ငြိမ်သန့်ရှင်းသည်ဖြစ်ရာ ဒေါက်တာ စောဝင်းကို သားမက်တော်လိုကြသောသူတွေ ဘဝကြင်ဖော်အဖြစ် မြှောင်လင့်တောင့်တသူတွေ မနည်းချေ။

ဒေါက်တာစောဝင်း မိဘတွေကိုယ်တိုင်ကလည်း သားဖြစ်သူကို သူတို့မျက်စေ့မှိတ်ခင်မှာ သင့်လျော်သော အမျိုးသမီးလေး တစ်ဦးတစ်ယောက်နှင့် တင့်တင့်တယ်တယ်ဖြစ်စေချင်သည်။

သို့သော် ဒေါက်တာစောဝင်းကား အိမ်ထောင်ပြုလိုသောစိတ် မရှိသေးချေ။

"သားရယ် ဇာတိ ဇရာ ဗျာဓိ မရဏ ဆိုတာကို မြတ်စွာဘုရားသော်မှ မလွှန်ဆန်နိုင်ဘဲနဲ့ သားကပုထုဇဉ် လူသာမန်တစ်ယောက်ပဲ။

တားဆီးလို့ ရမလား မကြံစည်အပ်တာကို မကြံချင်စမ်းပါနဲ့ သားရယ်

ဟူသောစကားကို မိဘများက ရှေးဆန်ဆန် တရားနှင့်ယှဉ်ပြီး ပြောကြသော်လည်း၊ ဒေါက်တာစောဝင်းကား ပြုံးပြုံးရယ်ရယ်ဖြင့်ပင် ပြန်လည်ဖြေရှင်းပြသည်။

"မေမေတို့ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ အိုချိန်တန်လို့အိုတာ နာချိန်တန်လို့နာတာ သေချိန်တန်လို့သေတာကို မြတ်စွာဘုရားလည်း မတားဆီးနိုင်ဘူးဆိုတာ သားသိပါတယ် မေမေ၊ အချိန်မတန်သေးဘဲနဲ့ မဖြစ်သင့်သေးဘဲနဲ့ ဖြစ်တာကို သိပ္ပံနည်းနဲ့ တားဆီးကာကွယ်ရင် ရလေမလားလို့ ကျွန်တော်ကျိုးစား ကြည့်ချင်ပါတယ်။ ကျွန်တော် ကြိုးစားချက် အောင်မြင်ရင် လူသားတွေအဖို့လည်း အကျိုးရှိကျွန်တော်လည်း ကုသိုလ်ရပါတယ် အိမ်ထောင်ပြုလိုက်ရင် စိတ်ဝင်စားမှု ပေါ့သွားမှာ စိုးလို့ပါ"

အိမ်ထောင်ပြုစေချင် လွန်းသော မိဘများကို ဒေါက်တာစောဝင်းက ဤသို့ သာသာညင်းပျောင်းတုံ့ပြန်သည်။

"ဒါဖြင့် သားလုပ်ငန်းကြီး မအောင်မြင်သမျှအသက်ထက်ဆုံး အိမ်ထောင်မပြုတော့ဘူးပေါ့"

ထိုအခါ ဒေါက်တာစောဝင်းက မိဘများကျေနပ်အောင် အဖြေပေးလိုက်သည်။

"ငါးနှစ်ပဲ ခွင့်ပြုပါမေမေ ငါးနှစ်စေ့ရင် ကျွန်တော်အဖြေပေးပါမယ်။"

ငါးနှစ်လောက် နားအေးအေးဖြင့် သူစိတ်ဝင်စားသည့်အလုပ်ကို လုပ်နေရလျှင် မနည်းဟု စဉ်းစားကာ ပြန်ပေးလိုက်သော အဖြေကို ကြေနပ်လိုက်ကြရပြန်သည်။

ဒေါက်တာစောဝင်း ကြံစည်ကြိုးစားနေသော တိစ္ဆကား နေရောင်ခြည်ထဲမှာ ရှိနေသော ခရမ်းလွန်ရောင်ခြည်ကို ထုတ်ယူပြီး လူတွေ၏ ခန္ဓာကိုယ်မှာ အချိန်မတန်သေးဘဲနှင့် ချို့ယွင်းချက်များ



ဖြစ်ပေါ်လာခြင်းကို တားဆီးကာကွယ်နိုင်သည့်နည်းကို ရှာကြံနေခြင်း ဖြစ်သည်။

သူ့လုပ်ငန်း အကောင်အထည် ပေါ်ရန်မှာ အစိုးရအရာထမ်း လခဖြင့် မလုံလောက် မိဘများထံမှ အပူမကပ်ချင်သောကြောင့် သူကိုယ်တိုင် ဆေးကုခန်းဖွင့်ပြီး အပိုဝင်ငွေရှာခဲ့သည်။ သို့သော် ဒေါက်တာစောဝင်း၏ ဆေးခန်းသို့ ရောက်လာသော လူနာတွေကို ဒေါက်တာစောဝင်းသည် စေတနာ့ဝန်ထမ်း ကုသပေးလိုက်သည်က များသည်။ ဆင်းရဲသည့် လူနာဆိုလျှင်ဆေးဖိုး ဆေးကုခမယူသည့်အပြင် မော်တော်ကားခ ဓါတ်ခွဲခ စသည်တို့ကိုပင် အထိုက်အလျောက် ပေးလှူတ်လိုက်သည်။

ခရီးဝေးလာသည့်လူနာ လမ်းစရိတ်အတွက် အခက်အခဲဖြစ်နေသည့်လူနာ ဆေးခန်းကိုပင် မလာနိုင်အောင် အခြေအနေမျိုး ဖြစ်နေသော လူနာဆိုလျှင် နေရပ်လိပ်စာကို မေးထားလိုက်ပြီး အားလပ်ချိန် ရသည်နှင့် တစ်ပြိုင်နက် ကိုယ်တိုင်သွားရောက်ကုသပေးသည်။ ဆေးဝယ်ပေးခဲ့သည်။ အားရှိသည့် အစာဝယ်စားရန် ငွေကြေးပေးခဲ့သည်။

ထို့ကြောင့် ဒေါက်တာစောဝင်းဆိုလျှင် မသိသူမရှိသလောက် ပင် ဖြစ်နေသည်။

ဆေးရုံမှာ ကုသရသည့် လူနာတွေအပေါ်မှာ ဆက်ဆံပြုစုပုံ ကြင်နာခြင်း၊ ဂရုစိုက်ခြင်း၊ ဆေးရုံရောက်လာသည့် ဆင်းရဲသော လူနာတွေကို တတ်နိုင်သလောက်ပေးကမ်း ကျွေးမွေးခြင်းဆေးရုံက ဆင်းသည့် အခါ ဆင်းရဲလွန်းသူ ဖြစ်နေလျှင် သူ့မော်တော်ကား အဆင်ပြေလျှင် ကိုယ်တိုင်လိုက်ပို့ပေးသည်။ သို့မဟုတ်က လမ်းစရိတ်ပေးလိုက်သည်။

ထို့ကြောင့် အပြင်ဆေးခန်းမှာရော ဆေးရုံမှာရော လူပေါင်း များစွာက သိနေသော ဒေါက်တာစောဝင်းသည် သူသွားသည့် လမ်းတစ်လျှောက်မှာ သူဆေးကုသဘူးသည့်လူနာကို အနည်းဆုံးနှစ်ယောက် လောက်တော့တွေ့ရသည်ချည်းဖြစ်သည်။ တစ်ခါတစ်ရံ သူမမှတ်မိသော်လည်း၊ ဆေးကုသခံသည့်သူက မှတ်မိနေသည်။

သွားရင်း လာရင်း လမ်းမှာ လူတစ်ဦး တစ်ယောက်ကျွန်းမာရေးကြောင့် ရှောင်တခင် အခက်ခဲဖြစ်နေသည်ကို တွေ့ရလျှင် မဆိုင်းမတွ ဝင်ရောက်ကူညီပေးတတ်သည်။ ထို့ကြောင့် ဒေါက်တာစောဝင်းသည် တာဝန်နှင့်အပြင်ထွက်သည်ဖြစ်စေ အလည်အပတ်သက်သက်အပြင်ထွက်သည်ဖြစ်စေ၊ သူ့မော်တော်ကား ပေါ်တွင်ဆေးဝါးအစုံအလင် ဆေးကုသသည့် ကရိယာအစုံအလင်ထည့်ထားသည့် ဆေးအိပ်က အမြဲပါတတ်သည်။

xxxxx

ရှစ်မိုင်ရှိ သူငယ်ချင်းထံ သွားလည်ရန် စိတ်လက်အေးချမ်းစွာဖြင့် မော်တော်ကားကို မောင်းလာသော ဒေါက်တာစောဝင်းသည် ပြည်လမ်းမကြီးပေါ် တစ် နေရာအရောက်တွင် လမ်းဘေးမှာ လူတစ်စုပိုင်းအုံနေသည်ကို တွေ့ရသည်၊ လူတစ်စုဝိုင်းအုံနေသော နေရာကား မော်တော်ကားလမ်း၏ လက်ဝဲလက်ဘေးဖြစ်သည်၊ လက်ယာကပ်မောင်း စနစ်အတိုင်း ဒေါက်တာစောဝင်းက လမ်းယာဘက်ကို ခပ်ကပ်ကပ်မောင်းလာသည်။

ထိုလူစုဆီကို တစ်ချက်မျှသာ လှမ်းကြည့်ပြီး သူ့မော်တော်ကားကို ဂရုစိုက်မောင်းနေခိုက်မှာ

"ဆရာ - ဆရာ "

ဟူသော အားကိုးခြင်းကြီးစွာဖြင့် အော်ခေါ်နေသောအသံကို ကြားလိုက်ရသည်။ မည်သူ့ကိုခေါ်မှန်း မသိသောကြောင့် ဒေါက်တာစောဝင်းက မော်တော်ကားကို မောင်းမြဲတိုင်း မောင်းနေသည်။

"ဆရာဦးစောဝင်း . . . ဆရာဦးစောဝင်း ကယ်ပါအုံး"

ဟူသောအသံကို စူးစူးယှယှ ကြားလိုက်ရသောကြောင့် မော်တော်ကားကို အရှိန်သပ်ကာလမ်းဘေးမှာ ကပ်ပြီးရပ်လိုက်သည်။ အသံကြားရာသို့ ကြည့်လိုက်သည်၊ တစ်ကြိမ်သောအခါက သူရာသပေးခဲ့ဖူးသည့် လူနာဖြစ်ဟန်ဟူသော အမျိုးသားတစ်ယောက်က



"ဆရာ ကျွန်တော့်အဖေ လမ်းသွားရင်း လဲပြီးသတိလစ်သွားပါဘယ်၊ ကယ်ပါအုံးဆရာ"

ဟု လမ်းတစ်ဘက်ဘေးက အော်ပြောနေသည်။ မော်တော်ကားတွေက ဥဒဟိုသွားနေသည်ကြောင့် လူနာရှင်သည် လမ်းကိုဖြတ်ကူးပြီး ခေါ်ရန် ခက်ခဲသည့်အတွက် လမ်းတစ်ဘက်ဘေးက အားကိုးခြင်းကြီးစွာဖြင့် အော်နေခြင်းဖြစ်သည်။

ဒေါက်တာစောဝင်းက ဆေးအိတ်ကိုယူပြီး ဆင်းလိုက်သည်၊ မော်တော်ကားကို သော့ခတ်လိုက်ပြီး လမ်းအရှင်းကို ကြည့်ကာ ဖြတ်ကူးလိုက်သည်။

ပြည်လမ်းမကြီးကလည်း ကျယ်ဝန်းလှသည်။

ထိုအခိုက် အရှိန်ပြင်းစွာမောင်းလာသော ကိုယ်ပိုင်မော်တော်ကားတစ်စီးသည် ပြိုင်ပွဲဝင်သည့် နွားမျိုးလို တစွတ်ထိုးမောင်းလာရာ ဒေါက်တာစောဝင်းသည် ရှောင်လိုက်ရန် အချိန်မရလိုက်တော့ချေ။ မော်တော်ကားက ဝင်တိုက်ပြီးကားရှေ့ဘန်ပါနှင့်ညိကာ ဒရွတ်တိုက်ပါသွားရှာလေတော့သည်။ လမ်းဘေးနှစ်ဖက်ရှိ လူတွေ၏ ထိတ်လန့်စွာ အော်လိုက်သောအသံသည် ဆူညံသွားလေသည်။ မော်တော်ကားကမူ မရပ်၊ အရှိန်ကိုပိုပြီး တိုးမြှင့်မောင်းသွားသည်ဖြစ်ရာ ငြိပါသွားသော ဒေါက်တာစောဝင်းသည် ပေတစ်ရာကျော်မျှ ဒရွတ်တိုက်ပါသွားပြီးမှသွေးအိုင်ဖြင့် လမ်းပေါ်တွင် ပြုတ်ကျကျန်ခဲ့လေတော့သည်။

မော်တော်ကားမောင်းသူကား မိုင်နှုန်းအကုန်မောင်းကာ ထွက်ပြေးသွားလေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အဖိုးတန်လှသော သားကောင်းရတနာ တစ်ယောက်ကား လူမဆန်သော သူယုတ်မာ ကားမောင်းသမား၏ ရက်စက်မိုက်ရိုင်းမှုကြောင့် အမိနိုင်ငံကိုကျောခိုင်းကာမပြန်လမ်းသို့ ဖြန်းရှာလေပြီ။

ကွေးသောလက်ကို မဆန့်မီ ဆန့်သောလက်ကို မကွေးမီ သေခြင်းတရားကားဖြစ်တတ်၏၊ မျက်တတ်၏ဆိုသော ဗုဒ္ဓတရားတော်ကား မှန်လှချေသည်။

"ချေးတီရှာန်ကားကို ဘရိတ်အုပ်လိုက်ရင် တိုက်မိမှာမဟု ဘူး" "ဖြစ်ရလေခြင်းနော်၊ သေချင်းဆိုးကား ဒရိုင်ဘာယုတ်မာလိုက်တာ

"တောက် . . . လွတ်သွားတာ နာလိုက်တာ၊ အမှုန့်ချေပစ် တယ် . . ."

"ဖြစ်ရလေခြင်း ဆရာရယ်၊ ကျွန်တော့်ကျေးဇူးရှင်ကို ကျွန်တော် သတ်သလို ဖြစ်နေပါပြီကော"

တစ်ယောက်တစ်ခွန်း မချိတင်ကဲပြောကြသံ၊ ငိုကြသံတွေသည် ဝိုင်းအုံကြည့်နေကြသော လူအုပ်ကြီးထဲက ဆူဆူညံညံထွက်ပေါ်နေသည် မော်တော်ကားနံပါတ်ကိုမှ မည်သူမှမမှတ်မိလိုက်ကြချေ။ အိုပယ် အမျိုးအစား၊ အစိမ်းပုတ်ရောင် မော်တော်ကား၊ မောင်းသွားသူက ဆံပ မြှုပ်ဟူ၍သာ ရဲဘက်ကမှတ်တမ်းတင်နိုင်တော့သည်။

အဖိုးတန်လှသော ဆေးပညာရှင်၊ စေတနာရှင်များစွာသော ဆင်းရဲသား လူတန်းစားတို့၏ ကျေးဇူးရှင်ဒေါက်တာစောဝင်း၏ မရှုမ စရာအသိစိတ်ညာဉ်ကင်းမဲ့နေသော ရုပ်ခန္ဓာကို လူနာတင်ကားဖြင့် သ သွားကြလေပြီ။

xxxxx

ဦးအေးဟန်သည် မောင်းလာသော မော်တော်ကားကို ကာ တွင်းသို့ ကျော့ကသီသွင်းပြီး ကားရုံတံခါးကို သော့ခတ်ပိတ်လိုက်သည် ခန့်ညားလှပစွာ ဆောက်လုပ်ထားသော သူ့ပိုင်တစ်ထပ်တိုက်အတွင်း နောက်ဖေးတံခါးမှ ဝင်သွားသည်။ မီးဖိုထဲမှာ ထောပတ်ညှော်နံ့ တ သင်းဖြင့် မလိုင်လုံးများကို အိုးကင်းပူတိုက်နေသော ချစ်ဇနီးသ ဒေါ်ကြူသင်းက အိုးကင်းကို မီးဖိုပေါ် တချပြီး နှုတ်ကအသံပြုလိုက်သည်

"ရှင် ထမင်းစားတော့မ . . . ဗို . . . ဘာဖြစ်လာတာ အကို"

ဒေါ်ကြူသင်းသည် သူ့ ပထမမေးခွန်းကို တစ်ပိုင်းတစ်စ ရပ်လိုက်ပြီး ဒုတိယမေးခွန်းကို ဆက်မေးလိုက်သည်။ သူတို့ဇနီးမောင်



ဦး-ဒေါ်တပ်ပြီး ခေါ်ရသော်လည်း အသက်အရွယ်တွေမှာ အဖိုးကြီး မယ်ကြီးပိုင်း မရောက်ကြသေးချေ။ လေးဆယ်အနားမှာသာ နေကြသေးသည်။ အသက်ဆယ့်ရှစ်နှစ်အရွယ် သားကြီး မောင်မောင်ချို ကျွသိုလ်ဝင်တန်း၊ အသက်ဆယ့်ငါးနှစ်ရွယ် သမီးခင်သီတာ၊ ရှစ်တန်း သားသမီးနှစ်ယောက်သာ ရှိကြသည်။ အုတုံသည်းတုံချစ်လိုက်ကြ ည်မှာ ငုံထားလုနီးပါးပင်။

အရင်းရှင် ကုန်သည်ကြီးများပီပီ အလွန်အမင်း ချမ်းသာခဲ့ကြ သည်။ ယခုလုပ်ငန်းတွေ ပြည်သူပိုင်အသိမ်းခံလိုက်ရသောအခါမှာ အလုပ်မှမလုပ်တော့ဘဲ အထုပ်ကြီးအထည်ကြီး စုဆောင်းထားခဲ့သည် ကို အေးအေးလေး ထိုင်စားနေကြသည်။ ပါးနပ်သူများပီပီ ဒရိုင်ဘာကို ငွေ့အရေး မပေးလိုသောကြောင့် ယဉ်ယဉ်လေးချော့ခါ အလုပ်မှထုတ် ပြီးဖြစ်သည်။ အသက်တမျှ ချစ်သောသားနှင့်သမီးကို ဦးအေးဟန် ယ်တိုင် မော်တော်ကားမောင်းပြီး ကျောင်းပို့သည်။

ယခုလည်း သားနှင့်သမီးကို ကျောင်းပို့ပြီး အိမ်အပြန်ဖြစ် သည်။

ဦးအေးဟန်၏ မျက်နှာမှာ အတွင်းစိတ်၏ ချောက်ချားခြင်း မ်ပူပန်ခြင်း၊ စိတ်ပန်းကိုယ်ပန်းဖြစ်ခြင်းတို့ကြောင့် ပုံပျက်နေသည်။ ခွန်းထုတ်သော ဇနီးသယ်ကို ပြူးကြောင်သော မျက်လုံးဖြင့် ကြည့်နေ နဖူးမှချွေးတွေကို သုတ်လိုက်သည်။

"ဘာဖြစ်တာလဲ အကို၊ ဟင် . . . ဘာဖြစ်လာတာလဲလို့ . . ."

ဒေါ်ကြူသင်းက စိုးရိမ်ပူပန်စွာဖြင့် ဦးအေးဟန်၏ လက်မောင်း ကိုင်လှုပ်ပြီးမေးသည်။

"ငါ . . . ငါ . . . ဟို . . . လူ . . . တစ်ယောက်ကို ကားနဲ့ က်မိလာတယ် . . ."

ဦးအေးဟန်က မောသံကြီးဖြင့် ပြောပြီးသူ့နဖူးက ချွေးသီးတွေ လက်ဖြင့်သပ်ချလိုက်သည်။

"ဘယ်မှာသွားတိုက်တာလဲ၊ သေသွားသလား"

ဒေါ်ကြူသင်းက မေးရင်းရဲ့တွေ ထက်ကြပ်လိုက်လာေ သလားဟူသောစိတ်ဖြင့် စိုးရိမ်စွာ အိမ်ရှေ့သို့ လှမ်းကြည့်လိုက်သ

"ငါလဲ ကလေးတွေကို ကျောင်းပို့ပြီး ရှစ်မိုင်က မောင်မဲ သွားတယ်၊ အပြန် ထမင်းကလည်းဆာ မောင်မဲတို့နဲ့ ပြောရဆို လည်း အဆင်မပြေဖြစ်တော့ စိတ်ကလည်း တိုလာတယ်၊ စိတ်တို ကားကိုမောင်းလာတာ မိုင်နှုန်းငါးဆယ်ကျော်မလားဘဲ၊ တိုက်မိ ယောကျ်ားဘဲ၊ ပြည်လမ်းမကြီးပေါ်မှာ"

"ရှင့်ကို ရဲကမဖမ်းဘူးနော်"

"ငါ့ ကားမရပ်ဘဲ၊ အမြန်ဆုံး မောင်းပြေးလာခဲ့တာ"

"အင်း . . . နံပါတ်ကို မမှတ်မိရင်တော့ ကိစ္စမရှိပါဘူး၊ ရှင် ကားရော အိမ်ထဲက ဘယ်မှမထွက်ဘဲ အမှောင်ခံနေလိုက်ရင် ပြီးတန်ေ ပါရဲ့လေ၊ ရှင်တိုက်ခဲ့တဲ့လူကသေသလား"

"မသိဘူး သေတယ်လို့ထင်တာဘဲ၊ ကမြင်းမသား တိုက်မိ ကို အေးအေးမနေသေးဘူး၊ ကားရှေ့ဘန်ပါနဲ့ ချိပ်ပါလိုက်သေးထ

ဦးအေးဟန်က လူတစ်ယောက်ကို ပရွက်ဆိပ်လော တန်ဘိုးမထားသော စကားမျိုး ပြောလိုက်သည်။

"ရှင်အမှောင်ခံပြီး အိမ်ထဲမှာ ငြိမ်ငြိမ်နေ အခုအချိန်အထိ မလိုက်လာဘူးဆိုတော့ ကားနံပါတ်ကို မမှတ်မိလို့ဘဲ။ ကဲလေ ခေါင် အေးထားပါ။ ထမင်းစားတော့ ဟုတ်လား ထမင်းစားပြီး မလိုင်လ ထောပတ်နဲ့ပြန်နွေးပြီး လိမ့်ထားတာ မွှေးနေတာဘဲ"

"သားနဲ့ သမီးကို ကြိုဖို့ရော"

ဦးအေးဟန်က မေးသည်။

"ဘယ်တတ်နိုင်ပါမလဲ၊ သူတို့ကျောင်းနဲ့ လမ်းသ လိုင်းဘတ်စ်ကားနဲ့ လိုက်ကြပေါ့ရှင်က ထွက်လို့မှမဖြစ်သေးတာ"

×××××



နောက်တစ်နေ့ထုတ် သတင်းစာများတွင် ဒေါက်တာစောဝင်း ာ်ကားတိုက်၍သေဆုံးရသည့်သတင်းသည် ဒေါက်တာစောဝင်း၏ ပုံနှင့်တကွ ပြည့်ပြည့်စုံစုံ ပါလာသည်၊ ဒေါက်တာစောဝင်း၏ းရားရာဇဝင်ရော လူနာတွေအပေါ်မှာ ထားသည့်စေတနာရော င်းစာမှာ ဖော်ပြပြီး တိုက်သွားသောကားကို သိသူရှိပါက ရဲအတွက်ကို င်းပေးပို့ကြပါရန် မေတ္တာရပ်ခံသော သတင်းပါ သတင်းစာတွင်ပါ ည်။

သတင်းစာကို ဖတ်ရသူအားလုံးသည် ယူကြုံးမရဖြစ်ကြရသည်၊ ျင်းစာနာသူများ ဒေါက်တာစောဝင်း၏ ဆေးကုသမှုကို ခံယူဘူးသူ ား မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်၊ ပူဆွေးကြေကွဲကြ ည်။ သို့သော်

"တော်သေးရဲ့ အကို ဘယ်သူမှမသိလိုက်ကြဘူး။ ဒါကြောင့် ရဲက မေတ္တာရပ်ခံရတာပေါ့။ ခြောက်လလောက် အမှောင်ခံနေလိုက် ျတဲ့ လူတစ်ယောက်ကို အိမ်ခေါ် ငွေကြေနပ်အောင်ပေးပြီးဆေး င်ပြောင်းသုတ်လိုက်တာပေါ့"

ဟု ဒေါ်ကြူသင်းက သတင်းစာကိုကိုင်ပြီးစိတ်လက်ပေါ့ပါး ်န်းစွာ ပြောလိုက်သည်။

"အေးဟဲ့ ငါလည်းခုမှ တော်တော်စိတ်အေးသွားတော့တယ်"

ဦးအေးဟန်က ပြောရင်းမျက်နှာမှာ ပြုံးရိပ်များပင် သန်းနေ ည်။

မောင်မောင်ချိုနှင့် ခင်သီတာကား ဖခင် အခြေအနေအရ ဘြဲ့ရာ လိုင်းကားဖြင့် ကျောင်းတက်ရန် ထွက်ခွာသွားကြပြီဖြစ် သည်၊

လူတိုင်းလိုလို သိနေသော ဒေါက်တာစောဝင်း ဆင်းရဲသားအ ၏ကျေးဇူးရှင်ဖြစ်သော ဒေါက်တာစောဝင်း အကြောင်းကိုလူတွေက နိုင်အောင် ဖြစ်နေကြသည်၊ ဒေါ်ကြူသင်း ဈေးသွားသည့်အခါမှာ ထဲတွင် ဒေါက်တာစောဝင်းအကြောင်း ပြောနေကြသည်ကိုကြားရ

သည်။ ဒေါက်တာစောဝင်း၏ ကျေးဇူးရှိကြောင်း မော်တော်ကား
တိုက်သွားသူကို မည်သို့မည်ပုံစီရင်ချင်ကြောင်း စသည်တို့ကို ဒေါ်
သင်းမကြားချင်ဘဲ ကြားရသည်။ မျက်နှာမပျက်အောင် ဟန်ဆော
နေခဲ့ရသည်။

မောင်မောင်ချိုနှင့် ခင်သီတာတို့ ကျောင်းမှာဆိုလျှင် ဒေါ
တာစောဝင်းသည် ဤကျောင်းမှာ ပညာသင်ကြားခဲ့ဘူးကြောင်း အဖိုး
တပည့်ဟောင်းဖြစ်၍ စိတ်မကောင်းကြောင်းကို ဆရာတွေဆရာမ
ပြောနေကြသံကို မောင်နှမနှစ်ယောက်မကြားချင်ဘဲ ကြားနေကြရသည်

ထိုအခါ ဦးအေးဟန်တို့ မိသားစုသည် ဒေါက်တာစောဝင်း
ကြင်နာသောစိတ် မပေါ်ဘဲ ဤမျှလောက်အဖြစ်သည်း ကြရပါမည်လ
ဟု ဒေါက်တာစောဝင်းအတွက် နာကျည်းသူ ခံခက်သူကြေကွဲဝမ်းနည်း
သူတွေကို မုန်းတီးရွံရှာလာကြသည်။ ဖြစ်နိုင်လျှင်

"ငါတို့ တိုက်သတ်လိုက်တာဟေ့၊ နင်တို့ဘာတတ်နိုင်လဲ"

ဟုပင် အော်လိုက်ချင်ကြသည်။

မော်တော်ကားကို ဇနီးမောင်နှံနှစ်ယောက်စစ်ဆေးကြည့်လို
ကြသည်။ ကားရှေ့ဘန်ပါ အနည်းငယ်ပိန်သွားသည်ကလွဲပြီး အပျက်
စီးမတွေ့ရချေ။ သွေးအစအန အနည်းငယ်ပေကျံနေသည်ကို ဇနီးမော
နှစ်ယောက်သုတ်သင်လိုက်ကြသည်။ ထိုသည် နောက်ဝယ် ဦးအေး
နှင့် ဒေါ်ကြူသင်းတို့သည် ထိုကိစ္စကို ခေါင်းထဲမှာ တတ်နိုင်သလော
မေ့ပျောက်ထားလိုက်ကြသည်။

ခင်မင်သည့် မိတ်ဆွေများ အိမ်အလည်ရောက်လာသည့်
သားသမီးတွေ အကြောင်းကိုအားရဝမ်းသာ ဂုဏ်ယူပြောရသည်ကို
မောင်နှံနှစ်ယောက်လုံး များစွာ နှစ်ခြိုက်ပီတိဖြစ်ကြသည်။

"သားကြီး မောင်မောင်ချိုကလေ အခု သိပ္ပံဘာသာ
အောင်ရင်ဆေးတက္ကသိုလ်ကိုဆက်မှာ သားကပါရဂူဘွဲ့ရ ဆရာဝန်ကြီ
သိပ်ဖြစ်ချင်နေတယ်"



"ဟုတ်တယ်၊ ကျုပ်တို့လည်း သားမောင်မောင်ချို ဆရာဝန်ကြီး
ဖြစ်တော့မှပဲ နေထိုင်မကောင်းဖြစ်တော့မယ်ဗျာ အခုတော့ ဖျားချင်တာ
ကာင် အောင့်ထားလိုက်အုံးမယ်"

ဟူသောစကားကို ဇနီးမောင်နှံနှစ်ယောက် အလှအယက်ပြော
ကြသည်။ ထိုအခါ ဆရာဝန်ဆိုသောစကားကြောင့် ဒေါက်တာစောဝင်း
အကြောင်းကို မိတ်ဆွေတွေက စကားရသွားကာ ဒေါက်တာစောဝင်းလို
ထားမြင့်မြတ်သည့် ဆရာဝန်မျိုး ဖြစ်စေလိုကြောင်း ပြောကြသည်။

ဦးအေးဟန်နှင့် ဒေါ်ကြူသင်းတို့သည် ဒေါက်တာစောဝင်း
အကြောင်း ကြားလိုက်ရလျှင် နားထဲမှာ ကြားရကပ်လှသည်။ ချက်ချင်း
ကားဖြတ်ကာ တခြားအကြောင်းကို စကားဦးလှည့်လိုက်ကြသည်။
နှင့်ပင် ဒေါက်တာစောဝင်းတစ်ယောက် လူ့လောကကြီးထဲက ရင်နာ
ယ်အဖြစ်မျိုးနဲ့ ပျောက်ကွယ်သွားခဲ့သည်မှာ သုံးလကျော်လေးလခန့်
ကြာခဲ့လေပြီ။ ဦးအေးဟန်နှင့် ဒေါ်ကြူသင်းတို့ပင် ထိုကိစ္စကို မေ့သ
လောက်ဖြစ်နေခဲ့လေပြီ။

×××××

သားကြီး မောင်မောင်ချိုနှင့် သမီးငယ်ခင်သီတာတို့ ကျောင်း
က်ရန် သွားကြပြီ၊ ဇနီးမောင်နှံ နှစ်ယောက်နံနက်စာကို မြိတ်ယှက်စွာ
းပြီးကြရသောအခါ ရေခဲသေတ္တာထဲမှာ နို့မလိုင်နှင်းချင်းဖြင့် လုပ်ထား
သော စတော်ဘယ်ရီ ရေခဲမုန့်ကို ဒေါ်ကြူသင်းက ယူထုတ်လိုက်သည်။

"အစ်ကို ထမင်းစားပြီး အချိုလေး တဲလိုက်အုံး သားနဲ့သမီး
အတွက်ပါပို့ပြီး အများကြီးလုပ်ထားတယ်။ သားနဲ့သမီးက ဒီလိုရေခဲ
မုန့်မျိုးဆို သိပ်ကြိုက်ကြတယ်"

ဒေါ်ကြူသင်းကပြောပြီး ဦးအေးဟန်ကို တစ်ပန်းကန်ပေးခါ
သူကိုယ်တိုင် တစ်ပန်းကန်စားနေသည်။ ဦးအေးဟန်က ရေခဲမုန့်ကို
ည်းစိမ်ခံစားရင်း

"အေးကွယ် သားနဲ့သမီးကိုလည်း သနားလှပါပြီ။ ကျောင်း တက်ရတာ သိပ်ကသိလင်တာ နိုင်တာပဲ"

ဟု သားသမီးများကို ကြီးမားသော ဂရုဏာဖြင့် ငြီးငြီးငြြြ ပြောလိုက်သည်။

"ဟုတ်တယ်အစ်ကို ကျောင်းရောက်အောင်ဘတ်စ်ကားက နှစ်ဟန် ပြောင်းစီးရတာ ဟိုဘက်မှတ်တိုင်နဲ့ ဒီဘက်မှတ်တိုင်ကို လမ်းဖြတ်ကူး စီးရတာ သိပ်ဒုက္ခရောက်တာဘဲ၊ မော်တော်ကား တွေက လည်း အမောင်းသိပ်ရမ်းတာဘဲလို့ သမီးကပြောတယ်၊ ရှေ့လဆန်းဆို ရင် သူတို့စာမေးပွဲက စစ်တော့မှာပါ။ ဒီရက်အတွင်းတော့ စိတ်မချမ်း မသာနဲ့ သားနဲ့သမီးမော်တော်ကားဘေးက ကင်းဝေးပါစေလို့ ဆုတောင်း နေရမှာဘဲ"

ဒေါ်ကြူသင်းက စိတ်မချမ်းသာဟန်ဖြင့်ပြောသည်။ ထိုအခိုက် အိမ်ရှေ့မှာ သုံးဘီးကားတစ်စီး ထိုးရပ်လိုက်သည်။ ဧည့်သည်ဖြစ်လေ သလားဟူသော အတွေးဖြင့် နှစ်ယောက်သား ကြည့်နေကြစဉ်မှာ သမီးခင်သီတာ ရှိုက်ကြီးငင်ကြီး အော်ဟစ်ငိုကြွေးကာ အိမ်ထဲသို့ ပြေးဝင် လာသည်။

"ဟဲ့ သမီးဘာဖြစ်လာတာလဲ"

"ဘာဖြစ်လို့လဲဟင် . . . နင့်အကိုရော . . ."

ဦးအေးဟန်နှင့် ဒေါ်ကြူသင်းတို့ ဆိတ်လန့်စွာ တစ်ယောက် တစ်ခွန်းမေးလိုက်ကြသည်။

"အကို သေပြီ၊ ဟိုမှာ မော်တော်ကားတစ်စီးက တိုက်သတ်သွား တယ်၊ ဆေးရုံကိုယူသွားကြပြီ"

ငိုရင်းရှိုက်ရင်း ဗလုံးဗထွေးပြောလိုက်သော ခင်သီတာစကား ကြောင့် ဒေါ်ကြူသင်းသည်



"ဟင် . . ."

ဟူသော စကားတလုံးသာထွက်နိုင်ပြီး အနီးရှိ ဆိုဖာပေါ်သို့ ၇ခွေစွာ လဲကျသွားသည်။

ဦးအေးဟန်ကား ဇနီးသည်ကို မကြည့်အားသေး။ သမီးဖြစ်သူ သာ လိပ်ပတ်လည်အောင် မေးနေသည်။ ထိုအခါမှ သားနှင့်သမီး ည် ဘတ်စ်ကား ပြောင်းစီးရန် လမ်းတစ်ဘက်မှတ်တိုင်သို့ ဖြတ်အကူး အရှိန်ပြင်းစွာ မောင်းလာသော ကိုယ်ပိုင်မော်တော်ကားတစ်စီးက တိုက်သွားကြောင်း။ မောင်မောင်ချိုမှာ နေရာတွင်ပွဲချင်းပြီး သေဆုံး သွားကြောင်း၊ မော်တော်ကားက မောင်းပြေးသည့်အတွက် မမိလိုက်ဘဲ ဘ်သွားကြောင်း။ မောင်မောင်ချိုအလောင်းကို ဆေးရုံသို့ယူသွားပြီ ဖြစ်ကြောင်းကို စုံစုံစေ့စေ့သိလိုက်ရသည်။

ဦးအေးဟန်သည် လက်သီးကို တင်းကြပ်စွာဆုပ်ကာ တောက် ခေါက်ရင်း မျက်ရည်ပေါက်ကြီးများ တလိမ့်လိမ့်ကျဆင်းလာသည်။

"ငါ့သားကို တိုက်သတ်သွားတဲ့ ကားခရိုင်ဘာ ထမင်းဝဝစား ားပေ့ား နင့်ကို မိရင်တော့လား၊ ငါ့လက်နဲ့ ငါ့ကိုယ်တိုင်အမှုန့်ချေပစ် ယ်"

ပြင်းထန်သော ဒေါသ၊ နာကျည်းသောစိတ်ဖြင့် ဦးအေးဟန်က ပြောပြီး အသံမထွက်နိုင်တော့ဘဲ ဆိုဖာပေါ်မှာ ခွေလဲနေသော ဒေါ်ကြူ သင်းကို သားအဖနှစ်ယောက် တွဲယူလိုက်သည်။

"လှာ . . . ငါတို့ဆေးရုံလိုက်သွားကြရအောင်၊ မော်တော်ကား သွားထုတ်လိုက်အုန်းမယ်"

ဦးအေးဟန်က ပြောပြီး၊ မော်တော်ကားကို ကြာမြင့်စွာသိမ်း ားသည့် ကားရုံထဲက မောင်းထုတ်လာသည်။ ထိုအချိန်မှာ သူတို့ သားစုသုံးယောက်လုံး စိတ်ထဲတွင် ဤမော်တော်ကားဖြင့် ဓါက်တာ

ဓာဝင်းကို တိုက်သတ်ခဲ့ပြီး အဖမ်းမခံဘဲ ထွက်ပြေးလာခဲ့သည်ဟူသော အကြောင်းကို လုံးဝသတိမရကြတော့ချေ။ သူတို့စိတ်တစ်ခုလုံးသည် မောင်မောင်ချိုကို တိုက်သတ်သွားသည့် ကားမောင်းသူကို အစိမ်းဝါးစား ချင်လောက်အောင်ပင် ဒေါသဖြစ်နေခြင်း၊ မောင်မောင်ချိုအတွက် အသည်းနှလုံး ကြေမြွန်းလုမျှ ပူဆွေးနေရခြင်း၊ ဆေးရုံကိုအမြန်ဆုံး ရောက်လို ကြခြင်း၊ သား၏ရုပ်ကလာပ်ကို ကြည့်လိုကြခြင်း စသည့်စိတ်တွေကသာ သူတို့၏အသိဉာဏ်ကိုရော နှလုံးသားကိုရော ဦးနှောက်ကိုရော ဖုံးလွှမ်း ထားကြသည်။

ဆေးရုံကြီးဝင်းထဲ တစ်နေရာတွင် မော်တော်ကားကို သော့ခတ် ရပ်ထားခဲ့ပြီး မိသားစုသုံးယောက် မောင်မောင်ချို၏ ရုပ်ကလာပ်ရှိရာ သို့ အပြေးအလွှားသွားကြသည်။ ကြီးမားသော ပူဆွေးသောကတွေကို ရင်ဖွင့်သွန်ချကြပြီးသောအခါ ရာပနကိစ္စအတွက် စီရင်ရန်အရေးရှိသေး သည်ကြောင့် မိသားစုသုံးယောက် အိမ်ပြန်ရန် မော်တော်ကားရပ်ထား သည့်နေရာသို့ ပြန်လာခဲ့ကြသည်။ သူတို့မော် တော်ကားအနားတွင် ဂုဏ်သရေရှိ လူကြီးလူကောင်းသုံးယောက်ရဲနှစ် ယောက်နှင့်ရဲအရာရှိ တစ်ယောက်ကို တွေ့လိုက်ကြရသည်။

"ဒါ လူကြီးမင်း မော်တော်ကားလား ခင်ဗျာ" ရဲအရာရှိက ယဉ်ကျေးစွာမေးသည်။

"ဟုတ်ပါတယ်"

ဦးအေးဟန်က ဖြေသည်။

ရဲအရာရှိသည် မော်တော်ကားရှေ့ ဘန်ပါအတွင်း ဘက်ကြား ထဲတွင်ညပ်နေသော အဝတ်စုတ်ကလေးတစ်ခုကို ဆွဲထုတ်လိုက်သည်။ ဦးအေးဟန်တို့ မိသားစုသည် ရဲအရာရှိ ပြမူနေပုံကို သဘောမပေါက်ချေ



သို့ကြောင့် ရင်ထဲက ပူဆွေးသောကအရှိန်ကလည်း ရှိနေသည်ကြောင့် ဘာမှမေးမြန်းခြင်းမပြုဘဲ ကြည့်ရှုသာကြည့်နေကြသည်။

ရဲအရာရှိသည် ဘန်ပါကြားထဲက ဆွဲထုတ်လိုက်သော အဝတ် စုတ်လေးကို ဖြန့်လိုက်သောအခါ အဝတ်စုတ်လေးမှ သွေးကွက်အ ခြောက်တွေကို တွေ့ရသည်။ ထို့နောက် ရဲအရာသည်ရှိရဲသားတစ်ယောက် လက်ထဲမှာ ကိုင်ထားသော အဖြူရောင် တက်ထရွန် ရှပ်အကျီကို ဖြန့် လိုက်သောအခါ ရှပ်အကျီတစ်နေရာဝယ် ပိတ်သားစုတ်ပြတ်သွားသည့် အပေါက်ကြီးကို တွေ့ရသည်။ ထိုအပေါက်နေရာတွင် ဦးအေးဟန်၏ မော်တော်ကားရှေ့ဘန်ပါကြားမှ ဆွဲထုတ်လိုက်သည့် အဝတ်စုတ်ကလေး ကို ထည့်လိုက်သောအခါ အပေါက်နေရာနှင့် အဝတ်စုတ်သည် အံကိုက် ဖြစ်နေသည်ကိုတွေ့ရသည်။

ထိုအခါမှ ဦးအေးဟန်ကို သဘောပေါက်ကာ မျက်နှာတွင် သွေးဆုတ်သလို ဖြူလျော့သွားသည်။ ရဲအရာရှိက ရေလည်စွာရှင်းပြ သည်။

"ဒေါက်တာဓာဝင်းကို တိုက်သတ်သွားစဉ်က အစိမ်းပုတ် ရောင်၊ ဘိုပယ်ကား၊ မောင်းသူက ဆံပင်ဖြူဖြူလို့ ရဲမှတ်တမ်းမှာ ရှိနေ ပါတယ်။ အခုလူကြီးမင်းရဲ့ မော်တော်ကားလို့လည်း လုံးဝမသိခဲ့ပါဘူး ကျွန်တော်တို့ တာဝန်တစ်ခုကြောင့် ဆေးရုံကိုရောက်လာခိုက် လူကြီး မင်းရဲ့မော်တော်ကားကို တွေ့တော့လည်း သံသယမဖြစ်မိသေးဘူး။ ဟောဒီခလေးတစ်သိုက်က လူကြီးမင်းမော်တော်ကား နားကပ်ပြီး ဟိုနှိုက် ဒီကိုင်လုပ်နေကြတော့ မော်တော်ကားပစ္စည်းဖြုတ်တတ်တဲ့ ကလေးလေး တွေ ဖြစ်နေမလားလို့ သတိထားကြည့်လိုက်တဲ့အခါ"

ရဲအရာရှိက စကားပြောရင်း သူ့အနားမှာရှိနေသော ဆယ်နှစ် ရွယ် ခလေးတစ်ယောက်ကိုညွှန်ပြပြီး ဆက်ပြောသည်။

"ဟောဒီကလေးက လူကြီးမင်း မော်တော်ကားရှေ့ ဘန်ပါကြားထဲက ဒီအဝတ်စကို ဆွဲထုတ်ဖြန့်ကြည့်နေတာ မြင်ရတာ၊ အဝတ်စမှာလည်း သွေးကွက်အခြောက်တွေလို မြင်ရတော့ ဒေါက်တာစောဝင်းကိုမော်တော်ကားတိုက်စဉ်က ရဲမှတ်တမ်းကို ချက်ချင်းသတိရပြီး ဒေါက်တာစောဝင်းကိုယ်ပေါ်က ချွတ်ယူပြီး ရဲဌာနက သိမ်းထားခဲ့တဲ့ ရှပ်အင်္ကျီကို အမြန်ပြန်ယူခိုင်း၊ လူကြီးမင်းကားကရတဲ့ အဝတ်စုတ်စနဲ့ ဆက်ကြည့်လိုက်တော့ အခုလူကြီးမင်းမြင်တဲ့အတိုင်း တွေ့ပါတယ်၊ လူကြီးမင်းကလည်း ဆံပင်ဖြူနေတယ် မဟုတ်ပါလား။ အဝတ်စကို ဆွဲထုတ်ယူတဲ့ကလေးရော ဟောဒီလူကြီးလူကောင်းသက်သေတွေရော မျက်မြင်ဖြစ်နေပါပြီ၊ ဒါကြောင့် ကျေးဇူးပြုပြီး လူကြီးမင်းရော မော်တော်ကားရော ရဲဌာနကို ကျွန်တော်တို့နဲ့ အတူလိုက်ခဲ့ပါဗျာ"

ရဲအရာရှိက ယဉ်ကျေးစွာ ရှင်းလင်းပြောပြပြီးရဲဌာနသို့ လိုက်ပါရန်ခေါ် လိုက်သည်။

ဦးအေးဟန်သည် မြင်းလိုသောဆန္ဒ လုံးဝမရှိတော့ချေ။ ပညာအရာမှာ ဘာမှမဖြစ်လောက်သေးသည့် သူ့သားကိုပင် သူ၏မှု နှမြောခြင်း၊ သားဆုံးရှုံးရသည့်အတွက် ခံပြင်းခြင်း၊ ဒေါသဖြစ်ခြင်း၊ လက်စားချေလိုခြင်း၊ အသည်းနှလုံးပြုတ်ကြွေလုမှုပူဆွေးသောကဖြစ်ခြင်း တို့ကို ခံစားနေရသေးလျှင် များစွာသော လူများတို့၏ မေတ္တာထားခြင်းကို ခံနေသည့်အဖိုးတန် ပညာရှင်တစ်ယောက်ဖြစ်သော ဒေါက်တာစောဝင်းကို ဆုံးရှုံးခံလိုက်ရသော ဒေါက်တာစောဝင်း၏ မိဘတွေရင်ထဲမှာ မည်မျှ ထုတည်ကြီးမားစွာ ခံစားရမည်ကို ကိုယ်ချင်းစာလိုက်မိတော့သည်။

သွေးကွက်ခြောက်တွေ စွန်းထင်းပေကျံနေသော ဒေါက်တာစောဝင်း၏ ရှပ်အင်္ကျီကို မျက်တောင်မခတ်စိတ်ထိခိုက်စွာ ကြည့်နေရာမှ ဓနီးသည်ဘက်သို့လှည့်ပြီး ပြောလိုက်သည်။



"မကြူ သားကိစ္စ အားလုံးပြီးစီးအဆင်ပြေအောင် မင်းဘဲ စီစဉ်လိုက်ပေတော့၊ ငါ့ရဲ့မကောင်းမှု အပြစ်ဒဏ်ကို ငါ မငြင်းမဆန်ခံပါတော့မယ်၊ အင်း ပြုသူမှာအသစ် ဖြစ်သူမှာအဟောင်းတဲ့ မော်တော်ကား မဆင်မခြင် အရှမ်းမောင်း၊ တစ်ဘက်သားမှာ ထိခိုက်နာကျင်သေဆုံးသွားရင် ကိုယ်ချင်းစာကြင်နာစိတ် မထားဘဲပြစ်ပြစ်ခါခါ သဘောထား၊ ကိုယ်တိုင်ခံစားရတော့မှ ဆတ်ဆတ်ခါအောင်ဖြစ်၊ အိပ်မြှောင် အမြီးပြတ်သလို ဆွေ့ဆွေ့ခုန်ခံစားကြ ဒေါသဖြစ်ကြတဲ့ ငါလိုလူမျိုးတွေ ရှိနေသမျှ ကာလပတ်လုံး ဒီသံသရာကြီး ဘယ်တော့ဆုံးတော့မှာလဲ၊ ငါ့သားကို တိုက်သတ်သွားတဲ့လူ ငါလိုအဖြစ်မျိုးမကြုံပါစေနဲ့ကွယ်"

ဦးအေးဟန်သည် ဒေါသစိတ်ဖြင့် ကျိန်ဆဲသလိုမေတ္တာပို့ခြင်းမျိုးမဟုတ်ဘဲ တကဲ့စေတနာဖြင့် လှိုက်လှဲစွာပြောရင်း မျက်လုံးထဲတွင် ပြည့်လျှံလာသော မျက်ရည်တွေကို အံ့ကြိတ်ထိန်းကာ ရဲအရာရှိ ခေါ်ရာနောက်သို့ လိုက်ပါသွားသည်။

ခင်သီတာသည် သတိလစ်လုနီးပါး ဖြစ်နေသော မိခင်ကို ပိုက်ပွေ့ထားရင်း ဖခင်ထွက်ခွာသွားရာကို မျှော်ကြည့်ကာ သည်းထန်စွာ ရှိုက်ငင်ငိုကြွေးလိုက်တော့သည်။ ။

မဝင်းမြင့်
၁၉၇၇၊ ဇူလိုင်
(စစ်ပြန်မဂ္ဂဇင်း)

# စုလုံးကန်းသူ

ခင်ပွန်းသည်ဖြစ်သူ ဦးနိုင်အောင် ကွယ်လွန်ချိန်ကဆိုလျှင် ဒေါ်သုဇာအသက်သည်ခုနစ်ဆယ်ပြည့်ရန် သုံးလမျှသာ လိုတော့သည်။

"မသုဇာ . . . မင်းကိုငါစိတ်မချဘူးကွာ၊ ငါသေရင်ဘယ်လိုဖြစ်မလဲ မင်း . . . ခက်သေးတယ်"

ဦးနိုင်အောင်သည် ဒေါ်သုဇာကို ဤစကားမျိုး မကြာခဏ ပြောလေ့ရှိသည်။ ဦးနိုင်အောင်နှင့် ဒေါ်သုဇာတို့သည် သူတို့ချင်းလည်း ချစ် နှစ်ဖက်မိဘတွေကလည်း သဘောတူသည့်အလျောက် ရှေးခေတ်အခါနှင့် လျော်ညီစွာ တင့်တင့်တယ်တယ် လက်ထပ်ပေါင်းသင်းလာခဲ့ကြသော ရှေးလူကြီး ဇနီးမောင်နှံဖြစ်သည်။

ဒေါ်သုဇာက နာမည်နှင့်လိုက်အောင် ရုပ်ရည်ချောမောလှပသည်၊ အနေအထိုင် အေးလွန်းနူးလွန်းသည်၊ ခင်ပွန်းသည် ဦးနိုင်အောင်ရှာဖွေလုပ်ကိုင်ရသမျှကိုမှ စည်းကမ်းတကျ ထိန်းသိမ်းစောင့်ရှောက်စုဆောင်းတတ်သည်။

နှစ်ဘက်မိဘတွေက လက်ဖွဲ့လိုက်သည့် ပစ္စည်း၊ ဦးနိုင်အောင်၏ ကြိုးစားမှုတို့ကြောင့် ပစ္စည်းဥစ္စာသည် တဖြည်းဖြည်း တိုးပွားလာခဲ့သည်။ ယခု ပေါက်ဖွားထားသော သားနှစ်ယောက်၊ သမီးနှစ်ယောက်သည်သူတို့သဘောကျ ဘဝကြင်ဖော်ရှာဖွေယူကြသည်ကို ဦးနိုင်အောင်နှင့် ဒေါ်သုဇာတို့သည် မည်သို့မျှ အပြစ်ဆိုခြင်း တားဆီးကန့်ကွက်ဖျက်ဆီးခြင်းမပြုဘဲ . . .

"အေးလေ . . . မင်းတို့နဲ့ ပေါင်းရမှာပဲ၊ မင်းတို့နှစ်သက်လို့ စိတ်ချမ်းသာမှုဖြစ်ရင် ပြီးတာပေါ့"

ဟူသော စကားကိုသာ ဇနီးမောင်နှံနှစ်ယောက်ကြည်ဖြူစွာ ပြောသည်၊ ပေးသင့်ပေးထိုက်သည့် အရင်းအနှီးငွေကြေးကို ထုတ်ပေး



လိုက်သည်၊ ကိုယ့်ဘဝကြင်ဖော်နှင့်ကိုယ်၊ မွေ့လျော်သည့်နေရာမှာ ကိုးအိမ်ခွဲနေစေသည်၊ သားသမီးများကလည်း မိဘတွေ ထုတ်ပေးသည့် ငွေကြေးဖြင့် သူတို့ဘဝကို သူတို့ထူထောင်ကာ သီးခြားခွဲနေကြသည်။

ဦးနိုင်အောင်နှင့် ဒေါ်သုဇာတို့အသက် ခုနစ်ဆယ်နားနီးလာသည့်အခါတွင် သူတို့အိမ်ကြီးပေါ်မှာ သူတို့အဘိုးကြီး အဘွားကြီးနှစ်ယောက်ထဲသာ ရှိနေကြတော့သည်၊ ကျန်းမာရေး ချို့ယွင်းစပြုလာသော ဦးနိုင်အောင်က ဒေါ်သုဇာ၏ အကဲကိုကြည့်ကာ အထက်ပါအတိုင်း ပြောနေခြင်းဖြစ်သည်။

"ဘာဖြစ်လို့ စိတ်မချတာလဲ ကိုနိုင်အောင်ရယ် . . . ကျွန် . . . လူမမယ်ခလေးငယ်မှ မဟုတ်တာ"

ဒေါ်သုဇာက အေးအေးဆေးဆေးပင် ပြန်မေးသည်။

"မင်း အဲဒီလို အေးစက်စက် ပြုမူပုံတွေကြောင့် ငါစိတ်မချတာပေါ့ကွ၊ မင်းနဂိုအနေက နိုးရာ အေးရာမှာအခု အသက်ကြီးလာတော့ ဘနိုးအအေးပေါ်မှာ ထုံထိုင်းတာကပါ ပိုလာပြီ"

ဦးနိုင်အောင်က ပြောသည်။

"ကျွန်က ဘယ်လိုများ ထုံထိုင်းနေလို့ပါလိမ့်၊ ပြောစမ်းပါဦး၊ ကိုနိုင်အောင်ရဲ့"

"တော်တော်လဲ နားဝေးတဲ့ မိန်းမပါလား၊ သဘောမပေါက်နိုင်ဘဲကို ဖြစ်နေတာ၊ မင်းသားသမီးတွေနဲ့ ပါတ်သက်လာရင် မင်းထုံလွန်းအိုင်းလွန်းတယ်၊ အကင်းမပါးဘူး၊ ယုံလွန်းအားကြီးတာကို ပြောနေတာ မသုဇာရဲ့"

"အော် . . . ဖြစ်ရလေ ကိုနိုင်အောင်ရယ်၊ ကျွန်တို့ရင်သွေးရင်နှစ် သားရင်းသမီးရင်းတွေပဲ၊ ဒီသားသမီးတွေကိုမှ မယုံရရင် ရှင်နဲ့ ကျွန်ဘယ်သူ့ကို ယုံရမှာလဲ ရှင်ရယ်၊ ပြောစမ်းပါဦး"

"စကားပုံရှိတယ် မသုဇာ၊ ကျွန်ကိုယုံတော့ တစ်ဘက်ပဲကန်းတယ်ကွဲ့၊ သားသမီးကိုယုံရင် စုံလုံးကန်းတယ်လို့ စကားပုံရှိရက်နဲ့

မင်းသိပ်ယုံလွန်းတာ မကောင်းဘူး"

ဒေါ်သူဇာသည် ခင်ပွန်းသည်က သားသမီးတွေနှင့် ပါတ်သက်ပြီး ပြောနေသည်ကို နားမလည်နိုင်အောင်ဖြစ်နေသည်၊ ဦးနိုင်အောင်သည် သားသမီးတွေကို ချစ်ခင်ကြင်နာရာမှာ ဒေါ်သူဇာထက်ပင်ပိုကြောင်းသည်ကို ဒေါ်သူဇာသိခဲ့ပါသည်၊ သို့သော် သားသမီးတွေ အိမ်ထောင်ကျပြီး အိမ်ခွဲသွားကြပြီးနောက်မှ ဤစကားမျိုးကို မကြာခဏ ပြောလေ့ရှိခဲ့သည်၊ ထို့ကြောင့် ဒေါ်သူဇာနားမလည်နိုင်အောင် ဖြစ်နေရသည်။

"ပြောပဲ ပြောစမ်းပါအုန်း"

"ပြောမယ်လေ၊ မင်းသားသမီးတွေ . . ."

ဦးနိုင်အောင် စကားမဆုံးမီ ဒေါ်သူဇာကဖြတ်၍

"ပြောပြန်ပြီလား ကျုပ်တစ်ယောက်ထဲ မွေးတာမဟုတ်ပါဘူးလို့ . . ." ဟု ဆိုလိုက်သည်။

"အေးပါလေ . . . ကဲ တို့ သားသမီးတွေ အိမ်ထောင်မကျခင် အပျိုလူပျို လူလွတ်တွေဘဝမှာ တို့နှစ်ယောက်ကို ဆက်ဆံပြုမူပုံတွေ ပြုစု လုပ်ကိုင်ပေးပုံတွေဟာ ဘယ်လောက် ချစ်စရာကောင်းလဲ မသူဇာ၊ အင်မတန် မိဘကို ကြင်နာကြတယ်ကွဲ၊ အိမ်ထောင်ကျကြပြီး၊ သူတို့ ဇနီးတွေ ခင်ပွန်းတွေနဲ့ ကိုယ်စီဖြစ်လာကြတော့ တို့ကို ပြောဆိုဆက်ဆံပုံ ပြောင်းမသွားဘူးလား၊ ပြုစုယုယမှု လျော့မသွားဘူးလား"

ဟု ဦးနိုင်အောင်က မေးသည်။

"ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အပြစ်တင်စရာမလိုဘူးထင်တယ်၊ အိမ်ကလည်း ခွဲနေကြပြီဟုတ်လား၊ သူတို့စီးပွားရေးနဲ့ သူတို့ သားသမီးအရေးနဲ့ဆိုတော့ တစ်ခါတစ်ရံမှ လာနိုင်ကြတယ်၊ လာတဲ့ အခါလည်း သူတို့ကိစ္စတွေက ရှိနေတော့ ဘယ်ကြာကြာနေနိုင်ကြမှာလဲ ကြာကြာမနေနိုင်ကြတော့ မပြုစုနိုင်ကြဘူးပေါ့ ကိုနိုင်အောင်ရဲ့"

ဒေါ်သူဇာက မိခင်ပီပီ သားသမီးတွေကို ချစ်သောစိတ်ဖြင့်



...းမကာကွယ်ပြောသည်။

"ကဲပါလေ ဒါကို ခွင့်လွှတ်ထိုက်လို့ ခွင့်လွှတ်ပါတယ်၊ လွန်ခဲ့တဲ့ ...နှင့်ငါးရက်လောက်က ငါတော်တော်ဖြစ်လိုက်တာ မင်းတစ်ယောက် ...ည်း ဘယ်လောက်ပင်ပန်းသွားလဲ ငါ့စိတ်ထဲမှာ မင်းပါလဲ ရောအောက် ...ပြီး စိတ်ပူလိုက်တာ သားတွေသမီးတွေကို အကြောင်းကြားခေါ် လိုက် ... လာတော့လာကြပါရဲ့၊ သူတို့ဘာလုပ်သွားကြလဲ"

ဤမေးခွန်းကို ဦးနိုင်အောင် မေးလိုက်သောအခါ ဒေါ်သူဇာ ...သည် ရုတ်တရက်ပြန်မပြောဘဲ ခပ်ငိုင်ငိုင်ဖြင့် အတန်ကြာ တိတ်နေ ...သည်။

ဦးနိုင်အောင် ပြောလည်းပြောစရာပင်။

ဖခင်ကြီး တော်တော်ပင် ဝေဒနာခံစားနေရသည် ဟု အ...ကြောင်းကြားလိုက်သောအခါ သားသမီးသားမက် ချွေးမတွေ ရောက်လာ...ပါသည်။ လောက်လောက်လားလား အရွယ်ရောက်နေကြပြီဖြစ်သည့် ...မြေးခိန်းခလေး မြေးယောကျ်ားလေးတွေ တစ်ယောက်မှ မပါလာကြချေ ...ငယ်နှောင်းနှောင်း ဘုစုခရုတွေသာ ပါလာကြသည်။

"ခလေးတွေက သူတို့သူငယ်ချင်းတွေနဲ့ ချိန်းထားကြလို့ ...ဘိပျက်မှာ စိုးလို့တဲ့ . . ."

"ကျောင်းစာ အရေးကြီးလို့တဲ့"

"အိမ်စောင့်မဲ့လူ မရှိဘူး၊ ဒါကြောင့် မခေါ်ခဲ့တာ"

"အိမ်သန့်ရှင်းရေး ချက်ပြုတ်ဖွတ်လျှော်ဖို့ အိမ်ဖော်မရှိဘူး ဒါ...ကြောင့် မလိုက်လာနိုင်ဘူး"

စသည့် အကြောင်းပြချက်တွေကို သားများနှင့်သမီးများက ...ကြသည်၊ ချွေးမများနှင့် သားမက်များက မည်သို့မှ ဖြေရှင်းချက် ...ပေး၊ ခပ်မဆိတ်နေကြသည်။

ဖခင်ကြီးမကျန်းမာဆိုသောကြောင့် လာသာလာကြသည်။ ...ဖွဲ့ပြီး ပါးစပ်ဦးတဲ့ရာစကားတွေကို ပြောပြသည်။ အဘိုးကြီးအမယ်

ကြီးအတွက် မည်သူကမှ စားသောက်ဘွယ်ရာဟူ၍ ယူဆောင်မလာ အဘိုးကြီး၊ အမယ်ကြီး အိမ်မှာရှိတာကိုသာစားကြသည်။ အဘိုး အညစ်အကြေးကို ကိုင်တွယ်သုတ်သင်ရန် မဆိုထားနှင့် အဘိုး တံတွေးထွေးသည်ကိုပင် ထွေးခံကိုင်ပေးဖော်မရကြချေ။

အမယ်ကြီးကသာလျှင် ထွေးချလိုက်သည့်တံတွေးကို သုတ် သည်။ ထွေးခံကို ဆေးသည်၊ အဘိုးကြီးအနားမှာ သားသမီးတွေ ရှိ နိုက် အဘိုးကြီး လဲလှယ်ထားသည့် အဝတ်တွေကို လျှော်လိုက်ဦးမည် ဆိုခါ သွားလျှော်နေသည်၊ မည်သည့် သားသမီးကမှ အဝတ်တစ်ထည် မလျှော်ပေးခဲ့ချေ။

ထိုအတွင်းကပင် ငွေလိုနေသည့်အတွက် ပိုက်ဆံပေးပါအုံ ဟု တောင်းသူကတောင်းသည်။

"ငွေပေးရင် တစ်ယောက်တည်းကိုတော့ ကွက်မပေးနဲ့ဗျ၊ အာ လုံးကိုပေးပါ"

ဟု အရေးဆိုသူက ဆိုသည်။ ဘာမှ အကူအညီလဲမပေး ဘာအဖော်မှုလဲ မရဘဲ ရှိတာစားပြီး ပိုက်ဆံတောင်းနေကြသော သားသ တွေကို ဦးနိုင်အောင်သည် အိပ်ယာထက် လဲလျောင်းရင်းက မျက်မှောင် ကုပ်ကြည့်နေလိုက်သည်၊ ထို့နောက် . . .

"အဖေ . . . နားအေးအေး တိတ်တိတ်နေချင်တယ်ကွယ် ဖြ ကြတော့ အဖေ့အတွက်စိတ်မပူကြနဲ့၊ သွားကြ၊ သွားကြ၊ ခေါ် သင့်မှ ခေါ် နိုင်းတော့မယ်"

ဟူသော စကားဖြင့် အလိမ်မာသုံးကာ နှင်လိုက်သည်။

ထိုသည့် နောက်တစ်ယောက်မှ မပေါ် လာကြတော့ပေ၊ အ ကျန်းမာရေး အခြေအနေဘယ်လိုနေသေးလဲဟု မည်သည့်သားသမီးက မမေးခဲ့ပေ၊ ဤသည်ကိုရည်စူးပြီး ဦးနိုင်အောင်က သူတို့လာတော့ လာ ပါရဲ့၊ ဘာလုပ်သွားကြလဲဟု မေးလိုက်ခြင်းဖြစ်သည်။

ငိုင်နေသော ဒေါ်သူဇာက သက်ပြင်းချပြီး ဖြေသည်။



"ဒါတော့ ရှင်လည်း အသိပဲလေ၊ ပြောစရာမလိုတော့ပါဘူး"

"အေး . . . အဲဒါကြောင့် မင်းကို စုံလုံးကန်းမယ်လို့ပြောတာ၊ သားသမီးတွေကို အားမကိုးနဲ့ မသူဇာ၊ ရေဆိုတာ စုံရေသာရှိတယ်၊ ဆန် ရေမရှိဘူးကွဲ့ သူတို့ကပေးချင်ကျွေးချင်တယ် ဆိုအုန်းတော့ သူတို့ မယား သူတို့လင်တွေကရှိနေကြတယ်၊ သူစိမ်းဖက်နေပြီ၊ ပြောစရာဖြစ်လာ ယ်၊ ဒါကြောင့် ကိုယ့်ရှိမှ ကိုယ်စားရမယ်။ သူတို့ကို မယုံစားနဲ့"

ဦးနိုင်အောင်နှင့် ဒေါ်သူဇာတို့သည် သားသမီးတွေ အိမ်ခွဲ သွားကြပြီးမှ နှစ်ယောက်တည်း ဖြစ်နေ၍ ကူဖော်လောင်ဖက် အိမ်ဖော် ခဲ့ဘူးပါသည်။ သို့သော်အဆင်မပြေနိုင်အောင် ဖြစ်နေ သောကြောင့် အိမ်ဖော်သုံးယောက် လဲပြီးသည့်နောက် စိတ်ကုန်သွားကြသည်။ အိမ်ဖော် ၍တစ်ယောက်မှ မထားကြတော့ဘဲ အဘိုးကြီးနှင့် အမယ်ကြီး ယောက်တည်းဖြစ်သလို နေလာခဲ့ကြသည်။

မိခင်အိုကြီးနှင့် ဖခင်အိုကြီးနှစ်ယောက်တည်း ကူညီမည့် မရှိဘဲ ဖြစ်သလိုနေထိုင်ကြရသည်ကို သားသမီးတွေမသိမဟုတ် သိကြ ည်။ သို့သော် . . .

"အဖေနဲ့အမေကို အတူလာနေပြီး၊ ပြုစုလုပ်ကိုင်ပေးပါ မယ် းဝရိတ်ကိုတော့ အဖေနဲ့အမေက ထုတ်ပါနော်"

အဘိုးကြီးအမယ်ကြီးနှစ်ယောက်တည်း စားသောက်ကုန်ကျ ည့်က ဖြစ်လောက်သည်မဟုတ်။ အမည်ခံပြုစုရန် လာနေမည့်သား း-မ-သမီး သားမက်အိမ်ထောင်စုတစ်စုကပင် လူတွေဆယ်ယောက် က်မနည်း၊ ဤလူစုတွေကို အိုစာနာစာစုထားသည့် အထုပ်လေးထဲက ်ပြီး စားသုံးနေရသည့် အဘိုးကြီးနှင့်အမယ်ကြီးက နှစ်ရှည်လများ ည်သို့ တာဝန်ယူကျွေးထားနိုင်ပါမည်နည်း။

သို့ဖြင့် အပေးအယူမတည့်ဘဲ၊ အဘိုးကြီးအဘွားကြီးနှစ် ယာက်တည်း အထီးကျန်ဖြစ်နေကြသည်မှာ ကြာပေပြီ၊ ယခုအဘိုးကြီး း်မာရေးအခြေအနေ တော်တော်ဆိုးဝါးသည်ဟု အကြောင်းကြားချက်

အရ ရောက်လာကြသော်လည်း၊ ဖော်ပြခဲ့သည့်အတိုင်း ရောက်လာ စားသောက်၊ ပိုက်ဆံတောင်း၊ မရတော့မကြည်သာ ဘာမှအကူအညီမ ပေးဘဲ ပြန်ကုန်ကြလေပြီ။

သူတို့ကိုယ်တိုင် လုပ်ကိုင်ပြုစုပေးခြင်း မလုပ်လိုလျှင်မှီ လုပ်ကိုင်ပေးနိုင်သည့် အရွယ်ရောက်နေကြသည့် လောက်လောက်လား လား မြေးတွေတစ်ယောက်မှမပါလာဘဲ၊ မီးတောက်အောင်ဆော့သည့် အရွယ် ဘုစုဂရုတွေကိုသာ ခေါ်လာကြချေသည်။

မည်သို့ပင်ဖြစ်စေ၊ ယခုလို သွေးပိုင်းကြေ လေပိုင်းရောက်၊ ကျန်း မာရေးဖောက်ပြန်နေသည့် ဇရာအိုဇနီးမောင်နှံကား နီးနီးကပ်ကပ်အား ကိုးစရာဟူ၍ သူတို့ဇနီးမောင်နှံသာ ရှိပေတော့သည်။

အဘိုးကြီး ဝေဒနာသည် ထလိုက်လဲလိုက်ဖြင့် တရှောင်ရှောင် ဖြစ်နေသည်။ ကျန်းမာရေးအတွက်ငွေကို မနှမြောဘဲ စိတ်တိုင်းကျ ဆရာ ဝန်တစ်ဦးပြီးတစ်ဦးလဲကာ ကုသပါသော်လည်း၊ ကံကုန်နေ့စေ့သွားပြီ ဖြစ်သည့်အတွက်။

"မသူဇာ . . . ငါ မှာကြားပြောဆိုတာတွေကို သတိပြုပါ ကိုယ့်ဘဝအတွက် ကိုယ်စဉ်းစားပါ။ စုလုံးကန်းတဲ့အဖြစ် မရောက်ပါစေ နဲ့" ဟူသော စကားကို တဖွဖွမှာကြားရင်း၊ ဦးနိုင်အောင်သည် ချစ်လှ စွာသော ယယ်ပေါင်းဇနီး၊ ကောင်းတူဆိုးဖက် ပေါင်းသင်းလာသည့် ဒေါ်သူ ဇာ၏ လက်ထဲမှာပင်၊ ဝိညာဉ်ချုပ်သွားရှာသည်။

ဒေါ်သူဇာ၏ ပူဆွေးသောကသည် ကြီးမားလှပါဘိသည်။

"ဒီအိမ်ကြီးနဲ့ ငါတစ်ယောက်တည်း ဘယ်လိုနေရပါမလဲ နာဖျားမကျန်းဖြစ်ရင် ခက်တော့မယ်"

ဒေါ်သူဇာသည် အလူးအလဲငိုကြွေးခြင်းကို မပြုသော်လည်း စိတ်အလွန်အမင်းထိခိုက်နေသည်ကိုမူ၊ သားသမီး၊ ချွေးမနှင့် သားမက် များက သေချာစွာသိကြသည်။ ထို့ကြောင့် သားသမီး၊ သားမက်၊ ချွေးမ များ၏ အမူအရာ အပြောအဆို ဆက်ဆံပုံများသည် အဘိုးကြီးရှိစဉ်က



နှင့်မတူ၊ အရေခွံချွတ်ချလိုက်သလို လုံးဝပြောင်းလဲသွားသည်ကို ဒေါ်သူ ဇာအံ့ဩစွာ တွေ့ရမြင်ရသိရသည်။

"အမေအားရှိအောင် သမီးတမင်ဂရုစိုက်လုပ်ထားတဲ့ ပုတင်း လေး၊ မြည်းကြည့်ပါအုန်းအမေ" ဟူသော ချွေးမ၏ ယုယကြင်နာသံ

"အမေ့အတွက် နိုင်ငံခြားပန်းသီးငှလေး၊ တစ်လုံးကို ဆယ့်ငါး ကျပ်တောင်ပေးရတယ်၊ အခုမှ သင်္ဘောကဆင်းလာတဲ့ လူတစ်ယောက် ဆီက ဝယ်လာခဲ့တာ၊ လတ်ဆတ်လိုက်တာအမေရယ်၊ ခဲတွင်းပေါက် အောင်စားနော်၊ ကျွန်တော်အခွံခွာလိုက်မယ်" ဟူသော ဂရုတစိုက်ရှိလှ သည့် သားမက်၏အသံ . . .

"ယောဒါ . . . အမေသောက်ဘို့ဟောလစ်၊ မှောင်ခိုဈေးက တစ်ဘူးရှစ်ဆယ်တောင် ပေးခဲ့ရတယ်၊ အမေ့ကို အသက်ရှင်နေခိုက် အားပါးတရပြုစုကျွေးမွေးတော့မယ်လို့ ဆုံးဖြတ်ပြီး ဈေးကိုမတွက်ဘဲ ဝယ်လာတာ" ဟူသော သမီး၏အသံ . . .

"အမေ့အတွက် အားဆေးလေ၊ ရှာလိုက်ရတာအမေရယ်၊ ဆေး ဆိုင်တွေကိုနှံ့ရော၊ ဘယ်မှာမှမရဘူး။ နောက်မှ ခင်နေတဲ့သူငယ်ချင်း တစ်ယောက်ဆီက တောင်းတောင်းပန်ပန်နဲ့ ဆွဲလာခဲ့ရတာ၊ အားရှိ အောင်အမေမှန်မှန်သောက် ကုန်ရင်အားမနာနဲ့ အားဆေးရှာဖို့ ကျွန်တော်တာဝန်ထား" ဟူသော သား၏အားရစဖွယ်ကောင်းသောအ သံ . . .

ဒေါ်သူဇာသည် အဘိုးကြီးကို လွမ်းသည့်စိတ်ပင် ပျောက်ကွယ် လုနီးဖြစ်သွားသည်။ ဒေါ်သူဇာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ကြည်နူး လိုက်သည့်ဖြစ်ခြင်း၊ ကျေနပ်လိုက်သည့်ဖြစ်ခြင်း၊ အားကိုးလိုက်သည့် ဖြစ်ခြင်း၊ သားသမီး၊ သားမက်၊ ချွေးမများသည် ဒေါ်သူဇာထံက တစ်ပြား မှ မတောင်းယူ၊ သူတို့အိပ်ထဲကထုတ်ပြီး ပြုစုကျွေးမွေးနေကြခြင်းဖြစ် သည်။

ဒေါ်သုဇာသည် ဝမ်းမြောက်ကြည်နူးခြင်းကို အတိုင်းမသိခံစားနေရသည်။

အဘိုးကြီးဆုံးပြီး နှစ်လနီးပါးကြာသည့်တိုင်အောင် သားသမီး ချွေးမ သားမက်များ ညအိပ်ညနေအတူနေပြီး စောင့်ရှောက်ပြုစုကြသည်။ အားပေးနှစ်သိမ့်ကြသည်၊ ဂရုစိုက်ကျွေးမွေးကြသည်၊ နှစ်လနီးပါးကြာလာသောအခါ၊ သားသမီး၊ ချွေးမသားမက်များက တစ်ညီတစ်ညွတ်တည်း အကြံဉာဏ်ပေးကြသည်။

"အမေရယ် . . . ကျွန်တော်တို့က အိုးအိမ်ခွဲတွေဆိုတော့ ကျွန်တော်တို့စီးပွားရေး၊ နောက်ပိုင်းမှာ အိမ်ကိုကြည့်ရှုထိန်းသိမ်းရေး ပစ်ထားလို့မဖြစ်တဲ့ ကိစ္စတွေကရှိနေတော့၊ အမေ့နားမှာ အချိန်ပြည့်မနေနိုင်ကြဘူး။ အမေတစ်ယောက်တည်းကိုလည်း ပစ်မထားရက်ဘူး။ ဒါကြောင့်ကျွန်တော်တို့အိမ်ကို အမေပြောင်းလိုက်ခဲ့ပါ" သားကြီးကဆိုသည်။

"ဟုတ်ပါတယ်အမေ ကျမလည်းပြောမယ်လို့ဘဲ အမေ့ကိုအနားတာနဲ့ ပြောမထွက်လို့ပါ။ ကျမတို့အိမ်ကို ပြောင်းနေနော်၊ အမေလိုက်မယ်ဆိုရင် အခုချက်ချင်းပြောင်းလိုက်နိုင်အောင် စီစဉ်မယ်" သမီးကြီးကဆိုသည်။

"ဟာ . . . မမကြီးတစ်ယောက်တည်းက မေမေ့ကိုအပိုင်စီးလို့ဘယ်ရမလဲ၊ မာတာပီတုဂုဏောအနန္တောတဲ့၊ အမေ့ကျေးဇူးကို ကျွန်တော်တို့လည်း ဆပ်ချင်တယ်လေ၊ အမေတစ်အိမ်ထဲမှာ တော့မနေနဲ့နော်၊ မိဘကျေးဇူးမဆပ်လိုက်ရလို့ ကျွန်တော်အပါယ်အကျမခံနိုင်ဘူးဗျ" သားငယ်ကဆိုသည်။

"သားနဲ့သမီး မတူဘူးအမေရေ့ သမီးအိမ်ကမှ အမေ့အတွက်ပိုရင်းတာ၊ အငယ်ဆုံးသမီးမို့ အမေအချစ်ဆုံးလို့ပြောဘူးတယ်၊ ကျမအိမ်ကို အမေလိုက်ခဲ့ရမယ်" သမီးထွေးကပြောသည်။



သားသမီးတွေက အနန္တကျေးဇူးရှင် မိခင်ကြီးကို သူကျွေးမည်၊ ပြုစုမည်ဟူ၍ ကျေးဇူးအလွန်အမင်းဆပ်လိုနေသည့်အတွက် အငေမ ဖြစ်နေကြသည်ကို ဒေါ်သုဇာသည် ပီတိဖြစ်စွာ ပြုံးသောမျက်နှာဖြင့် သားသမီးတွေမျက်နှာကို ကြည့်နူးစွာ တစ်လှည့်စီကြည့်နေသည်။

ထိုအခါ သားမက်နှစ်ယောက်နှင့် ချွေးမနှစ်ယောက်က ကောင်းဆုံးအကြံဉာဏ်ပေးကြသည်။

"အမေက ချွေးမရယ်သားရယ်မခွဲခြားဘဲ၊ အတူတူချစ်တယ်ဆိုတာသိပါတယ်၊ အမေသာအခုလိုက်ရင် ကျွန်တော်တို့ကျမတို့က အခုခေါင်းပေါ်ရွက်ပြီး ပင့်ခေါ်သွားကြမှာပါ။ ဒါပေမဲ့ တစ်ဦးတစ်ယောက်တည်းအိမ်မှာ အမေနေလို့ ကျန်လူတွေက မပြုစုရရင် ကြေနပ်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျွန်တော်တို့ကျမတို့ အကြံပေးချင်ပါတယ်" ချွေးမများ သားမက်များကဤအမိပွါယ်မျိုးထွက်သော စကားကို တညီတညာတည်း ပြောကြသည်။

"ဟုတ်တယ်၊ ကဲ . . . ဘယ်လို အကြံဉာဏ်မျိုးလဲ၊ ပြောကြပါဦးတုန်း" ဒေါ်သုဇာကကြည်နူးစွာမေးသည်။

ထိုအခါ ချွေးမများနှင့်သားမက်များက ဤသို့အကြံဉာဏ်ပေးကြသည်။

ဒေါ်သုဇာအနေဖြင့် ဤအိမ်ကြီးမှာ တစ်ယောက်တည်းနေ၍ ...သည့်နည်းနှင့်မှမဖြစ်နိုင်ကြောင်း သားသမီးတွေကလည်း ပြောခဲ့သည့် ...တိုင်း အချိန်ပြည့်နေ့ရက်ရှည်လျားစွာ မလာနိုင် မနေနိုင်ကြောင်း ...အပြင် ဒေါ်သုဇာသည် အသက်အရွယ်အိုမင်းမစွမ်းဖြစ်လာသည် ...ဖြင့် ဇရာအိုတို့ထုံးစံအတိုင်း တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုသလို အနာ ...ရောဂါကလည်း တွေကောင်းတွေမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပစ္စည်းဥစ္စာ၊ အိုးအိမ်၊ ရွှေငွေရတနာအတွင်းပစ္စည်း ...တွေကို ဒေါ်သုဇာ လက်ဝယ်ထားလျှင် မေ့မေ့လျော့လျော့ဖြင့် ပျောက်ဆုံး ...နိပါက သားသမီး ချွေးမ သားမက်များအနေဖြင့် တစ်ယောက်

တစ်ယောက် သံသယဖြစ်ပြီး၊ စိတ်ဝမ်းကွဲစရာ ဖြစ်လာနိုင်ကြောင်း၊

သို့အတွက် ဒေါ်သုဇာသည် ဤအိမ်ကြီးကို ရောင်းချ သားသမီးများကို အချိုးကျခွဲဝေပေးလိုက်လျှင် သင့်လျော်မည်။ လက်ဝ ရှိထားသည့် အတွင်းပစ္စည်းရွှေငွေရတနာတွေကိုလည်း သားသမီးမျာ မျက်နှာစုံညီစုပုံခွဲဝေပေးလိုက်လျှင် ကောင်းမည်။ ဒေါ်သုဇာအနေ သားသမီးချွေးမသားမက်များ၏ စေတနာကို လက်တွေ့သိနေပြီဖြစ်သ အတွက် နေရေးစားရေးလုံးဝ ပူပန်စရာမလိုတော့ကြောင်း၊

မွေးကျေးလူကို ဆပ်လိုသောသားသမီးများ၊ ချွေးမသားမက်မျ က ဒီအမေအိုကြီး အသက်ထင်ရှားရှိနေစဉ်မှာ အားပါးတရ ကျွေးမွေးပြ ကြမည်သာ ဖြစ်သောကြောင့် အစ်ကိုအကြီးဆုံးအိမ်ကစပြီး အမေ့ကို တစ်အိမ်မှာ သုံးလစီ၊ အိမ်ဦးခန်းမှာ ရှိသေစွာထားပြီး ပြုစုကျွေးမွေးသွ ကြမည်၊ ဤနည်းဖြင့် အမေအသက်ရှိစဉ် ကျေးဇူးဆပ်ကြလျှင်ကော မည်။ ဟူသော အကြံဉာဏ်ကို ချွေးမများနှင့် သားမက်များက ပြော သည်။

သူတို့အသက်ပေးချစ်သော ဇနီးများ ခင်ပွန်းများက အ အမင်းကောင်းသော အကြံဉာဏ်ကို ပေးကြသောအခါ သားနှစ်ယော နှင့်သမီးနှစ်ယောက်ကလည်း ချွင်းချက်မရှိ သဘောတူယောက်မ သည်။

ဤအကြံအတိုင်းလိုက်နာခြင်းသည် အမေ့အတွက် အကော ဆုံးဖြစ်ကြောင်း သားသမီးများ နောင်သံသရာကောင်းအောင် တစ်အိ သုံးလစီ ကြွေရောက်ချီးမြှင့်ခြင်းဖြင့် သားသမီးများကို နတ်ရွာနိဗ္ဗာ ရောက်အောင်ကယ်တင်ပါမည့်အကြောင်း ဝိုင်းဝန်းတောင်းပန်ကြသ နဂိုလ်ပင် အတိုင်းအဆမရှိအောင် ချစ်လာခဲ့သည့် မိဘမေတ္တာကြော ဒေါ်သုဇာသည် သားသမီးများစိတ်ချမ်းသာရေး၊ နောင်သံသရာကော ရေးကို မြော်တွေးထောက်ရှုကာ သားသမီးချွေးမ သားမက်များ ပေးသ အကြံဉာဏ်အတိုင်း လိုက်နာရန် ဦးခေါင်းကို ညိမ့်ပြလိုက်သည်။



ဝမ်းသာလွန်းမက ဝမ်းသာကြသည့် သားသမီးချွေးမ သားမက်များက ဒေါ်သုဇာကို ဝိုင်းဝန်းပွေ့ပိုက်နမ်းရှုံ့ကြသည်၊ ဒေါ်သုဇာသည် ကြည်နူးဝမ်းသာလွန်းသည့် မျက်ရည်တွေစီးကျလာရှာသည်။

"အဘိုးကြီးရေ . . . သားသမီးချွေးမသားမက်တွေက ကျုပ်ကို ဘယ်လောက်များ ကြင်နာကြ၊ ဂရုစိုက်ကြတယ်ဆိုတာ လာကြည့်လှည့် စမ်းပါအုန်း" ဟု ပင်စိတ်ထဲက တမ်းတပြောလိုက်မိသည်။

xxxxx

သားသမီး ချွေးမ သားမက်များသည် သူတို့ကတိပြုထားသည့် အတိုင်း ပထမသုံးလစီမှာ ဒေါ်သုဇာကို ဦးခေါင်းပေါ် ရွက်ထားမလိုတ မယ်၊ ဂရုစိုက်ကြသည်၊ ပြုစုယုယကြသည်၊ ဆီဦးထောပတ် ကောင်းနိုး ရာရာကို အထူးစီမံချက်ပြုတ် ကျွေးမွေးကြသည်၊ ဆေးဝါးကို သို့လေသေး မရှိ ရှာဖွေပေးထားကြသည်။

ပထမသုံးလစီစေ့သွားပြီး၍ ဒုတိယသုံးလအကြိမ်အဖြစ် သားအကြီးဆုံးအိမ်သို့ တစ်ပါတ်ပြန်လည်လာခဲ့သည်။ ထိုအခါ ချွေးမဖြစ် သူသည် ယခင်သုံးလကလိုဂရုမစိုက်တော့ချေ။ ပြုစုယုယခြင်းလည်း မရှိ တော့၊ ကောင်းကောင်းမွန်မွန်လည်း ကျွေးမွေးခြင်းမပြု ဒေါ်သုဇာ ဖြစ်ကတတ်ဆန်းစားနေရသည့် ထမင်းတလုပ်ကိုပင် အနိုင်ကျင့်လာအောင် စုဆောင့်သည်။ တာဝန်ကြီးလေးကြောင်း ရက်ရှည်လများ သည်းမခံနိုင် ကြောင်း၊ ပြုစုလုပ်ကိုင်ပေးရသည်မှာ ပင်ပန်းကြောင်း အိမ်မှာ အား အဖော်မှမရဘဲ ငုတ်တုတ်ထိုင်စားနေကြောင်း၊ ကိုယ့်အဝတ်ကိုယ်လျှော် ကိုယ့်ထမင်းထည့်စား၊ ကိုယ့်ပန်းကန်ကိုယ်ဆေးဟူသော အဆင်းမှာ ကြောသည့်စကား၊ ရက်စက်သည့်စကား၊ မိုက်ရိုင်းသည့်စကားတွေကို ပြောလာသည်။

မယားဖြစ်သူက မကြည်ဖြူသောအခါ ဒေါ်သုဇာသားကလည်း အမေကို မေးမြန်းကြည့်ရှုခြင်း၊ ဂရုစိုက်ခြင်းမရှိတော့ချေ၊ မယားမျက် နှာလို မျက်နှာရဖြစ်အောင် သူကိုယ်တိုင်ကပင် မယားနည်းတူ စူအောင် ပြောဆိုခြင်းမျိုး လုပ်လာသည်။

"ကဲ . . . သားကြီးရယ်၊ အမေ့ကို သားလတ်အိမ်ကိုသာ ပို့ပါတော့ကွယ်" ဟူသော စကားကို ဒေါ်သူဇာကပြောသောအခါ သားကြီးနှင့်ချွေးမကြီးတို့သည်၊ မိနစ်ပင်မဆိုင်းတော့ဘဲ၊ ချက်ချင်းပင် ပို့လိုက်ကြသည်။ သားလတ်နှင့် ချွေးမလတ်ကလည်း ထူးမခြားနား၊ ပိုလို့တောင်ဆိုးသည်ဟု ဒေါ်သူဇာထင်လိုက်သည်။ သို့နှင့် ကြာကြာမနေနိုင်တော့ဘဲ တပတ်လောက်ရှိလျှင် သမီးကြီးအိမ်ကို ပြောင်းခဲ့ရသည်။ သမီးကြီးက သားနှစ်ယောက် ချွေးမနှစ်ယောက်လို စူးဆောင့်ပြောဆိုခြင်း မပြုသော်လည်း ကြည်ကြည်သာသာသာမရှိချေ။

"သားသမီးချင်းအတူတူ ကျမကချည်း တာဝန်ယူကြွေးနေရမယ်ဆိုတာတော့ မဟုတ်သေးပါဘူး၊ အမေ့ပစ္စည်းကို ကျမက သူတို့ထက် ပိုရထားတယ်ဆိုရင်တော့ ဟုတ်သားပေါ့၊ အတူတူရကြတာခြင်းဘဲ၊ ဘာကြောင့်ကျမကို တာဝန်ပိုပေးရတာလဲ" ဟူသော စကားမျိုးကိုမူ ပြောသည်။ ကျွေးမွေးပြုစုရာမှာ သားနှင့်ချွေးမတို့ ပြုမူလိုက်သည့်စံချိန်ကို မမှီသော်လည်း ဒေါ်သူဇာအဖို့ စိတ်ချမ်းသာမှု မရရှာတော့ပေ၊ သားမက်ဖြစ်သူကလည်း လုံးဝအရေးလုပ်မေးမြန်းပြောဆိုကြည့်ရှုခြင်း မရှိတော့သည့်အပြင် ဒေါ်သူဇာကြားအောင် တမင်ပြောသလားမသိ၊ ဇနီးဖြစ်သူကို အသုံးစာရင်းစစ်သည်။ ငွေကြေးအသုံးစွဲစည်းကမ်းမဲ့သော မိန်းမ လင်ယောက်ျားရှာဖွေသည့်ပစ္စည်းကို နောက်ပိုင်းက လူပိုတွေတင်ထားပြီး ကျွေးပစ်နေသည် ဟူသောစကားမျိုးကို တွင်တွင်ပြောတော့သည်။

သမီးကြီးကလည်း မိခင်ကြီးကို မကြည်ဖြူတော့သောကြောင့် လင်ပြောသမျှကို နားချိုပြီး နှုတ်ဆိတ်နေခြင်းလား၊ လင်ကိုကြောက်ရသည့် အတွက် ငြိမ်နေခြင်းလား၊ ဒေါ်သူဇာအမှန်ကို မသိသော်လည်း သူတို့ အိမ်ပေါ်မှာ မိခင်အိုကြီးကို လက်မခံလိုတော့ကြောင်းကိုမူ ဒေါ်သူဇာ သေချာစွာ သိနေပြီဖြစ်သည်။

သမီးအငယ်ဆုံးဖြစ်သောကြောင့် အချစ်ဆုံးဖြစ်ခဲ့သော သမီးထွေးအိမ်ကိုသာ ပို့ပေးပါတော့ဟု ဒေါ်သူဇာက ဆိုသောအခါ သမီးကြီးသည် လုံးဝတားဆီးခြင်းမပြုဘဲ၊ ချက်ချင်းပို့ပေးလိုက်သည်။



ထိုအချိန်မှာ ဒေါ်သူဇာသည် မျက်စေ့နာနေသည်၊ မျက်စေ့နာနေခြင်းကို သမီးကြီးသိပါသည်၊ သို့သော် အရေးတယူကြည့်ရှုခြင်း မျက်စဉ်းခပ်ပေးခြင်း မလုပ်ခဲ့၊ ကျွေးသည့်ထမင်းဟင်းကလည်း ဒေါ်သူဇာမျက်စေ့ကို အကြောင်းမပြုဘဲ၊ သူတို့စားသည့် ဟင်းနှင့်သာကျွေးသည်။ ကျွေးသည့်ဟင်းနှင့်မစားဘဲ တည့်သည့်အစားအစာလေးလုပ်နိုင်လျှင် အပြောအဆို ခံရလေ့ရှိသည့်အတွက် ဒေါ်သူဇာက ဘာမှမပြောတော့ဘဲ၊ ထမင်းချည်းသာ စားရသည့်အကြိမ် မနည်းတော့ချေ။

စိတ်ဆင်းရဲမှုကြောင့် ညအချိန်မှာအိပ်မပျော်၊ အဘိုးကြီးပြောခဲ့စဉ်က မယုံခဲ့မိသည်ကို နောင်တရခြင်းဖြင့် ငိုမိမျက်ရည်ကျမိ၊ ထိုအခါ မျက်စေ့နာက ပို၍သာဆိုးလာတော့သည်။ မျက်စဉ်းဝယ်စရာ လက်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ချေ။ သမီးထွေးအိမ်ကို မြေးငယ်တစ်ယောက်က ဆိုက်ကားဖြင့် လိုက်ပို့သည်။

"ဟော့ ကောင် . . . ပြန်ခေါ်သွား၊ သူ့သမီးမရှိဘူး၊ ခရီးထွက်နေတယ်" အိမ်ရှေ့ကို ဆိုက်ကားရပ်လိုက်လျှင်ပင်၊ . . . သားမက်အငယ်က အမောပြေစေမည့်စကားမျိုးဖြင့် ဆီးနှင်လိုက်သည်။ သမီးထွေးကမူ တကယ်ဘဲခရီးထွက်နေသလား၊ ရှိလျက်နှင့် လင်ကိုကြောက်ရသောကြောင့် မထွက်ဝံ့မခေါ်ဝံ့၍လားမသိ၊ အရိပ်အရောင်ပင် မမြင်ရချေ။ အိမ်ပေါ်တွင်မူ သားမက်အငယ်၏ ဆွေမျိုးတွေကို တွေ့နေရသည်။

"ကျွန်တော်တို့အိမ်ကအလှည့်ပြီးလို့ လာပို့တာဗျ" လိုက်ပို့သည့်မြေးငယ်က ပြန်အော်သည်။

"အေးပါ . . . သူ့ သမီးမှမရှိဘဲ၊ ငါလက်မခံနိုင်ဘူး၊ သူ့ သားအကြီးဆုံးအိမ်ကို သွားပို့ချေ" လိုက်ပို့သော မြေးငယ်သည် တဖြစ်တောက်တောက်ပြောဆိုရရှတ်ခါ ဒေါ်သူဇာ၏ သားအကြီးဆုံးအိမ်သို့ လိုက်ပို့သည်။ ဒီတစ်ကြိမ်တော့ သူ့တာဝန်ကုန်ပြီဟု မှတ်လေသလားမသိ၊ အိမ်ရှေ့ရောက်ပြီး ဒေါ်သူဇာဆိုက်ကားပေါ်က ဆင်းသည်နှင့်တစ်ပြိုင်နက် နောက်ကြောင်းကို တစ်ချိုးတည်းလစ်ပြေးလေတော့သည်။

သားကြီးက မွေးသောမြေးငယ်တစ်သိုက်က ကစားနေကြသည်။ ဒေါ်သူဇာကို မြင်သောအခါ ဝိုင်းပြီးဖက်ကြတွယ်ကြ၊ စကားပြောကြ၊ အိမ်ပေါ်ကိုလှမ်းခေါ်ကြ၊ သားကြီးအရိပ်အရောင်မမြင်ရ၊ ချွေးမကြီးကထွက်လာသည်။

"အမွှားကြီး၊ ဒီအိမ်မှာ လူ့အဝင်အထွက်မရှိရဘူးတဲ့ ဗေဒင်ဆရာ ပြောထားတယ်၊ ခြေနှစ်ချောင်းလက်ခံရင် အဖွားကြီးသား ဆင်းရဲလိမ့်မယ်လို့ ဟောထားလို့ တခြားအိမ်မှာ သွားနေချေ" ဤစကားကိုသာ ပြောပြီး သူ့ခလေးနှစ်ယောက်ကိုခေါ်ယူကာ အိမ်တံခါးကိုပိတ်လိုက်သည်

ဒေါ်သူဇာသည် အယုခံသည့်စကား တစ်ခွန်းမှမပြောတော့ဘဲ သားလတ်အိမ်ကို ခြေလျင်လျှောက်လာခဲ့၏ ။ အချိန်လွန်နေပြီဖြစ်၍ ထမင်းကလည်းဆာ၊ ရေကလည်းငတ်၊ မွန်းတည့်ခြစ်ခြစ်တောက်ပူသည့် နေပူရှိန်ထဲမှာ ဖိနပ်စုတ်လေးစီးပြီး ထီးမပါဘဲ၊ အဝတ်ထုပ်လေးကို မနိုင်မနင်း ခေါင်းပေါ်တင်လာခဲ့ရသော ဒေါ်သူဇာသည် သားလတ်အိမ်ရှေ့ရောက်သောအခါ ရုတ်တရက်မဝင်ဝံ့သေးဘဲ၊ အိမ်ရှေ့သစ်ပင်အောက်မှာ ခြေကုန်လက်ပန်းကျစွာ ထိုင်နေလိုက်ရသည်။

မျက်စေ့က ပိုဆိုးလာသည့်အပြင် အပူရှပ်သွား၍လားမသိ ရေမကောင်းဘဲဖြစ်လာသည်။ မောလွန်းသောကြောင့် ရင်ကိုလက်ဖြင့်ဖိကာ ကောင်းစွာမကြည့်နိုင်သောမျက်လုံးဖြင့် အိမ်ဘက်ကိုအားယူကြည့်လိုက်သည်။ မှုန်မှိုင်းရီဝေသောမြင်ကွင်းထဲမှာ ကလေးတစ်ယောက် သူ့ရှိရာသို့ ပြေးလာသည်။ အနားရောက်သောအခါ ထိုကလေးသည် သူ့သားလတ်၏ ကလေးဖြစ်နေကြောင်းသိရသည်။

"အဘွား . . . တစ်ယောက်တည်းလား၊ နေအုန်း၊ ကျွန်တော် အမေ့ကို သွားပြောအုန်းမယ်" ကလေးက ပြောပြောဆိုဆို အိမ်ဘက်သို့ ပြန်ပြေးသွားသည်။ ဒေါ်သူဇာသည် မျှော်လင့်ကြီးစွာဖြင့် စူးလွန်းကြိမ်း



လွန်းသောမျက်လုံးကို မှိတ်ကာစောင့်နေခိုက်၊ သူ့သားလတ်သူ့အနားရောက်လာသည်။

"ကျွန်တော့်အိမ်အလှည့်မဟုတ်သေးဘဲနဲ့ ဘာလာလုပ်တာလဲ" သားလတ်၏မေးဟန်နှင့်လေသံက ဒေါ်သူဇာရင်ဝကို ဆောင့်ကန်လိုက်သလိုဖြစ်သွားသည်။

"ဒေါ်ပေါ်ကွယ်၊ သမီးထွေးအိမ်အလှည့်ပါ၊ သူ့ယောကျ်ားက သမီးထွေးခရီးသွားနေခိုက်မို့ လက်မခံနိုင်ဘူးပြောတာနဲ့ သားကြီးအိမ်သွားတယ်၊ ခြေနှစ်ချောင်းလက်မခံရဘူးလို့ ဗေဒင်ဟောထားတယ်တဲ့၊ ဒါကြောင့် . . ." ဒေါ်သူဇာစကားမဆုံးမီ၊ သားလတ်ကဖြတ်ပြောလိုက်သည်။

"အလကားလိမ်တာ၊ ခင်ဗျားသမီးဘယ်မှမသွားဘူး မနက်က ဘဲဈေးထဲမှာ အိမ်ကမိန်းမနဲ့ တွေ့လာခဲ့သေးတယ်။ သူ့ယောကျ်ားဘက်က ဆွေမျိုးတွေတစ်ပြုံကြီး အိမ်ပေါ်တင်ထား ကျွေးနေရတယ် သူ့ယောကျ်ားကို ကြောက်နေရလို့ ခင်ဗျားကိုလက်မခံနိုင်တာ" ဒေါ်သူဇာ၏ ဖူးရောင်နီရဲနေသော မျက်လုံးထဲကမျက်ရည်တွေသည် တားဆီးမရကျလာ ကြသည်။

"အမေ ဘယ်ကိုသွားပြီး ဘယ်မှာနေရမှာလဲသားရယ်" ဒေါ်သူဇာဤမျှသာပြောနိုင်တော့သည်။ ဒေါ်သူဇာသည် ကြေကွဲစွာ ရှိုက်၍ရှိုက်၍ သည်းထန်စွာငိုကြွေးလိုက်ရှာသည်။

"အမေမျက်စေ့လည်း နာနေတယ်၊ ဖျားလည်းဖျားနေတယ် သားရယ်" ဒေါ်သူဇာက ငိုရှိုက်ရင်းပြောလိုက်သည်။

"ဟုတ်လား"

သားလတ်ကပြောပြီး ဆိုက်ကားတစ်စီးလှမ်းခေါ်လိုက်သည်။ ထို့နောက် ကစားနေသောသူ့သားကို

"အဖေဆေးရုံသွားဖုန်းမယ်သား၊ မင်း မေမေမေးရင်ပြော လိုက်" ဟု မှာကြားကာ ဒေါ်သူဇာကို ဆေးရုံသို့ပို့ပြီး ငုံ့ကွက်ခြင်းကင်း စွာ မျက်နှာလွှဲခဲ့ပြစ်ထားခဲ့လေတော့သည်။

xxxxx

ဒေါ်သူဇာ၏ သားအကြီးဆုံး အိမ်ပြင်ဆောက်သည်။အိမ်က တော်တော်လေး ခေတ်ဆန်လှပသည်။ သားအကြီးဆုံးဇနီးက ကြွားဝင့် လိုသောစိတ်ကြောင့် သူ့အိမ်ကိုလာကြည့်ပါဟု ယောင်းမများ မတ်များ ကို ဖိတ်ခေါ်သည်။ ထို့ကြောင့် သားကြီးအိမ်မှာ ညီအစ်ကိုမောင်နှမတွေ အားလုံး စုကြဆုံကြသည်။ သူတို့က မွေးထားသည့် သားသမီးတွေအား လုံး လိုက်ပါလာကြသည်။

အိမ်ပေါ် ဝါးရုံတာမှာ အေးအေးလူလူ ဖျာခင်းပြီး လူကြီးတွေက စကားပြောနေကြစဉ်မှာ ကလေးတွေက အိမ်ရှေ့သစ်ပင်ရိပ်မှာ ကစား နေကြသည်။ ကြုံတောင့်ကြုံခဲ ဤတစ်ကြိမ်မှာ ညီအစ်ကိုမောင်နှမလေး ယောက်က မွေးထားသည့်ကလေးတွေ အစုံအညီဆုံနေကြသည်။ ထို့ကြောင့် ရွယ်တူချင်းစုပြီး စကားပြောကြ၊ ကစားကြရာမှာ အိမ်ရှေ့သစ် ပင်အောက်တွင် စကားနေကြသော ကလေးတစ်သိုက်ကို အိမ်ပေါ်ဝါး ရုံတာမှာ စကားပြောနေကြသည့် မိဘတစ်သိုက်က ကောင်းစွာလှမ်းမြင် နေရသည်။

"ဟဲ့ ဟဲ့ . . . အဲဒါဘာလုပ်ကြတာလဲ ဟင် ဘယ်လိုကစား နေကြတာလဲ" .

ထူးခြားသော ကစားနည်းကို စကားပြောနေရာမှ လှမ်းကြည့် သတိထားလိုက်မိသော ဒေါ်သူဇာ့သားကြီးကမေးလိုက်သည်။ ထိုအခါ အားလုံးသောသူတွေကပါ ဝါးရုံတာပေါ်မှ ငုံ့ကြည့်လိုက်ကြသည်။



ကလေးမလေးတစ်ယောက်က စက္ကူစုတ်တွေ အဝတ်စုတ်တွေ စုစည်းထားသောအရာကြီးကို အဝတ်ထုပ်ကြီးသဖွယ် ဦးခေါင်းပေါ်မှာ ရွက်ထားသည်။ မျက်လုံးကိုမှိတ်ထားသည်။ ကျန်ကလေးတွေက လေးစု ခွဲပြီးထိုင်နေကြသည်။ အထုပ်ကြီး ဦးခေါင်းပေါ်ရွက် မျက်စေ့မှိတ်ထားပြီး အဘွားကြီး ကိုသရုပ်ဆောင်လုပ်ထားသော ကလေးမလေးက နိုးနိုးနဲ့နဲ့ဟန် မျိုးဖြင့် လေးစုခွဲထိုင်နေကြသော ကလေးတွေထံ တစ်စုပြီးတစ်စုသွားပြီး နေပါရစေဟု တောင်းပန်နေသည်။ လေးစုခွဲထိုင်နေသော ကလေးတွေက ညည်းသူကမှလက်မခံဘဲ နှင်ထုတ်နေကြသည်။ တစ်စုကနှင်ထုတ်လိုက် ရင်း အဘွားကြီးသရုပ်ဆောင် ကလေးမလေးက ကြေကွဲစွာ ငိုဟန်ပြုလိုက် ရင်း။

ဤကစားနည်းကို သတိထားလိုက်မိသောအခါ ဒေါ်သူဇာ့သား ကြီးက လှမ်းမေးလိုက်ခြင်း ဖြစ်သည်၊ ထိုအခါ ခလေးတစ်သိုက်က တစ်ယောက်တစ်ခွန်း ဖြေလိုက်ကြသည်၊

"ကျွန်တော်တို့ အဖေတွေ အမေတွေ အားလုံးက အဘွားကို နှင်ထုတ်သလို ကစားနေကြတာ"

"မီးမီးက အဘွားနဲ့တူအောင်လုပ်တာ တူရဲ့လား

ဖေဖေ၊ အဘွား ငိုတာလို မေမေတို့လည်း တူအောင်ငိုကြနော်"

"သားသားတို့ ကြီးလာတော့လည်း ဖေဖေတို့ မေမေတို့ အဘွားကို နှင်ထုတ်သလို သားသားတို့က ဖေဖေတို့မေမေတို့ကိုနှင်ထုတ် ရတ်အောင် အခုထဲက တတ်အောင်သင်နေကြတာ"

ခလေးတွေ အဖြေကို ကြားလိုက်ကြသောအခါ . . .

သားမက်တွေနှင့် ချွေးမတွေက မျက်နှာပျက်ပျက်ဖြင့် အိမ်မြင် ကုန်ကြသည်။ သားနှစ်ယောက်နှင့် သမီးနှစ်ယောက်က ဆေးရုံသို့ပြေး

သွားကြသည်၊ သို့သော် သူတို့အဖို့ အလာကောင်းသော်လည်း အခါ ကား နှောင်းခဲ့လေပြီ။

ဆေးဝါးမတွေ့ဘဲဖြစ်လာခဲ့သော မျက်စေ့နာကြောင့် ဒေါ်သူဇာ၏ မျက်လုံးနှစ်ဘက်လုံးသည် စုံလုံးကန်းသွားခဲ့ရှာသည်။ ခံစားလာခဲ့ရသော အဖျားဝေဒနာကြောင့် ခိုကိုးရာမဲ့ အဖြစ်ဖြင့် ဆေးရုံကတာဝန်ယူပြီး သုသာန်သို့ပို့လိုက်ပြီးသည်မှာ ကာလတောင် အတော်ပင်ကြာခဲ့ပြီ။

ခင်ပွန်းသည် ဦးနိုင်အောင်၏ သတိပေးစကားကို နားမဝင်ဘဲ ကြီးမားသော ချစ်မေတ္တာဖြင့် သားသမီးတွေကို အကြွင်းမဲ့ ယုံကြည်ခဲ့သော ဒေါ်သူဇာ တစ်ယောက်ကား ဦးနိုင်အောင်ပြောခဲ့သလို သားသမီးကိုယုံ၍စုံလုံးကန်းသော ဘဝသို့ရောက်ကာ အထီးကျန် အားကိုးရာမဲ့အဖြစ်ဖြင့် လူ့လောကမှ ထွက်ခွာသွားရှာပြီကို သားသမီး၊ သားမက်၊ ချွေးမတို့ သတိတရား ရစေရန်လူမမယ် ခလေးတွေကို ကံတရားက စီမံဖန်တီးပြီးသရုပ်ဆောင်ပြလိုက် လေသလားဟု မောင်နှမလေးယောက်လုံး ထိတ်လန့်စွာ တွေးလိုက်မိကြတော့သည်။

မဝင်းမြင့်
၁၉၇၇၊ နိုဝင်ဘာ
(စစ်ပြန်မဂ္ဂဇင်း)

# မြစ်ဝေချွန်သည်

အိမ်ရှေ့မြောင်း၏ ဟိုမှာဘက်လမ်းသည် အစိုးရမြေမြှုနီစီပယ် သည် မှာ မှန်ပါသည်။ ထိုမြေပေါ်မှာ ဒေါ်ခင်မြူက သစ်ပင်စိုက်ထား စိုက်သောသစ်ပင်က ပိတောက်ပင်နှစ်ပင်နှင့် ကုံကော်ပင်နှစ်ပင်ဖြစ် ည်။ တစ်ပင်နှင့်တစ်ပင်ဆယ့်ငါးပေစီ ကွာဝေးစေပြီးစိုက်၏၊ အိမ်ဝင်း ်င်သည့် လမ်း၏အရှေ့ဘက်မှာ ပိတောက်တစ်ပင်နှင့် ကုံကော်တစ် အနောက်ဘက်မှာ ပိတောက်တစ်ပင်နှင့် ကုံကော်တစ်ပင်။

မျိုးပင်ကလေးတွေကို ဒေါ်ခင်မြူက ယုယပြုစုမြေတောင် ာက်သည်။ ရေမှန်မှန် လောင်းပေးသည်။ ပိတောက်ပင်နှင့် ကုံကော် ကလေးများက အရွက်ဝေဝေဆာဆာ အုပ်အုပ်ဆိုင်းဆိုင်းကလေးဖြင့် ာစ်ရပ်နီးပါးပင်ရှိနေပေပြီ။ အစေ့မျိုးစိုက်ပင်ကလေးများဖြစ်၍ ိုင်းမျိုးပင်နှင့်မတူပဲ အပင်နေပုံအလွန်လှသည်ကို ဒေါ်ခင်မြူကြည့်မ ာင်ဖြစ်နေရသည်။ ထိုမျှလှပ၍ချစ်စရာကောင်းသော အပင်ကလေး းသည် မည်သည့်အချိန်က နွားစားသွားသည်မသိ၊ ဒေါ်ခင်မြူ ည့်လိုက် သောအချိန်မှာ ငုံးငုံးတိုနေသော သစ်ငုတ်များသဖွယ်သာ ာ်တက် တက်ကျန်ရစ်တော့သည်ကို တွေ့ရသည်။ ဒေါ်ခင်မြူသည် ြာလွန်းသဖြင့် မျက်ရည်များပင် လည်လာမိသည်။ သစ်ငုတ်တို လေးတွေကို ဝမ်းနည်းစွာကြည့်နေစဉ်မှာ ဒေါ်ခင်မြူ့အိမ်နှင့် ်အိမ်ကျော်မှာနေသော နယ်ပိုင်ဝန်ထောက်ကတော် ဒေါ်ညွန့်ညွန့်စိန် ်းလျှောက်လာနိုက် ကြုံသွားသည်။

"အမကြီးခင် - သစ်ပင်ကလေးတွေ နွားစားသွားတာ စိတ်မ ာင်းဖြစ်နေပြီထင်တယ်"

ဒေါ်ညွန့်ညွန့်စိန်က ခြေလှမ်းရပ်ပြီးပြောလိုက်၏ ။

"ဟုတ်တယ်ညီမရယ် သစ်ပင်ကလေးတွေ နွားစားတာ နွား

ကျောင်းသမားက မြင်မှာပါဘဲ၊ တမင်မမောင်းဘဲနေတာဖြစ်ပါလိမ့်မယ်

နွားတွေစားသောက်ပြီး တိုးဝှေ့သွားသဖြင့် ယိုင်နေသော

ကုံကော်ပင်ငုတ်တိုကလေးကို ဒေါ်ခင်မြူက ပြန်လည်တည့်မတ်ရင်း ပြော

၏။

"ညွန့်အိမ်ရှေ့မှာလည်း သစ်ပင်ပန်းပင်ကလေးတွေ စိုက်ထား

သေးတယ်၊ ဒီလိုဘဲ နွားကိုဂရုစိုက်ကြည့်ရတာဘဲ အမကြီး . . . "

"အေးကွဲ့ သစ်ပင်စိုက်ရင် ဇရပ်တစ်ဆောင် ဆောက်လှူထား

နဲ့ အတူတူဘဲလို့ ရှေးလူကြီးတွေပြော ဘူးကြတယ်ညီမရဲ့၊ အေးမြ

အရိပ်အာဝါသကို ခိုလှုံရသူအဖို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ရတာ

ကိုး၊ ရှေးကလူကြီးတွေဆို လူသတ္တဝါအပေါင်းနှလုံးမွေ့လျော် ပျော်ဘွယ်

ဖြစ်အောင် ဥယျာဉ်စိုက်ပြီး လှူကြသေးတာဘဲ။ အမကြီး အခုစိုက်ထား

သစ်ပင်တွေက အစိုးရမြေပေါ် စိုက်ထားတာမှန်ပေမဲ့ ဒီသစ်ပင်တွေ

ကြီးမားဝေဆာလာရင် ပွင့်ကြဖူးကြရင် မြင်ရသူအတို့ စိတ်ကြည်နူးစရာ

မဖြစ်ပေဘူးလားကွယ်၊ လမ်းသွားလမ်းလာတွေ အမောပြေအရိပ်မခိုရ

ဘူးလားကွယ်၊ ခြောက်သွေ့ပူပြင်းတဲ့ အန္တရာယ်ကိုသစ်ရိပ်သစ်ပင် စိမ်း

စိုစိုက မကာကွယ်နိုင်ဘူးလားကွယ် . . . နွားကျောင်းသမားတွေ

ငယ်ရွယ်တဲ့ခလေးတွေဆို ရှိပါစေတော့ လူကြီးတွေကွဲ့၊ ဒီလိုမြော်မြင်

တဲ့ဉာဏ်မရှိလို့သာ ငါ့နွားတွေဘာလုပ်လုပ်ဆိုပြီး ကြောင်တောင် ကြည့်

နေကြတာပေါ့"

ဒေါ်ခင်မြူက သစ်ပင်ငုတ်တိုကလေးတွေကို ပြန်လည်မြှင့်

ရင်း လေရှည်ကြီး တစ်လျှောက်တည်းပြောနေသည်ကို နားထောင်ကော

ကောင်းရှိသည်နှင့် ဒေါ်ညွန့်ညွန့်စိန်က သူ့အိမ်ပြန်မည်ကို မပြန်သေး

ရပ်ပြီးနားထောင်နေသည် ထိုအခိုက်အကောင်ကြီး အကောင်သေး

နေသော နွားတစ်အုပ်သည် တစ်ကောင်ကိုတစ်ကောင် တိုးဝှေ့

ဒေါ်ညွန့်ညွန့်စိန် အိမ်ရှေ့ ရောက်လာကြသည်။ နွားအုပ်နောက် ခပ်လှ

လှမ်းမှ နွားကျောင်းသူလည်းဖြစ်၊ နွားပိုင်ရှင် လည်းဖြစ်သော အသ



းဆယ်ကျော်အရွယ် လူတစ်ယောက်က ကြိမ်လုံးတစ်လုံးကို ဝှေ့ရမ်းပြီး

က်လာသည်။ နွားအုပ်သည် ဒေါ်ညွန့်ညွန့်စိန်အိမ်ရှေ့ ရောက်သော

ါ အချို့သော နွားတွေက ဒေါ်ညွန့်ညွန့်စိန်အိမ်ရှေ့မြောင်း ဟိုဘက်

း အစိုးရမြေပေါ် စိုက်ထားသည့် သစ်ပင် ပန်းပင်တွေကို တိုးဝှေ့

းချစားသောက်ကြသည်။ အချို့သောနွားတွေ က ဒေါ်ညွန့်ညွန့်စိန်

င်းထရံပေါ်မှာ နွယ်တက်၍ စိမ်းစိုဝေဆာ သော အရွက် ဖြူဖွေးသော

ငွင့်များဖြင့် တင့်တယ်လှသော ဇွာမြူပန်းပင်နှင့် ငွှန်ပန်းပင်တွေကို

းရပါးရဆွဲစားနေကြသည်။ နွားကျောင်းသူ သည် သူ့နွားတွေကို

းသိမ်းဟန့်တားခြင်းမပြုဘဲ ကြည့်ကောင်းဟန် တူသည်။လမ်းတစ်ဖက်

ားရှိ ဇန်ဒါပင်ပျိုတပင် အောက်မှာထိုင်ကာ အေးဆေးစွာပင်

ည့်နေလေသည်။

ဒေါ်ခင်မြူ စကားနားထောင်နေရာမှ သူ့အိမ်ပြန်ရန် ခြေလှမ်း

မျက်နှာမူလိုက်သော ဒေါ်ညွန့်ညွန့်စိန်သည် သူ့အိမ်ရှေ့မှာ ပွဲတော်

းတွေ့နေသော နွားတစ်အုပ်ကို မြင်လိုက်သောအခါ နှုတ်မှနေပြောတ

ာရေရွတ်မြည်တမ်း၍ ခြေလှမ်းသုတ်သုတ်ဖြင့် အပြေးကလေး

သွား၏။ ဒေါ်ခင်မြူက သစ်ငုတ်တိုကလေးတွေ မြှပြင်နေရာမှ

်တတ်ရပ် မြော်ကြည့်နေလိုက်သည်။ ဒေါ်ညွန့်ညွန့်စိန်သည်

မျက်စိရှေ့မှာ တွေ့သမျှအုတ်ခဲကျိုး၊ ကျောက်ခဲ၊ တုတ်တိုတုတ်စ

ဖြင့် ပစ်ပေါက်အော်ငေါက်သောအခါမှာ ပွဲတော်တွေ့နေသော

းအုပ်က တကွဲတပြားထွက်သွားလေသည်။ မြောင်းဟိုဘက်ကမ်း

ုးရမြေပေါ်မှာ သူတယုတယ စိုက်ပျိုးထားသော (၃)ပေနီးပါး မြင့်နေပြီ

သော ပုန်းညက်ပင်သုံးပင်နှင့် စကားဝါတစ် ပင်မှာ ဒေါ်ခင်မြူအပင်

ထက် အခြေအနေဆိုးဝါးစွာ ဖြစ်နေခဲ့ကြ ပြီး ဝင်းထရံပေါ်တင်ထား

သော ဇွာမြူပင်နှင့် ငွှန်ပင်မှာ တစ်အုံလုံး ပြုတ်နေလေပြီ။

စတင် စိုက်ပျိုးသည့်အချိန်ကစပြီး တပင်တပန်းရေလောင်း

င်လာခဲ့ရသည်ဖြစ်၍ ချစ်စဖွယ်စိမ်းစိုဝေဆာသော အရွယ်ရောက်မှ

ယခုလိုဖြစ်ရသည်ကို ဒေါ်ညွန့်ညွန့်စိန်သည် နမြောခြင်း၊ ခံပြင်းခြ
ဒေါသဖြစ်ခြင်းတို့ကြောင့် မျက်ရည်များပင် ကျလာသည်။ အိမ်ဝင်
တွင်ရှိသော ထက်ပိုင်းကျိုး အုတ်ခဲတစ်ခုကို ကောက်ယူကာ ပေကပ်
နှင့် စားမြုံးနေသော နွားတစ်ကောင်၏နှုတ်သီးကို တာအားကြိုး
ယည့်လိုက်၏။ နှာခေါင်းရိုးပေါ် တည့်တည့် ချက်ကောင်းမှန်လိုက်သေ
နွားသည် ဒရောသောပါးထွက်ပြေးလေတော့သည်။

"တောက် - ဒီနွားတွေ ဖြစ်နိုင်ရင် ငါအားလုံးသတ်ပစ်
လိုက်တာနော်။ နွားကျောင်းသမားကလည်း ကိုယ့်နွားမှကိုယ်မမော
နိုင်အောင် ကြောင်တော်ကန်းနေသလားမသိဘူး။ ဒီလို စေတနာယုတ်
လို့ နေပူလည်းအတူတူ၊ မိုးရွာလည်းအတူတူ နွားကျောင်းသမားလည်း
နွား၊ နွားလည်းနွား အတူသွားအတူလာ ဖြစ်နေကြတာဘဲ . . ."

စိတ်မချုပ်တီးနိုင်အောင် ဒေါသဖြစ်နေသော ဒေါ်ညွန့်ညွန့်
က ဝင်းထရံပေါ်မှ ပြုတ်သတ်လန်ကျနေသော ခွာဖြူအနွယ်တွေ
ခွန်ပန်းအနွယ်တွေကို ပြန်လည်မတင်ရင်း ရေရွတ်ပြောဆိုနေသည်
ပြောသည့်အသံက တော်တော်လေးကျယ်သဖြင့် လမ်းတစ်ဖက်အော
ဒါပင်ပျိုရိပ်မှာကြောင့်ကြမ့်၊ တာဝန်မဲ့ထိုင်၍ သူ့နွားတွေစားသမျှ ကြ
နေသောနွားပိုင်ရှင်က မျက်နှာတင်းတင်းဖြင့်ထိုင်နေရာက မတ်
ရပ်ပြီးလှမ်းဖော်လိုက်၏။

"ခင်ဗျား ဘာစကားပြောတာလဲ ဟင် . . ."

ဒေါ်ညွန့်ညွန့်စိန်က လှည့်ကြည့်ပြီးပြန်ပြောသည်။

"ငါပြောတာဗမာစကား၊ မင်းနားမလည်ဘူးလား၊ မင်း
တွေဖျက်ဆီးသွားတာ ဒီမှာကြည့်စမ်း။ မင်းဘာ့ဖြစ်လို့နွားတွေ
မထိန်းလဲ . . ."

"ဘာကြောင့်ကျုပ်ကနွားတွေကို ထိန်းရမှာလဲ"

"ဟဲ့ - ဒီမှာ ငါစိုက်ထားတဲ့ သစ်ပင်လေးတွေကို ဖျက်ဆီး
သောက်သွားတာမမြင်ဘူးလား၊ ကြောင်တောင်ဗာန်းနေသလား . . .



ခံပြင်းစဖွယ်လေသံဖြင့် ပြောနေသောနွားပိုင်ရှင်ကို စိတ်ဆိုးလှ
ဖြင့် ဒေါ်ညွန့်ညွန့်စိန်က ဒေါသသံဖြင့်ပြန်ပြောသည်။ နွားပိုင်ရှင်က
လျှော့မပေး။ သူ့အပြစ်ကိုပြန်မတွေးဘဲ သံကုန်ဟစ်လေသည်။

"ကျုပ်မကန်းဘူး၊ ကျုပ်နွားတွေ စားတာမြင်တယ်။ တမင်မ
မောင်းဘဲကြည့်ကောင်းလို့ ကြည့်နေတာ။ အစိုးရပိုင်မြေပေါ် ကသစ်ပင်
ဗျားအိမ်ဝင်းအပြင်ဘက်ကနေပြီးစားတာ ခင်ဗျားဘာလုပ်ပိုင်ခွင့်ရှိ လဲ
ပြောစမ်း . . ."

ဥပဒေကိုတတ်သိနားလည်လှစွာဖြင့် သံကုန်ဟစ်နေသော
နွားပိုင်ရှင်ကို ဒေါ်ညွန့်ညွန့်စိန်သည် အစိမ်းဝါးစားချင်စိတ်ပင်ပေါက်လာ
သည်။

"မင်းစကားပြောတာ လူပါးဝလှချည်လားတဲ့"

"ဝတယ် ကျုပ်ထမင်းစားတဲ့လူပြီပြီ လူပါးဝတယ်၊ ခင်ဗျားဘာ
လုပ်ချင်လဲ . . ."

ဒေါ်ညွန့်ညွန့်စိန်သည် ဘာပြန်ပြောရမည် မသိတော့ဘဲ
ဘာက်ခေါက်လိုက်သည်။

"ဟား . . . ဟား . . . ဟား . . . ဟား ပြောလေခင်ဗျား
ဘာလုပ်ချင်လဲ၊ နွားစားမှာမကြိုက်ရင် ခင်ဗျားဘာကြောင့် အစိုးရပိုင်မြေ
ပေါ် ထွက်စိုက်လဲ၊ မနေနိုင်မထိုင်နိုင် ကိုယ်ပိုင်မြေမဟုတ်ဘဲ အပြင်ဘက်
အစိုးရမြေပေါ်စိုက်ပြီး ကြိမ်းလားမောင်းလားနဲ့ ခင်ဗျားအိမ်ဝင်းထဲ
ဝင်ဘဲအစိုးရမြေပေါ်မှာ နေတဲ့ကျုပ်နွားတွေကို ခင်ဗျားခဲနဲ့ပေါက်တာ
ဘောင်လွန်လှပြီ နားလည်လား . . ."

နွားပိုင်ရှင်ကား ဥပဒေကို တတ်သိနားလည်စွာဖြင့် မထေ့မဲ့
ငဲ့ လှောင်သရော်စွာ အော်ဟစ်ပြောလိုက်သည်။

"ဟော့ မင်းငါ့ကို လှောင်သလို သရော်သလိုနဲ့ သွား . . . သွား
. . . ထွက်သွား . . ."

"မသွားဘူး။ ကျုပ်အစိုးရမြေပေါ်က ပြောတာ၊ ခင်ဗျားဘယ်
အရေးယူမလဲ။ တိုင်ချင်ရာ တိုင်စမ်း။ ခင်ဗျားအိမ် တယ်လီဖုန်းရှိတယ်
ဟုတ်လား။ သတ္တိရှင်ရဲကိုခေါ် နိုင်တယ်၊ ကျုပ်ဘယ်မှမသွားဘူး။ ဟော
မှာထိုင်စောင့်နေမယ်။ ကြည့်ထား . . ."

နွားပိုင်ရှင်ကား ကြာလေ မိုက်ရိုင်းဖော်ကားလေဖြစ်လာသည်
ဒေါ်ညွန့်ညွန့်စိန်၏ ခင်ပွန်းက မွေးတက်သွားပြီး သားနှစ်ယောက်နှ
သမီးတစ်ယောက်က ကျောင်းသွားပြီဖြစ်ရာ အိမ်မှာအဖော်မိန်းခလေ
တစ်ယောက်သာရှိနေသည်ကို စဉ်းစားသောဒေါ် ခင်မြူက ဒေါ်ညွန့်ညွ
စိန်နှင့် နွားကျောင်းသမား အချင်းများနေကြသည်ကို ငေးကြည့်နေ
ထောင်နေရာမှ ဒေါ်ညွန့်ညွန့်စိန်ရှိရာ အသော့နှင်လာသည်။

"ဒီလိုမိုက်ရိုင်းတဲ့လူတွေနဲ့ ဖက်မဖြစ်ပါနဲ့ညီမရယ်၊ အိမ်
ဝင်ပါ . . ."

ဒေါ်ခင်မြူက ပြောပြောဆိုဆို အိမ်ဝင်းထဲဆွဲခေါ်လာသော
အခါ အိမ်ဖော်မိန်းကလေးက ဝင်းတံခါးကိုပိတ်လိုက်သည်။ အိမ်
ရောက်သောအခါ ဒေါ်ညွန့်ညွန့်စိန်သည် သစ်ပင်တွေကို နမြောခြ
နွားကျောင်းသားက လူပါးဝမိုက်ရိုင်းစွာ အော်ဟစ်ပြောဆိုခြင်းတို့
ခံပြင်းစိတ်၊ ရှက်စိတ်ဖြင့် . . .

"သူ့နွားတွေသေကုန်အောင် အဆိပ်ပင်တွေသာ စိုက်ထာ
လိုက်ချင်တယ် . . ."

ဒေါ်ညွန့်ညွန့်စိန်က နာကျည်းစွာပြောလိုက်သည်။

"တိရစ္ဆာန်ဆိုတာ ဘာသိတာမှတ်လို့လဲညီမရယ်၊ နွားတွေ
စိတ်မဆိုးသင့်ဘူး။ ထိန်းကျောင်းတဲ့လူကိုသာ စိတ်ဆိုးသင့်တယ်ကွဲ့"

ဒေါ်ခင်မြူက ပြောရင်းတိုတောင်းလှသော ဤတစ်ဒင်္ဂဟ
သော အချိန်ကလေးအတွင်းမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့် အချိန်
သူ့ကိုယ်တွေ့အဖြစ်ကလေးကို ရုတ်ချည်းပြန်လည် သတိရလိုက်၏
ထိုအချိန်က အသက်နှစ်ဆယ်ကျော်ရုံ ကလေးမျှသာ ရှိသေ



သည့် မခင်မြူသည် ကိုယ်ခန္ဓာက ဖျတ်လပ်သွက်လက်သလောက်
က်လည်းလျှင်မြန်ထက်မြက်သည်။ ကြောက်ရွံ့စိတ် ကင်းမဲ့၍သူ့စိတ်ထဲ
် သည်ထင်လျှင် လက်တွေ့အကောင်အထည်ဖော်တတ်သည်။ ခင်ပွန်း
ည်မှာ တပ်မတော်အရာရှိသပြေတစ်ခက် ပုခုံးထက် တင်ရသေးသည့်
ဗိုလ်ကလေး တစ်ယောက်ဖြစ်၏ ။ အခါကာလကား ရောင်စုံသောင်း
ျန်းတွေ အရှိန်ကောင်းနေဆဲ အခါကြီးဖြစ်သည်၊ ကြီးကျယ်စည်းကား
သည့် မင်းနေပြည်ဟောင်းမြို့ကြီးမှာ ရောင်စုံသောင်းကျန်းတွေ တိုက်
က်သိမ်းပိုက်ထားခြင်း ခံရသည့်အဖြစ်မှ ဗမာ့တပ်မတော်က ပြန်လည်
က်ခိုက်သိမ်းယူထားပြီးစအချိန် ဖြစ်သည်။ အခြေအနေတည်ငြိမ်စွာ
ှိသေးသောအခါဖြစ်၍ စစ်တပ်အိမ်ထောင်သည် နေရာသီးသန့်
သားနိုင်သေးချေ။ တပ်မတော် သားတို့၏ ဇနီးများသည် အဆင်မြေ
ဒေသတွင် အဆင်သင့်အောင် နေထိုင်ကြရသောအခါဖြစ်သည်၊
င်ကြောင့် မခင်မြူသည် သူ့ရပ်ရွာ ဇာတိမြို့ဆွေမျိုးရင်းချာများထံ
ွ်ရန်လမ်းခရီး မအေးချမ်းသည့်အတွက် ခင်ပွန်းသည်နှင့် အဖော် သား
င်းလို ရင်းနှီးခင်မင်သည့် ကြီးကြီးမေတို့ မိသားစုထံမှာ အခိုက်အတန့်
ထိုင်ရသည်။ ကြီးကြီးမေတို့ မိသားစုပိုင်မြို့ထဲအိမ်မှာ အစိုးရတပ်
င့်သောင်းကျန်းတပ်တို့ပစ်ခတ်တိုက်ခိုက်နေစဉ်မှာ သောင်းကျန်းသော
က်ပေလား တောကြောင်တွေလက်ချက်ပေလားမသိ ရပ်ကွက်တစ်ခု
ုံး မီးလောင်ရာပါ၍ ပြာပုံဘဝရောက်သွားပြီဖြစ်၍ မြို့ပြင်ရှိ ဘုရားတန်
ဆောင်းတစ်ခုမှာ ဘဝတူ အိုးအိမ်မဲ့များနှင့်အတူ ခိုလှုံနေကြရလေသည်၊
ိုကြောင့် မခင်မြူသည် ကြီးကြီးမေတို့နှင့် အတူဘုရားအရိပ်ခိုနေရ
ည့်အချိန်အခါဖြစ်၏။ ခင်ပွန်းသည်ကား သောင်းကျန်းတပ်နှိမ်နင်းရာ
က်လံတိုက်ခိုက်နေရ၍ မခင်မြူထံပြန်မလာနိုင်သေးချေ။

မခင်မြူတို့ ခိုလှုံနေသော ဘုရားတန်ဆောင်းကား အကယ်
်စစ်မှာ တန်ဆောင်းဟု ခေါ်ရမည့်အစား ဇရပ်ဟုခေါ်ဆိုခြင်းက ပိုမိုတိ
ကျမှန်ကန်သည်။ ပေခြောက်ဆယ်မျှမြင့်သော ကျောက်တောင်ငယ်

ကလေး၏ ထိပ်ဝယ် အလွန်အချိုးအဆက်ကျ၍ တင့်တယ်သပ္ပါယ်သော မတ်တတ်ရပ်တော်ပုံ ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူရှိသည်။ လေ မိုးလုံ တန်ဆောင်းပြာသာဒ်ဖြင့် သီတင်းသုံးနေတော်မူသော ဆင်းတုတေ ကြီးကား ဉာဏ်တော်အမြင့် ပေနှစ်ဆယ်ရှိပေသည်။ မျက်လုံးတော် တွင်း မည်းနက်နေရာတွင် မဟူရာကျောက်အစစ်ကို ထည့်ထားသ များစွာအသက်ဝင်၍ ရှိနိုးပူဇော်သူကို စိုက်ကြည့်နေသလိုလို မျက်တော ခတ်လိုက်တော့မည် လိုလိုပင် ထင်မှတ်ရပေသည်။ တောင်ငယ်ထိပ်ဖွ တန်ဆောင်းပြာသာဒ်ဖြင့် ဆင်းတုတော်ရှိနေပြီး တောင်ငယ်၏ အ တွင်ကား ကျောက်သားကိုထွင်း၍ တောင်ပတ်ပတ်လည်ဂူထွင်းထ သည်။ ပတ်လည်ဂူကြီးကို တစ်ဆက်တည်း ဒိုးယိုပေါက်မဟုတ်ဘဲ အ အကန့်ခြား၍ အခန်းဖွဲ့ထားပြီး တစ်ခန်းလျှင် တံခါးတစ်ပေါက်မှ ထိုဂူအခန်းတွေထဲက မခင်မြှုတို့လူစု ခိုလှုံနေကြရခြင်းဖြစ်သည်။

ဤကျောက်တောင်အခြေမှ အင်္ဂတေခင်းထားသော ငါးပေ ကျယ်လမ်းတစ်ခုသည် ပေသုံးရာကျော်မျှ ရှည်လျားသည်။ လမ်းအ တွင် ကုန်းယောင်ယောင်ခပ်မြင့်မြင့်နေရာ၌ မြတ်စွာဘုရား၏ ခြေတော် ပုံကို ကျောက်သားဖြင့် ထွင်းထုဖော်ထားသည်။ ခြေတော်ရာကို မိုးလေ သော တန်ဆောင်းပြာသာဒ်လုပ်ထား၏ ။ ဤခြေတော်ရာနှင့် မတ် ဆင်းတုတော်ရှိရာ စောင်းတန်းတစ်လျှောက် အင်္ဂတေခင်းလမ်းကို နိုင် သော ကျွန်းသားတိုင် သွပ်အမိုးဖြင့် ဘုရားပုထိုးလိမ်များ မိုးမစို၊ နေ ရန်ပြုလုပ်ထားသည်။ စက်တော်ရာအနီးတွင် အလှူခံဝတ်ဖြူ ဉပသကာတယောက် မတ်ရပ်ဆင်းတုတော် တောင်ခြေတွင်အ ဝတ်ဖြူဝတ် ဉပသကာ တစ်ယောက်ကို အလှူခံမှန် သေတ္တာကို ကြေးစည်ကိုယ်စီဖြင့် သက်ဆိုင်ရာ အကြီးအကဲများက လခ အလှူခံသေတ္တာကို စောင့်ကြည့်အလှူခံစေသည်။ ဆုတောင်းမေတ္တာ စေသည်။ ထိုဉပသကာနှစ်ယောက်ကား အသက်အရွယ်အားဖြင့် မခ ၏ ဦးလေးအရွယ်တွေဖြစ်၏။



ဤနေရာ ရောက်လာခိုလှုံသည့် နေ့မှစ၍ မခင်မြှုသည် ဆင်းတုတော်တောင်ခြေနှင့် စက်တော်ရာ အကူးစောင်းတန်းကို အထူးသ တိထားကြည့်နေမိသည်။ မခင်မြှုနေ့တိုင်း မြင်နေရသည်ကား . . .

အကောင် ငါးဆယ်ကျော်မည့် နွားအုပ်ကြီးသည် ဤစောင်းတန်း သို့ နေ့တိုင်းလာနေသည်။ စောင်းတန်းပတ်ဝန်းကျင်မှာ နွားစာကျက် သဖွယ် ဖြစ်နေသည်။ စောင်းတန်းသည် နွားတင်းကုပ်ဖြစ်နေသည်။ နွားများသည် စောင်းတန်း ပတ်ဝန်းကျင်တစ်ပိုက်မှာ စားသောက်၍ ဝလျှင် အေးမြသော အရိပ်အာဝါသရှိသည့် စောင်းတန်းထဲမှာ အိပ်သည့် နွားကအိပ်၊ စားမြုံ့ပြန်သည့် နွားကပြန်၊ ချေးတွေသေးတွေပါသည့်နွားက ပါဖြင့် ပိတ်ဆို့ပြည့်ညပ်၊ ညစ်ပတ်နံစော ပေလူးနေတော့၏။ နွားကျောင်း နေသည့် နွားပိုင်ရှင်က ဘုရားအရိပ်ကိုခိုလှုံရ၍ အေးမြဲဖြစ်နေသော နွားတွေအတွက် စိတ်လက်ချမ်းသာ အေးအေးလူလူအိပ်နေလေ့ရှိသည်။ ညနေစောင်းမှ သူ့နွားတွေ မောင်းပြန်သွားသည်ကိုတွေ့နေရခြင်းဖြစ်၏။

တပ်မတော်က ပြန်လည် သိမ်းပိုက်ထားပြီးဖြစ်၍ အိုးအိမ်အ ခြေအနေမပျက်မစီးကျန်ရစ်သော မြို့သူမြို့သားအနက် ရတနာသုံးပါး ရှိသေကိုင်းရှိုင်းသူများက တစ်ဦးချင်းဖြစ်စေ၊ အဖော်အပေါင်းနှင့်ဖြစ်စေ ဘုရားဖူးလာတတ်ကြသည်။ ထိုအခါ စောင်းတန်းတစ်ခုလုံးပြည့်နေသော နွားတွေကို ရှောင်တိမ်းသွားလာရခြင်း၊ တွေ့ဆိုးသောနွားက လိုက်ဝှေ့တတ် ခြင်း၊ နွားချေး၊ နွားသေးတွေကို ရှောင်မလွှဲတ်သည့်အခါ နင်းမိ၍ ပေကျံ ရခြင်း၊ ထိုထက်ပိုဆိုးသည်ကား နွားမြိုင်ကျသည်နှင့်ဆုံမိပါလျှင် ဘုရားဖူး တွေ ကသီလင်တပြေးလွှားရှောင်တိမ်းကြရသော ဒုက္ခကမသေးချေ။

မခင်မြှုသည် ဘာသာရေး အတွင်းအမြတ်ထားရာ ဘုရားတန် ဆောင်းဝယ်၊ ဤမျှလောက် နွားတွေသောင်းကျန်းနေသည်ကို တာဝန်ရှိ သော ဤဉပသကာနှစ်ယောက်က အဘယ်ကြောင့် လျစ်လျူရှုနေပါသ နည်းဟု သတိထားစူးစမ်းမိ၏။ ထိုအခါ နွားကျောင်းသူက ဤဉပသကာ

နှစ်ယောက်ကို သုံးလေးရက်မှာတစ်ကြိမ် နွားနို့တစ်ပုလင်းစီပေးကြောင်း သိမြင်လာရသည်။ အခြားနေရာများ သွားကျောင်းလျှင် ဤလိုစားကျက်ကောင်း၊ အရိပ်ကောင်း၍ ဘေးကင်းလုံခြုံမှုမျိုးမရှိဘဲ၊ အမဲပေါ်လိုသူတို့နွားတွေဆွဲမည့် အန္တရာယ်ရှိနေသည်။ သူလည်း ယခုလိုနွားတွေလွှတ်ပြီး စိတ်ချလက်ချအိပ်ပျော်မည် မဟုတ် ထို့ကြောင့် ဤမျှလောက် နွားနို့ကလေးပေးနေသည့်မှာ နည်းပင်နည်းသေးသည်။

ဘုရားဖူးတွေ စိတ်ချမ်းချမ်းသာသာ သွားလာစေလိုသော ဆန္ဒဖြင့်၊ မခင်မြှုသည် သူနှင့်စိတ်သဘောချင်းတူသူ သီလရှင်ကြီးတစ်ပါးအား ဝတ္ထုငွေကြေးနပ်အောင်ပေးလှူ၍ သူနှင့်အတူ ဘုရားစောင်းတန်းတစ်လျှောက် ညစ်ပတ်ပေရေနေသော နွားချေးတွေကို ကျုံးယူစွန့်ပစ်သည်။ ရေအထမ်းဝယ်၍ စောင်းတန်းတစ်လျှောက်ရေဆေးသည်။ တံမြက်စည်းအကြမ်းဖြင့်လှည်းသည်။ မခင်မြှုနှင့် သီလရှင်ကြီးတို့၏ တပင်တပန်းပြုလုပ်သောလုံ့လကြောင့် ဘုရားစောင်းတန်းသည် ရှုချင်စဖွယ်ပြောင်စင်သွား၏။ ဖတ်ဖတ်မောမောနေသော မခင်မြှုက ဥပသကာနှစ်ယောက်ကိုပြောသည်။

"ဒီမှာ ဦးလေးတို့၊ စောင်းတန်းတစ်လျှောက် ကျွမသန့်စင်ထားတာမြင်လား . . ."

"အင်း . . ."

ဥပသကာနှစ်ယောက်က စိတ်မပါသောအသံဖြင့် အင်းလိုက်၏။

"နွားတွေပြန်မောင်းသွားနိုက် ကျွမဆေးကြောသန့်စင်ထားတယ် . . . နော် . . . နက်ဖြန်နွားကျောင်းသမားလာရင် ဒီစောင်းတန်းထဲ နွားတွေမဝင်ပါစေနဲ့၊ ဦးလေးတို့က ဘုရားဝေယျာဝစ္စ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဘုရားဖူးတွေစိတ်ချမ်းသာမှုဖြစ်ဖို့ ဦးလေးတို့ ဂရုစိုက်ရမဲ့ တာဝန်ရှိပါတယ်"

ဥပသကာနှစ်ယောက်က မခင်မြှုစကားကို နားထဲဝေး၍ ဘယ်ထဲမှ ထည့်ဟန်မတူချေ။ မခင်မြှုစကားကို ထောက်ခံခြင်းလည်းမပြု



ငြင်းဆိုခြင်းလည်းမပြု၊ သူတို့အဖို့ တစ်နေ့တာလုပ်ငန်းပြီး၍ အိမ်ပြန်ချိန်ရောက်လာပြီဖြစ်သည့်အတွက် သူတို့ပစ္စည်းလေးတွေသိမ်းပြီး ထွက်သွားကြသည်။ မခင်မြှုကို လှည့်၍ပင်မကြည့်ကြ။

နောက်တစ်နေ့သို့ ရောက်လာ၏။ မခင်မြှုနှင့် သီလရှင်ကြီး ဆေးကြောသန့်စင်ထားပြီး စောင်းတန်းလမ်းတစ်လျှောက် နွားတွေပြည့်နေပြန်သည်။ အညစ်အကြေးတွေပြန့်ကြဲနေပြန်သည်။ ဥပသကာနှစ်ယောက်ကား သူတို့နေရာမှာ အခြေမပျက် ထိုင်နေသည်။ ဘုရားဖူးတွေထံမှ ပိုက်ဆံထွက်လာအောင် ကြေးစည်ကို အတွင်သာထုပြီး နှုတ်ကသာဓုခေါ်သံဆုတောင်းသံတွေကိုသာ အလွတ်ကျက်ရထားသမျှ ရွက်နေကြသည်။ နွားတွေနှင့်နွားချေးနွားသေးတွေကို ဂရုစိုက်ရှောင်တိမ်းသွားလာနေရသော ဘုရားဖူးတွေ၏ စိတ်မချမ်းသာမှုကိုကား လျစ်လျူရှုမြဲပင် . . .

မခင်မြှုနှင့်' သီလရှင်ကြီးတို့သည် စိတ်စေတနာကောင်းကောင်းထားပြီး စောင်းတန်းကို သန့်စင်မြဲသန့်စင်သည်။ ဥပသကာနှစ်ဦးကို နွားကျောင်းသားနှင့် နွားတွေလက်မခံရန် အကျိုးအကြောင်းပြောပြသည်။ ပင်ပန်းကြီးစွာ လူအမောခံငွေကုန်ခံ၍ ဆေးကြောသုတ်သင်သည့်မှာ ငါးကြိမ်တိတိရှိ၍မှ ဥပသကာနှစ်ဦးမည်သို့မှ မထူးခြားသောအခါ၊ မခင်မြှုသည် သူ့စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်လိုက်၏။

ဘုရားဖူးပုဂ္ဂိုလ်တစ်စု ရောက်လာ၍ မတ်ရပ်ဆင်းတုတော်ကို တက်ရောက်ဖူးမြော်ပြီး၊ စက်တော်ရာကို ကူးရန်လာကြသည်။ စောင်းတန်းတလျှောက်မှာပြည့်နေသော နွားတွေအညစ်အကြေးတွေကြောင့် စိတ်မချမ်းမြေ့ဟန်ဖြင့် ရပ်ဆိုင်းနေကြသော အခိုက်ဝယ် မခင်မြှုသည် ကြိုတင်ဆောင်ယူထားသော ထားဝယ်ကြိမ်လုံးကို ကိုင်၍လျှင်မြန်ခုန်လပ်သော ခြေလှမ်းများဖြင့်လာခဲ့၏။ မတ်ရပ်ဆင်းတုတော်ရှိရာ တောင်ခြေ၊ အလျှုခံ ဥပသကာ၏နေ့ဝင်ဘက် ကွပ်ပျစ်ပေါ်မှာ စည်းစိမ်ရှိစွာ အေးအေးလူလူ အိပ်နေသော နွားကျောင်းသားအနီးသို့ ရောက်သော၏။

နွားကျောင်းသားကား မခင်ဖြူထက် အသက်ကြီးပေသည်။ မခင်ဖြူသည် ကွပ်ပျစ်ပေါ်ခုန်တက်ခါ လက်ထဲမှာ ကိုင်ထားသော ကြိမ်လုံးဖြင့် အိပ်နေသောနွားကျောင်းသားကို စိတ်ရှိလက်ရှိ အားကြိုးခါဆက်တိုက်ရိုက်လေတော့သည်။ နွားကျောင်းသားသည် ထိတ်လန့်စွာ အော်ဟစ်၍၊ အိပ်နေရာမှ ထရန်ကြိုးစား၏။ သို့သော် အသက်ငယ်၍ အားခွန်ဗလအတော်အသင့်ရှိနေသော မခင်ဖြူ၏ ပြင်းထန်သော ကြိမ်လုံးဒဏ်ကြောင့် ရုတ်တရက် မထနိုင်အောင်ဖြစ်ခါ အတွင်သာ အော်ဟစ်နေတော့သည်။

"ဟဲ့ သူငယ်မ ဘာလို့ လုပ်တာလဲဟင် . . ."

ဆုတောင်းစာရွက်နေသော ဥပသကာကြီးက သူရွတ်ဖတ်နေသည်ကိုရပ်ဆိုင်းပြီး ဒေါသသံဖြင့်ဟန့်တား၏။ စက်တော်ရာဘက်မှာ ရှိနေသော ဥပသကာကြီးက အပြေးအလွှားရောက်လာ၏။ နွားနှင့်အညစ်အကြေးတွေကို စိတ်ပျက်နေကြသော ဘုရားဖူးပုဂ္ဂိုလ်များက ဝိုင်းအုံလာ၏။ မခင်ဖြူနှင့် လုပ်ဖော်ကိုင်ဘက် သီလရှင်ကြီးနှင့် ကျောက်ဂူထဲနေသူအချို့ကရောက်လာ၏။

"ဘယ်လိုလုပ်ရမလဲ ဘာသာရေးဆိုင်ရာ အလေးအမြတ်ထားရမဲ့ ဘုရားစောင်းတန်းတစ်ခုလုံး နွားတင်းကုပ်ဖြစ်နေလို့ နွားကျောင်းသမားကို ရိုက်နေတာ မမြင်ဘူးလား။ နွားကျောင်းသားထိလို့ ဦးလေးတို့က နာသလား"

ဥပသကာကြီးစကားကို ပြန်ချေရ၍၊ ရိုက်ချက်လျော့သွားသည့် အခွင့်ကောင်းကိုယူပြီး နွားကျောင်းသမားက ကွပ်ပျစ်ပေါ်မှာ ဆင်းပြေးသည်။ သူ့ထက်အားငယ်သော မိန်းမသား တစ်ယောက်ပင်ဖြစ်လင့်ကစား မခင်ဖြူ၏ ရဲရင့်သော သတ္တိကြောင့် နွားကျောင်းသမားက အလျှော့ပေးခြင်းဖြစ်သည်။

"သူငယ်မစကားကို ကြည့်ပြော၊ ဘာကြောင့်တို့ကို ထိခိုက်ပြောရလဲ"

ဥပသကာကြီး တစ်ယောက်ကဆို၏၊



မခင်ဖြူက ကြိမ်လုံးကို အသင့်အနေအထားဖြင့် ကိုင်၍ ဥပသကာကြီးစကားကို မချေဘဲ ဝိုင်းကြည့်နေသော ဘုရားဖူးများ အပါအဝင်ပရိသတ်ကို သူနှင့်သီလရှင်ကြီးတို့ ဆောင်ရွက်ပုံပြောပြပြီးသော အခါ . . .

"သုံးလေးရက်တစ်ခါရတဲ့ နွားနို့ကလေးတစ်ပုလင်း မျက်နှာကိုသာ ထောက်တယ်။ သူတို့ထမင်းစားရလို့ အလှူထည့်နေတဲ့ ဘုရားဖူးတွေမျက်နှာမထောက်ဘူး။ ကျမလူစကားနဲ့ ဘယ်လိုမှ တောင်းပန်မရလို့ ကြိမ်လုံးကိုင်ရတာပါ။ ကဲ ဦးလေးကြီးနှစ်ယောက်၊ နွားကျောင်းသားဘက်က နာကြမယ်ဆိုရင် ကျမကြိမ်လုံးက ဘယ်သူ့မှမရွေးဘူး။ ကျမအပြုအမူမှန်တယ်၊ မှားတယ်ဆိုတာ ဆုံးဖြတ်ကြပါ" ဟု မဲဆန္ဒတောင်းပြီးနိဂုံးချုပ်လိုက်၏။

နားထောင်နေသူ အားလုံးက မခင်ဖြူဘက်က ထောက်ခံကြသည်။ ဥပသကာကြီး နှစ်ယောက်ကို ဝိုင်းပြီး အပြစ်တင်ကြသည်။ ကဲ့ရဲ့ကြသည်။ သူတို့ဘက်က လမ်းလွဲနေသောအခါ ဥပသကာကြီးနှစ်ယောက်က နှုတ်ဆိတ်ပြီး မျက်နှာပျက်ပျက်ဖြင့် တိတ်နေကြသည်။ သူ့ဘက်က မားမားမတ်မတ်ရပ်တည်မည့် ဥပသကာကြီးနှစ်ယောက် အရေးရှုံးနိမ့်သည်ကို မြင်ရသော နွားကျောင်းသမားသည် သူ့နွားတွေကို စောင်းတန်းထဲမှ မောင်းထုတ်နေ၏။

မခင်ဖြူက လှမ်းအော်လိုက်သည်။

"နွားတွေ မြန်မြန်မောင်းသွား နောက်တစ်ခါလာရင် ဒါထက်နာမယ်။ ကျမကအသိဉာဏ်မရှိတဲ့ တိရစ္ဆာန်ကို မညှင်းဆဲချင်ဘူး၊ စည်းကမ်းမဲ့တဲ့လူကိုသာ ဆုံးမချင်တာ နားလည်လား . . ."

မခင်ဖြူ ကြိမ်စကြောရမ်းလိုက်ပြီးသည်မှစ၍ ဘုရားစောင်းတန်းသည် ဘုရားစောင်းတန်းနှင့် ပြန်တူလာလေသည်။

လွန်လေပြီးသော နှစ်ပေါင်းနှစ်ဆယ်အချိန်က အဖြစ်ကို ဒေါ်ခင်ဖြူက ပြန်တွေးပြီး . . ."

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ခေတ်နဲ့ အခုခေတ်မတူကြဘူးညီမ" ဟု ပြောလိုက်သောအခါ ဒေါ်ညွန့်ညွန့်စိန်က . . .

"အမကြီး ဘာကိုပြောတာလဲ" ဟု နားမလည်ဟန်ဖြင့် မေးသည်။ ဒေါ်ခင်မြှုက နွားကျောင်းသမားကို သူဆုံးမခဲ့ပုံ ပြန်ပြောပြလိုက်သည်။ ထိုအခါ ဒေါ်ညွန့်ညွန့်စိန်က . . .

"ဟုတ်တယ် အမကြီးလုပ်သလို လုပ်တာကောင်းတယ်" ဟု ပြော်ပြောဆိုဆို ပြူတင်းပေါက်ရှိရာထသွားပြီး အိမ်ရှေ့ဘက်ကို မျှော်ကြည့်လိုက်၏။

"ဟိုသတ္တဝါအိမ်ရှေ့မှာ ရှိသေးတယ်အမကြီး၊ သူကလှုပ်ါဝပြီး ဂရုမစိုက်သလိုနေတယ်။ အမကြီးရိုက်သလို ညွန့်သွားရိုက်ရင်ကောင်းမယ် . . ."

ဒေါ်ညွန့်ညွန့်စိန်က ပြောသည်။ ဒေါ်ခင်မြှုက ဦးခေါင်းကို ဖြေးလေးစွာရမ်းပြီးပြော၏။

"မရိုက်နဲ့ညီမ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က ခင်မြှုတို့ခေတ်နဲ့ ဒီနေ့ညွန့်တို့ခေတ်က မတူကြတော့ဘူး လူတွေက အရင်လို မဟုတ်တော့ဘဲ နားမျက်စေ့ပွင့်လာတာလည်း မှန်ပါတယ်။ အမြင်ကျယ်လာကြတာလည်းမှန်ပါတယ်။ ဥပဒေကို နားလည်လာကြတာလည်း မှန်ပါတယ်။ ဒါပေမဲ့ လူတချို့ရဲ့ နားမျက်စေ့ ပွင့်မှုအမြင်ကျယ်မှု ဥပဒေကိုနားလည်လာမှုဟာ အခုခေတ်မှာ တစ်ဘက်သားကို အကျိုးယုတ်မှု၊ အရှက်ကွဲမှု၊ ပျက်စီးဆုံးရှုံးမှုသာဖြစ်နေစေတယ်၊ အခုကြည့်လေ အမကြီးနဲ့ညွန့်တို့ သစ်ပင်စိုက်ကြတယ်၊ အစိုးရမြေပေါ် စိုက်တာမှန်တယ်၊ ဒါပေမဲ့ ဒီသစ်ပင်တွေဟာ အမကြီးတို့ညွန့်တို့ ကိုယ်ကျိုးသုံးဖို့စိုက်တာမဟုတ်ဘူး၊ နောင်အရှည်သဖြင့် လူသတ္တဝါတွေ အရိပ်အာဝါသခိုလှုံပါစေဆိုတဲ့ စေတနာ၊ မြင်ရသူ မျက်စေ့ပသာဒကြည်နူးချမ်းမြေ့စေလိုတဲ့စေတနာ၊ ပူပြင်းခြောက်သွေ့လာမဲ့ အန္တရာယ်ကို တားဆီးကာကွယ်တဲ့စေတနာနဲ့ စိုက်တယ်။ ဒါကိုဥပဒေနားလည်လွန်း



နေတဲ့နွားကျောင်းသမားက အစိုးရမြေပေါ်က သစ်ပင်ဆိုတဲ့ ဥပဒေစကားပြောပြီး ဖျက်ဆီးတယ် ဒီလိုခေတ်မှာ ဒီလို ဥပဒေ စကားတွင်တွင်သုံးနေတဲ့လူကို သွားရိုက်ရင် ညွန့်အချုပ်ထဲရောက်သွား မယ်ဆိုတာ ဝဉ်းစားလေ . . ."

ထိုအခါမှ တက်တက်ကြွကြွဖြစ်နေသော ဒေါ်ညွန့်ညွန့်စိန် အမူအရာက ငြိမ်သွားသည်။ ဒေါ်ခင်မြှုက ဆက်ပြော၏။

"နားမျက်စေ့ပွင့်မှု၊ အမြင်ကျယ်မှု၊ ဥပဒေနားလည်မှုဟာ သူလူချင်း ကောင်းကျိုးပြုလိုတဲ့ လူတော်လူကောင်းတွေအဖို့ မှန်မြတ်တဲ့အရည်အချင်းဖြစ်သော်လည်း စိတ်ထားမိုက်မိုက်ယုတ်မာသူ တစ်ဘက်သားကို ဖျက်ဆီးနှိပ်စက်လိုသူ၊ အကျိုးအကြောင်းအဆိုးအကောင်းကို အရှည်သဖြင့် မမျှော်တွေးတတ်သူတွေ အဖို့တော့ အဆိပ်ပင်ရေလောင်းပေးသလို ဖြစ်နေတယ်။ အဲဒီတော့ နားမျက်စေ့ပွင့်ပြီးဥပဒေနားလည်နေတဲ့ နွားကျောင်းသမားတွေရှိနေသရွေ့ အမကြီးတို့ ညွန့်တို့ ခြံဝင်းအပြင်မှာ ဘာပင်မှမစိုက်ဘဲ ပူပူလောင်လောင် တလင်းပြောင်ပြောင်နေတာဘဲ ကောင်းပါတယ်ကွယ် . . ."

ဒေါ်ခင်မြှုက ပြောသည်ကို နားစိုက်ထောင်နေသော ဒေါ်ညွန့်ညွန့်စိန်က . . .

"အဲဒီလို နားမျက်စေ့ပွင့်၊ အမြင်ကျယ်၊ ဥပဒေနားလည်နေတဲ့ အဆိပ်ပင်တွေကို ရေနွေးပူလောင်းသတ်နိုင်စွမ်းရှိတယ်ဆိုရင် အစိုးရက သပ်ဆင့်ဥပဒေထုတ်ပေးဖို့ကောင်းတယ် အမကြီးရယ်" ဟု မြင်းပြသော သန္နဖြင့် နှစ်ကိုယ်ကြား လေသံထုတ်ခါ တောင့်တလိုက်လေသည်။

မင်းမြင့်
၁၉၇၂ ဇန်နဝါရီလ
(သွေးသောက်မဂ္ဂဇင်း)

# ဟောခဲ့ပါဦး

သက်တော် ရှစ်ဆယ်ကျော်နေပြီ ဖြစ်သော်လည်း အသံသည် သက်ကြီးရွယ်အိုသံမပေါ်ဘဲ၊ နုပျိုကြည်လင်သော အသံတော်ပိုင်ရှင် ရွှေကျင်ဂိုဏ်းဝင်း ဆရာတော်ဘုရားကြီး ဦးပညာဝံသအား ကြည်ညိုသူဒါယကာ ဒါယကာမများ အထူးမှားလှပါသည်။ ဆရာတော်ဘုရားကြီးကား အသံသာလျှင် နုပျိုကြည်လင်သည်မဟုတ်သေး။ သက်တော် ရှစ်ဆယ်ကျော်၍ ခြောက်နှစ်စွန်းလာပြီးဖြစ်သော်လည်း မျက်စိကလုံးဝ မှုန်ခြင်း၊ မှိုင်းခြင်း၊ သိဝေခြင်းမရှိ၍ စာပေကျမ်းဂန်ဖတ်ရှုမှတ်သားခြင်း အလုပ်ကို မပျက်မကွက် လုပ်နေနိုင်သည်။ ထိုသို့ ဖတ်ရှုမှတ်သားလေ့လာထားသောတရား အဆီအနှစ်တွေကို ကျမ်းတစ်စောင်တစ်ဖွဲ့ဖြစ်အောင်လည်း ရေးတော်မူသည်။ တပည့်များအား သင်ကြားပို့ချခြင်း၊ ဟောပြောခြင်းစသည်တို့ လုပ်နိုင်အောင် ကျန်းမာရေးကလည်း အထူးကောင်းမွန်တော်မူသည်။ အမှတ်သညာသတိသည် မည်သည့်အခါမှ ချို့ယွင်းမေ့လျော့ခြင်း ဖြစ်တော်မမူပေ။ ကြည်ညိုသူဒါယကာ ဒါယကာမများ ဆောက်လှူထားအပ်သော အုတ်တံတိုင်းကာ နှစ်ထပ်တိုက်ကျောင်းကြီးဝယ် အေးဆေးဆိတ်ငြိမ်စွာ သီတင်းသုံးနေတော်မူသော ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သောဆယ်နှစ်ကာလက ဒါယကာတစ်ဦးအား တရားဟော ဆုံးမနေရာမှ အမှတ်မထင် သဘောမျိုးပေလားး သတိပေးသည့် သဘောမျိုးပေလားမသိ။ ဤသို့မိန့်ကြားတော်မူခဲ့ဘူးသည်။

"တိုက်အုပ်ကိုယ်တော် ဒီကြွခဲ့စမ်းလို့ . . . "

အနားမှာရှိနေသော ဦးပဥ္စင်းတပါးကို မိန့်ကြားလိုက်သောအခါ ဦးပဥ္စင်းသည် တိုက်အုပ်ကိုယ်တော်ကို သွားပင့်လာခဲ့သည်။

"တပည့်တော် ရောက်ပါပြီဘုရား . . . "



တိုက်အုပ် ဘုန်းတော်ကြီးက ရိုသေစွာဦးချလျှောက်ထားလိုက်သည်။ ဆရာတော်ဘုရားသည် လက်ရမ်းပါသော ခပ်မြင့်မြင့် သစ်သားကုလားထိုင်ကြီးပေါ်မှာထိုင်နေရင်း ရွှေတူရှရှိ မြူတင်းပေါက်က ကျောင်းအပြင်ဘက်ကို ငေးမျှော်ကြည့်နေတော်မူရာမှ တိုက်အုပ်ဘုန်းတော်ကြီး လျှောက်ကြားသံကြောင့် မျက်နှာတော်ကို တိုက်အုပ်ဘုန်းတော်ကြီး ရှိနေရာသို့ လှည့်လိုက်ပြီး မိန့်ကြားတော်မူသည်။

"ဟောဟို ကျောင်းဝင်းအုတ်တံတိုင်းနားမှာ ပုံထားတာ ထမင်းကျန် ဟင်းကာန်တွေဟုတ်လား . . . "

တိုက်အုပ် ဘုန်းတော်ကြီးက ဆရာတော်ညွှန်ပြရာသို့ ကိုယ်ကိုခပ်ယို့ယို့ရပ်ပြီး လှမ်းမျှော်ကြည့်သည်။ တို့နောက် မူလနေရာမှာပြန်ထိုင်ပြီး . . .

"ဟုတ်ပါတယ်ဘုရား . . . ",

ဟူ၍လျှောက်၏။

"သံဃာရော၊ လူရော၊ ခွေးရော၊ ကျေးငှက်ရော စားမကုန်အောင်ဖြစ်နေလို့ ပုံထားတာဟုတ်လား"

ဆရာတော်ဘုရားက မေး၏။

"ဟုတ်ပါတယ်ဘုရား . . . , ဒီနေ့ပုသ်လာစောင့်သူတွေကလည်းများ၊ အလှူညီကျလာပို့ထားတဲ့ ဆွမ်းအုပ်တွေနဲ့ ဆိုတော့ မကုန်နိုင်အောင်ဖြစ်သွားတာနဲ့ ဆွမ်းစားဇရပ် ကြည့်ရှုရတဲ့ ကပ္ပိယကြီး သွားစွန့်သားတာ ဖြစ်ပါလိမ့်မယ်ဘုရား"

"အင်း ရှေ့ဘာဖြစ်မယ်ဆိုတာ အမြော်အမြင်မရှိမသိတော့ မပူပန် တတ်ဘူးပေါ့ကွယ်"

ဆရာတော်ဘုရားက မိန့်ကြားသည်၊ ဆရာတော်ဘုရား မျက်မှောက်မှာ ရှိနေကြသော ဒါယကာ၊ ဒါယကာမများ စိတ်ဝယ်၊ ဆရာတော့်စကားကို ထူးဆန်းနေကြ၏။ ဤကဲ့သို့သော ကိစ္စမျိုးကို မေးမြန်းမိန့်ကြားလေ့မရှိသော ဆရာတော်၏ မျက်နှာကိုကြည့်ရှုမျှော်ကြရင်း၊ မည်သည့်အတွက် ပြောဆိုမိန့်ကြားသည်ကို မစဉ်းစားတတ်အောင်ဖြစ်နေကြသည်။

"မိန့်ကြား ဆုံးမတော်မူပါဘုရား"

တိုက်အုပ် ဘုန်းတော်ကြီးက ပြန်လည်လျှောက်ထား၏။ အတန်ကြာ နှုတ်ဆိတ်နေပြီးမှ ဆရာတော်ဘုရားသည် အနားမှာ ရှိနေကြသော ဥပါသကာများကို မိန့်ကြားသလိုလို သူ့တစ်ကိုယ်တည်း ရေရွတ်သလိုလိုဖြင့် မိန့်ကြားတော်မူသည်။

"အင်း အစားအသောက်တွေကို ထိန်းသိမ်းမှုမရှိ ဆင်ခြင်တိုင်းထွာမှုမရှိ ဝယ်ချင်တိုင်းဝယ်လို့ရတယ်၊ ပေါများတယ်ရယ်လို့၊ စည်းစိမ်ကမ်းမဲ့ ဝယ်ခြမ်းစားသောက် မကုန်တော့လွှင့်ပစ် သွန်ပစ်လိုက်ကြတယ်။ ကောင်းကင် နက္ခတ်ကတော့ နိမိတ်ပြနေပြီ တင်းကြယ်ဇော်င်းနေပြီ ဟသ်ာကြယ်ဖလုပ်မှိန်နေပြီ ဒါဟာ အစားအသောက် ရှားပါးမယ်ဆိုတာကို ပြတာပဲ"

ဆရာတော်ဘုရားက စကားကို အရင်းအဖျားမရှိ တိုတိုပြတ်ပြတ် မိန့်ကြားတော်မူသည်။ တိုက်အုပ်ဘုန်းတော်ကြီးနှင့် ဥပါသကာတစ်စုက ငြိမ်နေကြသည်။ ဥပါသိကာ အမျိုးသမီးကြီး တစ်ယောက်က . . .

"ဆရာတော်ဘုရား နက္ခတ်ဗေဒင်ကို တော်တော်ကျွမ်းကျင်နေလားမသိဘူး" ဟု တိုးတိတ်စွာမှတ်ချက်ချ၏။

ထိုအမျိုးသမီးကြီးကား လခတစ်ထောင်နီးပါး ရသောအရာရှိကြီးတစ်ဦး၏ ဇနီးဖြစ်သည်။ ဗေဒင်လက္ခဏာကိုလည်း အလွန်ဝါသနာပါသူဖြစ်သည်။ ဆရာတော်ဘုရားကိုလည်း အလွန်ကြည်ညိုသူဖြစ်သည်။ ဆရာတော်ကို ဖူးမျှော်ရင်းပင် အမျိုးသမီးကြီး စိတ်ထဲမှာအစီအစဉ်အချို့ ပေါ်လာ၏။ ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဆရာတော်တရားဟောအပြီးကိုစောင့်နေသည်။

"တကာ တကာမတွေကိုမေတ္တာရပ်ခံထား၊ ဆွမ်းဟင်းဖြစ်စေ အချိုအချဉ် မုန့်ပဲသွားရေစာ ဖြစ်စေ၊ သစ်သီးသစ်နှံဖြစ်စေ၊ တို့ကျောင်းရှိ သံဃာအရေအတွက်နဲ့ ချင့်ချိန်ပြီးလှူလို့ . . . မတန်မဆအများကြီး တွေချက်ပြုတ်လုပ်ကိုင်လာပြီး မကုန်မခန်းဖြစ်လို့ အခုလိုအချဉ်



နံးစွန့်ပစ်ရတာမျိုး မဖြစ်စေနဲ့လို့ . . . အစာအာဟာရဆိုတာ ကိုယ်ကစည်းကမ်းရှိရှိ အရှည်ကိုမြော်တွေး စားသုံးလှူဒါန်းမှ ချွေတာမှ အချိန်ကြာရှည်လေးမြင့် ဝဝလင်လင်စားရမယ်ကွယ့်၊ မှတ်ထားကြ"

ဆရာတော်ဘုရားက မိန့်ကြားသောအခါ တိုက်အုပ်ဘုန်းတော်ကြီးက -

"တင်ပါဘုရား၊ တပည့်တော် ကပ္ပိယကြီးကို သွားပြောလိုက်ပါဦးမယ်ဘုရား" ဟု လျှောက်ထားကာ ဆရာတော်ဘုရားကို ဦးချကန်တော့ပြီး ကြွသွားတော်မူသည်။ ဆရာတော်ဘုရားသည် သူဟောလက်စတရားကို ရှင်းလင်းပြတ်သားစွာ ဆက်လက်ဟောကြားပြီး၍ ကမ္မဋ္ဌာန်းဆိုင်ရာ အခန်းတွင်းသို့ ကြွသွားတော်မူသည်။ ထိုအခါမှ အရာရှိကတော်အမျိုးသမီးကြီးက သူ့စိတ်ထဲပေါ်လာသော အစီအစဉ်ကို အားလုံးသိရအောင်ပြောပြ၏။

"ဆရာတော်ဘုရားနဲ့ ပတ်သက်ပြီး ကျမစိတ်ထဲမှာဆောင်ရွက်ချင်တဲ့ အစီအစဉ်တစ်ခု ပေါ်လာပါတယ်၊ ကျမပြောတာအားလုံးနားထောင်ကြပါဦး၊ သဘောတူတယ်ဆိုရင်လည်း ကျမကုသိုလ်ပြုမဲ့ ကိစ္စကို ဝိုင်းကူကြပါ"

"ဘာများလဲ ခင်ဗျာ၊ အကျိုးရှိမဲ့ ကိစ္စဆိုရင် စုပေါင်းကူကြရတာပေါ့" ဟူ၍ငင်း။

"အမကြီးအစီအစဉ်ပြောဦး ကျမတို့ကတော့ ဆရာတော်ဘုရားနဲ့ပတ်သက်ရင် စေတနာရှိပြီးသားပါ" ဟူ၍ငင်း။

ဥပါသကာ - ဥပါသိကာ အမျိုးသားအမျိုးသမီးများက တစ်ယောက်တစ်ခွန်းပြောကြမေးကြသည်။ ထိုအခါ အမျိုးသမီးကြီးက သူစိတ်ကူးရထားသည့် အစီအစဉ်ကို ပြောပြ၏။

"ဆရာတော်ဘုရားက သက်တော်လည်း ကြီးရင့်နေပြီ ဆရာတော်ဘုရားစိတ်တော်ကြည်လင်ပြီး အသံရှင်းလင်း ပြတ်သားသာနေတုန်းမှာ ဆရာတော်ကို တောင်းပန်ပြီးဟောကြားတဲ့တရားတွေကို တိတ်

ခွေနဲ့အသံသွင်းထားရရင် မကောင်းဘူးလား၊ နောင်ခါဆရာတော်ခါ ထက်အသက်ကြီးရင့်လို့ အမောမခံနိုင်၊ တရားမဟောနိုင်တဲ့အခါ ဆရာတော်အသံသွင်းထားတဲ့ တိတ်ခွေကိုဖွင့်ပြီး နောင်လာ နောင်သားတွေ တရားနာနိုင်မယ်မဟုတ်လား"

ဥပသကာ-ဥပသကီ အမျိုးသားအမျိုးသမီးတစ်စုက ထိုအမကြီးပြောသော အစီအစဉ်ကို စဉ်းစားနေဟန်ဖြင့် ငြိမ်နေကြသည်၊

"ဘယ်လို သဘောရကြလဲ"

အမကြီးက မေး၏၊

"ဒီအစဉ်အစဉ်ကသိပ်ကိုကောင်းပါတယ်၊ တကယ်လို့ ဆရာတော်ဘုရား ပျံတော်မူသွားပြီးသည်တိုင်အောင် ဟောကြားဆုံးမတော်မူခဲ့တဲ့ အသံတော်ဟာ မဆိတ်သုဉ်းနိုင်သေးဘဲ သာသနာတော်ကို ကြည်ညိုတဲ့ပုဂ္ဂိုလ်များအဖို့ ကြာရှည်လေးမြင့် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပါတယ်"

တစ်ဦးသော အမျိုးသားကထောက်ခံသည်၊

"ဟုတ်တယ်၊ ကျွမတို့တော့ သဘောတူတယ်၊ ဆရာတော်ဘုရား ဟောကြားဆုံးမတာကို နာယူရသူအဖို့ တရားတော်ကို ရှင်းလင်းပြတ်သားစွာ ထင်မြင်လာနိုင်တယ်၊ ဆရာတော်ဘုရား အသံမဆိတ်သုဉ်းစေချင်ဘူး၊ အမကြီးအစီအစဉ် အကောင်အထည်ပေါ်အောင် ကြိုးစားကြရအောင်"

အမျိုးသမီး တစ်ယောက်က လေးလေးနက်နက်ထောက်ခံသည် ထိုအခါ စဉ်းစားနေဟန်တူသော အမျိုးသားတစ်ယောက်က ပြော၏၊

"တစ်ခုသတိထားရမှာက ဆရာတော် ဘုရားက ပကာသနာတွေ ထင်ပေါ်မှုတွေကိုနှစ်သက်တာမဟုတ်ဘူး၊ သူ့ကို အကြောင်းပြုပြီး တကာတွေ ငွေကြေးကုန်ကျမှာကိုလည်း မလိုလားဘူး၊ အဲဒီတော့ ကျွန်တော်တို့တစ်တွေ ဒီလိုအစီအစဉ်ရှိပါတယ်လို့ လျှောက်ထားရင် ဘယ်နည်းနဲ့မှ ခွင့်ပြုမှာမဟုတ်ဘူးဆိုတာသိထားဖို့ လိုလိမ့်မယ်ထင်တယ်"



"ဒါတော့ ဟုတ်တယ်၊ ဘာသာသာသနာအကျိုးသည်ပိုးတဲ့ အနေ ခွင့်ပြုပါလို့ လျှောက်ထားရင်ကောဗျ"

အမျိုးသားတစ်ယောက်က စောဒကတက်၏၊ ထိုအခါ ထိုအစီ ...စဉ်ကို ဦးစွာပြောကြားသူ အမျိုးသမီးကြီးက ပြန်ပြောသည်၊

"ဒီလို အစီအစဉ်ရှိတယ်ဆိုတာ ဆရာတော်ဘုရားကိုလည်း ...သိစေချင်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့အသံကို ဖမ်းယူနေတယ်ဆို ...ာ မသိဘဲ စိတ်လွတ်ကိုယ်လွတ် ပင်ကိုယ်ဟန်အတိုင်း ဟောပြော နေတဲ့ ...သံကမှ တကယ်သဘာဝကျမှာမဟုတ်လား၊ ဒါကြောင့် တိတ်ရီကော်ဒါ ... ဆရာတော်ဘုရား မသိအောင် ကွယ်ဝှက်ဖုံးဖိပြီးဆရာတော့အသံကို ...်းယူမဲ့ မိုက်ကို ဆရာတော် ထိုင်နေကျ ကုလားထိုင်ကြီးရဲ့ ...က်ရမ်းမှာဖြစ်စေ၊ နောက်မှီမှာဖြစ်စေ၊ လျှို့ဝှက်တပ်ထားမယ် ဆိုရင် ...ကောင်းဘူးလား"

"ဟုတ်တယ်၊ အဲဒါကောင်းတယ်"

အားလုံးကထောက်ခံကြသည်၊

"ကဲ-အစီအစဉ်ကတော့ အားလုံးသဘောတူသွားပါပြီ၊ တိတ် ...ကော်ဒါ ဝယ်ဖို့ကိစ္စစဉ်းစားကြဦး၊ ဘာအမျိုးအစား၊ ဘယ်လောက်တန် ...ဝယ်မယ်ဆိုတာ၊ ငွေရေး၊ ကြေးရေး အကြမ်းတွက်ရအောင်"

အမျိုးသားတစ်ယောက်က ဆိုသည်၊ ထိုအခါအမျိုးသမီးကြီးက ...တစ်ယောက်တည်း တာဝန်ယူလိုကြောင်းပြော၏၊

"ဟာ အမကြီး တစ်ကိုယ်ကောင်းဆန်လို့ ဘယ်ဖြစ်မလဲ၊ ...လောက် အကျင့်သီလသိက္ခာ ပြင်ကြယ်ပြီးစာပေကျမ်းဂန် နဲ့ စပ်ကျွမ်း ...င်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဆရာတော်ဘုရားကြီး တရားဟောတဲ့ ...သံတော်ကို ကျွန်တော်တို့တစ်တွေ စုပေါင်းနာယူသလို ကုသိုလ်ရေးမှာ ...ည်း စုပေါင်းကြရမှ ကျေနပ်နိုင်မယ်ခင်ဗျာ"

တစ်ဦးသော ဥပသကာ၏စကားကြောင့် အားလုံးရယ်မော ...ရသည်၊ ထိုစကားကို အားလုံးကနာခံကြ၍ အမကြီးက အလျှော

ပေးလိုက်ရသည်။ ထိုနောက် ဝယ်ယူမည့် တီဗီရီကော်ဒါအတွက် အကောင်းဆုံးအမျိုးအစား၊ အကောင်းဆုံးအသံသွင်းကြိုးခွေ စသည်တို့၏ ကျသင့်သောတန်ဘိုးကို စုံစမ်းမေးမြန်းဝယ်ယူရန်၊ ငွေကောက်ခံရန်ကို ထိုအမကြီးအား တာဝန်ပေးလွှဲအပ်လိုက်ကြလေသည်။

xxxxx

"အကိုင်း" အမျိုးအစား ရီကော်ဒါဝတီရိုယို Model Gx 365 D အစိုးရဈေးနှုန်း ကျပ်နှစ်သောင်းတန် တိတ်ခွေတစ်ခွေလျှင် (၄၅) ကျပ်သို့မဟုတ် (၅၀) ကျပ်တန်သည်။

ရီကော်ဒါတစ်လုံးနှင့် တိတ်ခွေ (၅၀) ကျပ်တန်ဆယ်ခွေ၊ စုစုပေါင်း နှစ်သောင်းနှင့် ငါးရာဘိုးကို ရက်ရောသောစိတ်ဖြင့် ဝယ်ယူလိုက်ကြသည်။

ရီကော်ဒါနှင့် အသံသွင်းကြိုးခွေတွေကိုရော၊ အသံဖမ်းယူမည့် မိုက်ခွက်ပါကို အားလုံးပြည့်စုံပြီး၍ ဆရာတော်ဘုရားမသိအောင် ဖုံးဖိသိုဝှက်ရမည့် ကိစ္စအတွက် တိုက်အုပ်ဘုန်းတော်ကြီးကို အကြောင်းစုံဖွင့်ဟလျှောက်ကြားကြသည်။ တိုက်အုပ်ဘုန်းတော်ကြီးကလည်း နှစ်ခြိုက်စွာထောက်ခံအားပေးသည်။ သဘောတူသည်။ အဆင်ပြေအောင် ချောမောအောင်ကူညီမည်ဟု ကတိပေးသည်။

အစစအရာရာ အားလုံးပြီးစီးအောင် စီစဉ်ထားသိုပြီး၍ ယခင်ကအတိုင်းပင် တပည့်ဒါယကာ ဒါယိကာမများအား တရားဟောပြဆုံးမတော်မူပါရန် ဆရာတော်ဘုရားကို ပင့်ဆောင်လာကြသည်။ ဆရာတော်ဘုရားသည် သိမ်မွေ့ညင်သာသော ကြွခြေတော်ဖြင့် ကြွလာကာထိုင်နေကျသစ်သား ဓာရလားထိုင်ကြီးမှာပင်ထိုင်လိုက်၏။

"ဆရာတော်ဘုရား နက္ခတ်ဗေဒင်မှာ ကျွမ်းကျင်တော်မူပါသလားဘုရား"

အသံဖမ်းရန် စီစဉ်ခဲ့သူအမကြီးက လျှောက်ထားသောအခါ ဆရာတော်ဘုရားက ပြန်လည်မိန့်ကြားသည်။



"ငါ့ကို ဗေဒင်ဟောတတ်တယ်ထင်လို့ မေးတာလား"

"ဟိုတစ်ခါ အရှင်ဘုရားက အစာအာဟာရနဲ့ ပတ်သက်ပြီး ကောင်းကင်နက္ခတ်တွေနိမိတ်ပြကြောင်း မိန့်ကြားတော်မူခဲ့သော သတိရမိလို့ပါဘုရား"

"အေး . . . အစားအသောက်ကတော့ ရှားပါးမှာပဲ သတိထားပြီးထိန်းသိမ်းကြ"

ဆရာတော်ဘုရားက ထပ်မံသတိပေးသည်။

"ဒါပဲလားဘုရား . . . နောက်ပြီး တပည့်တော်ကို ရှေ့ရေးဘယ်လိုဖြစ်မယ်ဆိုတာ သနားသဖြင့် မိန့်ကြားပါဘုရား . . ."

အမကြီးစကားကြောင့် ဆရာတော်ဘုရား၏ ပကတိမျက်နှာသည်တည်သွားသည်။

"ဗေဒင်ဟောတယ် ဆေးကုတယ်ဆိုတဲ့ အလုပ်တွေဟာ ဘုရားသားတော် ရဟန်းသံဃာတွေအလုပ်မဟုတ်ဘူး နင်တို့တတွေ ကိုယ့်အသက်ဆက်ပေးနေတဲ့ အစာအဟာရကို ရှိသေရမှန်း၊ စည်းကမ်းရှိရှိရမှန်းထိန်းသိမ်းရမှန်းမသိဘဲ အချိုးနှိုးသွန်မှောက်ဖြုန်းတီး ပစ်နေတာနဲ့ ကောင်းကင်နက္ခတ်က ပြနေတာနဲ့ ငါကသတိပေးတာ၊ ငါ့ကို ဗေဒင်ဟောဖို့ဆွယ်မနေကြနဲ့"

ဆရာတော်ဘုရားလေသံက ဒေါသသံစိတ်ဆိုးသံမပါသော်လည်း မျက်နှာတော်တည်သလို၊ အသံကတည်ငြိမ်လှ၍ တကား-ဘကား တစ်စုလုံး ဘာအသံမှ မထွက်ဝံ့ဘဲငြိမ်နေကြသည်။ အတန်ကြာမှ အမျိုးသားတစ်ဦးက လျှောက်ထားလိုက်၏။

"တပည့်တော်တို့ကို သနားသဖြင့် တရားဟောပြဆုံးမတော်မူပါဘုရား"

ဆရာတော်ဘုရားသည် အတန်ကြာမျှ မလှုပ်မယှက်ငြိမ်နေသည်။ စိတ်အာရုံသည် တစ်စုံတစ်ခုကို စူးစိုက်နေဘိသို့မှတ်ထင်ရပြီးနောက်မှ မသိမသာသက်ပြင်းချလိုက်သည်ကို သတိထား စူးစမ်းနေကြသောလူအားလုံးကသိလိုက်ကြသည်။

"အေးပေါ့လေ . . . ငါ့သက်တန်းကလည်း မရှိတော့ပါဘူး။ လေးလံတဲ့ ဒီခန္ဓာဝန်ကြီးကို ချိုးပိုးထမ်းဆောင်နေရတဲ့ ဒုက္ခက ဆယ်ရက်လောက်ကြာရင် ကျွတ်လွတ်တော့မှာပါ၊ ငါအသက်ရှိနေခိုက် ဟောကြားခဲ့တာကိုတော့ မမေ့ကြနဲ့ကွယ် ကြားကြလား"

တရားနာမည့်လူများသည် ဆရာတော်မိန့်ကြားချက်ကြောင့် အားလုံးပင် စိတ်မကောင်းဖြစ်သွားကြသည်။ ဆရာတော်မိန့်ကြားချက်အတိုင်း အဟုတ်တကယ်သာပျံတော်မူခဲ့လျှင် ကြည်ညိုကိုးကွယ်သူ ဒါယကာတစုမှာ ယူကြုံးမရ တသသဝမ်းနည်းကြရပေတော့မည်ဟု အသီးသီးတွေးမိရင်း၊ ဆရာတော်ဘုရားဟောကြားမည့် တရားသံကို အမိအရမှမ်းယူရန်သာ အာရုံစိုက်နေကြသည်။ ဆရာတော်ဘုရားသည် အေးမြတည်ငြိမ်သောအသံဖြင့် ဝိပဿနာတရားတော်ကို မြွတ်သားကြည်လင်စွာ ဟောကြားတော်မူစဉ်မှာ ကွယ်ဝှက်သောတစ်နေရာမှ တိုက်အုပ်ဘုန်းတော်ကြီးနှင့် ဥပသကာတစ်ယောက်က တိတ်ရီကော်ဒါကို အထူးဂရုစိုက်နေလေသည်။

ဆရာတော်ဘုရားအသံသည် တိတ်ရီကော်ဒါထဲမှာ မည်သို့နေမည်ကို သိလိုသောတကာများက အမကြီးအိမ်သို့ယူသွားပြီး ဖွင့်ကြည့်၏။ တိတ်ခွေထဲမှ ပေါ်ထွက်လာသော ဆရာတော်အသံသည် ပကတိဆရာတော်ဘုရား ကိုယ်တိုင်ဟောကြား နေဘိသို့ ကြည်ညိုဖွယ်ကောင်းလှသည်။ ဤသို့ဖြင့် ဆရာတော် ဘုရားဟောကြားသည့် တရားတော်အသံကို သုံးကြိမ်မျှသာစမ်းလိုက်ရသေးသည်။ ဆရာတော် မိန့်ကြားခဲ့သည့် ဆယ်ရက်ပြည့်သောနေ့သို့ရောက်လာ၏။ ဆရာတော်ဘုရားသည် နံနက်မိုးလင်းသည်မှ ပြုမြဲဝတ္တရားဖြစ်သော ဘုရားအာရုံပြုခြင်း၊ တရားဟောခြင်းစသည်တို့ကို ဆောင်ရွက်မြဲဆောင်ရွက်နေသည်။ စိုးရိမ်ကြီးစွာစောင့်ကြည့်နေကြသော တကာ-တကာမများ ကျောင်းရှိ သံဃာတော်များသည် ယခင်နေ့များအတိုင်းပင် ဘာမှမထူးခြားသော ဆရာတော်ဘုရားအတွက် စိတ်သက်သာရာရမိကြ၏။ သို့သော် တကာများ၊ တပည့်



...ာများကို တရားဟောပြဆုံးမပြီးသော ညနေမွန်းလွဲ (၂) နာရီခန့် ...ကား . . .

"ငါ ကျိန်းတော့မယ်ဟေ့" ဟူသော တိုပြတ်လှသည့် စကားတစ်...းကို မိန့်ကြားခါ အိပ်ရာပေါ်သို့ ညင်သာစွာလှဲချလိုက်သည်။ ...သည့်အခါမှ ဤသို့နေ့ခင်းနေ့လည်မှာ ကျိန်းလေ့မရှိသောကြောင့် ...ည့်သံဃာများနှင့် တကာ-တကာမများသည် စိုးရိမ်ခြင်းသံသယ...ဖြင့် ဆရာတော်ဘုရား ကျိန်းစက်နေသည်ကို တိတ်ဆိတ်စွာသွား...ည့်ကြသည်။ ဤမျှလျှင်မြန်တိုတောင်းလှသော အချိန်အတွင်းဝယ် ...ရာတော်ဘုရားကား ပျံလွန်တော်မူသွားရှာပြီ ဖြစ်ကြောင်း ဝမ်းနည်းစွာ ...ရ၏။ ယုံနိုင်ဘွယ်မရှိအောင် ဆရာတော်မိန့်ကြားသွားချက်သည် ...လက်တွေ့မှာ ယုံကြရတော့သည်။ တပည့်သံဃာများနှင့် တကာ-...ကာမများ၏ ယူကြုံးမရ တသနမြောခြင်း၊ ပူဆွေးဝမ်းနည်းခြင်းတို့ကား ...းမားလှပါဘိ၏။

သို့သော်ဆရာတော်ဘုရားပျံလွန်တော်မမူမီ၊ အချိန်က သွင်းယူ...းလိုက်သော တရားဟောပြဆိုဆုံးမသည့်အသံက ကျန်ရစ်သူ တကာ-...ကာမများအား အတော်အသင့် အလွမ်းပြေစရာ ဖြစ်ရပေသည်။ ...များစုပေါင်းလှူဒါန်းထားသည့် ပစ္စည်းဖြစ်၍ မည်သူ့ထံမှာမှမထားဘဲ၊ ...က်အုပ်ဘုန်းတော်ကြီးထံမှာပင် တိတ်ရီကော်ဒါနှင့် တိတ်ခွေတွေကို ...ထားလိုက်ကြသည်။ ဆရာတော်ဘုရားကိုသတိရလာလျှင် တကာ-...ကာမတွေ စုဝေးပြီး ဘုတ်းတော်ကြီးကျောင်းသို့လာကြသည်။ ဆရာ...တ်ဘုရားအသံကို အလွမ်းပြေဖွင့်ပြီး တရားနာကြသည်၊ ဤသို့နှင့် ...ရက်ကုန်လကူး ရာသီကူး၍နှစ်သို့ ကူးပြောင်းသည်တွင် အဟောင်း...ဟောက်အသစ်ရောက်ဖြင့် ဆယ်နှစ်ဆယ်မိုးပင်ကျော်လွန်ခဲ့ပြီဖြစ်၏။

ကုန်ဈေးနှုန်းတွေက ခေါင်ခိုက်အောင် ကြီးမြင့်လှသဖြင့် ...ခြမ်းစားသောက်ရသည်မှာ ရှားပါးလွန်းခြင်း၊ ဈေးနှုန်းကို နင့်အောင် ...ရသော်လည်း ပစ္စည်းကောင်းကို မစားသုံးရခြင်း စသည့်ဒုက္ခတွေကို

ကြုံတွေ့နေရသော လူတွေထဲမှာ တိတ်ရိုကော်ဒါလှူခဲ့ကြသည့် တကာတကာမတစ်စုလည်း အပါအဝင်ဖြစ်သည်။ "ဆင်းရဲလေလေ သံဝေဂရ" ဟူသောစကားကဲ့သို့ အစားအသောက် ကုန်ပစ္စည်း ရှားပါးလေလေ ဆရာတော်ဘုရား မိန့်ကြားသတိပေး သွားသည်ကို တောက်မေ့မိလေလေဖြင့် ဆရာတော်ဘုရားကို လွမ်းဆွတ်တသခြင်းများသည် ဒီရေအလားတဖွားဖွားပေါ်လာကြသည်။ ထိုအခါ အမကြီးခေါင်းဆောင်သော တိတ်ရိုကော်ဒါ ကုသိုလ်ရှင်တစ်စုတို့ တိတ်ရိုကော်ဒါကို ပြန်လည်ဖွင့်ပြီး ဆရာတော်ဘုရား တရားတော်ကိုနာကြားခြင်းဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း ငွေကြေးကြပ်တည်းခြင်း အပူသောကကို ခေတ္တမျှမေ့ပျောက်အေးငြိမ်းနေလိုကြသည့်အတွက် အဆင်ပြေသော နေ့တစ်နေ့ချိန်း၍စုဝေးပြီး ဘုန်းတော်ကြီးကျောင်းသို့ လာခဲ့ကြလေသည်။

တိတ်ရိုကော်ဒါကို လက်ခံထိန်းသိမ်းသော တိုက်အုပ်ဘုန်းတော်ကြီးသည် အမကြီးတို့လူစုကို မြင်လျှင်မျက်နှာတော်သည် မဟန်နိုင်အောင်ပျက်သွားသည်။ တကာရင်းတွေ ပြန်တွေ့ရသောအခါ ဆရာတော်ဘုရားကို ပြန်လည်သတိရလွမ်းတမိသောကြောင့်သာ တိုက်အုပ်ဘုန်းတော်ကြီး မျက်နှာပျက်သွားခြင်း ဖြစ်ပေမည်ဟု အမကြီးတို့လူစုက ပေါ့ပေါ့တွေး၏။ တိုက်အုပ်ဘုန်းတော်ကြီးသည် သူ့ရှေ့မှာကြုံ့ယုံ့စွာထိုင်ပြီးဝန်ချကန်တော့နေသော တကာတစ်စုကိုနှုတ်ဆိတ်စွာ မျက်နှာပျက်ပျက်ဖြင့် ကြည့်နေသည်။

"ဆရာတော်ဘုရား တရားတော်ကို အလွမ်းပြေနာကြားချင် လို့ တပည့်တော်တို့ လာခဲ့ကြပါတယ် ဘုရား . . ."

တကာတစ်ဦးကလျှောက်၏။ ထိုအခါ မျက်နှာပျက်နေသော တိုက်အုပ်ဘုန်းတော်ကြီးက မိန့်ကြား၏။

"ဖြစ်ပုံများတော့ မပြောချင်ပါဘူး တကာတို့ ဘုန်းကြီးရှက်လဲရှက်၊ စိတ်လဲမကောင်းပါဘူး"

"ဘာကြောင့်ပါလဲဘုရား . . ."



"ဆရာတော်ဘုရား အသံတော့ တကယ်ပဲဆိတ်သုဉ်းသွားပါပြီ ခုမှ ဆရာတော်ဘုရားလုံးလုံးလျားလျားပျောက်ကွယ်တော့တာပါဘဲ"

"ဟင် ဘာဖြစ်လို့လဲဘုရား"

"မိန့်ကြားပါဘုရား . . ."

ဟူသောအသံတို့သည် တစ်ယောက်တစ်ခွန်း ထွက်လာလေသည်။

"အေး ဖြစ်ပုံကတော့ ဒီလိုပါတကာတို့"

တိုက်အုပ်ဘုန်းတော်ကြီးက အစချီကာတကာတစ်စုမရောက်မီ နက်ဆွမ်းစားချိန်မှာ ဖြစ်ခဲ့သော အဖြစ်ကို ပြန်လည်မိန့်ကြားတော်မူသည်။

ဤနေ့မနက် (၈) နာရီမထိုးမီဝယ် ကျောင်းရှိသံဃာတော်များ နက်ဆွမ်းဘုန်းပေးရန်အတွက် ဆွမ်းစားဇရပ်တွင် ဆွမ်းပွဲများပြင်ဆင်နေသောအချိန် ဖြစ်၏၊ ဆရာတော်ဘုရား ပျံတော်မူပြီးနောက် ကျောင်းထိုင်သောဘုန်းတော်ကြီးမှာ ကျောင်းအပေါ်ထပ်ဝယ် တစ်ပါးသပ်သပ်ဆွမ်းဘုန်းပေးတော်မူသည်။ ဆွမ်းစားဇရပ်တွင်ကား တိုက်အုပ်ကိုယ်တော်ကအကြီးအမှူးပြု၍ သံဃာတော်များအားလုံး ဆွမ်းစားကြသည်။ ဆွမ်းစားရာ၌ တိုက်အုပ်ဘုန်းတော်ကြီးသည် အကြောင်းကိစ္စတစ်ခုခုပေါ်၍ ဆွမ်းပွဲမှာ မထိုင်သေးလျှင် ကျန်သောသံဃာတော်များက ဆွမ်းမစားကြသေးဘဲ တိုက်အုပ်ဘုန်းတော်ကြီးကိုရိုသေသောအားဖြင့် စောင့်နေတတ်ကြသည်မှာ အစဉ်အလာ တစ်ခုလိုဖြစ်နေသည်။ ထို့ကြောင့် စောင့်နေသော သံဃာများကို ငဲ့ညှာသောအားဖြင့် တိုက်အုပ်ဘုန်းတော်ကြီးသည် ဆွမ်းစားဇရပ်ကို အချိန်မှန်အောင် အထူးဂရုစိုက်ကြွသွားလေ့ရှိသည်။

ဤနေ့မနက်မှာ ဆွမ်းပွဲတွေပြင်နေခိုက်ဝယ် လှပတောက်ပြောင်သော တံခါးလေးပေါက် မာဇဒါ ဖယ်မလီယာကား၊ ကြက်သွေးရောင်တစ်စင်းသည် ကျောင်းဝင်းထဲဝင်လာပြီး တိုက်အုပ်ဘုန်းတော်ကြီးကို

လာရောက်ဖူးမျှော်ကြ၏။ မော်တော်ကားဖြင့် ရောက်လာသူများမှာ အသက်လေးဆယ်ကျော်အရွယ် အမျိုးသားနှစ်ယောက်၊ အသက်သုံးဆယ်ကျော်အရွယ်အမျိုးသမီးတစ်ယောက် အသက်နှစ်ဆယ်ပတ်ဝန်းကျင်ရှိမည်ဟု ခန့်မှန်းရသည့် ငယ်ရွယ်နုပျိုသောကျောင်းသူဟန်ဖြင့် မိန်းမပျိုလေးတစ် ယောက်တို့ဖြစ်ကြသည်။ မော်တော်ကားက လှုပတောက်ပြောင်သည်နှင့် လိုက်လျောညီစွာ ဤလူလေးယောက်သည်လည်း အဖိုးတန်အင်္ကျီ၊ လုံချည် များ ဝတ်ဆင်ထားသည့်အပြင် အမျိုးသမီးကြီးနှင့် မိန်းမပျိုလေးတို့မှာ စိန်ရွှေ လက်ဝတ်လက်စား အပြည့်အစုံနှင့်ဖြစ်၏။ အမူအရာတွေကလည်း သိမ်မွေ့တည်ငြိမ်၍ 'ဣန္ဒြေသိက္ခာ ရှိလှသော လူကြီးလူကောင်းများ ပင်ဖြစ်ကြ၏။

သူတို့သည် တိုက်အုပ်ကိုယ်တော်ကို ရှိခိုးကန်တော့ကြသော အခါ ဘုန်းတော်ကြီးက လာရင်းကိစ္စကိုမေးသည်။ ထိုအခါ အမျိုးသားကြီး တစ်ယောက်က ပြန်လည်လျှောက်ထား၏။

"ပျံတော်မူသွားတဲ့ ဆရာတော်ဘုရား ရှိစဉ်ကတပည့်တော် ကို အမြဲတရားလာနာခဲ့ကြဘူးပါတယ်။ ဒါပေမဲ့ဆရာတော်ဘုရားကြီး ပျံတော်မူချိန်ကတော့ တပည့်တော် အစိုးရတာဝန်တစ်ခုနဲ့ နိုင်ငံခြားရောက်နေခဲ့ပါတယ်။ အခု တာဝန်ပြီးဆုံးလို့ မြန်မာပြည်ပြန်ရောက်တော့ ဆရာတော်ဘုရားကို အထူးဘဲ လွမ်းဆွတ်မိပါတယ်ဘုရား။ မိတ်ဆွေတစ်ဦးက သူတို့ ငွေစုပြီး ရိုက်ကော်ဒါဝယ်၊ ဆရာတော် တရားဟောသံ ဖမ်းထားခဲ့တယ်လို့ ပြောပါတယ်၊ တပည့်တော်တို့ ဆရာတော်ဘုရားကို အလွမ်းပြေ တရားနာပါရစေဘုရား"

"တကာကြီးတို့က ဘယ်ဌာနမှာ အမှုထမ်းပါသလဲ။ နာမည်သိပါရစေ . . ."

တိုက်အုပ် ဘုန်းတော်ကြီးက ပြန်မေး၏။

"တပည့်တော်က နိုင်ငံခြားကပြန်ရောက်ပြီး အခုနိုင်ငံခြားရေးဌာနမှာ အမှုထမ်းနေပါတယ်၊ အထူးအရာရှိ ဦးသန်းတန် ဆိုရင် သိကြပါ



တယ်ဘုရား။ ဟောဒါက တပည့်တော် ဇနီးနဲ့သမီးပါဘဲ . . ."

လူကြီးလူကောင်း အရာရှိကြီးတစ်ဦးဖြစ်၍ တိုက်အုပ်ဘုန်းတော်ကြီးက တိတ်ရိုကော်ဒါနှင့် တိတ်ခွေတွေကိုသော့ခတ်ထားသော ဗီရိုဖွင့်ပြီး ထုတ်ပေးနေစဉ်မှာ ဆွမ်းစားဇရပ်မှ ကျောက်စည်တီးသံက ပျံ့လွင့်လာသည်။ ဆွမ်းပွဲများအဆင်သင့်ပြင်ပြီး၍ သံဃာတော်များဆွမ်းစားကြွရန်ပန်ကြားအချက်ပေး၏။

"တကာကြီးတို့ဖွင့်ပြီး တရားနာရစ်ကြဦး။ ဘုန်းကြီးဆွမ်းစားပြီး ချက်ခြင်းပြန်လာခဲ့မယ် . . ."

တိုက်အုပ် ဘုန်းတော်ကြီးက မိန့်ကြားပြီး ဆွမ်းစားဇရပ်သို့ ကြွသွားလေသည်။ ကျောင်းဝိုင်းကြီးက ကျယ်ဝန်းလှသည်။ စာချကိုယ်တော် နေသောကျောင်းက တိုက်အုပ်ကိုယ်တော် နေသောကျောင်းနှင့် ဆွမ်းစားဇရပ်အကြားမှာဖြစ်သည်။ ဆွမ်းစားဇရပ်မှလှမ်းကြည့်လျှင် တိုက်အုပ်ကိုယ်တော်သီချင်းသုံးသော ကျောင်းကိုမမြင်ရ၊ စာချကိုယ်တော်ကျောင်းနှင့် မရမ်းပင်အုပ်အုပ် သုံးပင်က ကွယ်နေသည်။ ဤသို့ တစ်ကျောင်းနှင့်တစ်ကျောင်းကွာလှမ်း၏

"ငါလည်း ဆွမ်းစားစောင့်နေတဲ့ သံဃာတွေအားနာလို့ ရိုကော်ဒါဖွင့်ဖို့ပေးခဲ့ပြီး ဆွမ်းစားဇရပ်ကို သွားခဲ့မိတယ် . . ."

တိုက်အုပ်ဘုန်းတော်ကြီးက မနက်ကဖြစ်ပုံတစ်ပိုင်းတစ်စကို မိန့်ကြားပြီး ငိုင်နေတော်မူသည်။

"အဲဒီ လူစုတွေကိုင်တာ လွဲချော်လို့ ရိုကော်တာပျက်သွားလားဘုရား . . ."

ဦးစီးခေါင်းဆောင်ပြုခဲ့သူအမကြီးမေးလျှောက်၏။

"အေး ဘုန်းကြီးဆွမ်းစားပြီး ပြန်လာတော့အဲဒီ တကာတွေရော၊ မော်တော်ကားရော၊ မရှိတော့ဘူး၊ သူတို့ဘယ်အချိန်က ပျောက်သွားတယ် မသိဘူး၊ သူတို့နဲ့အတူ ရိုကော်ဒါရော၊ တိတ်ခွေတွေရော တစ်ခုမှ မကျန်ရစ်အောင် အားလုံးပျောက်သွားကြတယ်"

ဘုန်းတော်ကြီး စကားအဆုံးတွင် အမကြီး၏ ရင်ပတ်ကို လက်ဖြင့်တီးခတ်လိုက်သံနှင့်အတူ . . .

"အောင်မယ်လေး ကုန်ပါပေါ့ဘုရား" ဟု ငိုသံပါကြီးဖြင့် ပြောသံကို ကြားလိုက်ကြရ၏။

အမိပွါယ်ကရှင်းနေပါသည်။ အဆောင်အယောက်ပြောင်လက် ဝင့်ကြွားစွာဖြင့်လာပြီး အစိုးရဈေးနှုန်းတန်ဖိုး နှစ်သောင်းကျော်သည့် တိတ်ရီကော်ဒါကို လိမ်ယူသွားခြင်းဖြစ်သည်။

"ဒီ ကျောင်းဝင်းထဲက သံဃာတော်တွေ ဘယ်အချိန် ဘာလုပ်တယ်ဆိုတာကျကျနန လေ့လာပြီးမှ ပိပိယိယိ အလုပ်လုပ်သွားတာ ဘဲ . . ."

"ရီကော်ဒါ ဆုံးတာရှိပါစေတော့၊ ဆရာတော်ဘုရားအသိ ဆိတ်သုဉ်းသွားတာ နမြောလိုက်ပါဘိတယ် . . ."

"အစိုးရဈေးနှုန်း နှစ်သောင်းကျော် ဆိုတော့အပြင်ဈေးနှုန်း အနည်းဆုံး သုံးသောင်းတော့ကျော်မှာဘဲ . . ."

စိတ်မကောင်းစွာ တစ်ယောက်တစ်ခွန်းပြောနေကြသည်ကို ဘုန်းတော်ကြီးသည် ဦးခေါင်းငိုက်ဆိုက်ချ၍ ဆိတ်ဆိတ်သာ နေတော်မူသည်။

"ကားနံပါတ်မှတ်မိလားဘုရား . . ."

အမကြီးက မေးလျှောက်၏။

"မမှတ်မိလိုက်ဘူးကွယ် . . ."

ဘုန်းတော်ကြီးက မိန့်ကြားသည်။

"အရှင်ဘုရားသတိမထားမိပေမဲ့ ကျောင်းဝင်းထဲရှိသူ တစ်ဦး တစ်လေကတော့ မှတ်မိမလားမသိဘူး မေးပါဘုရား။ ကားနံပါတ်သိရင် ရဲကိုတိုင်ရအောင်ပါဘုရား"

ဘုန်းတော်ကြီး မျက်နှာကညှိုးသည်ထက် ညှိုးသွားသည်။

"ကျောင်းဝင်းထဲရှိသမျှ လူရော ရဟန်းရော အားလုံးကိုမေးပြီး



ပြီ။ ဘုန်းကြီးဆီကို တကာတွေတကာမတွေ ဒီလိုပဲမကြာခဏ လာနေကြ တော့ဘယ်သူကမှ အထူးအဆန်းမဟုတ်တော့ဘူး၊ ကားနံပါတ်ကိုလည်း ဘယ်သူမှ ဂရုစိုက်မကြည့်ကြတော့ဘူးလေ၊ ဘုန်းကြီးအပြစ်ပါပဲ၊ ဘုန်းကြီး ရဲ့လွယ်လွန်းတဲ့ အပြစ်ပါပဲ"

ဘုန်းတော်ကြီးက ယူကြုံးမရလှစွာ မိန့်ကြားတော်မူသည်။ ဘကာတစ်စုသည် ဘုန်းတော်ကြီးကို အပြစ်မတင်ရက်ကြချေ။ သူကိုယ် တိုင်က အကျင့်သိက္ခာဖြူစင်ဖြောင့်မတ်သည်ဖြစ်၍၊ အခြားသူများကို သူလိုပင်ဖြူစင်ဖြောင့်မတ်ပေလိမ့်မည်ဟု ကိုယ်နှင့်နှိုင်း၍ မရိုင်းဘဲယုံ ကြည်လိုက်မိရှာကြောင်း သဘောပေါက်ကြသည်။ စိတ်မကောင်းစွာဖြင့် ဆိတ်ငြိမ်နေကြသော လူစုသည်၊ စိတ်ထဲက ချွင်းချက်မရှိ ထောက်ခံလိုက် မိကြလေသည်။

"အော် - ဆရာတော်ဘုရား အခုမှ ရုပ်ထုင်မကမသုံ့တော်ပါ ဆိတ်သုဉ်းပျောက်ကွယ်ရှာပြီ။ အစားအသောက်ရှားမယ်တဲ့ သတိထား ကြလို့ မိန့်ကြားတော်မူခဲ့တာ အခုသွေးထွက်အောင် မှန်ပါတယ်ဘုရား အစားအသောက်တင် ရှားတာမဟုတ်ဘူး၊ ပစ္စည်း အသုံးအဆောင်တွေ ပါရှားပါးလို့၊ လူတွေစိတ်ယုတ်မာပေါ်ပြီး မလိမ်အပ်တာ လိမ်သွားပါပြီ ပစ္စည်းအသုံးအဆောင်တွေ အစားအသောက်တွေ ရှားတာနဲ့အမျှ လူလိမ် လူယုတ်မာတွေ ပေါလိမ့်မယ်လို့၊ နတ်ပြည်နတ်ရွာ၊ ထက်အာကာက မြန်မာတစ်ပြည်လုံးကြားအောင် ဟောကြားတော်မူခဲ့ပါဦး ဘုရား . . ."

အမကြီးသည် ပြောရင်းပင် အကြောင်းကြောင်းတွေကို တွေးခါ ချုံးချုံးငိုကြွေးလိုက်ရှာတော့သတည်း။

မဝင်းမြင့်

၁၉၇၂၊ ဖေဖော်ဝါရီ

(သွေးသောက်မဂ္ဂဇင်း)